www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ/သိပ္ပံ)

## ဝေမရှင့်အကျဉ်းစံ



www.burmeseclassic.com

www.burmeseclassic.com

# ခေမရဋ္ဌ အကျဉ်းစံ

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

ပထမအကြိမ် ၁၉၈၀ ခု၊ မတ်လ
ဒုတိယအကြိမ် ၂၀၀၅ ခု၊ နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

**ပြည်ထောင်စုမပြိုကွဲရေး**

**နိုင်ငံတော်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၁၂၇၆/၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၅၂၀၅၀၄

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ တစ် ။

ခေမရဋ္ဌမြို့တော် ခေါ် ကျိုင်းတုံမြို့၏ ဆောင်းဦးညကို နှင်းငွေ့မှုန်များက လွှမ်းခြုံထားလေသည်။

နေမကွယ်မီကပင် နှင်းမြူတို့ ရောက်နှင့်နေကြသည်။ အင်အားမဲ့ နေ၏ လက်ကျန်အနွေးဓာတ်နှင့် အလင်းရောင်ကို တိုက်ထုတ်ကွန်းပစ်နေသည်သို့ ရှိပါ၏။

အလင်းနှင့်အနွေး လွင့်ပြေးသည်နှင့် အအေးနှင့် အမှောင်တို့က လျင်မြန်စွာ ရောက်လာကြီးစိုးတော့သည်။

စိုင်းကြည်မြတို့ တူဝရီး 'နှင်းပွင့်မြိုင်ဂေဟာ'မှ ထွက်လာပြီး မြို့ထဲသို့ ရောက်လာခဲ့သည်။ နာရီဝက်အတွင်းမှာပင် အလင်းနှင့် အမှောင်ချိန်များ ပိုင်းခြားကန့်သတ်သွားခဲ့ခြင်း ဖြစ်ပါ၏။

"ဒီည အပြန်နောက်ကျမှာလား ဟင် ကိုကို"

"အင်း...ဦးတေဇာရဲ့ ဖဲယားဝဲ(လ်)ဆိုတော့ အပေါင်းအသင်းနဲ့မို့ ကြာလိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့လဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ မဟုတ်ပါဘူး။ ပြန်လာမယ့်အချိန် သိချင်လို့ပါ"

"ဘာလဲ...ချမ်းနေ...လို့..."

"ကိုကိုနော် သွားမှာသာသွား၊ သူများကို မစနဲ့"

ကြင်စဦး ဇနီးမောင်နှံ ရယ်မောမိကြသည်။

စိုင်းကြည်မြမှာ ချစ်ဇနီးလေး 'နှင်းပွင့်ဦး'ကို မြတ်မြတ်နိုးနိုး ပွေ့ဖက်ပြီး ပါးချင်းအပ်ထားလိုက်သည်။ ကျောပြင်လေးကို နှစ်သိမ့်ချော့မော့ခြင်း အမှတ်အသားဖြင့် ပွတ်သပ်ပြီးမှ အပ်ထားသော ရင်ချင်း ခွာလိုက်ပြီး....

"ကိုကိုလည်း အလုပ်တွေက များတော့ နှင်းပွင့်လေးကို ဥပေက္ခာ ပြုထားရသလိုဖြစ်ဖြစ်နေတာ စိတ်မကောင်းပါဘူးကွယ်..."

"ကိစ္စမရှိပါဘူး၊ ကိုကို့မှာ စီးပွားရေးအရေးကြီးသလို လူမှုရေးကလည်း အရေးကြီးတယ်ဆိုတာ နှင်းပွင့်နားလည်ပါတယ် ကိုကိုရယ်"

"ကိုကို့ချစ်ဇနီးအလိမ္မာလေးရယ်..."

နွေးထွေးသော အနမ်းလေးများ ပါးပြင်ထက်သို့ ဆင့်ကဲဖွား ကျရောက်စေပြီးမှ စိုင်းကြည်မြ နှင်းပွင့်မြိုင်ဂေဟာမှ ထွက်လာဖြစ်ခဲ့သည်။

ယခုလို နှင်းတို့ဖြင့် ဖွဲ့စည်းထားသော ညမျိုးတွင် ချစ်ဇနီးလေးအား ထားရစ်ခဲ့ရသည်ကို သနားနေမိသည်။

အပြင်တွင် နှင်းမြူမှုန်များ ဖွဲ့အုံနေသလို မိမိ၏ နှလုံးသားမှာလည်း ကရုဏာတရားများဖြင့် အုံဖွဲ့နေသလိုပါဟု စိုင်းကြည်မြ နှိုင်း





ယှဉ်တင်စားနေမိသည်။

ပူနွေးသော ရပ်ဝန်းဆီမှာ မြေပြန့်သူ ချစ်ဇနီးလေးသည် 'အရှေ့ဗိုင်းမောရှမ်းပြည်နယ်၏ ဆောင်းအေးဒဏ်ကို ခံစားနေရသည်မှာ ညှဉ်းနေရာများ ကျသလားဟု ချစ်သူ့မျက်နှာလေးကို မြင်ယောင်ရင်း ရင်မှာ အကြင်နာစိတ်များသာ ဖြစ်တည်နေမိဆဲတွင်...

"ဟေး...စိုင်းကြည်မြ၊ နည်းနည်း လုပ်ဦးဗျာ"

ထွေနေသော ဦးတေဇာက တွေးနေသော စိုင်းကြည်မြ၏ ဖန်ခွက်တွင်းသို့ ပိုက်လေဘယ်များ သွန်းလောင်းထည့်ပေးလေမှ စိုင်းကြည်မြသည် ချစ်ဇနီးထံ ပြန်ပြေးနေသော အတွေးလေးများကို ပြန်လည် သိမ်းယူရသည်။

"တော်ပြီ ဦးတေဇာ၊ ကျွန်တော် သိပ်များနေပြီ"

"မရဘူးဗျာ၊ ကျွန်တော့်ကို ခင်ရင်လုပ်"

အတင်းထပ်ဖြည့်ပေးနေပြန်သည်။

မူးယစ်ရှိန်ကို ခံနိုင်ရည်ရှိခဲ့သော စိုင်းကြည်မြပင်လျှင် ခေါင်းထဲတွင် ရီဝေလာလေပြီ။

ဦးတေဇာက ဇွတ်...သူ့ဗီဇအတိုင်း အနိုင်ယူတတ်မှု၏ဒဏ်ကို 'နောက်ဆုံးအနေနဲ့ပါ'ဟု မှတ်ယူရင်း စိုင်းကြည်မြ လိုက်လျောနေရသည်။

ဦးတေဇာမှာ ကျိုင်းတုံမြို့တွင် အကောက်ခွန် အရာရှိအဖြစ် နှစ်နှစ်တာမျှ တာဝန်ထမ်းဆောင်ပြီး ပြည်မဘက်သို့ အပြီးတိုင် ပြောင်းရွှေ့ရတော့မည့်သူ။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကြည်မြတို့မှာ ခြံများနှင့် ယာမြေများစွာလည်း ရှိသည်။ ကုန်သည်လောကမှ ကုန်သွယ်နေကြသူများလည်း ဖြစ်ပါ၍ ဦးတေဇာနှင့် မကင်းနိုင်။ ဘောင်အတွင်းမှ ကူညီသည်လည်း ရှိသည်။ တာဝန်အရ လုပ်ဆောင်ခဲ့သည်လည်း ရှိခဲ့ပါသော်လည်း ဦးတေဇာနှင့် စိုင်းကြည်မြတို့တစ်တွေက အခင်အမင်မပျက်ကြ။

ယခုလည်း သူ့ညှော့ခံနှုတ်ဆက်ပွဲမို့ မလာမဖြစ်၍ တူဝရီးနှစ်ယောက်လုံး လာခဲ့ကြရခြင်း ဖြစ်သည်။

ဦးတေဇာက မိတ်ခွေပေါ်၍ ညှော့ခံပွဲမှာ စည်ကားလှသည်။ အဖျော်ယမကာနှင့် အစားအသောက်များ စုံလှသည်။ စကားသံများ စတီရီယို သံစုံတီးလုံးသံများ၊ ဖွန်းသံ၊ ပန်းကန်သံ၊ ခွက်သံနှင့် ကားသံများ ရယ်မောသံများနှင့် သောသောညံနေသည်။

"မင်းပြန်ချင်နေပြီလား"

"ဟုတ်တယ်"

ဦးလေးဖြစ်သူ 'ဦးစိုင်းစံတစ်(ပ)' ၏ အမေးကို အတိုဆုံး ဖြေလိုက်မိသည်။

ဦးစိုင်းစံတစ်(ပ)က နာရီကို ကြည့်လိုက်သည်။ စိုင်းကြည်မြပါ ရော၍ ကြည့်မိသည်။

"ဆယ့်နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်'

"ဦးတေဇာ သိပ်လွှတ်နေပြီ။ သူ့ကို သွားနှုတ်မဆက်ဘဲ မင်းပြန်နှင့်တော့လေ။ ငါ ဒီမှာပဲ သူမြင်သာအောင် နေလိုက်မယ်"

"အတော်တောင် ညဥ့်နက်နေပြီ။ ဦးလေးပါ ပြန်လိုက်ခဲ့ပါလား"





"ရပါတယ်ကွာ၊ ငါ့ကို ဘယ်သူမှ မျှော်မယ့်သူ ရှိတာမှ မဟုတ်ဘဲ။ အပ်ပဲ...အပဲ"

ဦးလေးလူပျိုကြီးက ကိုယ့်တူလေးကို ကျီစယ်စကား ဆိုလိုက်သည်။

ဦးစိုင်းစံတစ်(ပ)၏ လူပျိုကြီးဖြစ်ရခြင်းအကြောင်းမှာ သူချစ်သူဆရာမ 'နန်းရီထွေး'က ဗိုလ်ကြီးတစ်ဦးနှင့် လက်ထပ်သွား၍ ဖြစ်ပါ၏။

ယခု အသက်လေးဆယ်ကျော် ငါးဆယ်တွင်းသို့တိုင် သူအချစ်သစ် မရှာတော့။ ကလေး လေးငါးယောက်လောက် ရနေပြီ ဖြစ်သော ချစ်သူကို ချစ်နေဆဲမို့လား...မိန်းမများကို စိတ်နာ၍လားမသိ၊ သူ အိမ်ထောင်မပြုတော့။

သူ၏ ချစ်လှစွာသော တူ၊ တူမများနှင့်သာမကွဲမကွာ စီးပွားရှာ၍ နေလာခဲ့ရှာသူပါ။

"ပြန်တော့လေကွာ။ မနှင်းပွင့်လေး မျှော်လှရော့ပေါ့"

စိုင်းကြည်မြမှာ ဦးလေးဖြစ်သူ၏ ပခုံးကို ဖျစ်ညှစ်ပြီး ရှုပ်ထွေးနေသော ညှော့ပရိသတ်များကြားမှ မသိမသာ ထွက်လာခဲ့ရတော့သည်။

စိုင်းကြည်မြ နှင်းပွင့်ဦးနှင့် လက်ထပ်မည်ဟု ကြေညာစဉ်က ဦးလေး သဘောမကျလှ။

မြေပြန့်သူ မယူဘဲ မောမြေမြင့်သူ ရှမ်းပျိုဖြူလေးများနှင့်သာ လက်ဆက်စေချင်သည်။ သို့ပါသော်လည်း... ဆန္ဒသာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

တူငယ်၏ အိမ်ထောင်ရေးကို မကန့်ကွက်ခဲ့။

ယခုမူ မနှင်းပွင့်လေးဟု တင်စားရင်း သူတို့ချင်း ရင်းနှီး ချစ်ကြည်စွာ ရှိနေကြပါပြီ။

စိုင်းကြည်မြမှာ ဝီလီဂျစ်ကားကို ခပ်မြန်မြန်မောင်းနှင်ရင်း မြို့လယ်မှ 'ဟိုကပ်ရပ်'ရှိ နှင်းပွင့်မြိုင်သို့အရောက် ပြန်လာခဲ့တော့သည်။

အအေးဒဏ်ကို တစ်ကိုယ်တည်းခံစားရင်း သန်းဝေဒနာဖြင့် ချစ်ခင်ပွန်းသည် ပြန်အလာကို စောင့်စားနေရှာမည့် ချစ်ဇနီးလေး မနှင်းပွင့်ဦး...။

ဆောင်းဦးညလယ်၏ နှင်းငွေ့များကြားတွင် နှင်းပွင့်မြိုင်သည် ငြိမ်သက်စွာ အိပ်မောကျနေရှာပြီ။

ခြံစောင့်ကြီး 'အိုက်ဆော့'က ငိုက်မျဉ်းနေရာမှ ကားမီးရောင် စူးစူးကြောင့် အလန့်တကြားထ၍ တံခါးဖွင့်ပေးရှာသည်။ ကားကို ဂိုဒေါင်ဘက်သို့ မောင်းသွင်းပြီး ဖြတ်လျှောက်လာခဲ့သည်။

နှင်းပွင့်မြိုင်၏ ပင်မတိုက်ကြီးကို ဖြတ်ကျော်ပတ်ကွေ့ပြီး တွဲဆက်ကာ သီးသန့်အဆောင်ထုတ်ထားသော မိမိတို့၏ ချစ်နန်းရိပ်သာလေးဆီသို့ လျှောက်လာခဲ့သည်။

နှင်းပွင့်ဦးနှင့် လက်ထပ်ခါနီးမှ ဘန်ဂလိုဆန်ဆန် တစ်ထပ်တိုက်ပြားပြားရှည်ရှည်လေးကို တိုက်မကြီးနှင့် ဆက်သွယ် ဆွယ်၍ ဆောက်ထားခဲ့ခြင်း ဖြစ်ပါ၏။ မြတ်နိုးလွန်းသော ချစ်ဇနီးလေးနှင့် သီးသန့်လွတ်လပ်စွာ နေရန် ရည်ရွယ်၍ပါ။

အသောက်လွန်လာ၍ မှုမမှန်ချင်သော ခြေလှမ်းများကို





မနည်း ထိန်းရင်း ဘောင်းဘီအိတ်တွင်းမှ သော့ကို စမ်းနှိုက်လိုက်သည်။ နားစွင့်လိုက်သေးသော်လည်း...

"ကိုကိုလား ဟင်"

ဟူသော ချစ်ဇနီးလေး၏ မေးနေကျအသံကို မကြားရ။

သန်းခေါင်ကျော်သွားပြီဖြစ်၍ စောင့်မျှော်ရင်း အိပ်ပျော်သွားရှာပြီ ထင်သည်။

သော့အိမ်ကို ခက်ခဲစွာ စမ်း၍ ဖွင့်လိုက်ပြီး အတွင်းသို့ အသံမကြားအောင် ဝင်လိုက်ရသည်။ နှင်းပွင့်ဦး နိုးသွားမှာစိုး၍ပါ။

ဧည့်ခန်းကို ဖြတ်ပြီးသည်နှင့် ပြာလဲ့သော မီးလေး လင်းနေသည့် အိပ်ခန်းကို လှမ်း၍ မြင်ရပါပြီ။

"ဟင်...ဘာ...ဘာပါလိမ့်"

ဇာခန်းဆီးကို မ၍ ဇာခြင်ထောင်တွင်းမှ မြင်ကွင်းကို အားယူ၍ ကြည့်လိုက်မိသည်။

ဝိုးဝါးနေသော မြင်ကွင်းကို ထင်လင်းစေရန် အားစိုက်ကြည့်ရင်း ရှေ့သို့ တစ်လှမ်းချင်း တိုးလာမိသည်။

"ဟိုက်...အမယ်လေး"

"ဘယ်သူနဲ့လဲ"

ခုတင်ပေါ်တွင် နှစ်ယောက်မို့...

"နန်းချယ်ရီနှင့်လား"

"နန်းခမ်းမွှန်နှင့်လား"ဟု...

အားစိုက်၍ ကြည့်လိုက်မိသည်။ မဟုတ်... တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ယောကျာ်းတစ်ယောက်နှင့် မိန်းမတစ်ယောက်၊ စောင်တစ်ထည်တည်း နှစ်ယောက်ခြုံလျက် နှစ်ခြိုက်စွာ အိပ်ပျော်နေကြသည်။

သူတို့၏ လစ်ဟာနေသော ကိုယ်အထက်ပိုင်းနှင့် မျက်နှာကို ကြည့်လိုက်သည်။ သဲကွဲစွာ မမြင်ရ။

"အမယ်လေး...ဘယ်သူလဲ"

"ဒီကောင် ဘယ်သူလဲ"

အမူးများ ပြယ်ပြီး နှလုံးသားများ ခုန်ထွက်လာမတတ် တုန်လှုပ်လာသည်။

"တစ်ယောက်က ချစ်ဇနီး နှင်းပွင့်ဦး"

"ဟေးက ဘယ်က ကောင်လဲ"

မီးခလုတ်ကို ဖွင့်လိုက်သည်။

"ဟင်...ဟင်... ခွေးမသား လွင်မောင်နဲ့ နှင်း...နှင်းနဲ့ ခွေးဇာတ်ခင်း... အို..."

စိုင်းကြည်မြ၏ ရင်တွင်းမှ ဒေါသတရားများသည် လောင်စာနှင့် မီး ထိတွေ့လိုက်သည်သို့ပင် အရှိန်အဟုန် မြင့်မားစွာ ပေါက်ကွဲလာသည်။

သူ့ခေါင်းရင်းမှ ရှမ်းဓားရှည်ကို ဆွဲယူလိုက်ချိန်တွင် အလင်းရောင်အောက်မှ သူတို့ လန့်ဖျပ်စွာ လူးလွန့်နိုးထလာကြသည်။

စိုင်းကြည်မြဘက်မှာ လွင်မောင်၊ ဟိုဘက်မှာ နှင်းပွင့်ဦး။

ဓားအိမ်မှ ဓားရှည်ကျွတ်ထွက်သွားသည်နှင့် အားအင်အပြည့်





ဖြင့် ခုတ်ပိုင်းချလိုက်သည်။

"ဟာ...ဟာ...ဟာ...ဘာလဲ"

"မ...မလုပ်ပါနဲ့"

"အို...ကိုကို..."

သူတို့၏ အော်ဟစ်သံများနှင့် တစ်ချိန်တည်း တစ်ထပ်တည်း ဓားရှည်က ဆက်တိုက်ကျလာသည်။

အတွင်းမှ သစ္စာမဲ့သားကောင်နှစ်ဦးမှာ ပြတ်ကျလာသော နိုင်လွန်ဇာခြင်ထောင်နှင့် ရစ်ပတ်လုံးထွေးနေကြသည်။

လွင်မောင်မှာ ပိုက်ကွန်တွင်းမှ ငါးတစ်ကောင်ပမာ၊ ဖျတ်ဖျတ်ခါ လူးလွန့်ရင်း ကျရောက်လာသော ဓားချက်ကို တွန်းလှန်နိုင်ခြင်းကင်းမဲ့စွာ ခံယူနေရချိန်တွင်...

ဓားချက် မထိရောက်လာသော နှင်းပွင့်ဦးမှာ ခုတင်အောက်သို့ လိမ့်ချ၍ အားကုန်၊ အသံကုန်အော်ရင်း၊ အိမ်မဘက်သို့ ကူးသည့် တံခါးပေါက်မှ စွတ်ထွက်ပြေးသွားသည်။

"အ...အား...အား..."

ဟူသော လွင်မောင်၏ အသံနက်ကြီးမှာလည်း နှင်းပွင့်မြို့ငဲ ဂေဟာတစ်ခုလုံးကို လှန့်နိုးလိုက်ပါပြီ။

လွင်မောင်၏ နက်နဲကျယ်လောင်လွန်းသော အသံကြီးမှာလည်း တစ်စစနှင့် တိုးတိတ်သွားရင်း ညည်းညူသံသဲ့သဲ့သာ ထွက်လာချိန်ဝယ်...

"ဟဲ့...ဟဲ့...ဘာ...ဘာဖြစ်ကြတာလဲ။ အို...မနှင်းပွင့် အမယ်လေး..."



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာသော အပိုကြီး နန်းချယ်ရီက နှင်းပွင့်ဦးကို အလန့်တကြား လှမ်းမေးလိုက်ပြီးမှ သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်လိုက်သည်။ သည်တော့မှ နှင်းပွင့်ဦးလည်း…

"ဟင်…"

သူ့ကိုယ်ပေါ်မှ ဖရိုဖရဲဖြစ်နေသော အဝတ်များကို ယခုမှ သူကိုယ်တိုင် မြင်ရသည်။

သွေးရူးသွေးတန်းနှင့် နှင့်ပွင့်မြိုင်အတွင်းမှာ နှင်းပွင့်ဦး လှည့်ပတ်အောင် ပြေးနေမိသည်။

"ဟင်…ဘယ်မလဲ ဟိုကောင်မ"

သွေးများစက်လက်ကျနေသော ဓားကြီးကို မြှောက်ကိုင်ရင်း ရောက်လာသော စိုင်းကြည်မြကို နန်းချယ်ရီက မနိုင်မနင်း ဆွဲနေစဉ်…

ဧည့်ခန်းတွင်းမှာ ခိုကိုးရာရှာရင်း လှည့်ပတ်ပြေးနေရသော နှင်းပွင့်ဦးကို ကြည့်ပြီး…

"အမယ်လေး…လာကြပါဦး၊ အိုက်ဆော့တို့၊ ဦးနွံ့ဆိုက်တို့"

"နန်းချယ်ရီ၏ လက်မှ စိုင်းကြည်မြ လွတ်ထွက်သွားသည်နှင့် နန်းချယ်ရီက ကြုံးအော်သည်။

"အမယ်လေး…ကိုကို၊ နှင်း…နှင်းပွင့်ကို မသတ်ပါနဲ့"

"ဟင်…မိန်းမယုတ်၊ နင့်ကို မသတ်ရရင်…"

"အမယ်လေး…အစ်ကိုရယ်"

မိလုဆဲဆဲဓားချက်ကို 'နန်းခမ်းမွန်'က ဟန့်တားလိုက်နိုင်သည်။





သူ့အစ်ကိုကို ဝင်ပူးကပ်၍ အတင်းဆွဲဖက်ထားသည်။

အားချင်းက မမျှ၊ လွတ်ထွက်ခါနီးတွင် နန်းချယ်ရီ၊ အိုက်ဆော့၊ ဦးနွံ့ဆိုက်တို့ ပြေးလာဝိုင်းအုံ၍ စိုင်းကြည်မြကို ဖမ်းချုပ် ထိန်းသိမ်းလိုက်နိုင်ကြတော့သည်။

"မနှင်းပွင့်ကို ခေါ်သွား…ခေါ်သွားစမ်း ခမ်းမွန်"

"အမယ်လေး…ဘယ်လိုဖြစ်ကြတာလဲ၊ လာကြပါဦး… လုပ်ကြပါဦး"

နန်းချယ်ရီက တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ရင်း မျက်ရည်များ ကျလျက် ဟစ်အော် ပြောနေသည်။

နန်းခမ်းမွန်မှာ သူ့ရူးတစ်ယောက်လို ပြေးလွှားရင်း ထိတ်လန့်ခြင်း ကြီးစွာ ဖြစ်နေသော နှင်းပွင့်ဦးကို ဖက်တွယ် ချုပ်ကိုင်မိသည်။

"ဘယ်လိုဖြစ်ကြတာလဲ…၊ ဘာဖြစ်ကြတာလဲ"

နန်းခမ်းမွန်က အော်မေးလိုက်သည်။

"မိန်းမယုတ်၊ လွင်မောင်နဲ့အတူအိပ်နေတုန်း… အို… ဖယ်ကြစမ်းပါ။ ငါဒီကောင်မကိုပါ မသတ်ရရင် မနေဘူး"

စိုင်းကြည်မြသည် ဝိုင်းချုပ်သူများအလယ်မှ အားကုန်အင်ကုန် ရုန်းကန်နေသည်။ မီးတောက်နေသော မျက်ဝန်းအစုံဖြင့် နှင်းပွင့်ဦးရှိနေရာသို့သာ လိုက်ကြည့်ပြီး အော်ဟစ်နေလေသည်။

"ဟာ…ဟိုအိပ်ခန်းထဲမှာ သွေးတွေ အိုင်ထွန်းနေပြီ"

"သွေးတွေ စီးလာကုန်ပြီ"

"လွင်မောင် ငြိမ်သွားပြီ၊ သေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး…ဒုက္ခပါပဲ"

"ဘယ်လိုလုပ်ကြမလဲ"

အေးချမ်းလှသော အရှေ့ပိုင်းမောရှမ်းမြေ၏ ဆောင်းဦး ညလယ် နှင်းပွင့်များ ဝေနေချိန်မှာ…

သာယာအေးငြိမ်းလှသော 'နှင်းပွင့်မြိုင်'မိသားစု နေထိုင်ရာ အိမ်ဂေဟာတွင် ကမ္ဘာပျက်ပြီတည်း၊ သွေးချောင်းစီးလေပြီတည်း။

ဝန်းကျင်ဆီမှ အော်သံများ၊ ရဲကားဆိုက်သံ၊ သူနာ ပြင်ကား ရပ်သံများသည်သာ နှင်းပွင့်မြိုင်ကို အုပ်လွှမ်းသွားချေပါပြီတည်း။

ဿ



### အခန်း ။ နှစ် ။

"အစတုန်းကတော့ ယောင်းမလေးက တော်လိုက်တာ၊ သဘော ကောင်းလိုက်တာ၊ အေးလိုက်တာဆို"

"အင်းလေ…နှင်းလို အေးချင်ယောင်ဆောင်တဲ့ အပူကောင်မ၊ မီးပွင့်မ"

"သူ လင်ငယ်နေနေ၊ သေသေ အရေးမကြီးဘူး၊ ခုဟာက ငါ့တူလေးမှာ လူသတ်တရားခံအဖြစ်နဲ့ အဖမ်းခံနေရတဲ့ အဖြစ်က…"

'ဒေါ်နန်းဝိုးတစ်(ပ)' သူ့စကားကို မဆက်နိုင်တော့ဘဲ အငိုသာ ဆက်လာသည်။

"ချယ်ရီတို့ မောင်နှမတူရီးတွေ အေးအေးချမ်းချမ်းလေး နေတဲ့ အိမ်ကို ဒီကောင်မ ငြိုဟ်လာမွှေတယ် အန်တီရယ်…။

ချယ်ရီတော့ ဒီလောက်သစ္စာမဲ့တဲ့ကောင်မ၊ မောင့်လေးကို လူသတ်တရားခံဖြစ်အောင် လုပ်တဲ့ကောင်မကို ချယ်ရီကိုယ်တိုင်တောင် သတ်ပစ်ချင်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com

"လွင်မောင်လို သစ္စာရှိ အလုပ်သမားတစ်ယောက် ဆုံးရှုံးရတာလည်း နှမြောစရာပဲကွယ်"

"ဒီကောင်က ဘာလို့ သူများမိန်းမ ခိုးလဲ"

"လွင်မောင်ဟာ လူကောင်းတစ်ယောက်ပါ ဒီကောင်မဘက်က လိုက်လျှောလွန်းလို့ ဖြစ်ရတာနေမှာပဲ"

"ဟုတ်မှာပဲ အန်တီ၊ ဟုတ်မှာပဲ။ ချယ်ရီတို့ ညီအစ်မနဲ့ နေလာကြတာ ကြာပြီပဲ။ မရိုးသားတဲ့ အကြည့်နဲ့တောင် မကြည့်ပါဘူး။ ဟို ကောင်မကိုက မြူဆွယ်လွန်းလို့ ပါရတာ နေမှာပါ"

"ရုပ်ကလေးက လှလိုက်တာ။ နံမယ်လေးက 'နှင်းပွင့်ဦး'တဲ့ တွီ...နှင်းပွင့် မဟုတ်ဘူး၊ မီးပွင့်၊ မီးပွင့်ဦး"

အဒေါ်ဖြစ်သူ ဒေါ်နန်းပိုးတစ်(ပ်)နှင့် အစ်မဖြစ်သူ နန်းချယ်ရီတို့ ပြောနေကြသော စကားများကြားသို့ နန်းခမ်းမွန် ဘာတစ်ခွန်းမှ ဝင်ရောက်ထိုးဖောက်၍ မပြောကြားမိ။

နှင်းပွင့်ဦးသို့ စက်ဆုတ်လွန်းစွာ ပြောကြားနေကြသော သူတို့နှစ်ဦးသို့သာ စိုက်ငေးကြည့်နေမိသည်။

ချစ်လှစွာသော အစ်ကိုအရင်း စိုင်းကြည်မြ လူသတ်တရားခံအဖြစ်နှင့် ဖမ်းဆီးထားခြင်းခံရသည့်အဖြစ်ကို သူတို့လိုပဲ နန်းခမ်းမွန်လည်း ကြေကွဲရပါသည်။ လိုက်လှဲစွာ ငိုကြွေးရပါသည်။ သနားခြင်း၊ နှမြောခြင်း၊ အားကိုးရာမဲ့၍ အားငယ်ခြင်း စသော ခံစားမှုပေါင်းစုံများကိုလည်း သူတို့နှယ်ပင် ထပ်တူထပ်မျှ ခံစားရသည်မှန်ပါသော်လည်း...





နှင်းပွင့်ဦးနှင့် ပတ်သက်၍မူ...

နန်းခမ်းမွန် သက်ပြင်းချမိသည်။ စိတ်ထဲတွင်... အစ်ကို့ကို ဆုံးရှုံးလိုက်ရသလိုပင် နှင်းပွင့်ဦးကိုပါ နှမြောနေမိသည်။

နှင်းပွင့်ဦး သည်မျှ သစ္စာမဲ့လိမ့်မည်ဟု သူ...မြူဘတ်မှုန့်၊ နှင်းတစ်ပွင့်စာမျှ မတွေးထင်ခဲ့မိ။

ပန်းပွင့်လေးလို အပြစ်မဲ့ပြီး နှင်းစက်လေးလို အေးမြငြိမ်းချမ်းသာသော ယောင်းမလေး...

အစ်ကို စိုင်းကြည်မြသည်လည်း သူ့ချစ်ဇနီးလေးကို ရင်ခွင်ထဲမှာ ထည့်ထားစရာနေရာအပိုများ ရှိနေမည်ဆိုပါလျှင် ရင်ခွင်ကို ဖွင့်ခဲ့၍ အသည်းနှလုံးနားမှာ ထားရှိချင်လောက်အောင် ချစ်မြတ်နိုးသွားခဲ့သူပါ။

နှင်းပွင့်ဦးဘက်ကလည်း ဇနီးသည်တို့၏ ထမ်းဆောင်နိုင်သမျှသော တာဝန်နှင့် ချစ်သူတို့၏ ချစ်တတ်နိုင်သမျှသော မေတ္တာအားလုံးနှင့် သူ့ခင်ပွန်းကို ချစ်ခဲ့ရှာသူပါ။

ရှုထောင့်များစွာမှ ကြည့်လေတိုင်း လှပခဲ့သော အိမ်ထောင်တစ်ခုသည်...

ယခုမူ...။

အကျည်းတန်အရုပ်ဆိုးလွန်းစွာဖြင့် အဆုံးစွန်သော ဖောက်ပြန်ခြင်းများမှုများဖြင့် နိဂုံးချုပ်လိုက်ရသည့်အဖြစ်ကို...

နမ်းခမ်းမွန်၏ ရင်ထဲတွင် နင့်နေအောင် နာကျင်ရလွန်းလှပါချေသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးလုံး...တစ်မြို့လုံးက နှင်းပွင့်ဦးမည်သော မိန်းမချော လေးကို သားစားဘီလူးမတစ်ယောက်နှယ်၊ ရှုံ့ရှာစက်ဆုပ်စွာ ပြော ခဲနေကြလေပြီ။

အမှန်ကလည်း ပြောကြသည်တက်..လွန်ကဲစွာ နှင်းပွင့်ဦး ဖြစ်ရပ်က ညစ်ညမ်းဆိုးသွမ်းလှပါကြောင်း၊

နန်းခမ်းမွန်နားလည်ပါသည်။ သို့ပါသော်လည်း...

ချစ်သူငယ်ချင်းဘဝမှ အစ်ကို့ချစ်သူဖြစ်အောင် ကိုယ်တိုင် အောင်သွယ်ပေးခဲ့ရာမှ ရလာခဲ့သော ယောင်းမလေး။ သို့မဟုတ် ချစ်သူငယ်ချင်း နှင်းပွင့်ဦးပေါ်တွင်...

နန်းခမ်းမွန်မှာ ကရုဏာကြွင်းလေးများ၊ မေတ္တာလက်ကျန် လေးများဖြင့်သာ သက်ညှာစွာ ကြည့်မြင်နေမိပါသေးကြောင်းကို ဖြင့်...

အဒေါ်ဖြစ်သူ ဒေါ်နန်းဝိုးတစ်(ပ)နှင့် အစ်မဖြစ်သူ နန်းချယ်ရီ သို့ ဖွင့်မပြောဝံ့သူပါ။

"သူငယ်ချင်းရယ်...ဒီလောက် အကျည်းတန်တဲ့ အဖြစ်မျိုးဖြစ် လာရအောင်များ မင်းဘာလို့ သစ္စာမဲ့ရက်ရတာလဲကွယ်"

"ကိုလွင်မောင်ဟာ ပစ္စည်းအရာမှာရော၊ အရည်အချင်းအရာ မှာပါ အစ်ကို့ထက် ဘာများသာတာရှိလို့ မင်းသူ့ဘက်ကို ညွှတ်ယိမ်း သွားရတာလဲ မနှင်းပွင့်ရယ်"

"အို...ကိုလွင်မောင်ဟာ အရာတိုင်းမှာ အစ်ကို့ထက် သာလွန် သူဖြစ်ခဲ့ရင်တောင်မှ အစ်ကို့လို မင်းကို မချစ်နိုင်ပါဘူးကွယ်"





"ဒီလောကမှာ ယောကျ်ားတွေ ချစ်နိုင်သမျှသော မေတ္တာတွေ ထက် သာလွန်ပြီး အစ်ကိုဟာ ယုကို ချစ်ခဲ့သူပါဆိုတာတော့ မနှင်း ပွင့်ရယ်...မင်းကိုယ်တိုင်ရော၊ ခမ်းမွန်ရော ဝန်းကျင်အားလုံးရော သိကြပါတယ်လေ"

"ဒီလောက်ချစ်နိုင်တဲ့ လင်ယောကျ်ားပေါ်မှာ သူဘာလို့ သစ္စာ မဲ့ရတာလဲ"

"ဘာဖြစ်လို့များ ဒီလောက်သစ္စာဖျက်ရတာလဲ၊ သူငယ်ချင်း မနှင်းပွင့်ရယ်"

❈



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ သုံး ။

"တကယ် စိတ်မကောင်းဘူး ဦးစံတစ်(ပ)ရယ်၊ ကျွန်တော့် မိန်းမ မနန်းဝိုး ခံစားနေရတာထက် မလျော့နည်းပါဘူး၊ စိုင်းကြည်မြ ကို ကျွန်တော် သိပ်နှမြောတယ်ဗျာ"

"ဦးစစ်ရီ သိတဲ့အတိုင်းပဲလေ၊ ကျွန်တော့်အတွက် လက်ရုံး တစ်ဖက်ပြုတ်တာပါပဲ။ လုပ်ငန်းတွေတောင် ဘာမှဆက်မလုပ်ချင် တော့ပါဘူး"

သမီးယောက်ဖနှစ်ယောက်၏ ဆွေးနွေးခန်းအတွင်းသို့ ဒေါ် နန်းဝိုးတစ်(ပ်)ဘာမှ ဝင်မပြောနိုင်ရှာပါ။ သူ့တူ အဖမ်းခံနေရသည့် အတွက်သာ မျက်ရည်မဆည်နိုင်အောင် ရှိနေရှာသည်။

ခင်ပွန်း ဦးစစ်ရီနှင့် မောင်အရင်း ဦးစိုင်းစံတစ်(ပ)တို့မှာ ဒေါ်နန်းဝိုးတစ်(ပ)ကို နှစ်သိမ့်နိုင်စွမ်းအားမရှိကြ။

သူတို့ရင်တွင်းမှာလည်း အေးမြစေသော နှစ်သိမ့်စကားများ ထွက်ပေါ်မလာနိုင်လောက်အောင် ပူလောင်နေကြပါသည်။





ဦးစစ်ရီနှင့် ဒေါ်နန်းဝိုးတစ်(ပ)တို့တွင် သားသမီးမရှိကြ၊ နှင်းပွင့်မြိုင်ဂေဟာနှင့် အုတ်တံတိုင်းတစ်ခုသာ ခြားထားသော ခြံချင်း ကပ်တွင် နေထိုင်သူများ ဖြစ်ကြသည်။

ဦးစစ်ရီကလည်း ကုန်သည်။ စီးပွားရှာကောင်းလွန်းသူ။

သည်ဘက်ခြံမှ ဦးစိုင်းစံတစ်(ပ်)နှင့် စိုင်းကြည်မြတို့ တူဝရီး ကလည်း ကျိုင်းတုံမြို့၏ နံမည်ကြီးသူဌေးများ စာရင်းဝင်ဖြစ်နေ လောက်အောင် ရှာနိုင်ဖွေနိုင်ကြသူများပါ။

"စိုင်းချမ်းမြကို ဒီပြန်ခေါ်ရင် မကောင်းဘူးလား...ဟင်"

ဦးစစ်ရီက ဇနီးနှင့်ယောက်ဖ၊ မောင်နှမနှစ်ယောက်ကို ကြည့် ပြီး သူတို့၏ ဆန္ဒစကားများကို စောင့်မျှော်နေသည်။

"စိုင်းချမ်းမြကလည်း တောင်ကြီးမှာ ကားထောင်ပြီး ဝပ်ရှော့ပါ တွဲထားလို့ စီးပွားရေး အခြေကျနေပြီလေ၊ အိမ်ထောင်ကျတာလည်း တောင်ကြီးသူ၊ သမီးလေးနှစ်ယောက်တောင် ရနေပြီဆိုတော့ ဒီကို မှ ပြန်လာချင်ပါ့မလားမသိဘူး"

ဦးစိုင်းစံတစ်(ပ)၏စကားအဆုံးတွင် ဒေါ်နန်းဝိုးတစ်(ပ)က...

"ဟုတ်သားပဲ။ သူ့ညီသတင်း ကြားကြားချင်း ရောက်လာတဲ့ ကျွန်မတူကြီး စိုင်းချမ်းမြကို မေးကြည့်ရဦးမယ်။ ပြန်လာနေနိုင် မလားလို့"

နှင်းပွင့်မြိုင်တွင် ယခင်က စိုင်းချမ်းမြ၊ စိုင်းကြည်မြ... ညီ အစ်ကိုနှစ်ယောက်နှင့် နန်းချယ်ရီ...နန်းခမ်းမွန်တို့ မောင်နှမ လေး ယောက် ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မိဘများ ကွယ်လွန်ပြီးချိန်မှ ယခုအထိ ဦးလေးအရင်း ဦးစိုင်းစံတစ်(ပ်)နှင့် မခွဲမခွာ နေလာခဲ့ကြသည်။

ဒေါ်နန်းဝိုးတစ်(ပ)သည်သာ အပျိုကြီးလုပ်နေပြီးမှ တရုတ်သွေးစပ်သော ဦးစစ်ရီနှင့် လက်ထပ်ခဲ့သည်။

သို့ပါသော်လည်း တူ၊ တူမများနှင့် မခွဲနိုင်ပါဆို၍ နှင်းပွင့်မြိုင်နှင့် ကပ်လျက် ခြံကို ဈေးကြီးပေး၍ ဦးစစ်ရီက ဝယ်ပေးခဲ့ရသည်။ နှစ်အိမ်တစ်အိမ် ကူးဆက်၍ ရအောင်ပါ။

ပထမ စိုင်းချမ်းမြ အိမ်ထောင်ကျပြီး ဖနီးရှိရာ တောင်ကြီးသို့ လိုက်သွားခဲ့သည်။

ဒုတိယ အိမ်ထောင်ကျသော စိုင်းကြည်မြ၏ နှင်းပွင့်ဦးကမူ နှင်းပွင့်မြိုင်သို့ လိုက်လာနေခဲ့ရာမှ...

သူတို့၏ အယုံကြည်ရဆုံးသော မန်နေဂျာ အလုပ်သမားကိုလွင်မောင်နှင့် ဖောက်ပြား၍ တစ်မြို့လုံး သိမ့်သိမ့်တုန်သွားစေသော ဖြစ်ရပ်များကို ဖြစ်စေခဲ့လေပြီ။

"စိုင်းချမ်းမြ မပြန်သေးဘူး မဟုတ်လား အစ်ကို"

"သူတစ်ပတ်လောက်ပဲ နေနိုင်မယ်ပြောနေတယ်၊ သူ့ညီကို တစ်ခါတွေ့ခွင့်ရပြီးမှ ပြန်မှာပေါ့"

"ကျွန်မ ပြောကြည့်ဦးမယ်လေ"

"နှင့်သဘောပဲ"

"သြော်...ဟိုကောင်မရော"

"ရှိသားပဲ၊ သူ့အခန်းထဲမှာပဲ တငိုငိုနဲ့"





"အမယ်လေး... လင်ငယ်သေလို့ လွမ်းနေတာ ထင်ပါရဲ့၊ သြော်... နေပါဦး၊ သူ့သတင်းကြားလို့ သူ့အစ်ကို ကော့သောင်က လိုက်လာတယ်ဆို"

"ဟုတ်တယ်"

"ကောင်မက ဘာလို့ လိုက်မသွားဘဲ ဒီမှာ မျက်နှာပြောင်တိုက်နေရတာတဲ့လဲ"

"သြော်...မနန်းဝိုးရယ်၊ မင်းကလည်း ဒေါသကြီးပါ့ကွာ၊ ဖြစ်ပြီးဘာ ပြီးပြီပဲ၊ ဘာတတ်နိုင်တော့မှာလဲ"

ဦးစစ်ရီ၏ စကားအဆုံးတွင် ဦးစိုင်းစံတစ်(ပ)က အစ်မဖြစ်သူကို ကြည့်ပြီး...

"သူလိုက်သွားလို့ ဘယ်ဖြစ်ဦးမလဲ၊ အမှုစစ်ရင်... သူ့ပါစစ်ရမှာလေ"

"အင်း...ဟုတ်သားပဲ"

"သူ့အဖေက လူဝင်မှုကြီးကြပ်ရေးက ဆိုတော့ တောင်ကြီးမှာ တာဝန်ကျပြီးကတည်းက ကော့သောင်ကို ပြောင်းသွားရတာ"

"ကော့သောင်နဲ့ ကျိုက်ထိုးတဲ့ဆိုတာ သွားဖို့ လာဖို့ သိပ်ခဲယဉ်းတဲ့ မြို့နှစ်မြို့ပဲ"

"နေပါဦး၊ သူ့အစ်ကိုဆိုတာကရော ပြန်သွားပြီလား"

"သူ့ညီမကို တစ်ခါပဲ လာတွေ့ပြီး ပြန်သွားပြီ ကိုစစ်ရီ၊ မိကောင်း ဖခင် သားသမီးဖြစ်လျက်နဲ့ မိဘကို အရှက်ခွဲတဲ့ညီမ၊ အိမ်လည်း ဘယ်တော့မှ ပြန်မလာနဲ့ဆိုပြီး လိုမ့်ရိုက်သွားတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တော့ မတွေ့လိုက်ဘူး၊ ခမ်းမွန်နဲ့ ချယ်ရီတို့ ပြန်ပြောပြတာ"

"ကောင်းတယ်၊ သေအောင်ရိုက်သွားပြီးရော"

"သြော်...နန်းဝိုးရယ်"

"နေပါဦးအစ်ကို၊ ဒါဖြင့် ဒီကောင်မက ဒီမှာပဲ နေတော့မှာလား"

"သူကလည်း ဘာမှမပြောဘဲ သူ့အခန်းထဲမှာပဲ ကုပ်ပြီးနေတော့ ငါတို့လည်း ဘယ်လိုလုပ်ပြီး နှင်ချလို့ မဖြစ်မလဲ၊ သူလည်း တခြားသွားစရာ မရှိဘူးလေ"

"ဟုတ်သားပဲ၊ အမှုစစ်ပြီးတဲ့အထိတော့ သူ့ကို ထားဦးမှ ဖြစ်မှာပေါ့ မနန်းဝိုးရဲ့"

ဦးစစ်ရီ၏ စကားကို မကျေနပ်လှသော်လည်း မပြောသာ၍ ဒေါ်နန်းဝိုးတစ်(ပ်) ငြိမ်နေလိုက်ရသည်။ ဦးစစ်ရီက...

"အင်း...အမှု မြန်မြန်စစ်လို့ ပြီးပြီး ထောင်ကျတောင် နှစ်တိုတို လေးပဲ ကျပါစေလို့ ဆုတောင်းရတော့မှာပဲ"

"လိုက်တော့ လိုက်ထားတာပဲ၊ ဒါပေမယ့် သူကိုယ်တိုင်က လည်း ဖြောင့်ချက် ပေးထားတယ်လေ၊ ဒေါသအလျောက် လင်ယောက်ျားတစ်ယောက်အနေနဲ့ ဖြစ်သွားရတဲ့အမှု၊ ကြိုတင်ကြံစည်ခြင်းမဟုတ်ဘဲ ရုတ်တရက်ဖြစ်ရတာဆိုတာတော့ ထင်ရှားနေပါပြီ၊

"ကျွန်မတူလေး ကွင်းလုံးကျွတ်မလွတ်တောင် ပြစ်ဒဏ်နည်းနည်းလေးပဲ ရပါစေရှင်"

"အင်း...ခုချိန်မှာတော့ အဲဒီလို ဆုတောင်းရုံကလွဲပြီး တို့များဘာမှ မတတ်နိုင်ကြတော့ဘူးလေ"

ဦးစိုင်းစံတစ်(ပ)က သက်ပြင်းချရင်း ညှိုးငယ်ပူပန်လွန်းသောမျက်နှာနှင့် ပြောလိုက်ပါ၏။

❁







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ လေး ။

"မခမ်းမွှန်..."

"အို...အရင်လိုပဲ ခမ်းမွှန်လို့သာ ခေါ်ပါ သူငယ်ချင်းရယ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ နှင်းပွင့် ခမ်းမွှန်ကိုပဲ ခွင့်တောင်းပါရစေ"

"ဘာလဲဟင်"

"နှင်းပွင့် အပြင်ခဏသွားချင်လို့ပါ"

"အို...သွားပေါ့၊ ကားယူသွားလေ"

"နေပါစေကွယ်၊ ဒီအိမ်မှာ နှင်းပွင့်ကို ကျွေးထားကြတာပဲ ကျေးဇူးတင်လှပါပြီလေ"

မျက်ရည်များ စိုးစွတ်လျက် နွမ်းလျလွန်းနေသော နှင်းပွင့်ဦးကို ကြည့်ပြီး နန်းခမ်းမွှန် သနားလွန်းရပါပြီ။

ဤမိန်းမကြောင့် ကိုယ့်အစ်ကို ထောင်ထဲ ရောက်နေရသည် အဖြစ်ကိုပင် မေ့လျော့နေမိသည်။





"ခမ်းမွှန်ရယ် နှင်းပွင့်ရင်ထဲမှာ ပြောချင်တာတွေတော့ အများကြီးပါ၊ ဒါပေမယ့် ဘယ်သူ့ကိုမှ မပြောဝံ့၊ ဘယ်သူ့ကိုမှ မရင်ဆိုင်ဝံ့လို့ ဒီလူသတ်ခံထားရတဲ့ အခန်းကြီးထဲမှာ တစ်ယောက်တည်း ရင်ကွဲမတတ် ခံစားပြီး နေနေရတဲ့ဘဝပါကွယ်"

"ခမ်းမွှန်လည်း တကယ်ပဲ စိတ်မကောင်းပါဘူးသူငယ်ချင်းရယ်၊ ဒါပေမဲ့ ယူရဲ့ ဖောက်ပြန်မှုကြောင့်ဆိုတော့ ခမ်းမွှန်လည်း..."

"နှင်းပွင့်နားလည်ပါတယ်ခမ်းမွှန်ရယ်၊ ခမ်းမွှန်ကိုလည်း အရင်အတိုင်းပဲ ချစ်လျက်ပါပဲကွယ်။ ကဲ နှင်းပွင့် အပြင်ခဏသွားလိုက်ဦးမယ်။ နော်...တစ်နာရီလောက်ပဲ ကြာမှာပါ"

"သွားလေ"

မျက်ရည်စလေးများပင် မသိမ်းနိုင်အားပါဘဲ ထွက်ခွာသွားသော နှင်းပွင့်ဦးကို ကြည့်ပြီး နန်းခမ်းမွှန် သက်ပြင်းချမိသည်။

"သြော်...သူသာ သစ္စာမမဲ့ခဲ့ရင်"

နှင်းပွင့်ဦး၏ နောက်ကျောပြင်ကိုကြည့်ပြီး စက်ဆုပ်နာကြည်းခြင်း၊ သနားကြင်နာနေမိခြင်းစသော ဆန့်ကျင်ဘက် ခံစားမှုနှစ်ခုတို့ နန်းခမ်း မွှန်၏ နှလုံးသားမှာ တစ်လှည့်စီ ခိုဝင်နား၍ နေကြပါလေသည်။

✻

ချိန်းဆို မှာကြားထားသော 'တွန်(မ်)ဆပ်ကုန်း'ပေါ် အရောက်တွင်...

"မနှင်းပွင့်၊ အစ်ကိုအောင် ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com

"အို...ကို...အစ်ကိုအောင်ရယ်"

တောင်ကုန်းထက်မှ ချယ်ရီပင်ကြီးကို ကွယ်ကာလျက် ရပ်စောင့်နေသော အစ်ကိုအောင်ဆိုသည့်..."မင်းအာကာအောင်"

သူ့ဘေးတွင် စလင်ဒါလေးလုံးနှင့် ဟွန်ဒါ မော်တော်ဆိုင်ကယ်တစ်စင်း ရပ်ထားသည်။

ဂျင်းဘောင်းဘီ၊ ဂျင်းဂျက်ကက် ဝမ်းဆက်နှင့် ဖိုက်စနီးမျက်မှန်ကို တပ်ဆင်ထားသော အာကာအောင်က ဘာမှမပြောနိုင်သေးဘဲ ငိုရှိုက်နေသော နှင်းပွင့်ဦးကို ငေးစိုက်ကြည့်နေသည်။

"အစ်ကိုအောင် လာရောက်ကယ်တင်ပါ"

ဟူသော အဓိပ္ပာယ်ရသည့် စာတစ်စောင်ကြောင့်သာ အာကာအောင် ကျိုင်းတုံမြို့သို့ ရောက်လာရခြင်း ဖြစ်ပါ၏။

"မွန်"အမျိုးသားမို့သာ မင်းအာကာအောင်ဟု အမည်မှည့်ထားပါသော်လည်း အများက သူ့ကို အာကာအောင်ဟုသာ ခေါ်ဝေါ်လေ့ရှိကြသည်။ သူက မော်လမြိုင်ဇာတိ၊ ရဲဝန်ထမ်းဘဝနှင့် တောင်ကြီးမြို့တွင် ကြာမြင့်စွာ အမှုထမ်းခံဖူးသည်။ ယခု ရဲအရာရှိဘဝမှ တရားဝင် ထွက်ခွင့်တောင်းခံပြီး တောင်ကြီးမြို့ ရေထွက်ဦးလမ်းတွင် ကားဝပ်ရှော့နှင့် ဆားဗစ်ဆင်းလုပ်ငန်းကို တွဲ၍ လုပ်ကိုင်နေသူ ဖြစ်ပါ၏။

ယခင် အစိုးရဝန်ထမ်းဘဝက ရဲဌာန၏ အားထားရဆုံးသော သူတစ်ယောက်။

"မနှင်းပွင့်"





"အစ်ကိုအောင်"

"ငိုနေလို့ မပြီးဘူးလေ။ အစ်ကို့ကိုမှာတာ ဘာကိစ္စလဲ။ တိုင်ပင်ပါရစေ၊ အကူအညီရယူပါရစေဆို"

"ဟုတ်...ဟုတ်ပါတယ် အစ်ကိုရယ်"

"ဒါနဲ့... 'နေသစ်' တစ်ယောက် လာသွားသေးတယ် မဟုတ်သား..."

နှင်းပွင့်ဦး၏ အစ်ကိုရင်း၊ သူ့သူငယ်ချင်းကို ရည်ညွှန်း၍ အာကာအောင်က မေးလာသည်။

"ဟုတ်...ကဲ့...ပြန်သွားပါပြီ"

"ဘာပြောသွားလဲ"

"တို့အမျိုးထဲမှာ ဒါမျိုးမရှိဘူး၊ မိဘနဲ့ ညီကိုမောင်နှမတွေပါ မျက်နှာပျက် အရှက်ရအောင် လုပ်တဲ့ ကောင်မဆိုပြီး လိမ့်ရိုက်သွားပါတယ်"

"ဟင်..."

"ပြီးတော့ ပြန်သွားတာပဲ အစ်ကိုအောင်ရယ်"

"ဒေါ်ဒေါ်တို့က ပြန်မခေါ်ဘူးလား"

"ဒီမှာ အမှုစစ်ရင် နှင်းပွင့်ရှိနေရမယ်လေ၊ ပြီးတော့ နှင်းပွင့်ကိုယ်တိုင်ကလည်း မပြန်ချင်လို့ပါ"

"ဒီမြို့နဲ့ဒီအိမ်မှာ ဘာလို့ဆက်နေချင်ရတာလဲ မနှင်းပွင့်"

"အကြောင်းရှိပါတယ် အစ်ကိုအောင်"

"ဘာအကြောင်းပဲရှိရှိ ကိုယ့်မိဘဆီမှာ ပြန်နေသင့်တယ် အမှု



www.burmeseclassic.com

www.burmeseclassic.com

စစ်တဲ့အခါမှ သက်သေအဖြစ် လာရမှာ မဟုတ်လား"

"အစ်ကိုအောင်"

နှင်းပွင့်ဦးက ဘာအဖြေမှ မပေးဘဲ အာကာအောင်သို့ မျက်ရည် စိုသော မျက်ဝန်းများနှင့် ကြည့်၍ ခေါ်လိုက်ပြီးမှ စကားဆက်သည်။

"နှင်းပွင့်ရဲ့ အစ်ကိုအရင်း အပါအဝင် အားလုံးအမြင်မှာ နှင်းပွင့် သစ္စာမဲ့လို့ အို...ရိုင်းရိုင်းပြောရရင် လင်ငယ်နဲ့ အိပ်နေတာ တွေ့ရလို့ ကိုကိုစိုင်းကြည်မြင့်က ဓားနဲ့ ခုတ်သတ်ခဲ့တယ်လို့ ယုံကြည်ထားကြတယ်၊ လက်ခံထားကြတယ် မဟုတ်လား"

"အစ်ကိုအောင်လည်း ဒီအတိုင်းပဲ ကြားတာပဲ"

"အဲ...အဲဒါ လုံးဝ မဟုတ်ပါဘူးအစ်ကို"

"ဟင်..."

"ဒီကိစ္စတွေ နှင်းပွင့်ဘာမှ မသိခဲ့ဘူး"

"ဘယ်လို"

"နှင်းပွင့်ရဲ့ အစ်ကိုအရင်းကိုတောင် နှင်းပွင့် ရှင်းမပြခဲ့ဘူး၊ ခုလို အချိန်မှာ နှင်းပွင့် ဒီစကားတွေ ပြောနေလို့လည်း ဘယ်သူကမှ ယုံကြည် လက်ခံကြမှာ မဟုတ်ပါဘူးလေ"

"အစ်ကိုအောင် သဘောပေါက်လာအောင် ပြောပြဦးလေ"

"ပြောပြချင်လို့ တမင်မှာလိုက်ရတာပါ။ ရောက်လာတဲ့အတွက် ကျေးဇူးတွေ အနန္တပါအစ်ကိုအောင်ရယ်"

"ထားပါလေ။ မနှင်းပွင့် ဘာပြောချင်သလဲ၊ ပြောစမ်းပါ"





နှင်းပွင့်ဦးမှာ မတ်တတ်ရပ်နေရာမှ မြေကြီးပေါ်သို့ ထိုင်ချလိုက်သည်။ သူ့ရှေ့တွင် မြင်နေရသော ဘုရားသို့ လက်အုပ်ကလေး [illegible]...

"တပည့်တော်မ အခုပြောမယ့် စကားတွေဟာ အမှန်တွေ ဖြစ်ရင် တပည့်တော်မရဲ့ ချစ်လှစွာသော ခင်ပွန်းသည် ဒုက္ခအပေါင်းမှာ ကင်းလွတ်ငြိမ်းချမ်းသာပြီး အမှန်တရားကို လက်ခံနိုင်ပါစေဘုရား"

"အကယ်၍ လိမ်လည်ပြောဆိုမိခဲ့ပါလျှင် တပည့်တော်မ ကိုယ်တိုင် ဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ပါရစေဘုရား"

"အို ..မနှင်းပွင့်ရယ်၊ ဘာလို့ ဒီလောက်ကျိန်နေရတာလဲ"

"သစ္စာဆိုတာပါအစ်ကို"

"ကဲ... ပြောပါဦးကွယ်။ မနှင်းပွင့်ပြောသမျှကို အစ်ကိုအောင် သံသယရှင်းရှင်းနဲ့ နားထောင်ပြီး အကူအညီပေးပါမယ်"

"ဒီလိုပါအစ်ကိုအောင်"

"အဲဒီညက ကိုကို နှုတ်ဆက်ညှော်ခံပွဲသွားနေတုန်း နှင်းပွင့် ကိုယ်တိုင်ပဲ ကော်ဖီတစ်ခွက် ဖျော်သောက်ပြီး တောင်ကြီးကိတ်မုန့် တစ်ချပ် စားတယ်"

"အင်း..."

"အဲဒါလည်း စားပြီးရော ခေါင်းထဲမှာ ရီဝေဝေနဲ့ သိပ်အိပ်ချင်လာတယ်။ လက်တွေ ခြေတွေပါ လေးလာပြီး မသယ်ချင်တော့ဘူး"

"ဟုတ်ပြီ ဒီတော့ ဘာလုပ်လဲ"


www.burmeseclassic.com

www.burmeseclassic.com

နှင်းပွင့်လည်း ကိုယ့်ဟာကိုယ် အိပ်ချင်လာတယ်လို့ပဲ ထင်မိ တာနဲ့... ခုတင်ပေါ်မှာ ခြင်ထောင်မချဘဲ ခဏလေး လှဲလိုက်မိ တယ်"

"ဒီနောက် အိပ်ပျော်သွားရောလား"

"ဘာမှကို မသိတော့တာပါ အစ်ကိုအောင်"

"နောက် ဘယ်လို နိုးလာလဲ"

"ကိုလွင်မောင်ရဲ့ အော်သံနဲ့ ကိုကိုရဲ့ ကြောက်စရာ ဓားချက် တွေကြောင့် လန့်နိုးပြီး လုံးထွေးနေတဲ့ ခြင်ထောင်ထဲက ထွက်ပြေး ရတာပါပဲရှင်"

"ဟုတ်ပြီ၊ အစ်ကိုအောင် မေးတာကို မခြွင်းမချန် ပြောရမယ် နော်"

"ပြောပါ့မယ်... ပြောပါ့မယ်။ နှင်းပွင့်စကားတွေကိုရော ကို အောင် လက်ခံနိုင်ပါ့ရဲ့လား"

"အကြွင်းမဲ့ ယုံပြီ"

"အို...နှင်းပွင့်အားရှိလိုက်တာ အစ်ကိုအောင်ရယ်"

"ကိုလွင်မောင်ဆိုတာ ဘယ်လိုလဲ"

"သိပ်ပြီး ရိုးသားသစ္စာရှိတဲ့ ကိုကိုတို့ရဲ့ လူယုံတော် အလုပ် သမားတစ်ယောက်ပါ"

"သူက မနှင်းပွင့်ကို ချစ်လို့ စိုင်းကြည်မြ မရှိတဲ့ ညမှာ အိပ်ဆေး ခပ်ပြီး အပိုင်ကြံတယ်လို့ ထင်သလား"

"ဟင့်အင်း...ဒီလို ဖြစ်နိုင်မယ်လို့ လုံးဝ နှင်းပွင့်မထင်ဘူး"





"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့...ကိုလွင်မောင်နဲ့ နှင်းမွှင့်နဲ့ ငါးမိနစ် ...အောင် စကားမပြောဖူးကြပါဘူး၊ ဆုံလည်း မဆုံမိကြပါဘူး၊ ...ဖြစ်တဲ့ အခါမျိုးမှာလည်း သိပ်ပြီး တည်ငြိမ်ပါတယ်။ သူ့ဆရာရဲ့ ...ကို မတရားစော်ကားဝံ့လောက်အောင် သူ့မှာ ယုတ်မာတဲ့ ...သားမျိုး မရှိဘူးဆိုတာလည်း နှင်းပွင့်ယုံကြည်ပါတယ်။ ပြီး ...လည်း..."

"အင်း..."

"သူ့မှာ လက်ထပ်ခါနီးဆဲဆဲ ချစ်သူရှိနေပြီးသားပါ"

"ဟုတ်လား"

"ဟုတ်ပါတယ် ကိုအောင်။ နာမည်က "နန်းအေးငြိမ်း"တဲ့။ ...င်းတုံဈေးထဲမှာ ပလပ်စတစ်ပစ္စည်းတွေ ရောင်းပါတယ်"

"ဟုတ်ပြီ၊ ဒါဖြင့် ကိုအောင် မမေးသင့်တဲ့ မေးခွန်းကို မေးမယ် ...ော်"

"မေးပါအစ်ကို၊ မေးပါ"

နှင်းပွင့်ဦး ခေါင်းငုံ့နေမိသည်။ အာကာအောင်မှာ မေးစရာ ...ားများကို အပြေပြစ်ဆုံးဖြစ်အောင် စီစဉ်ပြီးမှ...

"နှင်းပွင့်အိပ်ပျော်နေချိန်မှာ တစ်စုံတစ်ခု မှားယွင်းခဲ့တယ်လို့ ...ာ ထင်မိသလား...ဆန်းစစ်မိသလား"

"လုံးဝ ဘာမှမဖြစ်ခဲ့တာ အမှန်ပါ အစ်ကိုအောင်ရယ်။ ယုံပါ"

"အင်း...စဉ်းစားစရာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့...ကိုလွင်မောင်ရဲ့ အလောင်းကို စစ်ဆေးကြည့်တော့လည်း အရက်တွေ အလွန်အကျွံသောက်ထားခဲ့ကြောင်း၊ မသေဆုံးမီက သတိလက်လွတ်ဖြစ်နေဖွယ်ရာရှိကြောင်းလည်း ဆေးစာ မှတ်ချက် တွက်ထားပါတယ်"

"ဒါဖြင့် မနှင်းပွင့်က ဘယ်လိုထင်နေသလဲ"

တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့် အိပ်ဆေးမိနေတဲ့ နှင်းပွင့်ရဲ့ ခုတင်ပေါ်မှာ ကိုလွင်မောင်ကို တင်ပြီး ထားကြတယ်လို့ ထင်နေမိပါတယ် ကိုအောင်"

"ဒါ သိပ်ဖြစ်နိုင်တဲ့ အတွေးအခေါ်ပဲ မနှင်းပွင့်"

"အို... အဲဒီလို နှင်းပွင့်ရဲ့ အတွေးအခေါ်ကို လက်ခံတယ်ဆိုရင် နှင်းပွင့်အားရှိလာပါပြီရှင့်...ဒီမှာ အစ်ကိုအောင်..."

"ပြော..."

"အဲဒီ တစ်စုံတစ်ယောက်ဆိုတာကို အစ်ကိုရှာပေးဖို့ နှင်းပွင့် တောင်းပန်ပါရစေ၊ အားကိုးပါရစေ အစ်ကိုအောင်ရယ်"

အာကာအောင်သည် ဘောင်းဘီအိတ်တွင်းသို့ လက်နှိုက်၍ ခေါင်းကို ငုံ့စောင်းစဉ်းစားနေပြီးမှ...

"နေပါဦး၊ တစ်ခုမေးရဦးမယ်"

"ဟုတ်ကဲ့"

"မနှင်းပွင့်ကို အိပ်ဆေးခပ်တဲ့ အစားအစာကို ဘယ်သူက ကျွေးသလဲ၊ ဘယ်သူတွေနဲ့အတူစားသလဲ"

"ညနေစာ ထမင်းကို အိမ်သားအားလုံးနဲ့ ဝိုင်းစားပါတယ်"





"ဒါဆို ဒီထဲမှာ အိပ်ဆေးမခပ်နိုင်တာ သေချာပြီ။ ပြီးတော့ ဘာစားသေးလဲ"

"ဘာမှ မစားဖြစ်တော့ဘဲ ညကျမှ စောစောက ပြောပြတဲ့ ကော်ဖီနဲ့ ကိတ်စားပါတယ်"

"အဲဒီကော်ဖီကို မနှင်းပွင့်ကိုယ်တိုင် ဖျော်တာလို့ ပြောခဲ့တယ်နော်"

"ဟုတ်ပါတယ်။ နှင်းပွင့်တို့ အခန်းထဲမှာရှိတဲ့ နို့ဆီသကြားနဲ့ ဖျော်တဲ့ ကော်ဖီပါ"

"မုန့်ကရော"

"မုန့်ကလည်း နေ့လယ်ကတည်းက ကိုကိုနဲ့ တူတူလိုးစားပြီး ကျန်နေတဲ့ မုန့်"

"နှင်းပွင့် ကော်ဖီဖျော်ပြီးချိန်မှာ အခန်းထဲ ဘယ်သူရောက်လာသေးလဲ"

"ဘယ်သူမှ မလာပါဘူး အစ်ကိုအောင်"

"သေချာတယ်နော်"

"သိပ်သေချာပါတယ်။ ဖျော်ပြီးပြီးချင်း ချမ်းတာနဲ့ ပူပူကြီးပဲ သောက်လိုက်တာပါ"

"ဒါဆို ဘယ်လိုလုပ်ပြီး ဘယ်သူက အိပ်ဆေးခပ်နိုင်မှာလဲ"

"နှင်းပွင့်လည်း မပြောတတ်တော့ဘူး"

"ညနေစာက ဘယ်အချိန်စားလဲ"

"နှင်းပွင့်မှတ်မိတယ်...လေးနာရီခွဲအတိ"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဖျော်သောက်တော့ရော"

"ညဆယ်နာရီကျော်လောက် ရှိပြီ"

"ဒါဆို ညနေစာက မဖြစ်နိုင်ဘူး၊ မနှင်းပွင့်ရဲ့ ကော်ဖီနဲ့ မုန့်က ဖြစ်ရမယ်"

"ဟုတ်ပါတယ်။ အဲဒါတွေ စားသောက်ပြီး ပန်းကန်ဆေးပြီး ကတည်းက ရီဝေဝေဖြစ်လာတာ…နှင်းပွင့်အထင်တော့ ဆယ်မိနစ် ဆယ့်ငါးမိနစ်အတွင်းမှာ အိပ်ပျော်သွားမယ် ထင်ပါတယ်"

"ခြင်ထောင်ချမိသလား"

"လုံးဝမချပါဘူး၊ ကိုကိုပြန်လာမှ အတူအိပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခဏလေး လှဲလိုက်မိတာပါ"

"ဟုတ်ပါပြီ၊ ဒါဆိုရင်"

"ဘာကိုလဲ အစ်ကိုအောင်"

"တစ်စုံတစ်ယောက်က ကြံစည်တာပါ"

"နှင်းပွင့်ကို နားလည်လာတဲ့ အစ်ကိုအောင်ရယ်၊ နှင်းပွင့်ရဲ့ ဒုက္ခတွေကို ကယ်တင်ပေးသွားပါရှင်… တရားခံကို ဖော်ထုတ် ပေး သွားပါနော်"

"အစ်ကိုအောင် အစွမ်းကုန် ကြိုးစားပေးမယ်"

"ဝမ်းသာအားရှိလိုက်တာ ကိုအောင်ရယ်။ တစ်လောကလုံးက နှင်းပွင့်ကို 'သစ္စာမဲ့မ'လို့ ကဲ့ရဲ့ပိုင်းပယ်ကြပါစေ၊ နှင်းပွင့်ခံယူပါ တယ်။ ဒါပေမဲ့ အစ်ကိုအောင်ရယ်"

"စိုင်းကြည်မြ နားလည်လာစေချင်တယ် မဟုတ်လား"





"အို…သိပ်ဟုတ်တာပေါ့။ အဲဒီ အဖြစ်မှန်တွေ ပေါ်ပြီး ကိုကို့ ရင်ထဲက အမုန်းအစိုင်အခဲကြီးတွေ ပြေသွားမယ်ဆိုရင်လေ… နှင်းပွင့်ရဲ့ အသက်နဲ့စတေးပြီး ဖြေဖေးချင်လှပါတယ် အစ်ကိုအောင်ရယ်"

"မငိုပါနဲ့ကွယ်"

"နှင်းပွင့်ကို သိပ်ချစ်ရှာတဲ့ ကိုကို့ကို သိပ်သနားတယ်။ သိပ် ချစ်တယ်။ သူ့ရင်ထဲက သံသယတွေပြေအောင် နှင်းပွင့်ရဲ့ အသား အသွေး အသက်တို့နဲ့ လဲလှယ်ပေးလို့ရရင် လဲလှယ်ပေးရဲပါတယ်။ ဒါပေမယ့် ဒီစိတ်ဒီဆန္ဒတွေကို နှင်းပွင့်ရင်ထဲမှာ မြှုသိပ်ပြီး တစ်ယောက် တည်း ကျိတ်မှိတ်ခံစားနေရတဲ့ အဖြစ်ကို အစ်ကိုအောင်ရယ်… စာနာ ပါ…သနားပါ…ကူညီပေးပါနော်…"

"စိတ်ချ၊ မနှင်းပွင့် စိတ်ချ၊ အစ်ကိုအောင်တို့ ရဲဝန်ထမ်းတစ်ဦး အနေနဲ့ တာဝန်ယူရတာန်းကလည်း ဒီလို ရှုပ်ထွေးနက်နဲတဲ့ အမှုတွေကို ကိုင်တွယ်ရဖူးပါတယ်"

"ခုလည်း အမြန်အမှုမှန် ပေါ်ပါစေလို့ ဟောဒီဘုရားမှာ နှင်း ပွင့် ထပ်ပြီး ဆုတောင်းဦးမယ်နော် အစ်ကိုအောင်"

"လုပ်လေ…ဒါ…မနှင်းပွင့်တို့လို အားငယ်တတ်တဲ့ မိန်းမသား တွေရဲ့ ထွက်ပေါက်ရှာတတ်တဲ့ အားကိုးရာပဲ"

"အို… ကိုအောင်က ဗုဒ္ဓဘာသာမဟုတ်တဲ့အတိုင်းပဲ၊ ပြော လိုက်တာ"

"မဟုတ်ပါဘူး၊ ဗုဒ္ဓကို လေးစားပါတယ်။ ဒါပေမဲ့ အစ်ကိုအောင် ခံယူတာက ဆုတောင်းရုံနဲ့ မပြီးဘူး၊ လက်တွေလည်း ကြိုးစားမှ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှု ရလိမ့်မယ်လို့"

"ကောင်းပြီလေ၊ အစ်ကိုအောင်က လက်တွေ့ကြိုးစားပေ

နှင်းပွင့်က ဘုရားရှေ့မှာ အမြဲထိုင်ထိုင်ပြီး ဆုတောင်းနေမှာပဲ"

"သြော်...မနှင်းပွင့်"

နှင်းပွင့်ဦး၏ စကားကို ကြားသော်လည်း အရေးမကြီးဟန်နှင့် မတုံ့ပြန်တော့ဘဲ သူ့စကားများသာ ဆက်၍လာသည်။

"ကိုအောင် ဒီကျုံင်းတုံကို ရောက်လာပြီး မနှင်းပွင့်နဲ့ ဆက်သွယ် အကူအညီပေးနေတယ်ဆိုတာကို ဘယ်သူမှ မသိရင် ကောင်းမယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"ဘာပဲဖြစ်ဖြစ် လျှို့ဝှက်ထားနိုင်လေ ကောင်းလေပေါ့"

"ဟုတ်ကဲ့၊ နှင်းပွင့် ဘယ်သူ့မှ မပြောပါဘူး၊ ပြောစရာလည်း ဘယ်သူမှ မရှိပါဘူး"

"မနှင်းပွင့်ကို ဝိုင်းပယ်ထားကြသလား"

"ဆိုပါတော့လေ...နေခွင့်တော့ ပြုထားပါတယ်"

"နေတော့ရော"

"အရင်နေတဲ့ အခန်းမှာပါပဲ"

"ဘယ်သူ လာအိပ်လဲ"

"တစ်ယောက်တည်းပါ"

"ဟင်...မချောက်ချားဘူးလား"

"ချောက်ချားရတာတွေတော့၊ မပြောပါနဲ့တော့ အစ်ကိုအောင် ရယ်၊ တစ်ခါတလေများ ကိုကို့ရဲ့ ဒေါသမျက်နှာ၊ ကိုလွင်မောင်ရဲ့





အသံနက်ကြီးနဲ့ အော်သံတွေ...ပြီးတော့ ပန်းထွက်လာတဲ့ သွေးတွေ၊ အဲ...ဒါတွေ ပြန်မြင်မိတဲ့ ညများ ရူးသွားမလောက် ချောက်ချား ကြောက်ရွံ့မိပါတယ်"

ပြောနေရင်းပင် 'ရူသတ်ည မြင်ကွင်း'ကို ပြန်လည်မြင်ယောင် လာသော နှင်းပွင့်ဦးမှာ ဖောချွေးများ ပြန်လာသည်ကို အာကာ အောင် မြင်နေရပါ၏။

"တခြားမှာ သွားနေစရာ မရှိဘူးလားကွယ်"

"မရှိပါဘူး အစ်ကိုအောင်"

"ဟင်..."

"ပြီးတော့ နှင်းပွင့် မိဋ္ဌာန်ထားပါတယ်"

"ဘာကိုလဲ"

"ဒီအမှုကြီးရဲ့ အမှန်တရားတွေပေါ်လာပြီး ကိုကို့ရဲ့ သံသယ စိတ်တွေ ပြေသွားမှ နှင်းပွင့်မြိုင်က မနှင်းပွင့်ထွက်သွားပါတော့ မယ်လို့"

အာကာအောင်က ကြင်နာစွာ ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် နှင်းပွင့်ပြန်တော့မယ် အစ်ကိုအောင်၊ ခဏလေး ဆိုပြီး ခမ်းမွန်ကို ပြောထွက်လာခဲ့တာပါ"

"ခမ်းမွန်ဆိုတာ ဘယ်သူလဲ"

"ကိုကို့ရဲ့ ညီမလေးပါ။ နန်းခမ်းမွန်တဲ့"

"သြော်...နန်းခမ်းမွန်တဲ့လား"

ဤအမည်လေး သုံးလုံးမှာ စိတ်ဝင်စားစရာ သံစဉ်လေးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အာကာအောင်၏ ရင်ပြင်ကို ဖြတ်တိုက်သွားသည်။

"နှင်းပွင့် ပြန်မယ်နော်။ ဪ... ကိုအောင်နဲ့ ဘယ်လိုထပ်ပြီး ဆက်သွယ်ရမလဲဟင်"

"နေ...အစ်ကိုအောင်...ကိုယ်တိုင် သွားလုပ်ရမယ်ဆိုတာတွေ အစီအစဉ်ချပြီးမှ မနှင်းပွင့်နဲ့ တွေ့ဆုံဖို့ လိုအပ်ရင် ထပ်ချိန်းမယ်လေ"

"ဟုတ်ကဲ့၊ အစ်ကိုအောင်"

"ဪ...မနှင်းပွင့်ဆီ စာပေးခဲ့ရင်ရော နှင်းပွင့်မြိုင်ကတစ်ဆင့် သွားရသလား"

"ရပါတယ်...နှင်းပွင့်စာဆိုရင် သူတို့ မဖတ်ကြပါဘူး"

"ကောင်းပြီလေ...အစ်ကိုအောင်ကပဲ အဆင်ပြေသလို ဆက်သွယ်ယူမယ်။ မနှင်းပွင့်ပြန်တော့"

"ဟုတ်ကဲ့ အစ်ကိုအောင်။ အစ်ကိုအောင် ရောက်လာတဲ့အတွက် အားတက်လို့ မဆုံးတော့ပါဘူးရှင်"

❋



အခန်း ၂ ငါး ။

"ပုံခပ်မိမိနဲ့ လူတစ်ယောက် တို့နောက်ကို လိုက်နေတယ် ခမ်းမွန်"

"အင်း...သတိထားမိတယ်၊ သူ့ကို တွေ့တာ ဒါပါနဲ့ဆိုရင် သုံးခါရှိပြီ"

"အံမယ် ပိုင်လှချည်လား"

နမ်းခမ်းမွန်နှင့် သူငယ်ချင်းနှစ်ယောက်တို့ ကျိုင်းတုံလေယာဉ်ကွင်းသို့ ဂျစ်ကားနှင့် ဆင်းလာနေကြဆဲတွင်...

နောက်ဘက်ဆီမှ လဲသာဂျာကင်၊ တက်ထရက်(စ)ဘဲလ်ဘောင်းဘီနဲ့ လူတစ်ယောက် မော်တော်ဆိုင်ကယ်နှင့် လိုက်လာသည်။

စလဲန်ဒါလေးလုံးနှင် ဟွန်ဒါဆိုင်ကယ်ကို စီးလာသူမှာ လေထဲသို့ ဖြတ်တိုးလာရသော အလျင်ကြောင့် ဆံပင်များ နောက်သို့ လန်လွင့်နေသည်။ ကျယ်ပြန့်သီညာသော နဖူးမှာ ထင်ထင်လင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းကြီး ပေါ်နေသည်။ နေရောင်ထိုးလျှင် မှောင်၍ အရိပ်ထဲတွင် ပြန်ဖြူလာသော ဗိုတိုစန်းမျက်မှန် ငွေရောင်ကိုင်းနှင့်။

နန်းခမ်းမွန်တို့ စီးလာသော ဂျစ်ကားကို နောက်မှ အမီလိုက်၍ ကွေ့ဝိုက်ကာ ကျော်တက်သွားသည်။

"သူ့ကေက မိတယ်နော်"

ဆံပင်အုံကောင်းကောင်းနှင့် ရှည်ရှည်များ လေထဲတွင် လွင့်ပျံ့ ပါသွားသည်ကို နန်းခမ်းမွန်၏ သူငယ်ချင်း 'ခင်စောဝင်း'က ကြံဖန်၍ ချီးကျူးလိုက်သည်။

"ဟယ်...သူလည်း လေယာဉ်ကွင်းသွားတာပဲ ခမ်းမွန်"

ကျိုင်းတုံလေဆိပ်ရှိရာသို့ သူတို့ထက် အရင်ဝင်သွားနှင့်သော မော်တော်ဆိုင်ကယ်ရှင်ကို ကြည့်ပြီး ကျန်သော သူငယ်ချင်း 'နန်းဆိုင်ဖုး'က ပြောလိုက်သည်။

"တို့ သူ့ကို မကြည့်ဘဲ နေကြရအောင်ကွယ်"

နန်းခမ်းမွန်မှာ သူ့စိတ်ကို ထိန်းချုပ်ရင်း သူငယ်ချင်းများကိုပါ အဖော်ညှိခြင်း ဖြစ်သည်။

လေဆိပ်ဝင်းကို ကာရံထားသော သံဆူးကြိုးများရှေ့တွင် ကား ရပ်လိုက်သည်။ သားနားလွန်းသော သူ့မော်တော်ဆိုင်ကယ် ဘေးမှာပါ။

လေဆိပ်သို့ နန်းခမ်းမွန်၏ကိစ္စနှင့် ရောက်လာခြင်း မဟုတ်ပါ။

ခင်စောဝင်း၏ အစ်ကိုဝမ်းကွဲမှာ လက်ထပ်ပြီးစ ဇနီးလေးကို ခေါ်လျက် ခင်စောဝင်းတို့ ရှိနေရာ ကျိုင်းတုံမြို့သို့ လာရောက်





လည်ပတ်ကြမည်ကို လာကြိုကြခြင်း ဖြစ်ပါသည်။

"ခမ်းမွန်ပါ စိတ်ပြေလက်ပျောက် လိုက်ခဲ့ပါ"

ဟူသော ဖိတ်ကြားချက်အရ လိုက်ခဲ့ရခြင်း ဖြစ်ပါသည်။

အိမ်တွင်လည်း ကိုကိုစိုင်းကြည်မြ၏ လူသတ်မှုပြဿနာနှင့် နင်းပွင့်ဦးကို ရှောင်နေရသော အဖြစ်များကြောင့် နန်းခမ်းမွန်လည်း အနေကျဉ်းကျပ်လှ၍ လိုက်လာခဲ့မိခြင်း ဖြစ်ပါ၏။

"ဟော...ဟိုမှာ သူ"

လေဆိပ်အဆောက်အဦတွင် နန်းခမ်းမွန်ကို ကြည့်နေသော သူနှင့် မျက်နှာချင်း ဆိုင်မိပြန်ပါသည်။

နန်းခမ်းမွန်၏ ရင်မှာ လှိုက်ဖိုလာမိသည်။ ရှက်ခြင်းလား၊ ကြောက်ခြင်းလား၊ ကြည်နူးမိခြင်းလား၊ တစ်ခုခုပါ။ မလိုလား မနှစ်သက်မိခြင်းတော့ မဟုတ်ပါ။

ကျိုင်းတုံဈေးထဲမှာ တစ်ခါ...

မင်္ဂလာဆောင်မှအပြန် နောင်တုံကန်နားမှာ တစ်ခါ၊ သူ့ကို မှတ်မှတ်ရရ ဆုံဆည်းဖူးသည်။

သူက ယခုလိုပင် နန်းခမ်းမွန် မနေတတ်လောက်အောင် ကြည့်နေတတ်သော သူပါ။

"ဟော...ကိုအောင်စိုးကြီး တို့ဆီလာနေပြီ"

"သူ ပင့်လာပြီထင်တယ် ခမ်းမွန်ရေ"

ခင်စောဝင်းနှင့် နန်းဆိုင်ဖုးတို့ စကားအတိုင်းပါပင်။

လေဆိပ်တွင် တာဝန်ကျနေသော လူဝင်မှုကြီးကြပ်ရေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့အင်အားဦးစီးဌာနမှ 'ကိုအောင်စိုး'ဆိုသူမှာ ဤသုံးဦးလုံးနှင့် ခင်မင်သောသူ။

ကိုအောင်စိုးနောက်မှ သူ...

"ခမ်းမွန်တို့ ဘာလာလုပ်ကြလဲ"

"ဟို...ခင်စောဝင်းရဲ့အစ်ကို လာမယ်ဆိုလို့ လာကြိုတာပါ"

"ဪ...ဟေး...ဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော်ရဲ့ မိတ်ဆွေပဲ၊ တောင်ကြီးကတစ်ဆင့်ရောက်လာတာ၊ မင်းအာကာအောင်တဲ့၊ တို့ကတော့ အာကာအောင်ပဲ ခေါ်ကြတယ်"

"အာကာအောင်"

ခင်စောဝင်းက ရွတ်ဆိုကြည့်ရင်း မေးလိုက်သည်။ သူက ပြုံး၍ ခေါင်းညွှတ်ပြလိုက်သည်။ ပုံစံက အပျံစား။

"ဒါက ခင်စောဝင်း၊ ဟောဟိုက နန်းဆိုင်ဖူးတဲ့၊ အလယ်ကတော့ ခင်ဗျားသိချင်တယ်ဆိုတဲ့ နန်းခမ်းမွန်တဲ့၊ ဟိုကပ်ရပ်က 'နှင်းပွင့်မြိုင် ဂေဟာ'မှာ နေတယ်။ ကျွန်တော်တို့ ကျိုင်းတုံမှာတော့ အလှဆုံး ဂုံရှမ်းမလေးပါပဲ အာကာအောင်"

ကိုအောင်စိုး၏စကားကြောင့် နန်းခမ်းမွန်မှာ လုံခြုံသော နေရာသာ ရှိမည်ဆိုပါလျှင် မိမိ၏မျက်နှာကို သွား၍ သိမ်းထားလိုက်ချင်သည်။

ယခုတော့ ခေါင်းငုံ့ရင်းသာ မျက်နှာကို ဝှက်ထားရပါ၏။

"နန်းခမ်းမွန်က ကျောင်းတက်တုန်းပဲလား"

"အရင်က တောင်ကြီးကောလိပ် တက်ပါတယ်။ အခုတော့





စာပေးစာယူပဲ"

"ကျွန်တော်က စာပေဝါသနာပါတယ်လေ။ ဒီအရှေ့ပိုင်း ရှမ်းပြည်နယ်မှာ နေကြတဲ့ 'ဂုံရှမ်း' 'လားဟူ' 'အခါ'စတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့စရိုက်တွေကို စာတမ်းတစ်စောင် ရေးသား ပြုစုဖို့ ရောက်လာတာပါ"

"ဪ..."

"ဒီမြို့မှာ ကြာကြာနေရပါလိမ့်ဦးမယ်"

"ဟုတ်...ဟုတ်ကဲ့"

"ဒါကြောင့် ဒီက မခင်စောဝင်းတို့၊ နန်းဆိုင်ဖူးတို့၊ နန်းခမ်းမွန်တို့နဲ့ သိရတာကို ကျွန်တော် တကယ်ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်ကိုလည်း မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ အသိအမှတ်ပြုပါလို့ ပြောကြားလိုပါတယ်"

"ရပါတယ်၊ ကျွန်တော်တို့က ဒီလောက်ပြောနေရမယ့်သူတွေ မဟုတ်ပါဘူး"

ခင်စောဝင်းက ပြောပြီး နန်းဆိုင်ဖူးနှင့် နှစ်ယောက်သား တခွိခွိ ရယ်ရင်း တစ်ယောက်နှင့်တစ်ယောက် ပခုံးချင်း စစ်ခင်းထိတိုက်နေကြသည်။

"သူက မန္တလေးသူလေ...သူ့အဖေ အလုပ်ပြောင်းရင်း ဒီရောက်နေတာ ဆယ်နှစ်လောက်ရှိပြီ"

"အောင်မယ် ခြောက်နှစ်ပဲ ရှိပါသေးတယ်"

"သိပါဘူး၊ ကျိုင်းတုံသူတွေထက် လည်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ကျွန်တော်က ကျိုင်းတုံကို ချစ်လို့ပါ"

"ကဲ...ကျိုင်းတုံကို တစ်ခါတည်း ချစ်လိုက်၊ ဘယ်တော့မှ မပြန်ရအောင် ချစ်လိုက်"

"ကိုအောင်စိုးကြီးနော်"

"ကဲလှာ...လေယာဉ်ပျံဆင်းတော့မယ်"

"သံချောင်းခေါက်လို့လား"

"ခေါက်သွားပါပြီ"

"ကျွန်တော်တို့ မကြားပါဘူး"

"လုပ်မနေနဲ့၊ လာစမ်းပါ။ လာ...နန်းဆိုင်ဖူး၊ ဒီထဲက အိုက်တယ်"

"ကျွန်တော်တို့ကို ပထုတ်နေတာ၊ ကဲ လာပါ နန်းဆိုင်ဖူးရာ ဒီမှာ ကိုအာကာအောင်"

"ဟုတ်ကဲ့၊ မခင်စောဝင်း"

"ခမ်းမွန်နဲ့ စကားလေးဘာလေး ပြောနေခဲ့ဦးပေါ့ဗျာ။ ကျွန်တော်တို့က 'လိပ်'ရရင် ရေထဲ လွှတ်တတ်ကြတဲ့သူတွေပါ"

ကိုအောင်စိုးကိုယ်တိုင် ဦးဆောင်ထွက်ခွာသွားသည့်နောက်သို့ သူတို့နှစ်ယောက် လိုက်သွားကြပါပြီ။ ရှုဥလိပ်ရေထဲသို့ လွှတ်သည့်ပမာနှင့် အာကာအောင်ကို ခိုင်းနှိုင်းသွားခြင်းပါ။

လေဆိပ်တွင်းမှ နန်းခမ်းမွန်ထိုင်နေသော ခုံတန်းရှည်ပေါ်တွင် ပင် အာကာအောင်က ဝင်ထိုင်သည်။ နန်းခမ်းမွန်နှင့် တယောက်ခြားစာလောက်ပါ...





"နန်းခမ်းမွန်နဲ့ မိတ်ဆွေဖြစ်ချင်နေတဲ့ ကျွန်တော်ဟာ ခုလိုဆုံခွင့်ရလို့ ဝမ်းသာလှပါတယ်လို့ တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ပြောကြားပါရစေခင်ဗျာ"

"ဟုတ်ကဲ့"

"ကျွန်တော်...နန်းခမ်းမွန်ကို တွေ့ဖူးပါတယ်"

"ရှင်...ဘယ်မှာလဲ"

"ရေထွက်ဦးလမ်းမှာနေတဲ့ ဦးစိုင်းချမ်းမြရဲ့ ကားဝပ်ရှော့ကို ကျွန်တော် ရောက်ဖူးပါတယ်"

"သြော်...ဟုတ်တယ်၊ ခမ်းမွန်အစ်ကို တောင်ကြီးမှာ နေတယ်။ ခမ်းမွန် ခဏခဏရောက်ပါကယ်"

"ကျောင်းတက်တုန်းကရော၊ အဲဒီမှာ မနေဘူးလား"

"သူငယ်ချင်းတွေနဲ့ စုပြီး ဘော်ဒါမှာနေပါတယ်"

"ခုတော့ ဘာလို့ ကျောင်းထွက်လိုက်တာလဲ"

"စာပေးစာယူပြောင်းလိုက်လို့ပါ၊ ခမ်းမွန်ကို အိမ်က ဒီကျိုင်းတုံမှာပဲ နေစေချင်ကြတယ်လေ"

"ဘာဖြစ်လို့များပါလိမ့်"

"မသိပါဘူး၊ အားလုံးကပါပဲ"

"နန်းခမ်းမွန်က သိပ်လှတော့ စိတ်မချကြဘူးထင်ပါရဲ့"

နန်းခမ်းမွန်က ဘာမှ မတုံ့ပြန်...ကြည်နူးသလို ခံစားလိုက်ရသော်လည်း သည်စကားမျိုး မကြားချင်သေးပါ။

"အစ်ကို စိုင်းချမ်းမြနဲ့ သိတယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...မသိပါဘူး၊ သူငယ်ချင်းတစ်ယောက်ရဲ့ကား သွား ပြင်ပေးရင်း မြင်ဖူးတာပါ။ ဦးစိုင်းချမ်းမြက ကျွန်တော့်ကို မ ပါဘူး"

"အစ်ကိုကြီး...ဒီမှာ ရှိနေတယ်"

"သူညီကိစ္စအတွက် ရောက်နေမှာပေါ့နော်"

"ကိုအာကာအောင်က ဒါတွေလည်း သိနေပြီလား"

"စိုင်းကြည်မြရဲ့ သတင်းကို ကျိုင်းတုံမြို့ရဲ့ ပြင်ပမှာအ ကြားသိနေကြရပါတယ်"

"ဟုတ်မှာပေါ့လေ၊ သိပ်ပြီး ဆိုးရွားတဲ့ သတင်းပဲနော်"

"အမှန်တော့ စိုင်းကြည်မြဟာ လူသတ်တရားခံဆိုပေမယ့် ဘက်မှာ ဘာအပြစ်မှ မရှိရှာပါဘူးဗျာ"

"ရှင်..."

"ကျွန်တော်တို့ ယောက်ျားတွေဟာ ကိုယ်မြတ်နိုးတဲ့ချစ်သူ သူများကြည့်တာတောင် ကြိုက်တတ်ကြတာမှ မဟုတ်ပဲ။ အခု အဖြစ်မျိုးနဲ့ တွေ့ရတော့ သူလည်း ဒေါသမထိန်းနိုင်ဘဲ ဖြစ်သွာ တာ ထင်ပါရဲ့"

"ခမ်းမွန် မပြောတတ်ပါဘူးရှင့်"

"အေးဗျာ...အဲဒီ မနှင်းပွင့်ဆိုတဲ့ မိန်းမကလည်း တကယ့် မိန်း ပဲ။ ဘာကိုမှ မစောင့်ထိန်းနိုင်တဲ့ မိန်းမစားမျိုးထင်ပါရဲ့"

"နှင်းပွင့်ဦးဟာ ခမ်းမွန်ရဲ့ သူငယ်ချင်းပါ"

"ဟုတ်လား"





"သူဟာ အစတုန်းကတော့ အေးအေးပဲ" ဘစ်

"လူမှုရေးမှာ အေးပေမယ့် အိမ်ထောင်ရေးမှာ မအေးလို့နှိုး ရှမှာပေါ့လေ"

"အို...ဒီကိစ္စတွေမှာ ခမ်းမွန်ဘာမှ ဝင်မပါချင်ဘူး၊ ဒါကြောင့် မှာလည်း ဘာမှ ဝင်မမေးဘူး"

"ဆောရီး နန်းခမ်းမွန်ရယ်၊ စကားစပ်မိသွားလို့ပါ။ ကျွန်တော ဘာမှ မသိချင်တော့ပါဘူး"

"ရပါတယ်၊ ကိုအာကာအောင်၊ ခမ်းမွန်အနေနဲ့တော့ အစ်ကို ဘွက်လည်း ယူကြုံးမရဘူး၊ နှမြောမိတယ်၊ ဝမ်းနည်းတယ်၊ ယောင်းမကိုလည်း သနားနေမိတယ်။ ဒါဟာ ခမ်းမွန်ရဲ့ ခံစားချက် မှန်အတိုင်းပါပဲရှင်"

"မြင့်မြတ်လှတဲ့ နန်းခမ်းမွန်ရဲ့ စိတ်ထားကို ကျွန်တော် နား သည်ပါပြီ။ ဩော်...နန်းခမ်းမွန်နေတာ ဟိုကပ်ရပ်မှာနော်"

"ဟုတ်ကဲ့...နှင်းပွင့်မြိုင်...လို့ အမည်ပေးထားတဲ့ ခြံကြီးထဲ မှာပါ"

"မဖိတ်ခေါ်ပေမယ့် ခွင့်ပြုမယ်ဆိုရင် လာလည်ပါရစေလို့ ခွင့် န်ပါရစေလား နန်းခမ်းမွန်"

နန်းခမ်းမွန် ဘာဖြေရမှန်းမသိတော့...

နန်းခမ်းမွန်တို့အိမ်က လွတ်လပ်ပါသည်။ ယောက်ျားလေး ပေါင်းအသင်းများ ဝင်ထွက်သွားလာခွင့် ရှိပါသည်။

ခေတ်မီသော မိသားစုမို့ ဧည့်ခန်းမှာ နန်းခမ်းမွန်၏ ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



နှလျှင် အစ်ကို၊ အစ်မများက ဝင်ရောက်စပ်စုလေ့ မရှိကြ သွားခမ်းမွှန် ခင်မင်သော သူများကို ဖိတ်ခေါ်နိုင်သည်။ ကိုယ်ပိုင် ပါဒ်တ်လပ်ခွင့် ရှိထားပါသော်လည်း...

"အဲဒီဘက်ကို ကြုံကြိုက်ရင်တော့ ခြံဝမှာ စောင့်နေတတ် အိုက်ဆော့ လိုသူကို မေးကြည့်ပါလေ"

"ဘယ်လို မေးရမှာလဲ"

"သြော်...ခမ်းမွှန် ရှိ၊ မရှိပေါ့"

ရုတ်တရက် မဆုံးဖြတ်တတ်၍ အကောင်းဆုံးအဖြေဟု ထင် မိသည်ကို ရွေး၍ ပေးလိုက်မိခြင်းပါ။

သူ့ကို တွေ့လိုသည်လား၊ မတွေ့လိုသည်လား ကွဲပြားသော အဖြေ ယခုအချိန်မှာ မရသေးပါ၍ သူလာမှ တွေ့လိုလျှင်လည်း လက်ခံ၍ မတွေ့လိုလျှင်လည်း မရှိဘူးပြော၍ ပြန်နိုင်းရုံသာပါ။

ရွှန်းလက်တောက်ပလွန်းသော မျက်ဝန်းအစုံက အရင်ဦး ပြုံး လာပြီးမှ အာကာအောင်က...

"အိမ်ထဲမှာရှိနေရင်လည်း မတွေ့ချင်ရင် မရှိဘူးဆိုပြီး ပြန်နိုင်း အောင် ကြိုတင်စီစဉ်ထားတာများလား နန်းခမ်းမွှန်ရယ်"

"အို...မ...မဟုတ်ပါဘူး"

ရှမ်းမလေး ရှက်သွားပြီ။

ကိုအာကာအောင်ရယ် ခမ်းမွှန်ရဲ့ရင်ထဲမှာ ဘာတွေရှိသလဲ ဆိုတာ တွက်ချက်နိုင်တဲ့ ကွန်ပျူတာစက်တွေထက် ထက်မြက်တဲ့ စွမ်းအားတွေ သူ့မျက်ဝန်းမှာများ ရှိနေပြီလား ရှင်။





"ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ ကျိုင်းတုံမြို့ရဲ့ ဧည့်သည်တစ် ယောက်မို့ မြို့ခံအိမ်ရှင်တွေနဲ့ ခင်မင်ချင်တဲ့ဆန္ဒတစ်ခုတည်းပါ နန်း ခမ်းမွှန်ရယ်၊ ဘာအကူအညီမှ လိုချင်လို့ မဟုတ်ပါဘူး"

"ဟုတ်ကဲ့ပါ။ ခမ်းမွှန်တို့ကလည်း ဧည့်ဝတ်ကျေပွန်ချင်ပါတယ် ရှင်၊ အကူအညီတောင်းခံမယ်လို့လည်း မထင်တတ်ပါဘူး"

တမင် ပြောလိုက်သော စကားကို အားနာဟန်လေးနှင့် တုံ့ပြန် ရှာသော နန်းခမ်းမွှန်ကို အာကာအောင် ပြုံး၍ ကြည့်နေမိသည်။

အမှန်ကတော့ ကိုနေသစ်၏ ညီမလေး မနှင်းပွင့်အတွက် နန်း ခမ်းမွှန်ကို ချဉ်းကပ်မိရာမှ...

ယခုလို အနီးကပ် ပြောဆိုခွင့်ရလာသည့်အခါမှာ နန်းခမ်းမွှန်၏ အလှပေါင်းကုဋေကုဋာကို မြင်ခဲ့ရပါပြီ။

လူသားတို့ တည်ဆောက်လေ့ရှိကြသော အသားဆိုင်မျိုးမှ ထုတ်ပါရဲ့လားဟု ယိုးမှားစရာကောင်းလောက်အောင် နန်းခမ်းမွှန် ၏ အသားက ဝါညက်နေသည်။ ခပ်ကြမ်းကြမ်းသာ ဆွဲလိုက်လျှင် ပဲ့ပါ သာမလောက် နုမွတ်နေသော အသားဝါလေးတွင် အပ်ဖျားရာ တစ်ကွက်စာမှ စွန်း ထင်းနေသော မှဲ့ပေါက်ရာမျိုးလေး တစ်ခုမျှ မိုလောက်အောင် အသားလှလွန်းတဲ့ နန်းခမ်းမွှန်။

ရှမ်းမလေးတို့၏ သရုပ်အတိုင်း မျက်ဝန်းလေး မဝိုင်းသည်မှလွဲ လျှင် တင်ထားသလို ပေါ်လွင်နေသော နှာခေါင်းနှင့် နှုတ်ခမ်းလှလှ လေး၊ မေးစေ့ဝိုင်းဝိုင်းလေးနှင့် ချောပြေသော နဖူးပြင်တွင် တစ် ချောင်း ဆွဲမျက်ခုံးလေးနှင့် တင့်တယ်လှသည်။ အလယ်ကခွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



သုံးဆင့်ဖြတ်ဆံပင်လေး ဖြာဝေနေပုံကလည်း သူ့အလှကို အထောက်အကူပါ။

ရှည်သွယ်သော အရပ်နှင့် ဖြောင့်မတ် ကျစ်လျစ်လွန်းသော ကိုယ်ခန္ဓာ၏ အချိုးဆက်ကျပုံက ကျင့်ယူထားခြင်း မဟုတ်ပါဘဲ သဘာဝပေးအတိုင်း သေးကျင်သောခါး၊ ဝန်းမောက်ပြည့်စိုသော ရင်နှင့် တင်တို့က အချိုးအစား ကျနလွန်းလှပါပေသည်။

ထိုနေ့က ကျိုင်းတုံလေယာဉ်ကွင်းတွင် ဆုံစည်းခဲ့ကြရသော

ထိုနှစ်ယောက်မှာ တစ်ယောက်၏ အလှ၊ တစ်ယောက်၏ အရည်အချင်းများကို စိတ်တွင်းဌ်သာ ဖော်ကျူးရင်း…

ထာဝရခင်မင်ခွင့်များကို နှစ်ဦးလုံး လိုလားနှစ်သက်စွာ တောင်းတမိကြသော နေ့လေးတစ်နေ့ပါတည်း။



အခန်း ။ ခြောက် ။

"ဘယ်လဲ ချယ်ရီ"

"ဟိုဘက်ခြံ"

"ဘာသွားလုပ်မလို့လဲ၊ နန်းဝိုးတောင် ချမ်းမြဲတို့နဲ့ ပါသွားတယ် မဟုတ်လား"

"ဘာလဲ၊ မသွားရဘူးလား"

"ဟဲ့ ..မဟုတ်ပါဘူး၊ ကိုယ့်အဒေါ်လည်း မရှိဘဲနဲ့ ဘာသွား လုပ်မှာလဲလို့ ပြောမလို့ပါ။ သွားချင်လည်း သွားပါဗျာ"

နန်းချယ်ရီသည် ဦးစိုင်းစံတစ်(ပ)ကို မကျေနပ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ပြီး ထွက်လာခဲ့သည်။ ဘာမှဖြင့် မပြောပါ။

နောက်ကျောဘက်မှနေ၍ အသေအချာ စိုက်ကြည့်နေသော ဦးစိုင်းစံတစ်(ပ)ကိုဖြင့် သူ မမြင်ရှာပါ။

စူးရှထက်မြက်သော မျက်ဝန်းအစုံဖြင့် တစ်စုံတစ်ရာကို တွေးခေါ်ရင်း လိုက်ကြည့်နေတတ်သော ဦးစိုင်းစံတစ်(ပ)ကို နန်းချယ်ရီ



www.burmeseclassic.com

www.burmeseclassic.com

အမြဲလို သံသယဖြစ်နေသည်။

သူ့အပေါ် သံသယဝင်နေသောကိစ္စလေး ဟု နန်းချယ်ရီက ဖြေလည်၍ သံသယဖြစ်နေခြင်းပါ။

ဦးစိုင်းစံတစ်(ပ)နှင့် ဒေါ်နန်းပိုးတစ်(ပ)တို့မှာ မောင်နှမ အရင်းများ ဖြစ်သည်။

စိုင်းချမ်းမြ၊ စိုင်းကြည်ပြနှင့် နန်းခမ်းမွန်တို့ မောင်နှမ အရင်းသုံးယောက်မှာ ဦးစိုင်းစံတစ်(ပ)နှင့် ဒေါ်နန်းပိုးတစ်(ပ)တို့၏ အစ်မကြီး ဒေါ်နန်းခမ်း(မ)လွယ်မှ မွေးဖွားကြသူများ ဖြစ်သည်။

နန်းချယ်ရီမှာ နန်းခမ်းမွန်တို့ဖခင် ဦးစိုင်းစန်ပွင့်၏ မထင်ရှားသော ဇနီး၊ ရှမ်းတရုတ်မမှ မွေးဖွားခဲ့သူ ဖြစ်ပါ၏။

နန်းခမ်းမွန်တို့နှင့် နန်းချယ်ရီတို့မှာ ဖအေတူ မအေကွဲ ညီအစ်မများ ဖြစ်ကြသော်လည်း...

မိခင်ဘက်မှ တော်စပ်သော ဒေါ်နန်းပိုးတစ်(ပ)နှင့် ဦးစိုင်းစံတစ်(ပ)တို့နှင့်မူ နန်းချယ်ရီနှင့် ဘာသွေးမျှ မတော်စပ်ကြပါ။

နန်းချယ်ရီမှာ မောင်၊ ညီမများပေါ် စာနာသည်။ ဒေါ်နန်းပိုးတစ်(ပ)နှင့် ခင်မင်သည် မှန်သော်လည်း ဦးစိုင်းစံတစ်(ပ)ကိုမူ သူကြည့်၍မရ။

ဤနှင်းပွင့်မြိုင်တစ်ခုလုံးကို သူချုပ်ကိုင်အုပ်စိုးနေသည်။ သူ့အဖေ ရှာဖွေခဲ့သော ပစ္စည်းများ၊ လုပ်ငန်းများကို ယောက်ဖဖြစ်သူ ဦးစိုင်းစံတစ်(ပ) အလိုက်သင့် အရံသင့်လေး လိုက်လံလုပ်ကိုင်နေရသူဟု နန်းချယ်ရီ သိမြင်နေသည်။





နန်းချယ်ရီအတွက် သုံးစွဲရန်ငွေကို ဦးစိုင်းစံတစ်(ပ)ထံမှ လက်ဖြန့်တောင်းနေရသည်ကို နန်းချယ်ရီ ခံပြင်းလှသည်။

သို့ပါသော်လည်း နန်းချယ်ရီမှာ ဘာမှ မတတ်နိုင်၊ အစ်မကြီးမှာ အရာထားခြင်းမှာလည်း မကောင်းတတ်၍ အရေးပေးရခြင်းများမှာ ပေါ်ထင်လွန်းလှသည်။

ဘာပဲဖြစ်ဖြစ် သူ့အနေနှင့် သူ့မောင် **ညီမလေး**များကို ချစ်ခဲ့ပါသည်။

ဒေါ်နန်းပိုးတစ်(ပ)နှင့် ဘာမှ သွေးမစပ်သော်လည်း အဆင်ပြေအောင် နေနိုင်ခဲ့ပါသည်။

ဦးစိုင်းစံတစ်(ပ)ကိုမူ သူဘယ်လိုမှ မေတ္တာထား၍မရ။

သူ့လုပ်ရပ်တိုင်းသည် ကောက်ကျစ်စဉ်းလဲမှုများနှင့် ဒွန်တွဲနေသည်ဟု နန်းချယ်ရီ ထင်နေသည်။

ထင်ရုံမက သိလည်း သိပါသည်။ သို့ပါသော်လည်း သူ့အနေနှင့် ဘာမှမတတ်နိုင်၊ ဘာသက်သေသာဓကမျှ လက်တွေ့မပြနိုင်ခဲ့ပါ၍ နှင်းပွင့်မြိုင်၏ အရှင်သခင်မှာ ယခုအချိန်ထိ ဦးစိုင်းစံတစ်(ပ)သာ ဖြစ်နေရခြင်းပါ။

နန်းချယ်ရီမှာ ဟိုဘက်ခြံနှင့် သည်ဘက်ခြံကို ပိုင်းခြားထားသော အုတ်နံရံကြီး၏ အလယ်မှ ထွင်းဖောက်ထားသော သစ်သားတံခါးကို တွန်းဖွင့်၍ ဝင်လိုက်သည်။

**ဤတံ**ခါးတွင် သော့ခလောက်နေရာကို လေးထောင့်ကွက်လေး ထပ်ဆင့်ဖောက်လုပ်ထားပါ၏။ ဤသော့ကို ဟိုဘက်အိမ်မှဖွင့်လျှင်


www.burmeseclassic.com

www.burmeseclassic.com



လည်းရအောင် သည်ဘက်အိမ်မှ ဖွင့်လျှင်လည်း ရအောင် စီမံထားခြင်းပါ။

သော့ကို တစ်အိမ်တွင် တစ်ချောင်းစီ ထားရှိကြသည်။

ဟိုဘက်ခြံမှ ဒေါ်နန်းပိုးတစ်(ပ)နှင့် သူ့ခင်ပွန်း ဦးစစ်ရီတို့မှာ ဘာ ပြဿနာမှ မရှိကြ။ သော့ကို ကြုံရာလူထံမှာ ထားကြသော်လည်း...

သည်ဘက်အိမ်တွင် သည်သို့မဟုတ်...။

ဦးစိုင်းစံတစ်(ပ)က သူ့အခန်းတွင်းမှာ ချိတ်ဆွဲထားသည်။ ဟိုဘက်ခြံသို့ သွားလိုသူတိုင်းက သူ့ထံမှာ သော့တောင်းရသည်။

ဤကိစ္စကို နန်းချယ်ရီနှင့် ဒေါ်နန်းပိုးတစ်(ပ)တို့က အပြတ်တိုက်ကြ၍ သူတစ်ပတ်လျှော့လာသည်။

နေ့ခင်းဘက်ကို တံခါးသော့ခတ်မထား၊ ညဘက်တွင်မှ အသေပိတ်ခတ်၍ သော့ကို သူ့ခေါင်းအုံးအောက်မှာထားအိပ်သည်။

ယခင်က ဦးစစ်ရီနှင့် သူနှင့် ခေါ်ကြပြောကြ စီးပွားရေးအတူလုပ်ကြပါသော်လည်း နောက်ပိုင်းတွင်...

ဦးစိုင်းစံတစ်(ပ)၏ အမိန့်ဖြင့် အုတ်တံတိုင်းကြီး ကာပစ်လိုက်သည်။ သူလည်း မသွား၊ ဦးစစ်ရီလည်း မလာတော့။ ယခု စိုင်းကြည်မြ၏ အမှုဖြစ်မှ တစ်ယောက်နှင့်တစ်ယောက် စကားပြောကြသည်။

ဒေါ်နန်းပိုးတစ်(ပ်)နှင့် တူ တူမများ နန်းချယ်ရီတို့သည်သာ ကူးသန်းနေကြသည်။ ဟိုဘက်ခြံသို့ သွားလေတိုင်း ယခုလိုပင်





မကျေနပ်သော လေသံနှင့် ဦးစိုင်းစံတစ်(ပ)က စပ်စုနေကျ၊ မေးနေကျ။

နန်းချယ်ရီမှာ ဟိုဘက်ခြံတွင်းသို့ ရောက်သည့်တိုင် ဦးစိုင်းစံတစ်(ပ)၏ အကြောင်းများကို စဉ်းစားလာပြီး ကုန်ကားကြီးများကို ဖြတ်ကျော်လျက် အိမ်ပေါ်သို့ တက်ခဲ့သည်။

"ဟော...ချယ်ရီ"

ဦးစစ်ရီက ဆီးကြို၍ ထုံးစံအတိုင်းပင် ရွှန်းရွှန်းဝေသော အပြုံးနှင့် ကြိုဆိုရှာသည်။ အသက်လေးဆယ်ကျော်ရွယ် တရုတ်သွေးစပ်သော သူ ဖြစ်ပါ၏။ စီးပွားရေးဖြစ်ထွန်းအောင် ရှာတတ်လွန်းသူပါ။ သူတို့တွင် သားမသမီးမရှိကြ။

"အန်တီနန်းပိုးတော့ စိုင်းချမ်းမြတို့နဲ့ လိုက်သွားပြီ။ ချယ်ရီဒီဘက်လာတာကို ဟိုလူကြီးက လိုက်မေးနေသေးတယ်လေ၊ သူ့ကြောင့်..."

"ရှူး...အထဲမှာ သူ့ညီမရှိတယ်"

ဦးစစ်ရီက အသံနှိမ့်၍ ပြောလိုက်သည်။

"ဟင်...အန်တီ ရှိနေတယ်လား"

"အင်း"

"သူ အိမ်က ကားနဲ့ ထွက်သွားတာပဲ"

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ သူမလိုက်ဖြစ်ဘူး ပြန်လာတယ်"

"ကဲ...ကဲ...အထဲသွား၊ ဘာပဲဖြစ်ဖြစ်ပေါ့ ချယ်ရီရယ်၊ ကိုယ်သိတာတွေ၊ ကိုယ်မကျေနပ်တာတွေကို ကိုယ့်ဝမ်းထဲမှာပဲထားပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

သူ့ ညီမကို ဘာမှမပြောနဲ့လေ"

"ချယ်ရီ ခံပြင်းလွန်းလို့ပါ"

"လွင်မောင်သေရတဲ့ ကိစ္စမှာ သူနဲ့များ ပတ်သက်နေလေသလား ဆိုပြီး ခုပဲ ဟောဒီက မောင်စိုင်းလုံနဲ့တောင် ပြောနေမိကြသေးတယ်"

'မောင်စိုင်းလုံ'ဆိုသူမှာ ဦးစစ်ရီ၏ စိတ်အချရဆုံး အဝေးပြေးကားကြီး၏ ဒရိုင်ဘာ။ အစုရှယ်ယာဝင်ထားသူ။

နန်းချယ်ရီမှာ ဦးစစ်ရီကို စူးစိုက်စွာ ကြည့်လိုက်မိသည်။

နှင်းပွင့်ဦး လင်ငယ်နေ၍ ဖြစ်ခဲ့ရသည့်ကိစ္စကို သည်အတိုင်းပဲထားလိုက်စေသည်။ 'တခြားသော သူများရှေ့တွင် ဘာတွေမှတွေးခေါ် ပြောဆိုမနေစေချင်။

"ဒါဖြင့် အန်တီ့ဆီ သွားလိုက်ဦးမယ်"

"အင်း...အင်း"

ဦးစစ်ရီနှင့် ဦးစိုင်းလုံက စာရင်းတွက်၍ ကျန်ရစ်ကြသည်။

နန်းချယ်ရီမှာ ဒေါ်နန်းပိုးတစ်(ပ)ရှိရာ အပေါ်ထပ်သို့ တက်လာခဲ့ရပါတော့သည်။



အခန်း ॥ ခုနစ် ॥

"နှင်းပွင့် ကိုကို့ကို သိပ်တွေ့ချင်တာပဲ ခမ်းမွန်ရယ်"

"ဟင်..."

"ဒီနေ့ တွေ့ခွင့်ရလို့ ခမ်းမွန်တို့ သွားတွေ့ကြမလို့ မဟုတ်လား"

"ဟုတ်တယ်လေ မနှင်းပွင့်"

"နှင်းပွင့်လည်း လိုက်ခဲ့ပါရစေ"

"ခမ်းမွန်တို့ခေါ်သွားရမှာ မခဲယဉ်းပါဘူး၊ ဒါပေမယ့်... ဒါပေမယ့် ဖြစ်ပါ့မလားကွယ်"

"ကိုကို့ဘက်က ဘယ်လိုပဲရှိရှိ၊ ဘယ်လိုပဲပြောပြော၊ ဘာတွေပဲလုပ်လုပ် နှင်းပွင့်ငုံ့ခံပါ့မယ်"

"သြော်...ကွယ်..."

"နှင်းပွင့် ကိုကို့မျက်နှာလေးကို ကြည့်မြင်ခွင့်ရရင် တော်ပါပြီကွယ်။ နှင်းပွင့်ကိုကို့ကို လွမ်းလှပြီ"

နန်းခမ်းမွန်မှာ ကြွေလာသော မျက်ရည်များနှင့် ငေးနေသော



www.burmeseclassic.com

www.burmeseclassic.com

နှင်းပွင့်ဦးကိုသာ စိုက်ငေးကြည့်နေမိသည်။

သူ့တောင်းဆိုမှုအတွက် ဘယ်လို တုံ့ပြန်ရမည်မှန်းမသိပါ။

"ခမ်းမွန်ရယ် နှင်းပွင့်တောင်းပန်ပါတယ်။ လိုက်ခဲ့ပါရစေနော်"

"ခမ်းမွန်အနေနဲ့ မတားရက်ပါဘူး သူငယ်ချင်း၊ ဒါပေမယ့် ဦးလေးတို့ကိုတော့ ပြောဖို့ လိုလိမ့်ဦးမယ်ထင်တယ်ကွယ်"

"ရအောင် ပြောပေးပါနော်"

နှင်းပွင့်ဦးမှာ ထွက်သွားသော နန်းခမ်းမွန်ကို မျှော်လင့်တကြီး ကြည့်ရင်း ကျန်ရစ်ခဲ့ရှာသည်။ ထမင်းစားခန်းမှနေ၍ အပြင်သို့ မထွက်ရဲပါ။

ဘယ်သူနှင့်မှ မရင်ဆိုင်ရဲပါ။ ဘယ်သူကမှလည်း သူ့ကို ရင်မဆိုင်လိုကြကြောင်း နှင်းပွင့်ဦး သိပါသည်။

"အောင်မယ်လေးနော်၊ သူက မျက်နှာပြောင်တိုက်ပြီး လိုက်ရဲပေမယ့် ငါရှက်တယ်။ ငါရှက်တယ်"

အိမ်ရှေ့ဆီမှ နန်းချယ်ရီ၏ အော်သံများသည် လေသံများ အဖြစ်နှင့် မဟုတ်ပါဘဲ မီးပွားများ လွင့်စဉ် ပြန့်ကြဲလာသလို နှင်းပွင့်ဦး၏ ရင်မှာ လောင်ကျွမ်းလာရသည်။

"ဘာဖြစ်လို့လဲ ချယ်ရီ"

ဦးစိုင်းစံတစ်(ပ)က အခြေအနေကို ဝင်မေးသည်။ နန်းခမ်းမွန် ရှင်းပြသည့်အသံကို တိုးညင်းစွာ ကြားရပြီးနောက်...

"သူလိုက်ရဲတယ်ဆိုလည်း ခေါ်ခဲ့ရုံပေါ့"

"ဖြစ်ပါ့မလား ဦးလေး"





စိုင်းချမ်းမြ၏ အသံပါ။

"ဟိုကျတော့ ဘူလေးကို မေးကြည့်မယ်လေ၊ သူလက်ခံရင်လည်း တွေ့ကြပစေပေါ့။ လက်မခံဘူးဆိုလည်း ပြန်ခေါ်လာရုံပဲပေါ့ ကွာ၊ ဘယ်တတ်နိုင်ပါ့မလဲ"

ဦးစိုင်းစံတစ်(ပ)၏ အသံအဆုံးတွင် အိမ်တွင်းသို့ ခြေသံပြင်းပြင်း ဝင်လာသံကို ကြားရပြီး...

"ငါ့မောင်လေး လူသတ်သမားဖြစ်ရတာ ဒီကောင်မကြောင့်၊ ဒါကိုများ ခေါ်သွားကြဦးမတဲ့၊ ကောင်မက ဘာတွေ လှည့်ကွက်ဆင်ဦးမယ် မသိဘူး၊ သွားကြ၊ သွားကြ၊ ငါမလိုက်ဘူး၊ ငါရှက်တယ်။ ရှက်တယ်"

နန်းချယ်ရီ၏ ဒေါသသံများနှင့်အတူ သူ့အခန်းဆီမှ ဝုန်းဝုန်း ဒိုင်းဒိုင်း အသံများကိုပါ ကြားလိုက်ရသည်။

နှင်းပွင့်ဦးမှာ အောက်နှုတ်ခမ်းလေးကို ကိုက်ပြီး ထိန်းချုပ်ထားပါသော်လည်း မရတော့ပါ။ မျက်ရည်များက အဆက်မပြတ် ကျလာသည်။

"ဒီပြဿနာတွေ ရှင်းသွားအောင် ဖော်ပေးနိုင်ရင် နှင်းရဲ့ အသက်ကို ပေးဆက်ရမယ်ဆိုရင်တောင် နှင်းပွင့်ပေးရဲပါတယ်။ ပေးချင်ပါတယ် ကိုကိုရယ်"

"ကိုကို့ကို နှင်းပွင့် တွေ့ပါရစေ၊ ကိုကို့ပါးစပ်က နှင်းပွင့်ကို ဘာတွေ ပြောမလဲဆိုတာနှင်းပွင့် ကြားချင်တယ်။ အို...ကိုကို့ကို မြင်ချင်တယ်။ လွမ်းတယ် ကိုကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ ကိုကို့ရဲ့ မျက်နှာလေးကို မြင်ခွင့်ရဖို့ နှင်းပွင့်လေ ဖွတ်ပဲ အရဲစွန့်ပြီး လိုက်ခဲ့ပါရစေတော့နော်..."

*

ကားပေါ်တွင် နှင်းပွင့်ဦး ပါရှိလာခြင်းအတွက် အားလုံးအဖို့ အနေခက်အယုက်ဖြစ်နေမှန်း နှင်းပွင့်ဦး သိပါသည်။ သူတို့ချင်းလည်း ဘယ်သူမှ စကားမပြောဖြစ်ကြ။

ဂျစ်ကားကို စိုင်းချမ်းမြကိုယ်တိုင် မောင်းနှင်သည်။ သူ့ဘေးတွင် စိုင်းစံတစ်(ပ)နှင့် ဒေါ်နန်းဝိုးတစ်(ပ)တို့က ထိုင်ကြသည်။

နောက်ခန်းတွင် နန်းခမ်းမွန်နှင့် နှင်းပွင့်ဦး ပထမထိုင်နေပြီး ကား ထွက်ခါနီးမှ နန်းချယ်ရီ ပြေးရောက်လာသည်။

ပထမ မလိုက်တော့ဘူးဟု ဆုံးဖြတ်ပြီးခါမှ မနေခဲ့ချင်တော့ဟု ပြန်လည်စဉ်းစားမိဟန်နှင့် သူအပြေးအလွှားရောက်လာသည်။

"အန်တီ နောက်သွား...၊ အို... နေပါစေ... နေပါစေ၊ ချယ်ရီပဲ နောက်က ထိုင်မယ်"

ရှေ့ခန်းမှာ ထိုင်လျှင်လည်း ဦးစိုင်းစံတစ်(ပ)နှင့် သူနှင့် မဖြစ်၍ နောက်ခန်းမှ ဆောင့်ကြီးအောင့်ကြီးနှင့် သူဝင်ထိုင်သည်။

စိုင်းကြည်မြကို ချုပ်နှောင်ထားသည့် ထောင်ဝရောက်သည် အထိ ဘယ်သူကမှ ဘာစကားမှ မပြောဖြစ်ကြပါ။

စက်သံကြမ်းသော ဂျစ်ကားအင်ဂျင်လည်းပတ်ခြင်းထက်ပင်





နှင်းပွင့်ဦး၏ ရင်တွင်းလှုပ်ရှားမှုက ပိုမို၍ ပြင်းထန်လိမ့်မည် ထင်ပါသည်။

စိုင်းကြည်မြမှာ ရာဇဝတ်မှုခင်း ရှင်းလင်းသော သူဖြစ်ရုံမက မြို့တွင် ထင်ပေါ်ကျော်ဇောသော လူကြီးလူကောင်းတစ်ယောက် လည်း ဖြစ်သည့်အတွက် သူ့ကို တင်းကျပ်စွာ ချုပ်နှောင်ထားခြင်းမရှိပါ။ ဒေါသအလျောက်ဖြစ်ရသော ဖြစ်ထိုက်သော လူသတ်မှုဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာ အာဏာပိုင်များက သိနားလည်ပါ၍ သူ့မိသားစုများကို တစ်ယောက်ချင်း တွေ့ခွင့်ပြုပါသည်။

"မနှင်းပွင့် နောက်ဆုံးမှပဲ ဝင်တွေ့မှ ကောင်းမယ်ထင်တယ် နော်"

"ဟုတ်ကဲ့ဦးလေး"

"ကဲ...ချယ်ရီတို့ နန်းခမ်းမွန်တို့ စားစရာတွေ ယူပြီး သွားတွေ့ နှင့်ကြ။ မနှင်းပွင့်ပါလာတာကို မပြောနှင့်ကြနဲ့နော်"

အရာရာတွင် ဝင်၍ စီစဉ်ပေးတတ်လွန်းသော ဦးစိုင်းစံတစ်(ပ)၏ စကားကို နာခံသင့်သည်မို့ ဘာမှ ပြန်မပြောသွားသော်လည်း နန်းချယ်ရီက မကျေချမ်းသော အကြည့်များဖြင့် ကြည့်သွားပါသေးသည်။

ဦးစိုင်းစံတစ်(ပ်)မှာလည်း နန်းချယ်ရီအပေါ်တွင် အာရုံစူးစိုက်၍ လိုက်လံ ကြည့်ရှုနေသည်ကို ထိုအချိန်အတွင်းမှာပင် နှင်းပွင့်ဦး သတိထားလိုက်မိပါသေးသည်။

ခဏအကြာတွင် နန်းချယ်ရီ၊ နန်းခမ်းမွန်၊ ဒေါ်နန်းဝိုးတစ်(ပ)တို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်လာကြသည်။ သူတို့နောက်မှ လိုက်လာသော စိုင်းချမ်း
က...

"ဦးလေးကို မေးနေတယ်"

"အေး... ဦးလေး သွားလိုက်ဦးမယ်။ လာ...ဆင်းခဲ့လေ မနှင်း
ပွင့်"

ကားထောင့်တွင် ကုပ်ကုပ်ကလေး ထိုင်နေသော နှင်းပွင့်ဦးမှ
ဦးစိုင်းစံတစ်(ပ)၏ ခေါ်ဆောင်ရာနောက်မှ ခေါင်းလေး ငုံ့လျှိုးရင်း
လိုက်ပါလာရပါ၏။

"ဟင်...ဦးလေး၊ ဦးလေး ဒါဘယ်လိုလုပ်လာတာလဲဟင်"

ချစ်လှစွာသော ကိုကိုစိုင်းကြည်မြ၏ အသံက ခြေလှမ်းများကို
တုန့်ရပ်သွားစေလောက်အောင် ကျယ်လောင်စွာ ဟိန်းထွက်လာ
သည်။

"သူက တောင်းပန်လွန်းလို့ပါ ငါ့တူရာ"

"ဘာတောင်းပန်တာလဲ။ ဘာကို တောင်းပန်တာလဲ"

"မင်းနဲ့ တွေ့ပါရစေလို့..."

"ဩ...သူက ကျွန်တော်နဲ့ တွေ့ချင်တယ်တဲ့လား၊ ဟတ်လား"

ဦးစိုင်းစံတစ်၏ နောက်ကွယ်မှ ငုံ့လျှိုးစွာ ရပ်နေမိသော နှင်း
ပွင့်ဦးမှာ အသာလေး မျက်နှာကို မော့ပြီး ကြည့်မိသည်။

သံတိုင်များနောက်ကွယ်မှ မီးနယ် ပူပြင်းလင်းလက်နေသော
မျက်ဝန်းအစုံဖြင့် သူ့ကို ကြည့်နေသော စိုင်းကြည်မြ...

"လာစမ်း...လာစမ်းပါ"





တုန်ရီစွာ တိုးကပ်သွားမိသော နှင်းပွင့်ဦးထံသို့ သံတိုင်ကြားမှ
စိုင်းကြည့်မြ၏ လက်တစ်ဖက် ထွက်လာသည်။

ရုတ်တရက် သူ ဖမ်းဆုပ်၍ ဆွဲယူလိုက်သည်။

နှင်းပွင့်ဦး၏ ဆံပင်များကို လက်နှင့် ဆုပ်ကိုင်မိပြီးသည်နှင့်
သံတိုင်နားသို့ ဆွဲဆောင့်ယူလိုက်ပြီး တွန်းလိုက်၊ ဆွဲလိုက်ကို ဆက်
ကာ ဆက်ကာ လုပ်နေသည်။

နှင်းပွင့်ဦး၏ မျက်နှာနှင့် ခေါင်းမှာ သံတိုင်နှင့် ဝေးသွားလိုက်၊
ဆောင့်တိုက်လိုက်၊ ကွာသွားလိုက်၊ ကိုင်ရိုက်လိုက်နှင့်မို့...

"ဟဲ့...ဟဲ့...အို...ဒီ...ဒီလိုမလုပ်နဲ့လေ၊ မလုပ်နဲ့လေ"

အစောင့်များပင် သတိအနေအထားနှင့် အခြေအနေကို စောင့်
ကြည့်လာကြပြီ။

"လုပ်ပါစေဦးလေးရယ်၊ ကိုကိုရိုက်ရင်းနဲ့ ကိုကို့ခြေရင်းမှာ
တစ်ခါတည်း လဲသေသွားစမ်းပါရစေတော့"

နှင်းပွင့်ဦး၏ နဖူးပြင်မှ သွေးစများနှင့် မျက်ရည်များ ပြိုင်တူ
စီးဆင်းလာကြသည်။ နှင်းပွင့်ဦးမှာ အရုပ်လေးတစ်ခုလို ကိုင်ဆောင့်
ခံနေရသည်။ တစ်ချက်မျှ မတွန့်၊ မရုန်း။

"အောင်မယ်...နင် ဘာရည်ရွယ်ချက်နဲ့ ငါ့ဆီ လိုက်လာတာလဲ
ဟင်"

"ကိုကိုရယ်"

"မိနှင်းပွင့်"

"ကိုကို"


www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ဟိုအရင်တုန်းကလေ၊ ငါ့ရင်ထဲ ခွဲထည့်ထားချင်လော အောင် ချစ်တယ်ဆိုတာ နင်သိတယ်မဟုတ်လား"

"ဟုတ်...ကဲ့...ပါ"

"အေး...ခုတော့ နင့်လို ယုတ်မာလွန်းတဲ့ မိန်းမကို ငါ့လက် သတ်ရမှကို၊ ငါကျေနပ်မယ် သိရဲ့လား"

ဒေါသနှင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သေ သလားပင်၊ ဆံပင်အုံများ ကျွတ်ပါမတတ် နာကျင်လွန်းရပါပြီ။

"ကိုကိုရယ်...၊ နှင်းပွင့်ကို စကားလေး ပြောခွင့်ပြုဦး"

"သွား...ဘာမှ မပြောနဲ့၊ မကြားချင်ဘူး"

ဆံပင်ကို ဆုပ်ဆွဲထားသော လက်နှင့် ဆောင့်တွန်းပစ်လိုက် သည်။ ရုတ်တရက်မို့ ဟန်နိုင်ခြင်း မရှိတော့ပါဘဲ နှင်းပွင့်ဦး လဲကျ သွားရပါပြီ။

ဓာတ်သဘင်များတွင်းမှ လူကြမ်းမင်းသားက မင်းသမီးလေး ကို နှိပ်စက်ခန်းအတိုင်းပါပင်။

စိုင်းကြည်မြက မကြည့်တော့။ ကျောခိုင်းလိုက်သည်။ အုတ်နံ ကို လက်နှစ်ဖက်နှင့် ထောက်ပြီး ခေါင်းငိုက်စိုက်ချထားသည်။

သူလည်း စိတ်သိပ်လှုပ်ရှားနေပုံရပါ၏။ မြန်လွန်းသောအသ ရှုနှန်းကြောင့် သူ့ကိုယ်မှာ နိမ့်ချီမြင့်ချီဖြစ်နေသည်။

နှင်းပွင့်ဦးမှာ သမံတလင်း ကြမ်းပြင်တွင် လဲကျနေရာမှ ပြ မထတော့ပါဘဲ သံတိုင်ရှိရာဘက်သို့ တိုးရွေ့သွားသည်။ သံတိုင် လက်နှစ်ဖက်ဖြင့် ကိုင်၍ မျက်နှာပါအပ်ထားပြီး...။





သူ့ချစ်လှစွာသော 'ကိုကို'ကို မော့မျှော်ကြည့်ကာ...

"ကိုကို ဘယ်လိုနှင်နှင် နှင်းပွင့် မပြန်ဘူး၊ နှင်းပွင့်မြိုင်မှာ ခိုကပ် နေပါတယ် ကိုကိုရယ်၊ နှင်းပွင့်...နှင်းပွင့်လေ..."

ရင်ပွင့်ကွဲ၍ အသည်းများ လွင့်ကျေကျမတတ် ရှိုက်၍ ရှိုက်၍ ငိုင်း နှင်းပွင့်ဦးဆက်၍ ပြောနေသည်။

"ကိုကို့ရင်ထဲက အစိုင်ခဲတွေ ကြေပျက်တဲ့နေ့အထိ နှင်းပွင့်မြိုင် မှာ စောင့်နေပါ့မယ်..."

"အားလုံး ကိစ္စတွေ ပြီးပြေမှ ကိုကိုက နေဆိုရင်လည်း ဆက်နေ မယ်။ သွားရမယ်ဆိုရင်လည်း သွားပါ့မယ်"

"ခုတော့...ခုတော့...နှင်းပွင့်လေ..."

"ဦးလေး..."

ကျောခိုင်းအနေအထားနှင့်ပင် စိုင်းကြည်မြက အော်ခေါ်လိုက် သည်။

"ဟော...ပြောပါကွယ်"

"ဒီကောင်မကို မြန်မြန်ခေါ်သွားစမ်းပါ၊ နောက်လည်း ဘယ် တော့မှ ခေါ်မလာပါနဲ့"

အသံများ တိတ်သွားသည်။ နှင်းပွင့်ဦး၏ ကြေကွဲစွာ ရှိုက်သံ သည်သာ ပိုမို၍ ကျယ်လောင်လာသည်။

"ဟုတ်တယ် မနှင်းပွင့်၊ မင်းစကားတွေဟာ သူ့ဒေါသကို ပိုဆွ သလိုဖြစ်နေပြီ၊ လာ...လာ...ပြန်ကြစို့"

"ကိုကို...နှင်းပွင့် သိပ်ချစ်ရပါတဲ့ ကိုကိုရယ်...ဒီလိုအဖြစ်ဆိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျောခိုင်းခွဲခွာလိုက်ရတဲ့အဖြစ်ကို နှင်းပွင့် ရင်နာလှချည်ရဲ့ရှင်...

"အို...လာစမ်းပါကွာ၊ စကားဆက်ရှည်မနေစမ်းပါနဲ့တော့"

ထာ့ဝရ ပြေလည်လွန်းဟန် ရှိသော ဦးစိုင်းစံတစ်(ပ)သည် ကြမ်းပြင်ပေါ်မှ နှင်းပွင့်ဦး၏ လက်မောင်းကို ကြမ်းတမ်းစွာ ဆွဲပြီး အတင်းပင် ဆွဲခေါ်ထုတ်လာသည်။

"ကိုကိုရယ်..."

နောက်ဆုံးအကြိမ်အဖြစ်နှင့် ချစ်ခင်ပွန်းသည်၏ နောက်ကျော ပြင်ကို စောင်းလှည့်ကြည့်ရင်း တရွတ်တိုက်မတတ် ဆွဲခေါ်လာသော ဦးစိုင်းစံတစ်(ပ)နှင့်အတူ လိုက်ပါလာရသည်။

"မင်းသမီးကျနေတာပဲ။ အမူအရာကလည်း ပိုင်ပါ့ကွာ"

"သူ လင်ငယ်နေလို့ လင်ကြီး လူသတ်မှု ဖြစ်နေရတယ်ဆိုတာ ကို မသိသလိုနဲ့ မျက်နှာပြောင်တိုင်ပြီးလာရဲတဲ့အာဂမိန်းမပဲ"

ဝေဖန်သံများကြားမှ တိုးထွက်လာရသည်။ မျက်ရည်များနှင့် သွေးစများနှင့် ပြန်လာသော နှင်းပွင့်ဦးကို အားလုံးက စူးစိုက်ကြည့် နေကြသည်။

ကားပေါ်သို့ တက်၍ မျက်နှာလေး ငုံ့ပြီး ငိုနေစဉ ဦးစိုင်းစံ တစ်(ပ)ကို ဝိုင်း၍ မေးနေကြပါ၏။

အတွေ့အကြုံအတိုချုပ်ကို ဦးစိုင်းစံတစ်(ပ)က သူ့မိသားစုများ အား ရှင်းပြနေသည်။

ပြီးတော့ ကားပေါ်တက်ပြီး ထွက်လာကြသည်။

"ဆုံပေးမိတာ မှားလေပြီ"





ဟူသော အသိမျိုး ဝင်လာဟန်ဖြင့် ဦးစိုင်းစံတစ်(ပ)၏ အပြန် ခရီးမှာ တွေးစရာများစွာ ပါလာလေဟန်ဖြင့် တည်ငြိမ်စွာ စဉ်းစား သုံးသပ်လိုက်ပါသွားသည်။

ဂျစ်ကားထွက်သွားပြီးနောက် ပျောက်ကွယ်သွားချိန်လောက် သစ်ပင်အောက်မှ မော်တော်ဆိုင်ကယ်တစ်စင်း၏ စက်နှိုးသံကို ကြားကြရမည်ဖြစ်သည်။

ဆိုင်ကယ်က ...စလင်ဒါ လေးလုံးနှင့် ဟွန်ဒါ၊ စီးသူက... မင်းအာကာအောင်ပါတည်း။

❃



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ခုနစ် ။

နှင်းပွင့်ဦးမှာ မှန်ရှေ့တွင် ထိုင်လိုက်သည်။ နှုဖူးပြင်နှင့် ဖဲ တစ်ခြမ်းမှ နီညိုရောင်ဒဏ်ရာများက ဖြူသောအသားတွင် ပေါ်လွင်လွန်းနေသည်။

ဘယ်ဘက်နဖူးထောင့်ဆီမှ သွေးများက စိမ့်ထွက်နေဆဲ...

ထိုအန္တရာယ်ဆိုးညကြီး၏ နောက်တွင် မျက်နှာပြင်၌ ဘာမျှ မခြယ်သဘဲ နေခဲ့သည့် ပြောင်တင်းနေခဲ့သော မျက်နှာပြင်တွင် ဒဏ်ရာများ သွေးစများနှင့် မျက်ရည်စများဖြင့် ပေလူးနေရပါပြီ။

"ကိုကိုရယ်...ကိုကိုပေးလိုက်တဲ့ ဒဏ်ရာတွေကို နှင်းပွင့်ဒီတိုင်းပဲ ထားလိုက်မယ်၊ မြတ်နိုးစွာ ခံယူတဲ့ သဘောပါရှင်"

"ကိုကိုသာ ဒုက္ခတောမှာ ဒေါသတွေနဲ့ ကျန်နေရတဲ့အဖြစ်ကို နှင်းပွင့် ရင်နာမဆုံး သနားမဆုံးနိုင်အောင် ဖြစ်ခဲ့ရပါတယ်ရှင်..."

"ကို့ပေါ်မှာ နှင်းပွင့်လေ...နှင်းတစ်ပွင့်စာလောက်မှ သစ္စာ မဖျက်ခဲ့ပါဘူး၊ ကိုလွင်မောင်နဲ့လည်း စကားတောင် ဆိုယ်ခွန်း ပြည့်





အောင် မပြောဖူးပါဘူးဆိုတာ ကိုကိုနဲ့အတူ တစ်အိမ်သားလုံးက သိကြပါတယ်နော်"

ဒါပေမဲ့ အင်မတန်မှ ရက်စက်ကြမ်းကြုတ်လှတဲ့ လူသတ်မှုကြီး ဖြစ်အောင်...

သိပ်ချစ်တတ်တဲ့ ကိုကို့နှလုံးသားမှာ အမုန်းများစွာ ခိုဝင်လာအောင်...

နုနယ်အားငယ်ရလွန်းတဲ့ နှင်းပွင့်ရဲ့ နှလုံးသားသစ်ကလေး နာကျင်ကြေကွဲရလေအောင်...

"ဘယ်သူတွေက လုပ်တာလဲ"

"ဘယ်သူတွေကများ ဖန်တီးယူကြတာလဲ ရှင်တို့ရယ်"

နှင်းပွင့်ဦးမှာ အားငယ်ကြေကွဲလွန်းရသော မျက်ဝန်းအစုံဖြင့် မှုန်ဝါးနေသော မိမိ၏ ရုပ်သွင်ကို မျက်ရည်များကြားမှ မှန်ထဲတွင် မြင်နေရလေသည်။

အကျဉ်းကျခံနေရသော စိုင်းကြည်မြထက်ပင်လျှင် နှင်းပွင့်ဦး၏ ဘဝက ပိုမို၍ ကျဉ်းကျပ်နေရသည်။ သာလွန်၍ ချောက်ချားနေရသည်ပါ။

မိမိရှေ့တွင် သွေးများ ပန်းထွက်ယိုစီးလျက် အသက်ထွက်သွားရှာသော ကိုလွင်မောင်၏ ရုပ်ခန္ဓာ၊ အော်သံများ၊ ညည်းညူသံများကို ပြန်လည်၍ မြင်ယောင် ကြားယောင်ရလေတိုင်း ဓားရှေးများ ပြန်ကာ ခြေလက်များ အေးစက်လောက်အောင် တစ်ပေါက်တည်း ချောက်ချားတုန်လှုပ်ခဲ့ရသည့် ညပေါင်းက များစွာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရင်ခွင်သာမှာ ချစ်ကြည်မွေ့စွာ အိပ်စက်ခဲ့ရသော မင်္ဂလာဦးခုတင် သို့မဟုတ် လူသေခဲ့သော၊ လူသတ်ခံခဲ့ရသော သွေးစွန်းခုတင်နှင့် အိပ်ရာကြီးကို ဖျက်သိမ်းထားခဲ့သည်မှ လွဲ၍…

ကိုကိုနှင့် ကြည်နူးလွန်းစွာ နေခဲ့ရသော အခန်းသွယ်လေးမှ အပြင်အဆင်များမှာလည်း အားလုံး ယခင်အတိုင်းသာမို့…

ကိုကို့ကို လွမ်းရ၊ တမ်းတရ၊ ကြေကွဲရသော စိတ်များဖြင့်သာ ဤအခန်းတွင်းလေးမှာ အကျဉ်းကျနေရသလို ရှိပါသော နှင်းပွင့်ဦး။

သန်းခေါင်ယံ အိပ်မက်များအတွင်းဝယ် ကိုလွင်မောင်၏သေအံ့မူးမူးအချိန်က အော်သံများ၊ ညည်းညူသံများ၊ သွေးစီးချောင်းများကို မကြာခဏပြန်လည်မြင်ယောင်ရင်း…မနိုးတစ်ဝက် နိုးတစ်ဝက်အိပ်မက်များဖြင့် ချောက်ချားခဲ့ရသည်က ညပေါင်းများစွာပါ။

"သြော်…ကိုကိုရယ်…ကိုကို့များ တိုးတိုးတိတ်တိတ် ပြောခွင့်ရခဲ့ရင် အဖြစ်မှန်တွေကို တင်ပြချင်လွန်းလို့…နှင်းပွင့် လိုက်ခဲ့တာပါ"

"ခုတော့ ကိုကိုရိုက်နှက်လွှတ်လိုက်တဲ့ ဒဏ်ရာတွေပဲ အရာထင်လာတယ်။ ဘာစကားမှ ပြောနိုင်ခွင့်မရခဲ့ပါလားရှင်"

နှင်းပွင့် မှတ်မိနေပါတယ် ကိုကို…

တစ်ခါက နှင်းပွင့်ရဲ့ပါးမှာ ခြင်တစ်ကောင် ကိုက်သွားလို့ နီရဲနေတာ ကိုကိုက ကြည့်ပြီး…

"ကြည့်ပါဦးကွာ…ပါးလေးကို နီရဲလို့…ငါတော့ အဲဒီခြင်ကိုသေနတ်နဲ့ လိုက်ပစ်သတ်မိလိမ့်မယ်"

လို့ ပြောတော့ နှင်းပွင့်က ရယ်မိတယ်လေ…ကိုကိုကတော့





မျက်နှာတည်ကြီးနဲ့ သူ့မိန်းမကို ကိုက်တဲ့ ခြင်တစ်ကောင်ပေါ်မှာဆင်ကောင်ထက် ကြီးမားတဲ့ ဒေါသတရားတွေ ပွားခဲ့ဖူးတဲ့ ကိုကိုရယ်…

"ကိုကို ယုယခဲ့တဲ့ နေရာလပ်မကျန်အောင် မြတ်မြတ်နိုးနိုး နမ်းခဲ့တဲ့ နှင်းပွင့်ရဲ့ မျက်နှာလေးမှာ၊ ကိုကိုကိုယ်တိုင်ပေးလိုက်တဲ့ ဒဏ်ရာတွေနဲ့ သွေးတွေနဲ့ပါလား"

"ကိုကိုလုပ်လိုက်တာ မှန်ပါတယ်။ ဒီထက် ရက်စက်နိုင်ခွင့်ရခဲ့ရင်လည်း နှင်းပွင့် ခေါင်းငုံ့ခံခဲ့မှာပါပဲ ကိုကိုရယ်"

"နှင်းပွင့်ဒဏ်ရာတွေက မနာပါဘူး။ ကိုကို့ကို အချုပ်ခံဘဝနဲ့လူသတ်သမားကြီးအဖြစ်နဲ့ မြင်ခဲ့ရလို့ နှင်းပွင့်ရင်ထဲက နာလှပါတယ်။ ကိုကို့ကို သနားတယ်။ အောင်းမေ့တယ်။ အားငယ်တယ်။ လွမ်းတယ်အချစ်ရယ်"

"ကိုကို့ကို ဒီလိုလူသတ်တရားခံ ဖြစ်စေရအောင်… နှင်းပွင့်ကိုလည်း ရင်ကွဲမတတ် အလူးအလဲ ခံစားရင်း အရှက်ရဘဝနဲ့ အကျဉ်းကျခံနေရအောင်"

"အပြစ်မဲ့ ကိုလွင်မောင် တစ်ယောက်လည်း အသေဆိုးနဲ့ သေဆုံးသွားရလေအောင်"

"ဘယ်သူတွေကများ လုပ်တာလဲ။ ဘယ်သူတွေကများ ဖန်တီးတာလဲ"

"ဘယ်သူတွေကများ ရက်ရက်စက်စက်နဲ့ ပက်ပက်စက်စက်ကြံစည်ခဲ့ကြတာလဲရှင်"

❁

www.burmeseclassic.com

## အခန်း ။ ရှစ် ။

မြင်ကွင်းက ထူးဆန်းလွန်း၍ ခြေလှမ်းများပင် တုန့်သွားသည်။

သူ့ကို ပြုံးရယ်နှုတ်ဆက်အံ့နီးဆဲဆဲတွင် သူကမျက်နှာတည်နှင့်...

"သူက ဘယ်သူလဲ ခမ်းမွန်"

စီးကရက်ညှပ်ထားသော လက်က ရွှေရုံလေး ညွှန်ပြပြီး မေးလိုက်သည်။ နန်းခမ်းမွန်က နှင်းပွင့်ဦးကို အားနာသလို ကြည့်လိုက်ပြီးမှ...

"ခမ်းမွန်ရဲ့ ယောင်းမ နှင်းပွင့်ဦးဆိုတာ သူပဲပေါ့။ ကိုအာကာအောင်"

"သြော်...သူလား"

သိပြီးသား ဓာတ်လမ်းထဲက မိန်းမကြမ်းတစ်ယောက်ကို တွေ့လိုက်ရသလို ရွံရှာဟန်နှင့် တစ်ချက်မျှသာ ကြည့်လိုက်သည်။ ပြီးတော့ နန်းခမ်းမွန်ဘက်သို့ သူပြန်လှည့်သည်။ စီးကရက်ကို ဆက်





သောက်နေသည်။

နှင်းပွင့်ဦးမှာဖြင့် အားတက်သွားသော မျက်ဝန်းအစုံဖြင့် သူ့ကို ကြောင်ငေးကြည့်နေသည်။

အားကိုးတကြီးခေါ်ထားပါလျက် မဆက်သွယ်လာသော အာကာအောင့်ပေါ်တွင် စိတ်ပျက်လက်ပျက် ဖြစ်နေမိရာမှ...

နှင်းပွင့်မြိုင် ဂေဟာတွင်းသို့တိုင် သူဝင်ရောက်နိုင်ခဲ့ပြီ။

နှင်းပွင့်မြိုင်၏ အရှင်သခင်မတစ်ဦးဖြစ်သော နန်းခမ်းမွန်၏ မိတ်ဆွေတစ်ယောက်အဖြစ်နှင့် တင့်တင့်တယ်တယ် ဝင်နိုင် ထွက်နိုင်သည့်အခွင့်ထိ ရောက်ရှိရလေအောင် သူဘယ်လိုများ ကြိုးစားလိုက်ပါလိမ့်။

"သြော်...ကိုစိုးထွန်းကို မေးရဦးမယ်။ ကျိုင်းတုံရောက်တုန်း ရှမ်းကပွဲလေးတော့ ကြည့်သွားချင်သေးတယ်ဗျာ"

"ရပါတယ်၊ တစ်ညလောက် သွားကြည့်ကြတာပေါ့၊ ခင်ဗျားတို့လို ဧည့်သည်တွေအတွက်တော့ ဆန်းချင်ဆန်းမှာပေါ့ဗျာ။ ကျွန်တော်တို့တော့ ရိုးနေပါပြီ။ ကျွန်တော် ကတောင်(ကတ်တောင်) ကဖ (ကတ်ဖ)ဘက်သွားရင် ကြုံပြောပါ့မယ်"

နှင်းပွင့်ဦးဘက်သို့ လုံးဝ သူလှည့်မလာပါဘဲ စကားသံ ထွက်လာလေမှ ဧည့်ခန်းတွင် သူတို့နှစ်ဦးတည်း မဟုတ်ပါဘဲ ဦးလေးပိုင်းစံတစ်(ပ)၏ အားထားရဆုံးသော မန်နေဂျာ 'ကိုစိုးထွန်း' ပါရှိနေကြောင်း နှင်းပွင့်ဦး သိလာရသည်။

အာကာအောင့်အနေနှင့်လည်း ဤပိုင်းတွင် နှင်းပွင့်ဦး၏ ပါ



www.burmeseclassic.com

www.burmeseclassic.com

စေချင်ပုံမရ။ သူမသိသလို လုပ်နေ၍...

နှင်းပွင့်ဦးမှာ ဤနေရာတွင် ဆက်နေ၍ မဖြစ်တော့ပါ၍ အိမ်ပြင်ခြံတွင်းသို့ ထွက်လာခဲ့ရပါတော့သည်။

ဘာပဲဖြစ်ဖြစ် အာကာအောင့်ကို မြင်လိုက်ရခြင်းအတွက် အားတက်လိုက်ရသည့်ဖြစ်ခြင်းပါ။

"သူ့ကို အကူအညီ သွားတောင်းပြီးတာပဲ တစ်ပတ်ကျော် ကြာနေပြီ၊ ဘာမှ ဆက်သွယ်မလာတော့၊ အားလျှော့နေခဲ့တာ"

"ခုတော့ ကြည့်ပါဦး နန်းခမ်းမွှန်ရဲ့ အထူးဧည့်သည်ဖြစ်နဲ့ကို အိမ်ထဲမှာ ရောက်နေပါရော့လား..."

နှင်းပွင့်ဦးမှာ ခြံထဲသို့ ဆင်းပြီး အပြင်လမ်းမှ သူ့အခန်းသို့ ပြန်ရန်ဖြစ်ပါသော်လည်း ခြံတွင်း၌ လူရှင်းနေ၍ နှင်းပွင့်ဦးမှာ သရက်ထည် ပန်းပင်လေးများအနီးမှ ခုံတန်းလျားဘေးတွင် ဝှေ့ဝဲရင်းအတွင်းမှ စကားများကို နားစွင့်နေမိသည်။

"ခမ်းမွှန်ရဲ့ ယောင်းမက ကြည့်တော့လည်း ရိုးပုံရိုးဟန်နဲ့ပါလား"

အာကာအောင်က အပြစ်ဖို့ဟန်နှင့် နိဒါန်းချီသည်။

"ခမ်းမွှန်တို့လည်း ဒီလိုပဲ ထင်ခဲ့ကြတာပါ။ ဒါပေမယ့် မတတ်နိုင်တော့ဘူးလေ။ သူက ဒီမှာပဲ ဆက်နေပါရစေဆိုတော့လည်း လက်ခံထားရတာပဲပေ့ါ၊ သနားတော့ သနားစရာပါ"

ရှမ်းသံဝဲဝဲလေးနှင့် နန်းခမ်းမွှန်၏ အကြင်နာစကားအပြီးမှာ ကိုစိုးထွန်းက...





"ခမ်းမွှန်တို့ကတော့ စိတ်ကောင်းရှိလွန်းအား ကြီးပါတယ်။ ကျွန်တော်တော့ သူ့ကို ဒီမှာဆက်နေခိုင်းတာ၊ အန္တရာယ်တစ်ခုကို သိမ်းပိုက်ထားရသလို တစ်ချိန်ချိန်မှာ ထပြီး ပေါက်ကွဲနိုင်လိမ့်မယ်လို့ ထင်မိတယ် ကိုအာကာအောင်"

"ဟာ...ဒါ မှန်တာပေ့ါ"

"ခမ်းမွှန်တို့ရဲ့ မမကြီး နန်းချယ်ရီကလည်း သူ့ကို ဒီမှာလုံးဝ မထားစေချင်ဘူးလေ၊ ဦးလေးနဲ့ ခမ်းမွှန်က သနားလို့ ဒီမှာဆက်နေစေခိုင်းတာပါ"

"ဟုတ်တော့ ဟုတ်တယ် ကိုစိုးထွန်း၊ သူ့ကို လွှတ်လိုက်တာနဲ့ ဘာရင်တော့ ဒီအိမ်မှာပဲ မျက်ခြည်မပြတ် ကြည့်နေခိုင်းတာ ပိုများကောင်းမလား ကိုစိုးထွန်း..."

"အင်း...ဒီအကြံလည်း ဆိုးတော့ မဆိုးပါဘူး၊ ဒါပေမဲ့ဗျာ ဒီမိန်းမတစ်ယောက်ရဲ့ မှုခွယ် ဖောက်ပြန်မှုကြောင့် အဖိုးတန်ယောက်ျားနှစ်ယောက်လုံး တစ်ချိန်တည်း ဆုံးရှုံးသွားရတာတော့ နာတယ် ကိုအာကာအောင်"

"ဘယ်လိုပါလိမ့်"

"ဩော်...ကိုလွင်မောင်ဟာ...ဦးလေးတို့ ခမ်းမွှန်တို့အတွက် သိပ်ပြီး အားထားရတဲ့ လုပ်သားကောင်းတစ်ယောက်ပါ။ ကိုစိုင်းကြည်မြဆိုရင်လည်း...အဖိုးတန်လှတဲ့ သူ့ရဲ့ အချိန်ပိုင်းတွေကို အုတ်နံရံကြားမှာ အကြာကြီး မြှုပ်နှံထားရရှာဦးမှာ ကျွန်တော်တော့ ဘာကယ်တော့ နှမြောမိတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း..."

"ခမ်းမွန်တို့ကိုက သဘောကောင်းလွန်းလှပါတယ်လေ"

"မနှင်းပွင့်ဟာ ခမ်းမွန်ရဲ့သူငယ်ချင်းပါ"

"ဒါပေမယ့် စိတ်မနာဘူးလား ခမ်းမွန်"

"ခမ်းမွန် ဒါတွေ မတွေးချင်ဘူး ကိုစိုးထွန်း"

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။

"ဦးလေးက သိပ်ပြီး ကိုစိုးထွန်းကို အားကိုးတာ နှင်းပွင့်ရဲ့ ဒါနဲ့ သူကလေ ဦးလေးအားကိုးနဲ့ ခမ်းမွန်ကို အမြဲလိုက်ပြီး ချစ်ခွင့် တောင်းနေတဲ့သူ"

တစ်ချိန်က ကိုကိုဒီလိုမဖြစ်ခင်က ပြောကြားထားခဲ့ဖူးသော နန်းခမ်းမွန်၏စကားကို နှင်းပွင့်ဦး ပြန်လည်ကြားယောင်လာမိ သည်။

ပါးနပ်လွန်းသော အာကာအောင်က တခြားသောစကားများ ဖြင့် ပြန်လည်ဝေဆာစေသည်။

နန်းခမ်းမွန် ရိသဲ့သဲ့စကားလုံးမျိုး လုံးဝရှောင်ရှားရင်း နန်းခမ်း မွန်တို့ မိသားစု၏ ဂုဏ်ဒြပ်ကို သိမ်မွေ့စွာ ချီးမွမ်းနေပါ၏။

သူ့ကိုလည်း ဤအိမ်သို့ နောက်ထပ်ဝင်ထွက်စေခွင့်ရအောင် လမ်းကြောင်းပေးသော စကားများ ပါဝင်ပါသေးသည်။

"ဟင်..."

"အို..."

ရုတ်တရက်ကြီး မိုးပေါ်မှ ကျလာသလို ချက်ချင်း မြင်လိုက်





သော ကိုစိုးထွန်းကို ကြည့်ပြီး နှင်းပွင့်ဦး အံ့သြတုန်လှုပ်နေချိန်မှာ...

"ခင်ဗျား ပြန်သွားပြီ မှတ်နေတာ၊ ဒီမှာ ဘာလုပ်နေတာလဲ။ ...န်တော်တို့ စကားပြောတာတွေ ခိုးနားထောင်နေတာလား"

"အို...မ...မ...ဟုတ်ရပါဘူး"

ခိုးလုပ်ခိုးထည်နှင့် မိနေပြီဖြစ်သော်လည်း ဖြောင်လိမ်ရင်းသာ ...ကိုစိုးထွန်းကို ကျောခိုင်းလိုက်ရပါပြီ။ ကိုယ့်အခန်းရှိရာသို့သာ အမြန် ...ာခဲ့ရတော့သည်။

"တကယ်မလွယ်တဲ့ မိန်းမယုတ်ပဲ။ ဦးလေးတို့ကို သတိပေးရဦး ...ယ်"

သူ့စကားများက လက်နက်တစ်ခု အရှိန်နှင့် လိုက်လံထိမှန် ...ိုက်သည်သို့ပင်။ ရင်ထဲတွင် ကျဉ်သွားအောင် ခံစားလိုက်ရပါသည်။

"သြော်...ကိုကို ရှိစဉ်က သူ့အလုပ်ရှင် အရေးပေးလွန်းသော ...ခ်ဇနီးအဖြစ်နှင့်မို့ ရဲရဲပင် မကြည့်ဝံ့ခဲ့သော ကိုစိုးထွန်းက ယခု ...တော့..."

"အို...ပြောပါစေ၊ ပြောပါစေတော့။ ငါ့အဖြစ်ကလည်း ပင် ...ယ်ပြင်လို ကျယ်တဲ့ တံတွေးခွက်မှာ ပက်လက်မြောနေရတဲ့ အဖြစ် ...ပဲလေ"

နှင်းပွင့်ဦးမှာ အာကာအောင် ရောက်လာပြီးသူ၏ အားတက် ...ယ် စကားများကို ကြားနာလိုလှပါသော်လည်း မနေသာတော့ပါ၍ ...မိ၏ ကမ္ဘာကျဉ်းလေးတွင်းသို့ ပြန်လည်ဝင်ခဲ့ရပါပြီ။

ဤအခန်းငယ် ကမ္ဘာကျဉ်းလေးအတွင်းမှာ နှင်းပွင့်ဦး၏



www.burmeseclassic.com

www.burmeseclassic.com

ခြေလက်များ၊ နှုတ်ခမ်းများ၊ အသည်းနှလုံးများနှင့် ဘဝကိုပါ လ…
ထိပ်ခတ်ထားသော နေရာလေးပါတည်း။

နှင်းပွင့်ဦး၏ အရင်ထွက်ခွာသွားနှင့်ပြီဖြစ်သော ကိုစိုးထွန်းမ…
သူ့လမ်းကိုသူ ဆက်လက်မသွားဖြစ်သေးပါဘဲ နောက်ကြောင်းပြ…
လှည့်လာချိန်တွင်…

နန်းခမ်းမွှန်က နေရာပြောင်းထိုင်နေသည်။ အာကာအောင်…
ဘေးမှ ကပ်လျက် ဆိုဖာတွင်…

"ဟင်…ကိုစိုးထွန်း"

"ကျွန်တော် ထွက်သွားပြီး ပြန်ဝင်လာတာ အကြောင်းရှိလို့…
ခမ်းမွှန်"

"ဘာအကြောင်းလဲ"

"မနှင်းပွင့်လေ၊ ဒီမှာပြောဆိုနေကြတာတွေကို ဟောဒီပြတင်…
ပေါက်အောက်က ချောင်းပြီး နားထောင်နေတယ်သိလား"

"ဟင်…ဟုတ်လား"

အာကာအောင်က အလန့်တကြား အရေးတကြီး အမူအရာမျ…
ဖြင့် ပြူးပြူးပျာပျာဖြစ်သွားသလို မေးလိုက်သော်လည်း နန်းခမ်းမွှ…
ကမူ…

"အို သူဘာပဲနားထောင် နားထောင်ပေါ့။ ခမ်းမွှန်တို့စကားတွေ…
က ဘယ်သူကြားကြား ဘာဖြစ်လဲ။ အကောင်းပြောနေကြတာပဲ"

နှင်းပွင့်ဦးနှင့် ပတ်သက်လေတိုင်း အမြဲတမ်းလျှော့ပြောလေ…
ရှိသော နန်းခမ်းမွှန်သို့ အာကာအောင်က နှစ်သိမ့်ကြည်နူးစွာ ကြည့်…





…လိုက်ပြီးမှ…

"မဟုတ်သေးဘူးလေ ခမ်းမွှန်ရယ်၊ ကိုစိုးထွန်းပြောတာ ခမ်း…
…တို့အတွက် အရေးကြီးတဲ့ ပြဿနာတစ်ရပ်ပါပဲ။ ဒီတိုင်းဆို ဒီမိန်းမ…
… ပေါ့ပေါ့တွေးလို့ မရတော့ဘူး ကိုစိုးထွန်း"

"ဟုတ်တယ် ကိုအာကာအောင်၊ သိပ်ဟုတ်တယ်။ မနှင်းပွင့်…
…ကြောင်း ပြောလေတိုင်း တစ်အိမ်လုံးနဲ့ တစ်ယောက်တည်း တိုက်…
…တာ နန်းခမ်းမွှန်ပဲဗျ"

"ဒီလို သစ္စာမဲ့တဲ့ မိန်းမကို နည်းနည်းလေးမှ လွှတ်မထားသင့်…
… ခု ခဏလေး လစ်တာနဲ့ ခိုးနားထောင်တယ်ဆိုတာ ဘယ်…
…ကောင်းမလဲ"

"ကျွန်တော်လည်း ခံပြင်းစိတ်နဲ့ထွက်သွားပြီးမှ ပြန်လာပြောရ…
…ာ"

"ဟုတ်တယ်ခမ်းမွှန်၊ ကိုစိုးထွန်းပြောတာ လက်ခံသင့်တယ်။
…န်းမအကြောင်းကို ကျွန်တော်ပါ ဝိုင်းစုံစမ်းပေးမယ်လေ"

"ဟာ…သိပ်ကောင်းပေါ့ဗျာ"

"ဒီမှာလည်း ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့သူ့ကို ဆက်ဆံ…
…ကြည့်ချင်တယ်။ အကဲခတ်ကြည့်ချင်တယ်"

"ကောင်းတယ် ကိုအာကာအောင်၊ ကောင်းတယ်"

"ဒါဆို ကျေးဇူးပဲဗျ၊ ကြုံကြိုက်တုန်း တတ်နိုင်တဲ့ဘက်ကကူညီ…
…သွားချင်တဲ့ သဘောပါ"

"တစ်ခုတော့ ရှိတယ်လေ၊ ဦးလေးစိုင်းစံတစ်(ပ)က ရှုပ်ရှုပ်…


www.burmeseclassic.com

www.burmeseclassic.com



ယှက်ယှက်တွေကိုတော့ တယ်ပြီး မကြိုက်လှဘူးဗျ"

"ကျွန်တော် နားလည်ပါတယ် ကိုစိုးထွန်း၊ ကျွန်တော့်အ တာဝန်ကြီးတစ်ရပ်ယူပြီး ဝင်မှာ မဟုတ်ပါဘူး။ အခွင့်သင့်လို့ သ ရရင် ကိုစိုးထွန်းကို ပြန်ပြောပြပြီး တိုင်ပင်ကြည့်ကြမယ့်အ လောက်ပါ"

"ဒါဆို ကောင်းပါတယ်"

"စုံထောက်ကြီးနှစ်ယောက်ရဲ့စကားကို ခမ်းမွှန် နားည လာပြီ"

"အဟဲ...ဟဲ...ကဲ...ကျွန်တော်သွားလိုက်ဦးမယ်။ ကိုအာက အောင် တွေ့ကြသေးတာပေါ့ဗျာ"

ကိုစိုးထွန်း ထွက်သွားခြင်းအတွက် နန်းခမ်းမွှန်၏ ရင်မှာ ပေ သွားသလို ခံစားလိုက်ရပါသည်။

ဤအိမ်တွင် အနေကြာ့လွန်းလှရှာသော နှင်းပွင့်ဦးနှင့် ပ သက်၍ နောက်ထပ် ဘာမှဒုက္ခမပေးချင်တော့သည်မှာ နန်းခမ်း ၏ ဆန္ဒပါ။ ထိုအကြောင်းအရာများကို အာကာအောင်သို့ နန်းခ မွှန် ပြန်လည်ပြောပြမိသည်။

"ခမ်းမွှန်ရဲ့ စေတနာက အံ့သြလောက်အောင်ကို မြင့်မြတ် ပါလားကွယ်"

"ဒီလိုရှိတယ်လေ ကိုအာကာအောင်"

"ဆိုပါဦး ခမ်းမွှန်"

"အစ်ကို စိုင်းကြည်မြယူလာမှ တော်ရတဲ့ ယောင်းမဆိုရင်





လောက် စေတနာထားမိချင်မှ ထားမိမှာပါ။ ခုတော့ မနှင်းပွင့် ာ ခမ်းမွှန်ရဲ့ သူငယ်ချင်းဖြစ်ပြီးမှ အစ်ကိုစိုင်းကြည်မြနဲ့ ဆုံကြပြီး ်သွားခဲ့ကြတာပါ ကိုအာကာအောင်"

"ဟုတ်လား"

"အဲဒါကြောင့် အဖြစ်အပျက်က ဘယ်လိုပဲ ဆိုးညစ်နေပေမယ့် ငယ်ချင်းချစ်စိတ်လေးက ဘယ်ကုန်နိုင်ပါ့မလဲလေ"

"ဟုတ်တာပေါ့ခမ်းမွှန်"

အာကာအောင်မှာ အသားအရောင်နှင့် လိုက်ဖက်အောင် ဖြူ ်လွန်းလှသော သဘောဖြူမလေးကို ငေးကြည့်နေမိသည်။

ပိုးသားရောင် တူတူဖြူဖြူ အနားကားဘောင်းဘီနှင့် စိမ်းပြာ ့ရောင်ခံတွင် အရိပ်ပမာ ရောင်ပြေးလိုင်းနှင့် အပွင့်စိပ်လေးများ ရှိသော ဘလောက်စ်လည်ဟိုက် လက်တိုကို ဝတ်ဆင်ထားသည်။ ပလွန်းသော ကိုယ်ခန္ဓာ၏ အချိုးအဆစ်ပြေပြစ်မှုက ထင်းထင်း ်းရင်းကြီး ပေါ်လွင်နေပေသည်။

ဆံပင်ကို အလယ်မှခွဲပြီး သုံးဆင့်ဖြတ် ပုံသွင်းထားသဖြင့် ျက်နှာနောက်ခံအနေနှင့် ဖြာဝေနေပေသည်။

တစ်ဖက်နိုင်ငံနှင့် နီး၍တစ်ကြောင်း၊ ချမ်းသာကြွယ်ဝလွန်း၍ ာစ်ကြောင်းပင် ထင်ပါသည်။ နန်းခမ်းမွှန်ကို တွေ့ရလေတိုင်း ာကောင်းစား၊ အပုံစား၊ အဆန်းအပြား အဝတ်အစားများနှင့် ချည်း ါ။ အိမ်ထဲနေရင်း သုစီးထားသော ဖိနပ်မြင့်ကြီးကပင်လျှင် မြန်မာ ငွေနှင့် ငါးရာကျော်မျှ ကျပေမည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်းမွှန်၏ လက်ဝဲဘက် လက်မောင်းဖြူဖြူတစ်တစ်ပေါ်မှာ အဖြူရောင်ပလက်တီနံအပြားကြီးကို ပတ်စွပ်ထားပြီး လက်ျာဘက်တွင် ဓာတ်ခဲတပ် စီတီဇင်ကွပ်(တ်ဇ်) (Citizen Quartz) နာရီကို ဝတ်ဆင်ထားပါ၏။

မြန်မာသဌေးသမီးများလို စိန်ရွှေများ မနေရာအနှံ့ ဝတ်ဆင် မထားပါ...

ဘယ်လိုပဲပြင်ပြင်...ဘယ်လိုမှ မပြင်ဘဲနေနေ...ရှမ်းမလေး နန်းခမ်းမွှန်၏ အလှကဖြင့် ထာဝရတောက်ပ သစ်လွင်နေလေသည် သာ...

လက်မောင်းလယ်မှ လက်နှစ်လုံးခန့် ငွေရောင်ပြားကြီး ပတ် စွပ်ထားသည့်ကပင် တစ်မျိုးဆန်းပြားပြီး စိတ်ဝင်စားစရာ ကောင်း နေသည်။

"လက်ဖက်ရည် သောက်ပြီး မုန့်စားဦးလေ၊ ဘာတွေ စဉ်းစား နေတာလဲရှင်"

"ဩော်...ကိုစိုးထွန်း အကြောင်းပါ"

အာကာအောင် ဖြောင်လိမ်လိုက်ရသည်။ နန်းခမ်းမွှန်၏ အလှ များကို ရင်တွင်း၌ တစ်ခုစီ စီခြယ်နေပါသည်ဟု ပြော၍ ဖြစ်နိုင် မည်လား။

အမှန်တော့ သူကိုယ်တိုင်ကလည်း နန်းခမ်းမွှန်၏ အလှကို မမြင်တတ်အောင်

မြင်တတ်သည့်တိုင်အောင် နှလုံးသားမှာ ခိုဝင်ငြိတွယ်ခြင်း မရှိ





လေအောင်...

ထိန်းကွပ်ထားရမည်က အာကာအောင်၏ တာဝန်ပါ။ ယခင် တစ်ကြိမ်ကလည်း တာဝန်နှင့် နှလုံးသားရေးရာနှင့် ရောယှက်ခဲ့မိ၍ အခက်တွေ့ခဲ့ရဖူးပြီ...

နှင်းပွင့်ဦးအတွက် စေတနာရှင် ကူညီသူ...သို့မဟုတ်။

နှင်းပွင့်ဦးအတွက် တစ်ကိုယ်တော် ထောက်လှမ်းရေး အာကာ အောင်ပါတည်း။

"ကိုစိုးထွန်းကို ကိုအာကာအောင်က စိတ်ဝင်စားလို့လား"

"စိတ်ဝင်စားလို့ မဟုတ်ပါဘူး၊ ခမ်းမွှန်ရဲ့ မိတ်ဆွေအနေနဲ့ ကျွန်တော်ကပါ လေးစားပြီး ဆက်ဆံတဲ့ သဘောပါ"

"သူဟာ ခမ်းမွှန်ရဲ့ မိတ်ဆွေ မဟုတ်ပါဘူး။ ကိုကို စိုင်းကြည်မြ နဲ့ လူယုံလုပ်သားတစ်ဦးပါပဲ"

"ဟုတ်လား"

"သူက...ဦးလေးစိုင်းစံတစ်(ပ)နဲ့ ပိုပြီး ပူးတွဲရသလို ကိုလွင် မောင်က ကိုကိုစိုင်းကြည်မြနဲ့ အမြဲအလုပ်လုပ်ရသူပါ"

ဦးစိုင်းစံတစ်(ပ)၏ အမည်ကို အာကာအောင်တို့ ခေါ်သလို မဟုတ်ပါပဲ တစ်(ပ)နေရာတွင် ပါးစပ်ပိတ်၍ ခေါ်လိုက်သည်ကို အမှတ်ထားမိလိုက်သည်။ ပြီးမှ...

"ဒါဖြင့် ဦးစိုင်းစံတစ်(ပ)နဲ့ ကိုစိုးထွန်းက တစ်ဖွဲ့၊ ကိုစိုင်းကြည်မြ နဲ့ ကိုလွင်မောင်က တစ်ဖွဲ့လို ခွဲပြီး...လုပ်ငန်းလုပ်ကြတဲ့ သဘော လား"



www.burmeseclassic.com

www.burmeseclassic.com



သံသယလေးတစ်စကို ဆုပ်ကိုင်ရင်း မေးလိုက်မိသည်။

"ဟင့်...အင်း...ဒီလို မဟုတ်ပါဘူး၊ အားလုံး အတူတွဲပြီး လုပ်ကြတာပါ"

"အရောင်းအဝယ်ပဲပေါ့နော်"

"ဟုတ်ပါတယ်။ တကယ်ဝယ်ပြီး တကယ်ပြန်ရောင်းရတဲ့ ကုန်သည်အလုပ်ပါ။ ဒါပေမယ့် ကိုယ့်ပြည်တွင်းထွက်ပစ္စည်းမဟုတ်ဘဲ တစ်ဖက်နိုင်ငံနဲ့ ဆက်သွယ်လဲလှယ်ရတဲ့အတွက် မှောင်ခို ကုန်သည်တွေပဲ ဆိုပါတော့ ကိုအာကာအောင်ရယ်၊ ပြီးတော့ ခမ်းမွှန်တို့ ဘို ဘွားပိုင် လယ်ယာခြံမြေတွေလည်း အများကြီး ရှိပါတယ်"

"ကျိုင်းတုံမြို့မှာတော့ ဒီလိုအသက်မွေးဝမ်းကျောင်းပြုသူတွေ တော်တော်များတယ်ထင်ပါရဲ့၊ ဈေးထဲက ဆိုင်တိုင်းမှာ ကုန်တွေအ ပဲ"

"ဟုတ်ကဲ့"

"ဒါဖြင့် ကိုလွင်မောင်နဲ့ ကိုစိုးထွန်းတို့က လခစားတွေပေါ့နော်"

"လခလည်း ပေးတယ်၊ ကုန်ကားတွေ တစ်ခါသယ်ချလာပြီ ရင်လည်း ပေးတယ်ထင်တယ်။ ဒီအပိုင်းတော့ ခမ်းမွှန်မသိဘူး"

"ဟုတ်မှာပေါ့၊ ဒါတော့ ခမ်းမွှန်တို့ဦးလေး စီစဉ်မယ်ထင်ပါရဲ့"

"ကိုကိုစိုင်းကြည်မြ စီစဉ်တာများပါတယ်"

"ကိုစိုးထွန်းနဲ့ ကိုလွင်မောင်ကရော ဝေစုလို...ဘောနပ်(စ်)လို ရကြတဲ့နေရာမှာ သူတို့ချင်း ကျေနပ်ကြရဲ့လား ခမ်းမွှန်"

ထောက်လှမ်းချက် ဆန်နေသော မေးခွန်းမို့ နန်းခမ်းမွှန်မရိပ်မိပါစေရန် အမူအယာကို အဲတတ်နိုင်ဆုံး လျှော့ထားရသည်။ အမှတ်မထင် ပုံစံမျိုးဖြစ်ရလေအောင် နန်းခမ်းမွှန်ကို မကြည့်ဘဲ ခတ်ငွေ့မီးခြစ်ဖြင့် ဒန်းဟေးလ်စီးကရက်ကို တို့ညှိနေဆဲတွင်...

"သူတို့ချင်းက ညီအစ်ကိုပဲ"

"ဟင်...ကိုလွင်မောင်နဲ့ ကိုစိုးထွန်းလား"

"ဟုတ်တယ်။ ကိုလွင်မောင် ဒီမှာနှစ်နှစ်လောက် လုပ်ပြီးမှ သူ့ညီလည်း သစ္စာရှိပါတယ် ခိုင်းကြည့်ပါဆိုပြီး မိတ္ထီလာနယ်ဘက်က ခေါ်ယူတာ၊ ညီကိုဝမ်းကွဲ တော်ပါတယ်။ ကိုလွင်မောင် ညွှန်းသလို အလုပ်တော့ တော်ပါတယ်"

"အလုပ်တော့ တော်တယ်ဆိုတော့ မတော်တာက ဘာများ ရှိသေးလို့လဲ"

"မိန်းမလှလှမြင်ရင် ဣန္ဒြေမရအောင် ရှိတ်တတ်တဲ့လူ။ သူက ခမ်းမွှန်တောင် တက်ချိန်ချင်တာ ဟင်း"

"ချိန်ရဲမယ်တော့ မထင်ပါဘူး။ လှလွန်းတော့လည်း ကြည့်မိတယ် ထင်ပါရဲ့"

"ဒါက သဘာဝပါ...ဒါပေမယ့် သူ့အကြည့်က ရူးရဲလွန်းတယ်။ ကိုလွင်မောင်လို မတည်ငြိမ်ဘူး"

"ဟင်...ကိုလွင်မောင်ကမှ ပိုမဆိုးဘူးလား ခမ်းမွှန်ရယ်... ကိုယ့်အလုပ်ရှင်ရဲ့ ဇနီးတစ်ယောက်လုံးကို..."

"အင်း...တော်ပါတော့၊ ကိုအာကာအောင်ရယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ခမ်းမွှန် ဘာမှ မဝေဖန်ချင်ဘူး"







www.burmeseclassic.com

www.burmeseclassic.com



“ဆောရီး ခမ်းမွန်၊ ဒီအမင်္ဂလာညအကြောင်း ကျွန်တော် မမေး ဖြစ်အောင် ကြိုးစားပါ့မယ်၊ ဒါနဲ့ မနှင်းပွင့်ဦးဆိုတာ ခမ်းမွန်ရဲ့ သူငယ်ချင်းနော်”

“ဟုတ်ပါတယ်၊ တောင်ကြီး ကောလိပ်တက်တုန်းကပါ၊ သူ့အဖေကလည်း အလုပ်နဲ့ တောင်ကြီး ပြောင်းလာတုန်း ဆုံကြတာပါ။ သူက ဗမာပါ”

“ဗမာနဲ့ ရှမ်း ဆိုတာ ဘာသာစကား ကွဲပြားရုံက လွဲလို့ တစ်သွေးတည်းတစ်သားတည်း တစ်မြေတည်း တစ်ရေတည်း နေကြသူတွေပါဗျာ”

“ဟုတ်ပါတယ်”

“ကျွန်တော်လည်း မွန်ပါ၊ မွန်ဟာလည်း ရှမ်းနဲ့ ဗမာလိုပဲ တူတူတော်စပ်ကြတဲ့ ညီအစ်ကိုမောင်နှမတွေပဲပေါ့။ ဒါနဲ့ ခမ်းမွန်တို့ရဲ့ ခမ်းနားလှတဲ့ ခြံကြီးကို ‘နှင်းပွင့်မြိုင်’လို့ အမည်ပေးထားတယ်နော်”

“ဟုတ်ပါတယ်”

“အဲဒါ နှင်းပွင့်ဦးကို တင်စားပြီး စိုင်းကြည်မြက မှည့်ခေါ်ခဲ့တာလား”

“မဟုတ်ဘူး ကိုအာကာအောင်၊ သွားတိုက်ဆိုင်တာ၊ အဲဒီတိုက်ဆိုင်မှုလေးကစပြီးတော့ ကိုကိုနဲ့ မနှင်းပွင့်တို့ ဆုံဖြစ်သွားကြရတာပါ”

“ဟုတ်လား”

“ဟုတ်ကဲ့။ ဒီခြံအမည် ကိုကိုကိုယ်တိုင် ပေးထားခဲ့တာ ကြာပါ





ပြီ၊ ခမ်းမွန်ကျောင်းက ပြန်လာတော့ မနှင်းပွင့်ဆီက စာလာတယ်လေ၊ စာအိတ်ထောင့်မှာ နှင်းပွင့်ဦးဆိုတဲ့ နံမယ်ကို ကိုကို မြင်ပြီးတော့...

“အောင်မယ် နှင်းပွင့်မြိုင်ရဲ့ အရှင်သခင်မဖြစ်မယ့် နံမယ်ပဲ။ ညီမလေး သူငယ်ချင်းက ချောသလားဟေ့...’လို့ ကိုကိုက နံမယ်ကို မြင်ကတည်းက စိတ်ဝင်စားသွားခဲ့ပါတယ်”

“အင်းလေ...တိုက်တိုက်ဆိုင်ဆိုင်”

“ဒါနဲ့ ကျောင်းပြန်ဖွင့်တော့ ကိုကိုနဲ့ မိတ်ဆက်ပေးလိုက်တယ်။ ကိုကို သိပ်ခိုက်သွားတယ်ပေါ့။ မနှင်းပွင့်က သိပ်လှတယ် မဟုတ်လား”

“မနှင်းပွင့်ဟာ ပူလောင်တဲ့ နှင်းပွင့်ဖြစ်နေရချိန်မှာတောင် အတော်လှနေပါသေးတယ်”

“အင်း...ခုတော့ မနှင်းပွင့်တင် ပူလောင်နေတာ မဟုတ်ပါဘူးလေ။ ခမ်းမွန်တို့ရဲ့ နှင်းပွင့်မြိုင်ကြီးတစ်ခုလုံးပါ...ပူလောင်သော နှင်းပွင့်များလို့ တင်စားရမလိုဖြစ်နေပါပြီ”

“ပူလောင်သော နှင်းပွင့်များတဲ့လား ခမ်းမွန်ရယ်...”

“ခမ်းမွန်ပေးကြည့်တဲ့အမည်ပါ။ ဒါနဲ့ ဆိုးအောင် ဆက်ပြောရရင် ကိုကိုဟာ မနှင်းပွင့်ကို အပြတ်ခိုက်တော့ အပြတ်လိုက်တော့တာပဲ။ ပထမ မနှင်းပွင့်က ရှောင်ရှားပါသေးတယ်”

“ဘာဖြစ်လို့လဲ”

“ခမ်းမွန်တို့က သိပ်ချမ်းသာလို့တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါပေမယ့် နောက်တော့ ကိုကို့မေတ္တာကို သူနားလည်သွားပါတယ်။ သူကလည်း ပြန်ပြီး သိပ်ချစ်ရှာပါတယ်။ သူတို့လက်ထပ်ဖြစ်တာ ခမ်းမွန် သိပ်ဝမ်းသာခဲ့ရတာပါ"

"သူတို့ချင်းရော ပြေလည်ပုံပဲလား"

"ပြေလည်ရုံမကဘူး၊ ငုံထားမလောက် တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြပါလျက်နဲ့…"

ရှေ့မဆက်နိုင်သော နန်းခမ်းမွန်သို့ အာကာအောင်က…

"ကဲပါလေ၊ ကျွန်တော် လျှာရှည်တာနဲ့ပဲ ဒီအကြောင်း ပြန်ရောက်သွားရပြန်ပါပြီ"

"ရပါတယ်၊ ပြောမိသူက ခမ်းမွန်ပါ"

"ကျွန်တော်လို မျက်နှာစိမ်းတစ်ယောက်အတွက် နမ်းခမ်းမွန်လို ကျိုးငြိုးတုံ့သူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာ ဆုလာဘ်တစ်ခုရသလို ဝမ်းသာမိရပါတယ် ခမ်းမွန်ရယ်"

"ခမ်းမွန်ကလည်း ခင်တတ်ပါတယ်။ လိုတဲ့အကူအညီ ပြောပါ"

"ကျွန်တော်က စာရေးမှာဆိုတော့ ကျိုးငြိုးတုံ့အကြောင်း သိကောင်းစရာလေးတွေကို လိုက်လံ ရှင်းပြပေးခဲ့နိုင်ရင်တော့အကောင်းဆုံးပေါ့ ခမ်းမွန်ရယ်။ မဖြစ်နိုင်ရင်လည်း သိချင်တာလေး လာလာမေးပါရစေ"

"ရပါတယ်၊ လာမေးလည်း ဖြစ်တယ်၊ လိုက်ပြဆိုလည်း လိုက်ပြမှာပဲ"





"ကျေးဇူးပါပဲဗျာ"

"ခမ်းမွန်တို့က ခင်မိရင် ရောရောဝင်ဝင် နေပစ်လိုက်တာပဲ၊ လိင်မခွဲခြားဘူး၊ ကိုအာကာတို့အနေနဲ့တော့ ရဲတင်းလွန်းရာများ ကျနေမလား"

"ရဲရင့်ပြတ်သားတဲ့ ဆက်ဆံမှုပါ ခမ်းမွန်၊ ကျွန်တော် ဂုဏ်ပြုပါတယ်"

"တကယ်နော်"

"ကိုယ့်ဘက်က တည်တည်တံ့တံ့နဲ့ ထိန်းသိမ်းနိုင်ဖို့ပဲ လိုတယ်။ ပွင့်လင်းတဲ့ ဆက်ဆံမှုကို ကျွန်တော်ကြိုက်တယ်။ နှစ်ဆယ်ရာစုရဲ့ သမီးပျိုတွေ ဒီလိုနေသင့်ကြပြီ"

အာကာအောင်က ႏူ့ခံယူချက်ကို ပေါင်းစပ်ပြလိုက်သည်။

ယင်းပြဿနာက အခက်သား။ နှစ်ဆယ်ရာစု မိန်းကလေးများ အားလုံး၏ အသည်းနှလုံးများက 'ပုံစံ'နှင့် ထုတ်လုပ်ထားသည် မဟုတ်ပါ။

နန်းခမ်းမွန်တို့လို အသည်းရင့်မာသူတွေ ပါသလို စိတ်ကူးယဉ် အသည်းနုသူလေးများက အများသား။ နှိုးစပ်ရာမှ ငြိတွယ်သွားသူတွေကလည်း အနန္တ…

ထုတ်လုပ်ထားသော ကိုယ့်အသည်းနှလုံးပုံစံနှင့်လိုက်၍ ကိုက်ညီအောင် နေတတ်ဖို့သာ အဓိကပါဟု မှတ်ချက်ချရုံသာ ရှိပါတော့သည်။

ထိုစဉ် ဂျစ်ကားတစ်စင်း ဆိုက်လာသည်။ နန်းခမ်းမွန်တို့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှကားပင် ဖြစ်ပါ၏။

ကားပေါ်မှ ဆင်းလာသူက စိုင်းချမ်းမြ…။

"ဒါ ခမ်းမွန်ရဲ့ မိတ်ဆွေပါ။ အာကာအောင်တဲ့"

"ဒါ ခမ်းမွန်တို့ ကိုကိုပါ၊ စိုင်းချမ်းမြတဲ့၊ တောင်ကြီးမှာ နေပါတယ်"

စိုင်းချမ်းမြက လက်ကမ်းပေးသည်။ လက်ဆွဲ၍ နှုတ်ဆက်ရပါ၏။

"ဘယ်မှာနေလဲ"

"ကျွန်တော် ရန်ကုန်ကပါခင်ဗျ"

"ဒီမှာ လိုတဲ့ အကူအညီ ရှိရင် ပြောပါ။ တောင်ကြီးက အိမ်လိပ်စာ ခမ်းမွန်ဆီမှာ တောင်းယူပါ။ ဝင်တည်းလို့ရပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျေးဇူးပါပဲ"

"နေဦးပေါ့"

ဒါပဲ ပြောပြီး သူအိမ်တွင်းသို့ ဝင်သွားသည်။ စိုင်းချမ်းမြ၏ စကားများက ပြေလည်လွန်းလှသည်။ နှမနှင့်အတူ ရှိနေသူကိုလည်း မကြည်ဖြူဟန် မပြပါ။

သို့ပါသော်လည်း သူတစ်ချက်မျှ ပြုံး၍ပြမသွားပါ။ ပြုံးခဲသူတည်ငြိမ်လေးနက်သူပင်ဖြစ်မည် ထင်မိသည်။

တော်ပါသေးရဲ့…စိုင်းချမ်းမြကိုသာလျှင် အာကာအောင်က တောင်ကြီးမှာ မြင်တွေ့ခဲ့ဖူးသည်။ သူ့ဘက် လုံးဝသိမှတ်ဖူးခြင်း ရှိပုံမရ၊ ဆုံလည်း မဆုံဖူးကြပါ။ အာကာအောင်ကသာ သူ့ကို မြင်





ဖူးသားနှင့်ရသည်ပါ။

ဘယ်လိုပင် နန်းခမ်းမွန်က ပြေလည်ပွင့်လင်းစွာ ဆက်ဆံပါသော်လည်း အာကာအောင်ပြန်သင့်သည်မှာ ကြာပါပြီ။

"ခမ်းမွန် အချိန်ရတဲ့တစ်နေ့လောက်မှာ ကျွန်တော့်ကို လိုက်ပို့စေချင်ပါတယ်"

"ရပါတယ်။ ကြားနှစ်ရက်တော့ ခမ်းမွန် မအားဘူး၊ လာမယ့်ကြာသပတေးနေ့ မနက်ရှစ်နာရီလောက် လာခဲ့လေ၊ ခမ်းမွန်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပါ့မယ်"

"ကျေးဇူးပါပဲဗျာ။ ဒါဖြင့် ကျွန်တော်ပြန်ပါဦးမယ်၊ ပြန်ဖို့သင့်နေတာ ကြာပြီထင်ပါရဲ့၊ အဟဲ…ဟဲ…"

"ဒါတွေပြောနေဖို့ မလိုပါဘူးလေ"

"ခမ်းမွန်ရဲ့ အစ်ကိုကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ"

"ကောင်းပြီ"

"အခွင့်သင့်ရင်တော့ ခမ်းမွန်တို့မိသားစုနဲ့ပါ ရင်းနှီးခွင့် ရချင်ပါတယ်။ မနှင်းပွင့် အပါအဝင်အထိပေါ့"

"ရပါတယ်၊ ကြုံတဲ့လူနဲ့ မိတ်ဆက်ပေးပါ့မယ်"

"ကျွန်တော် သောကြာနေ့မှ လာခဲ့မယ်လေ၊ သွားမယ်နော်"

"ကောင်းပါပြီရှင့်"

အာကာအောင်၏ မော်တော်ဆိုင်ကယ် ခြံဝင်းတွင်းမှ ထွက်ခြင်းသည့်တိုင် နန်းခမ်းမွန် မျှော်ငေးကြည့်နေမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာအောင်၏ မော်တော်ဆိုင်ကယ်သံ သဲ့သဲ့လေး ကြားရ ပြီးနောက် ပျောက်ဆုံးသွားသည်အထိ ရပ်ကြည့်နေမိဆဲပါ။

အရပ်မြင့်မား၍ ကစားထားသော ကိုယ်လုံးကျစ်ကျစ်တောင့် တောင့်နှင့် လှလှပပ သွားသားနားနား မော်တော်ဆိုင်ကယ်စီးသွား သော အာကာအောင်၏ ရုပ်သွင်ကို နန်းခမ်းမွှန်ကြာမြင့်စွာ ဆက် လက်၍ မြင်နေလိမ့်မည် ထင်ပါသည်။

တိုက်ဝတွင် ကြည်လင်သော မျက်နှာလေးနှင့် တွေေးစွာ ရပ်ကျန်ရစ်ခဲ့သော နန်းခမ်းမွှန်ကို အပေါ်ထပ်မှနေ၍ ဘေးတိုက် အနေအထားနှင့် ကြည့်မြင်အကဲခတ်နေသူကတော့…

နန်းခမ်းမွှန်၏ ဦးလေးဦးစိုင်းစံတစ်(ပ)သာတည်း။

❁



အခန်း ။ ကိုး ။

နှင်းပွင့်မြိုင် နှစ်ထပ်တိုက်ကြီးမှ ခွဲယ်ထုတ်ထားသော နှင်း ဦး၏ တစ်ထပ်တိုက်လေးမှာ တစ်ဖက်ခြံစည်းရိုးနှင့် ထိလုနီး ောင် ရှည်မြောမြောလေး ဖြစ်နေပါ၏။

တစ်ဖက်ခြံသည် ဦးစစ်ရှိနှင့် ဒေါ်နန်းဝိုးတစ်(ပ)တို့၏ ခြံပါ။

ဒေါ်နန်းဝိုးတစ်(ပ)မှာ တူအရင်း တူမအရင်းများဖြစ်သော း ကြည်မြ၊ စိုင်းချမ်းမြနှင့် နန်းခမ်းမွှန်တို့အပေါ်တွင် များစွာ ချစ် ်နိုးရှာသူပါ။

သူနှင့် ဘာမျှ မတော်စပ်ပါဘဲ နန်းခမ်းမွှန်တို့နှင့်သာ အဖေတူ မကွဲမောင်နှမတော်စပ်သော နန်းချယ်ရီအပေါ်တွင်လည်း သူ ခင်လွန်းလှရှာပါသည်။

နန်းချယ်ရီကလည်း သူ့ကို ချစ်သော ဒေါ်နန်းဝိုးတစ်(ပ)ထို့ သို့ အကူးအသန်းများသည်။

အချိန်က စောသေးသော်လည်း ဆောင်းဦးညမို့ မှောင်ရီပြီးဖြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေပြီ။ အပြင်တွင် အလင်းကြွင်းလေး အနည်းငယ်သာ ကျန်ရှိနေပါသော်လည်း...

နှင်းပွင့်ဦး၏ အကျဉ်းစံ အခန်းငယ်လေးအတွင်းမှာဖြင့် မှောင်နေပါပြီ။

မီးမဖွင့်ဖြစ်သေး။ ဖွင့်ရန် သတိမရသေးပါဘဲနှင့် အပြင်သို့ ငေးနေမိသည်။

ညိုမောင်းမောင်း တောင်တန်းကြီးများက ဝပ်စင်းငြိမ်သက်နေသည်။ မှုန်ရီဝေနေသော ဆောင်းနှင်း၏ နိဒါန်းမြူခိုးငွေ့များဖြင့် ဝန်းကျင်တစ်ခုလုံး ဝေမှုန်နေသည်။

နှင်းပွင့်ဦး ငေးကြည့်နေရင်းမှာပင် နန်းချယ်ရီပြန်လာသည်။ ခြံကူးတံခါးနှင့် နှင်းပွင့်ဦး၏ တိုက်ဆွယ်နေရာလေးက အတန်ငယ် ဝေးကွာပါသော်လည်း နန်းချယ်ရီ၏ အသွင်သဏ္ဍာန်ဆိုသည်ကို နှင်းပွင့်ဦး မှန်းမိနိုင်ပါသည်။

"ဟာ..."

နန်းချယ်ရီလည်း သည်သို့ပင် လန့်သွားမည် ထင်ပါသည်။ နှင်းပွင့်ဦးက အံ့သြထိတ်လန့်စွာ အော်လိုက်မိပါသည်။

ခြံတံခါးကို ပြန်ပိတ်ပြီး လှည့်လိုက်သည်တွင် အနီးရှိ လိမ္မော်ပင်အုပ်ကလေးအောက်မှ မည်းနက်သော အသွင်သဏ္ဍာန်နှင့် တစ်ယောက် ထွက်လာပြီး နန်းချယ်ရီ၏ လက်ကို လှမ်းဆွဲလိုက်သည်။

ပထမတွင် နှင်းပွင့်ဦး ဖြစ်သွားသလိုပင် နန်းချယ်ရီလည်း





အလန့်တကြား ရုန်းရင်းဟစ်အော်မည့်ဟန်ကို မှုန်ပျပျ မြင်လိုက်ရသည်။

ပြီးမှ သူငြိမ်သွားသည်။

လောင်းကုတ်အင်္ကျီရှည်နက်ကြီး ဝတ်ထားသော အမျိုးသားတစ်ယောက်အသွင်သဏ္ဍာန်ကို ထင်ရှားစွာ မြင်ရပါသော်လည်း မျက်နှာကို မမြင်သာနိုင်။

"ဟင်...နန်းချယ်ရီ ငြိမ်သွားပါလား။ ဟိုလူ့နောက် လိုက်သွားပါလား"

အဓမ္မ ဆွဲခေါ်သွားခြင်း မဟုတ်ပါဘဲနှင့် သူကိုယ်တိုင်က အသာတကြည် လိုက်သွားခြင်းမျိုးလို မရုန်းမကန်ပါဘဲနှင့် လိမ္မော်ပင်ပုလေး၏ အရိပ်အောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

သိပ်တော့ မကြာပါ။

ဆယ်မိနစ်မျှလောက်တွင် နန်းချယ်ရီ ပြန်လည်ထွက်လာသည်။

နှင်းပွင့်မြိုင်တွင်းသို့ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရစွာ သူပြန်ဝင်သွားသည်။

လောင်းကုတ်မဲနှင့်လူ ထွက်လာသည်ကို မတွေ့ရတော့...။

ဤနေရာတွင်ပင် သူခိုအောင်း၍ နေလေသလား။

တခြားသို့ ထွက်သွားလေပြီလားဖြင့် မသိပါ။

မှောင်ရိပ်တွင်းမှ ထိုလူမည်းသည် နန်းချယ်ရီအတွက် လူဆိုးလား။ မိတ်ဆွေလား...



www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်မြိုင်အတွက်ရော အန္တရာယ်သယ်ဆောင်လာမည့် လူဆိုးလား၊ လူကောင်းလား...။

အို...မိမိအတွက်ရော...ကြောက်မက်ဖွယ်လား...။ မသက်ဆိုင်သူလား...။

နှင်းပွင့်ဦး ၏ ရင်မှာ သံသယစိတ်များ နိုးဆွမှုဖြင့် နှလုံးခုန်နှုန်းမြန်လာရသည်။ ထုံးစံအတိုင်းပင် ကြောက်စိတ်များ၊ အားငယ်စိတ်များကို အံကြိတ်၍ စိတ်တင်းလိုက်ပြီး ဘုရားမီးကို အရင်ဖွင့်လိုက်သည်။

ကြည်ညိုဖွယ်ရာ မှန်စီရွှေချကျောင်းဆောင်တွင်းမှ ဗုဒ္ဓရုပ်ပွားတော်ကို အားကိုးမြတ်နိုးစွာ ကြည့်လိုက်မိသည်။

ပြီးမှ အခန်းမီးများကို လိုက်ဖွင့်သည်။ ကိုကို ကိုယ်တိုင်ဝယ်ပေးခဲ့သော ရွှေချည်ထိုးတဘက်ကလေးကို ပခုံးမှာတင်၍ ဘုရားရှေ့တွင် ညွတ်တွားရှိသေစွာ ထိုင်လိုက်မိပါသည်။

"တပည့်တော်မ၏ အပြစ်ဆိုးကို အရှင်ဘုရားမှတစ်ပါး အားထားရာ မရှိတော့ပါဘုရား အမှန်တရားတွေ အမြန်ဆုံး ထင်ရှားပေါ်လွင်လာအောင် စောင်မ ကြည့်ရှုတော်မူပါဘုရား"

အသံလေးများ တုန်ခိုက်လာပြီး မျက်ရည်က သွယ်ကျလာသည်။

တည်ငြိမ်အောင် တရားဓမ္မများ နှလုံးသွင်းပြီးမှ နှင်းပွင့်ဦးမှာ ဘုရားဂုဏ်တော်များ၊ ကိုးပါးသီလနှင့် မေတ္တာပို့ဆုတောင်းများကို ရွတ်ဆိုအပြီး စိပ်ပုတီးဆက်စိပ်ရန် ဘုရားစင်ရှေ့မှ ပုတီးကို လှမ်းယူ





လိုက်ချိန်တွင်...

"တောက်...တောက်..."

ဆိုသော မှန်တံခါးကို တစ်ခုခုနှင့် ခေါက်သံက ပိုမိုကျယ်လောင်လာသည်။ စောစောက သဲ့သဲ့ကြားမိသော်လည်း ဘုရားတရားတွင် အာရုံဝင်စားနေမိပါ၍ လှည့်မကြည့်ဖြစ်...

"တောက်...တောက်...တောက်..."

အသံက ဆက်လာရုံမက ပိုမိုကျယ်လောင်လာပါ၍ အသံလာရာ မှန်ပြတင်းဆီသို့ လှည့်အကြည့်လိုက်တွင်...

"အမယ်လေး"

မည်းမည်းအဝတ်ကြီးနှင့် လူတစ်ယောက်၏ မျက်နှာ...

"ရှူး...ရှူး"

သူက နှုတ်ခမ်းကို လက်ညှိုးတပ်၍ပြရင်း တစ်ဖက်က လက်ယပ်ခေါ်နေသည်။

"အို...ဘယ်...ဘယ်သူပါလိမ့်။ ငါ...ငါ...အိမ်ကြီးဘက်ကို ပြေးမှပဲ"

ထိပ်ဆုံးရောက် ကြောက်စိတ်များဖြင့် ထပြေးမိသည်နှင့် တစ်ချိန်တည်းမှာပင် မှန်တစ်ချပ် ကွဲရှသွားသံကိုပါ ဆက်တိုက်ကြားလိုက်ရပြီးချိန်တွင်...

"မနှင်းပွင့်...မနှင်းပွင့်၊ မပြေးနဲ့လေ"

"ဟင်"

အသံကို ပီပြင်စွာ ကြားလာရသည်။ အရေးတကြီးခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခြေလှမ်းများ တုန့်ဆိုင်းပြီး လှည့်ကြည့်လိုက်မိသည်တွင်...

"ကိုယ်ပါ...အာကာအောင်ပါ...မကြောက်ပါနဲ့"

"အို..."

မနှင်းပွင့် ထွက်ပြေးပြီး အကူအညီတောင်းရင် မလိုအပ်တာ တွေ ဖြစ်ကုန်မှာစိုးလို့ မှန်ကိုခွဲလိုက်ရတာ။ ဟဲ...တံခါးဖွင့်စမ်းပါ"

"အို...အချိန်မတော်ကြီးရှင်...နှင်းပွင့်ကြောက်တယ်။ မဖွင့်ဘူး"

"အစ်ကို့ကို ယုံပါလေ...မနှင်းပွင့်"

"ကို...အစ်ကိုအောင့်ကိုတော့ ယုံပါတယ်။ ဒါပေမယ့် ဒီအချိန်ကြီး နှင်းပွင့်အခန်းထဲကို"

"သူတို့မရှိကြဘူး မနှင်းပွင့်...အကောင်းဆုံးနဲ့ အခွင့်အသာဆုံး အချိန်ကို ကိုယ်ရွေးလာရတာပါ"

"အို...နှင်းပွင့်ဘာလုပ်ရမလဲ၊ နှင်းပွင့်မဆုံးဖြတ်တတ်တော့ဘူး"

"ရော့...အဲဒါ ယူထားပါ"

"ဟင်...သေနတ်ကြီး"

"ကိုယ့်အသက်ကို အပ်ထားတဲ့ သဘောပါ။ ယူလိုက်လေ"

ပြောင်းဘက်က ကိုင်၍ လှမ်းပေးနေသဖြင့် နှင်းပွင့်ဦးမှာ ကြောင်ကြောင်နှင့် ယူထားလိုက်ရပါသည်။

သေနတ်က 0.38 Mauser. ပစ္စတိုမောင်းတင်ပြီးသား။

"ကဲ...အချိန်မရှိဘူး မနှင်းပွင့်။ ထမင်းစားခန်းတံခါးကို ဖွင့်ပြီး တော့ မီးပိတ်လိုက်၊ အစ်ကိုတို့ အဲဒီမှာ စကားပြောကြမယ်။ အရေး ကြီးတယ်"





နှင်းပွင့်ဦး တွေဝေမနေတော့...

ဘုရားခန်းမှ လှည့်ပြီး ဧည့်ခန်းနောက်မှ ထမင်းစားခန်းဆီသို့ သွားခဲ့ရသည်။ ထမင်းစားပွဲနှင့်တည့်တည့် တံခါးမကြီး၏ ဂျက်ကို ဖြုတ်ဖွင့်လိုက်ပြီး တစ်ချိန်တည်း မီးပါပိတ်လိုက်သည်။

ဘုရားခန်းနှင့် ဧည့်ခန်းဆီမှ မီးရောင်လဲ့လဲ့သာ ဖြာကျနေ သည်။

နှင်းပွင့်ဦးမှာ သေနတ်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားလိုက်မိသည်။

ကိုယ်ခန္ဓာနှင့် ပတ်ဝန်းကျင်အခြေအနေက ကျဉ်းကျပ်ဖိနှိပ်ခံရ သွန်းပါ၍ နှင်းပွင့်ဦးတွင် စိတ်အင်အားများ တိုးပွားလာလေသလား မသိ...

ကိုအာကာအောင်က စားပွဲတစ်ဖက်စွန်းမှာ ဝင်ထိုင်သည်။

သူက ဂျာကင်အင်္ကျီအနက်နှင့်၊ ဘောင်းဘီအညို၊ ကတ္တီပါနက် ကင်းဘတ်ဖိနပ်ကို စီးထားပါ၍...

"စောစောက ငါမြင်ရတဲ့ မည်းမည်းရှည်ရှည်နဲ့လူဟာ ကို အာကာအောင်ပဲ ဖြစ်ရမယ်။ ဝေးဝေးကကြည့်တော့ လောင်းကုတ် ရှည်းကြီးလို မြင်နေရတာ"

"သူ ဒီခြံထဲမှာ ဘာလို့ အစောကြီးကတည်းက ဝင်စောင့်နေရ တာလဲ"

"နှန်းချယ်ရီနဲ့ရော၊ ဘယ်တုန်းက ပြေလည်သိကျွမ်းသွားတာ လဲ"

စဉ်းစားနေဆဲတွင်...



www.burmeseclassic.com

www.burmeseclassic.com



"မနှင်းပွင့်"

"ရှင်…ဘာအကြောင်းထူးလို့လဲ၊ မြန်မြန်ပြောပါ။ ဒီမှာ နှင်းပွင့် နှစ်ယောက်တည်း ရှိနေတာကို သူတို့တွေ သိသွားရင် အခက်ပဲ"

စိတ်ချ မနှင်းပွင့်၊ ဘယ်သူမှ မရှိကြဘူး၊ ဒီဘက်အိမ်က ဦးစို စံတစ်(ပ)နဲ့ နန်းချယ်ရီ။ ဟိုဘက်အိမ်က ဦးစစ်ရီနဲ့ ဒေါ်နန်း တစ်(ပ)တို့ လေးယောက်ပေါင်းပြီး သူတို့အမျိုးတစ်ယောက် ဆုံး အသုဘကို သွားနေကြတယ်"

"ဟင်…တ…တကယ်လား"

"မသေချာဘဲ အစ်ကို မပြောဘူး"

"နန်းခမ်းမွန်တစ်ယောက်တော့ အပေါ်ထပ်မှာ စာကြည့်နေ ပါတယ်။ ဒီမှာ မနှင်းပွင့်"

"ဟုတ်ကဲ့"

"အခြေအနေတွေဟာ ကိုယ်ထင်မှတ် မျှော်လင့်ထားတာထက် ပိုပြီး အများကြီးရှုပ်ထွေးနက်ရှိုင်းနေတယ်၊ မနှင်းပွင့်"

"ဟုတ်လား"

"အခုလိုက်လို့ ရသလောက်တော့ ပြင်ပအဖွဲ့အစည်းတစ်ခု အန္တရာယ်က သူတို့ပေါ်ကို တိုတိုပပ ကျရောက်လာခြင်း မရှိသေး ဘဲနဲ့၊ ဒီနှစ်အိမ်ချင်း ဒီဘက် ဟိုဘက် အင်အားစု နှစ်ခုချင်းက ပို အားပြိုင်ရှုပ်ထွေးနေကြတယ်"

"အို…ဒါတွေ နှင်းပွင့်မသိချင်ဘူး။ မကြားချင်ဘူး။ နှင်းပွင့် တစ်ခုတည်း ကူညီပါ။ ကိုကိုနဲ့ နှင်းပွင့်ကြားက သံသယစိတ်





ပြယ်သွားစေမယ့် တရားခံကို ရှာပေးပါ။ ဒါတစ်ခုပဲ နှင်းပွင့် လိုချင် တယ်"

"ဟုတ်ပါတယ်"

"အစ်ကိုအောင်ကို နှင်းပွင့် အကူအညီတောင်းတာလည်း အဲဒီ တစ်ခုတည်းအတွက်ပါပဲ"

နှင်းပွင့်ဦး၏ စကားထဲတွင် စိတ်မရှည်သံများ ပါနေသည်ကို အာကာအောင် ကောင်းစွာပင် ရိပ်စားနားလည်မိပါသည်။

"ဧည့်ခန်းမီးကို ပိတ်လိုက်ပါ မနှင်းပွင့်၊ အစ်ကိုတို့နှစ်ယောက် ရဲ့ အရိပ်ကို တစ်စုံတစ်ယောက်က မြင်သွားနိုင်လို့ပါ"

ထမင်းစားခန်းနှင့် ဧည့်ခန်းကို ပိုင်းခြားထားသော အလှ ပစ္စည်းတင် သစ်သားစင် ဒိုက်ဒါ၏ ထောင့်မှ မီးခလုတ်ကို ပိတ် လိုက်ရသည်။ နှင်းပွင့်ဦး၏ လက်မှာ သေနတ်ကို ကိုင်လျက်…

"ဒီလိုရှိတယ် မနှင်းပွင့်"

"ဟုတ်ကဲ့"

"ပြဿနာတစ်ခုရဲ့ အထွတ်ထိပ်ဆုံးကဏ္ဍကို သိလိုရင် အလယ် နေရာက ရလာတဲ့ သဲလွန်စဟာ မလုံလောက်ဘူး၊ မခိုင်လုံဘူး"

"ဟုတ်ကဲ့ပါ"

"ပြဿနာရဲ့ အရင်းအမြစ်ကို ဆန်းစစ် ဖော်ထုတ်နိုင်ပါမှ ပြဿနာရဲ့ အဆုံးဟာ ရှင်းသွားနိုင်မှာပါ"

"နှင်းပွင့်ဆိုလိုခဲ့တာကိုလည်း အစ်ကိုအောင် နားလည်မှာပါရှင်"

"နားလည်တယ် မနှင်းပွင့်။ အစ်ကိုလုပ်ရမယ့် အလုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မနှင်းပွင့်အိပ်ရာထဲမှာ ကိုလွင်မောင် ရှိနေရအောင်၊ ကိုစိုးကြည်ဖြ လူသတ်မှု ကျူးလွန်ဖြစ်အောင် လုပ်တဲ့တရားခံကို ရှာနေတာပါပဲ"

"ဟုတ်တယ်...ဟုတ်တယ်၊ နှင်းပွင့် ဒါပဲ သိချင်တယ်"

"အဲဒါသိဖို့အတွက် အဘက်ဘက်က လိုက်နေရတာပေါ့ မနှင်းပွင့်၊ အစ်ကိုတာဝန်ဟာ မနှင်းပွင့်ကို ကူညီဖို့ပါ။ အစ်ကို ဒီကျိုင်းတုံမှာ ရှိနေတာဟာ အစ်ကို့ရဲ့ အချစ်ဆုံးသူငယ်ချင်း နေသစ်ရဲ့ ညီမလေး အရင်း မနှင်းပွင့်ရဲ့ ကိစ္စကို ကူညီဖို့ တစ်ခုတည်းအတွက်ပါ ဆိုတာလည်း ယုံပါ"

"ကျေးဇူးတင်ပါတယ်အစ်ကိုအောင်ရယ်၊ နှင်းပွင့်ရဲ့စကားတွေ မှားခဲ့ရင်လည်း ခွင့်လွှတ်ပါ။ ဆန္ဒစောလွန်းလို့ပါလို့သာ ယူဆပါ"

"ရပါတယ်၊ ဒီမှာ ဒါက အရေးမကြီးဘူး၊ ဒီညမှာ ဒီဘက်ခြံမှာ ဖြစ်ဖြစ်၊ ဟိုဘက်ခြံမှာဖြစ်ဖြစ် တစ်ခုခု ထူးခြားမှု ရှိလိမ့်မယ် ထင်တယ်"

"ရှင်"

"အဲဒီအတွက် မနှင်းပွင့်ကို ကာကွယ်ဖို့ ရောက်နေတာပါ ဆိုရင်လည်း ရပါတယ်"

"ဘယ်လို အန္တရာယ်မျိုးပါလိမ့်"

"မသိနိုင်သေးဘူး မနှင်းပွင့်"

"ဒါဖြင့် အစ်ကိုအောင် ရောက်နေတာ ကြာပြီပေါ့နော်"

"မကြာလှသေးဘူး။ သူတို့ကား ထွက်သွားပြီးမှ မနှင်းပွင့် ဘုရားရှိခိုးနေတုန်း..."





"ဟင်..."

"ဘာဖြစ်လို့လဲ"

"နန်းချယ်ရီနဲ့ စကားပြောနေတာ အစ်ကိုအောင် မဟုတ်ဘူးလား"

"ဟာ...မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး၊ နန်းချယ်ရီနဲ့ စကားပြောတဲ့လူဟာ အစ်ကိုအောင်ပဲ ဖြစ်မယ်လို့ ထင်မိလို့ပါ"

"အို...ကိုယ်နဲ့ နန်းချယ်ရီနဲ့ လုံးဝမသိသေးဘူး၊ ဘာဖြစ်လို့လဲ၊ ဘယ်လိုတွေ့လို့လဲဟင် မနှင်းပွင့်"

သူက စိတ်အားထက်သန်စွာ မေးလာသည်။ ကိုအံ့ကာအောင်သည် စောစောဆီက သူတို့နှင့် လုံးဝပတ်သက်သူ မဟုတ်ခဲ့ပါ။

မိမိအတွက် မိမိဘက်က လူသက်သက်သာ ဖြစ်ပါကြောင်း ယုံကြည်စိတ်ချစွာဖြင့် နှင်းပွင့်ဦးမှာ စောစောဆီက မြင်ရသော နန်းချယ်ရီနှင့် လောင်းကုတ်အကျီရှည် မည်းမည်းကြီးနှင့် လူ အကြောင်း အသေးစိတ်ပြောပြအပြီးတွင်...

"ဒီအတိုင်းဆို ဒီလူဟာ ဒီည ဒီခြံထဲမှာ ရှိနေလိမ့်မယ်ထင်တယ် မနှင်းပွင့်"

"ဟင်"

"ဒါ အစ်ကို့ထင်ကြေးပါ။ မသေချာသေးပါဘူး။ ဒါပေမယ့် မနှင်းပွင့်အတွက် ပေးလာမယ့် အန္တရာယ်ဆိုရင်လည်း ကိုယ်ရှိနေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဖြုံစရာ မလိုပါဘူး"

"ဒီမှာ အစ်ကိုအောင်...နှင်းပွင့်တို့ ချစ်သူနှစ်ဦးရဲ့ နှလုံးသားအစုံကို တစ်ပြိုင်တည်း ကွဲကြေစေရအောင်၊ ကိုလွင်မောင် သေဆုံးစေရအောင် ကြံဆောင်တဲ့ တရားခံရဲ့ အရိပ်အယောင်လေးကိုမျှ မတွေ့ရသေးဘူးလားရှင်"

"သိပ်နက်ရှိုင်းနေတယ် မနှင်းပွင့်"

"သိခွင့်မရှိဘူးလား"

"အစ်ကိုသိသလောက် သိရမှာပေါ့"

"ပြောပြစမ်းပါ။ သိချင်လှပြီ"

"ခုလို မနှင်းပွင့်တို့ကို ကြံစည်တဲ့နေရာမှာ ပြင်ပရန်စွယ်ဖြစ်ဖို့ထက် အတွင်းရန်ဖြစ်နိုင်ဖို့က သေချာတယ်"

"ရှင်...အတွင်းရန်...ဟုတ်လား"

"ဒါကတော့ အခု အစ်ကိုသိရသလိုသာ ရဲဘက်ကရော ပြင်ပပုဂ္ဂိုလ်တစ်ယောက်ယောက်ကပါ သိခွင့်ရခဲ့ရင်လည်း လူတိုင်း ဒီလို ထင်ကြမှာပါပဲ။ မဆန်းပါဘူး"

"နှင်းပွင့်တော့ ရဲက မေးသမျှကို ကျွန်မ ဘာမှ မသိပါဘူးချည်း ဖြေတာပဲ။ ဘယ်သူမှ မယုံကြပါဘူး။ နှင်းပွင့်လည်း ယုံအောင် ပြောမနေတော့ပါဘူး"

"ဒါပေမယ့် တရားရုံးကျရင်တော့ အသေအချာစစ်လိမ့်မယ်"

"ဟင်...တရားရုံး"





"ဟုတ်တယ်လေ...ကိုစိုင်းကြည်မြကိုယ်တိုင် ဖြောင့်ချက်နဲ့ ဝန်ခံပြီးလို့ အခု လူသတ်မှုနဲ့ အမှုဖွင့်ပြီး စွဲချက်တင်တော့မယ်၊ မကြာခင် စစ်တော့မှာပဲ"

"အို...အစ်ကိုအောင်ရယ်"

"ဒါပေမယ့် မပူပါနဲ့မနှင်းပွင့်၊ ရုံးတော်မှာ အမှုစစ်လို့ မပြီးဆုံးခင် ဒီကောက်ကျစ်လွန်းတဲ့ လုပ်ကြံမှုကြီးဟာ ပေါ်လွင်လာနိုင်ပါလိမ့်မယ်"

"အို...တကယ်လားအစ်ကို"

"အစွမ်းကုန်ကြိုးစားနေပါတယ်"

"ကဲ...နေပါဦး၊ အစ်ကိုအောင် ဘာတွေ သိထားတယ်ဆိုတာ ပြောဦးလေ"

"အဲ...ပြန်ဆက်ရမယ်ဆိုရင်တော့ ဒီခြံနှစ်ခြံက လူတွေရဲ့ ကိုယ်ရေးရာဇဝင်တွေ၊ လက်ရှိလုပ်ဆောင်ချက်တွေကို လိုက်လံစုံစမ်းတဲ့အခါမှာ တစ်ယောက်မှ ဥပဒေနဲ့ မငြိစွန်းတဲ့လူ မရှိဘူး"

"ဟင်..."

"အဲ...နန်းခမ်းမွန်တော့ မပါရှာဘူး"

"ဥပဒေနဲ့ မလွတ်ကင်းတဲ့ အလုပ်တွေ လုပ်နေကြတယ် ဟုတ်လား"

"ဟုတ်တယ်။ ပြောရရင်တော့ ကိုစိုင်းကြည်မြကိုယ်တိုင်တောင် ကင်းဘူး"

"ဟင်...ဘာ...ဘာတွေ လုပ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှောင်ခိုပေါ့"

"ဪ...ဒါတော့ ဆန်းသလားရှင်၊ တော်တော်များများ ဒီလိုပဲ ရောင်းဝယ်နေကြတာပဲ"

"ဆန်းပါတယ် မနှင်းပွင့်၊ ပါတိတ်လောက်၊ စားစရာလောက် မှောင်ခိုတာကို လျစ်လျူရှုလို့ ရပေမယ့် တစ်မျိုးသားလုံး အညွန့်တုံးစေမယ့် ဘိန်းဖြူသယ်ယူတာတို့၊ မြန်မာ့ရတနာစစ်တွေ ပြည်ပပို့ထုတ်တာတို့ကတော့ ရိုင်းလွန်းအားကြီးတယ်"

"ဟင်...ကိုကို...ကိုကိုဟာ ဒါမျိုး မလုပ်ပါဘူးရှင်၊ ကိုကိုဟာ တကယ့် လူရိုးလူကောင်းပါ။ လုပ်ချင်းလုပ်ရင် ဦးလေး...ဦးလေး စိုင်းစံတစ်(ပ)သာ လုပ်မှာပါ။ ဒီကုန်သွယ်ကိစ္စတွေက သူပဲ ဦးဆောင်နေတာပါ"

"ဟုတ်တယ် မနှင်းပွင့်။ အစ်ကို့ရဲ့ သံသယသားကောင် စာရင်းထဲမှာ နံပါတ်(၁)လူဟာ ဦးစိုင်းစံတစ်(ပ)ပဲ"

အံ့ကာအောင်က ဘေးဘီသို့ မလုံသလို ကြည့်ရင်း တိုးနေသည့် အသံကို ပိုမို၍ နှိမ်ပြီး ပြောလိုက်သည်။ လေသံမျှသာမို့ အိမ်၏ ပြင်ပတွင် လူသူရှိနေစေဦး မကြားသာနိုင်ပါ။ သူက ဆက်လက်၍...

"ဒုတိယက သူ့နှမရင်း ဒေါ်နန်းပိုးတစ်(ပ)ပဲ"

"အို..."

"ဒီညရဲ့ သတင်းအရဆိုရင်တော့ နန်းချယ်ရီတောင် နံပါတ်သုံးနေရာ ထားရမလိုဖြစ်နေပြီ"





"ဟိုဘက်ခြံက ဦးစစ်ရိုနဲ့ သူ့တပည့် ကိုကျင်စိမ်းတို့ရော"

"ဒီကိစ္စမှာ ပါမပါ မသေချာပေမယ့် သူတို့ ဒုစရိုက်လုပ်ငန်းနဲ့ ကြီးပွားနေကြတာတော့ အမှန်ပဲ။ အစ်ကို သူတို့ကိုလည်း စတင်ထောက်လှမ်းနေပါပြီ"

"အင်း...ဒုက္ခပါပဲ"

"ပြီးတော့ ကိုစိုးထွန်းကို ကိုယ်အများကြီးပဲ မသင်္ကာဖြစ်မိတယ်"

"ဟင်..."

"ဒါပေမယ့် မနှင်းပွင့်တို့ကိစ္စမှာတော့ သူမပါနိုင်ဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုစိုးထွန်းဟာ ကိုလွင်မောင်ရဲ့ ညီတစ်ဝမ်းကွဲ ဖြစ်လို့ပဲ"

"ဟုတ်တယ်။ ဖြစ်ပြီးစက သူ့အတော်တုန်လှုပ်သွားပုံရတယ်။ တော်တော်လည်း ငိုတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဦးလေးက သူ့ကို ဘယ်လိုစည်းရုံးလိုက်တယ်မသိဘူး။ သူငွေတွေသိပ်သုံးနိုင်ပြီး နှင်းပွင့်မြိုင်ရဲ့ အရေးပါတဲ့ လူတစ်ယောက်ဖြစ်လာတယ်"

"ဟုတ်တယ်။ ကိုစိုးထွန်းအကြောင်းကိုတော့ ကိုယ်လိုက်နေဆဲ..."

"ဒါဖြင့် စောစောက နန်းချယ်ရီနဲ့ လိမ္မော်ပင်ရိပ်အောက်မှာ စကားပြောတဲ့လူဟာ ဘယ်သူများ ဖြစ်နိုင်မလဲ မသိဘူးနော်"

"အဲဒါတော့ စဉ်းစားစရာပဲ။ ခြံထဲမှာက ရှေးလူယုံတော်ကြီး ဦးနွဲ့ဆိုက်'နဲ့ ခြံစောင့် 'အိုက်ဆော့'တို့ပဲ ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနဲ့ဆိုက်ကလည်း နှင်းပွင့်ကို ကြည့်ရင် အမြဲမသက်သာ သလိုပဲ။ သူ့မျက်လုံးကြီးကို နှင်းပွင့်ကြောက်တယ်"

"သူကတော့ ရှေ့ဆောင်ပြီး ဒုစရိုက်မှုကို မကျူးလွန်ဘူး။ ဒါပေမယ့် သူ့ကို ခိုင်းရင်တော့ သူ့အသက်ကို စွန့်ရစွန့်ရ၊ သူ့သခင် အတွက် တာဝန်ကျေအောင် ထမ်းဆောင်ပေးမယ့် အဘိုးကြီးပဲ မနှင်းပွင့်"

"ဟုတ်မှာပဲ…။ ကိုလွင်မောင့်ကို သူများ ပွေ့ယူလာပြီး နှင်းပွင့် အိပ်ရာထဲ လာထားသလား မသိဘူး။ သူက ဗလကောင်းပါဘိနဲ့"

"အင်း…အဖြေက ပေါ်လာမှာပေါ့။ ဒါနဲ့.. နေပါဦး၊ နန်းချယ်ရီ ဟာ ဟိုဘက်ခြံကို ခုလိုပဲ ညတိုင်းသွားသလား"

"ညရော နေ့ရောပဲ၊ ခဏခဏ သူ ကူးနေတာပဲ"

"နန်းခမ်းမွန်ကရော"

"သူကတော့ ကိစ္စရှိမှ သွားပုံရပါတယ်"

"နန်းခမ်းမွန်က အစ်ကို့ကို အတော်ခင်နေပြီ"

"အဲဒီအတွက်တော့ တကယ်ပဲ ချီးကျူးမိပါတယ်။ ဟိုနေ့က အိမ်ထဲမှာ နန်းခမ်းမွန်နဲ့ တွဲပြီး ရတ်တရက်ကြီး မြင်လိုက်ရတော့ နှင်းပွင့်သိပ်အံ့ဩသွားပြီး ဣန္ဒြေပျက်သွားရတာပါ။ ဘယ်လို လုပ်ပြီး ချဉ်းကပ်သလဲဟင်"

"ရဲလူထွက်ပဲ မနှင်းပွင့်ရယ်၊ ဒီလောက်တော့ 'ကျွမ်း'ရမှာပေါ့ ဗျာ…ဒီမှာ အရေးကြီးတာ ပြောမလို့"

"ဟုတ်ကဲ့…"





"အခင်းဖြစ်တဲ့ညက မနှင်းပွင့် ဖျော်သောက်တဲ့ ကော်ဖီမှုန့်၊ သကြားတွေ ရှိသေးလား"

"ရှိမယ်ထင်တယ်၊ နောက်ထပ်လည်း ဖျော်မသောက်ရဲဘူး။ သောက်ချင်စိတ်လည်း မရှိလို့"

"ဘယ်မှာထားလဲ"

"ဟောဒီ ကြောင်အိမ်ထဲမှာ"

"ခဏကြည့်ရအောင်"

နှင်းပွင့်ဦးမှာ နက်(စ)ကဖီ ကော်ဖီပုလင်း ဟောလစ်ပုလင်း၊ သကြားနှင့် နို့ဆီဘူးထည့်ထားသော နို့မှုန့်ဘူးငယ်လေးကို ယူလာသည်။

ကိုအာကာအောင်က သကြားနှင့် ကော်ဖီမှုန့်ပုလင်းများကို ကြည့်နေဆဲ…

"ဟင်…ဒီဘူးထဲမှာ ထည့်ထားတဲ့ နို့ဆီဘူး ဘယ်ရောက် သွားသလဲ"

"အရင်က ရှိတာ သေချာလား"

"သိပ်သေချာပါတယ်"

"ဒါဖြင့် ဟုတ်ပြီ"

"ဘာ ဟုတ်တာလဲဟင်"

"အိပ်ဆေး သို့မဟုတ် မူးယစ်စေတဲ့ ဆေးကို အမှုန့်လုပ်ပြီး နို့ဆီထဲမှာ ကြိုတင်ရောမွှေထားလိမ့်မယ်"

"အင်း ..ဟုတ်တယ်၊ ဟုတ်မယ်နော်…၊ ဒီကော်ဖီကို နှင်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း ဖျောက်သောက်ပြီးရော မူးနောက်ရီဝေလာတာနဲ့ အိ
ရာထဲ ဝင်လှဲပြီး နောက်တာမှ မသိတော့ဘူး"

"ဟုတ်ပြီ၊ လုပ်ကြံသူဟာ သူ့နို့ဆီဘူး သူပြန်သိမ်းသွားလိ
မယ်"

"အစ်ကိုအောင် စဉ်းစားတာ သိပ်ကိုဖြစ်နိုင်တဲ့ ကိစ္စပါပဲလား
ရှင်၊ ဘယ်သူဟာ ဘယ်တုန်းကများ ပြန်ယူသွားပါလိမ့်"

"ကဲ...အစ်ကိုတို့ ဆွေးနွေးတာ ကြာသွားပြီ။ ကိုယ့်ခြံနော
ဘက် ပြန်သွားပြီး အရိပ်အခြေ ကြည့်လိုက်ဦးမယ်"

"နှင်းပွင့်တော့ နေခဲ့ရမှာတောင် ကြောက်လာပြီ"

"ဒီညတော့ ကိုယ်ရှိနေမယ်လေ၊ နောက်ရက်တွေမှာ ဆ
မနေချင်ရင်တော့"

"အို...နေပစေ...နေပစေတော့ နှင်းပွင့်သစ္စာဆိုထားတယ်"

"ဘယ်လို"

"ကိုကို့စိတ်ထဲမှာ နှင်းပွင့်ကို သစ္စာဖျက်မ၊ မိန်းမယုတ်
ယူဆနေတဲ့ သံသယတွေ ပြီးပြေတဲ့အထိ တရားခံပေါ်တဲ့အထိ ဒီ
မှာ ဒီအခန်းလေးမှာပဲ ချောက်ချားမှုပေါင်းစုံ ကြားမှာ ဆက်နေ
မယ်လို့"

"ဒါဖြင့် ခေမရဋ္ဌအကျဉ်းစံမလေး"လို့ တင်စားရမှာပဲ၊ နှင်း
ရဲ့သစ္စာ အောင်မြင်မှာပါ၊ ကဲ...သတိနဲ့နေ၊ ကိုယ်သွားတော့မ
သေနတ်ပြန်ပေးတော့"

စွဲထားသော တံခါးကို အသာအယာ ပြန်ဟပြီး ချက်ချင်း





ဝင် သူ့မျက်စိအောက်မှ ပျောက်ကွယ်သွားပါတော့သည်။

နှင်းပွင့်ဦးမှာ တံခါးပိတ်ပြီး စိတ်တည်ငြိမ်ဖို့ စိပ်ပုတီးစိပ်ရန်
ဘုရားရှေ့တွင် ပြန်လည်၍ ထိုင်လိုက်ရပါသည်။

❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ တစ်ဆယ် ။

အဖြူရောင် လက်လက်တောက်နေသော နောက်ခံတကဲရေ့ မြစိမ်းရောင် ယိုးဒယားမြဘုရားပုံစံ ဂေါတမရုပ်ပွားတော်က ကြည် ညိုဖွယ်ကောင်းလှပါသည်။

ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်စွာ ကိုးကွယ်လေ့ရှိကြသော ကျုင်းတုံမြို့အပါအဝင် အရှေ့ပိုင်း ရှမ်းပြည်နယ်သား စိုင်းကြည် မှာ ဘုရားတရား ကြည်ညိုသော မြန်မာဇနီးသည်လေးနှင့်အ ကိုးကွယ်ရန် ဘုရားခန်းကို တခမ်းတနားဆောက်လုပ်၍ ကြည်ညိ သပ္ပာယ်စေရအောင် ပြုပြင်ပေးထားရှာသည်။

နှင်းပွင့်ဦးမှာ ချစ်လှံစွာသော ကျေးဇူးရှင် ခင်ပွန်းသည်သ ရည်မှန်း၍ ကန်တော့ပြီး စိပ်ပုတီးကို ဆွဲကိုင်လိုက်သည်။

ဤကံဆိုးမလေးအတွက် ဘုရားတရားမှတစ်ပါး အားထား မရှိတော့ပါလား။

ဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို အနက်အဓိပ္ပာယ်နှင့်တ





ည်မှန်းရွတ်ဆို၍ အကြိမ်ဖန်များစွာ ပြန်ကျော့နေဆဲတွင်...

အသံသွဲ့သွဲ့ကို စတင်ကြားလိုက်ရသည်။

အိမ်ကြီးဘက်ဆီမှ ဖြစ်ပါ၏။

"အမယ်လေး...လာကြပါဦး"

"ဦးကြီးနဲ့ဆိုက်...ဦးကြီးနဲ့ဆိုက်..."

နန်းခမ်းမွန်၏ အော်သံကို ပီပြင်စွာ ကြားလာရသည်။

နှင်းပွင့်ဦးမှာ စိပ်ပုတီးလေး အသာချပြီး အိပ်မကြီးဘက်သို့ ပြေးဝင်မိသည်။

"ခမ်းနွံ...ခမ်းနွံ။ တံခါးဖွင့်စမ်းပါ"

တံခါးကို ပုတ်ရင်း အော်ရသည်။ တော်တော်နှင့် ပွင့်မလာ။

"ခမ်းနွံ...ခမ်းနွံတို့ ဘာဖြစ်နေကြလဲ"

နှင်းပွင့်မြိုင်၏ အိမ်ဖော်မလေး ခမ်းနွံကိုသာ သဲမဲခေါ်နေရ သည်။

သူတို့အတွက်လည်း စိတ်ပူ၊ ရန်သူသည် ကိုယ့်နောက်မှာများ ကပ်နေပြီလားဟုလည်း ရွံကြောက်အားငယ်စိတ်ဖြင့် လှည့်ကြည့်မိ သည်။

တော်ပါသေးသည်။ ဘာမျှ မရှိ . တံခါးကလည်း ပွင့်လာပြီ။ ခင် ကိုကိုရှိစဉ်က ဤသို့ တံခါးနှင့် ပိုင်းခြားပိတ်ဆီးထားခြင်း မရှိ ဲ တစ်ယောက်တည်း နေရသည့်ဘဝ ရောက်ခါမှ ဘယ်သူ့ အမိန့် များ ပိတ်ထားပါလိမ့်။

"အစ်မကလည်း..."



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်မူးတူးနှင့် ခမ်းနွံက ဆိုလာသည်။

"ဟင်...အိမ်ပေါ်က အော်သံတွေ မကြားဘူးလား ခမ်းနွံ"

"နင်ခေါ်...ငါနိုး"

ဗမာစကားမတတ်လှသော အိမ်ဖော်မလေး ခမ်းနွံက အိပ်ရာမှထပြီး ဘာမှ သိသေးဟန်မရှိ။

"ဟော...ဟော...ပြေးပြီ ပြေးပြီ...ဦးကြီးနွဲ့ဆိုက်ရေ"

နန်းခမ်းမွန်၏ အော်သံကို ကြားလိုက်ရသည်။

နှင်းပွင့်ဦးလည်း နောက်ဖေးခန်းမှ ပြေးထွက်ပြီး အိမ်မကြီးအပေါ်ထပ်သို့ ပြေးတက်ခဲ့ရသည်။

ဦးစိုင်းစံတစ်(ပ)၏ အော်သံကို ကြားလိုက်ရသည်။

နှင်းပွင့်ဦးလည်း နောက်ဖေးခန်းမှ ပြေးထွက်ပြီး အိမ်မကြီးအပေါ်ထပ်သို့ ပြေးတက်ခဲ့ရသည်။

ဦးစိုင်းစံတစ်(ပ)၏ လူယုံတော်ကြီး စိုင်းနွဲ့ဆိုက်က ချယ်နီသား တုတ်ကြီးကို ကိုင်လျက် ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်နေသည်။

အသက်ငါးဆယ်ကျော်နေပြီဖြစ်သော်လည်း ဗလကောင်းဆဲပါပင်၊ ပင်နီရောင် ရှမ်းဘောင်းဘီပွကြီးနှင့် ပင်နီတိုက်ပုံကို အောက်ခံဘာမှ မရှိဘဲ သူဝတ်ထားသည်။

"ခမ်းမွန်...ခမ်းမွန်...ဘာ...ဘာဖြစ်လို့လဲဟင်"

"အို...မနှင်းပွင့်...သူငယ်ချင်းရယ်"

နန်းခမ်းမွန်က အားကိုးတကြီး ပြေးဖက်၍ ငိုကြွေးသည်။ သူ





က်လေးများ အေးစက်၍ တစ်ကိုယ်လုံး တုန်ရီနေသည်။

"ဘာဖြစ်လို့လဲ ပြောပါဦး။ ခမ်းမွန်ရဲ့ အော်သံရော ဝုန်းဝိုင်းင်းဒိုင်းအသံတွေရော ကြားရလို့ ပြေးလာတာ"

"သူဆိုတာ ဘယ်သူလဲ ဟင်"

"လူဆိုးပေါ့"

"ခမ်းမွန်လည်း အရိပ်လိုလို မြင်လိုက်တာနဲ့ နောက်လှည့်ကြည့်က်မိရော...သူက နောက်ဘက်ကနေ အတင်းဖမ်းချုပ်ပြီး ပါးစပ်ကိုတ်လိုက်တယ်"

"အို"

"သူကဆွဲ...ခမ်းမွန်က ရုန်းနဲ့ ဝရုန်းသုဉ်းကား ဖြစ်နေတုန်းမှာ င်လာတာပဲ"

"ဟင်...နောက်ထပ် သူဆိုတာ ဘယ်သူလဲ"

"မပြောတတ်ပါဘူး။ ဂျာကင်နက် ဘောင်းဘီညိုနဲ့ သူလည်း လူလိုပဲ၊ မျက်နှာမှာ အဝတ်စည်းထားတယ်။ မျက်လုံးလေးသာ ထားတယ်"

"ကိုအာ...အောင်ပ်ပဲ"

နှင်းပွင့်ဦး၏ စိတ်ထဲမှ ရွတ်ဆိုလိုက်မိသည်။

"ကဲ...ဆက်ပြောပါဦး"

"လူဆိုးဟာ ခမ်းမွန်ကို ခြိမ်းခြောက်ပြီး ပစ္စည်းလုမှာလား၊ ကို တစ်နေရာရာခေါ်သွားမှာလားဆိုတာ မသိရသေးခင် နောက် လူ ရောက်လာပြီး လောင်းဘုတ်ကြည်နဲ့လူကို ထိုးကြိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် သတ်ပုတ်ကြတော့တာပဲကွယ်"

"လောင်းကုတ်ရှည်နဲ့လူ"

ညနေနေ့ခင်းဆီမှ...နန်းချယ်ရီနှင့်အတူ ရှိနေသောသူပါဟည်

"နောက်လာတဲ့လူက တကယ်လှင်တာပဲ ပထမလူဆိုးဟာ ဘာမှ ပြန်မတုံ့ပြန်နိုင်ဘဲ ရေရေလည်လည်ခံနေရချိန်မှာ သူခမ်းမွန် နား ရောက်လာတယ်"

"လောင်းကုတ်မဲနဲ့လူပေါ့"

"ဟုတ်တယ်"

"အဲဒီလူဆိုးက ခမ်းမွန်နားအရောက်မှာ အကြံရသွားတယ်ထ ပါရဲ့၊ ခမ်းမွန်ရဲ့ ပခုံးနှစ်ဖက်ကို ကိုင်ပြီး နောက်လူဆီကို တွန်းပို့ပ လိုက်တယ်"

"ဟင်"

"ခမ်းမွန်နဲ့ နောက်လူ လုံးထွေးနေတုန်းမှာ လူဆိုးဟာ အဲ တံခါးကို ဖွင့်ပြီး ခုန်ချသွားတာပဲ"

စာကြည့်စားပွဲဘေးမှ ပြတင်းတံခါးက ပွင့်နေသည်။ ဦးနွဲ့ဆို က မနှင်းပွင့်နှင့် နမ်းခမ်းမွန်တို့ကို တစ်ခါမျှ မပြောင်ဖူးသလို စိုက်ကြည် နေသည်။

သူ့တွင် စိုးရိမ်ကြောင့်ကြစိတ်များစွာ ဖြစ်ထွန်းနေသည်ကို သူ ဟန်ဆောင်ကြိုးစား၍ ဖုံးဖိနေရပေသည်ဟု နှင်းပွင့်ဦး ထင်မိသည်

"ဒါနဲ့ နောက်လူရော"

"အဲ...သူလည်း လိုက်ခုန်ချသွားတယ်လေ"





"ဟောတော့"

"ဒါပေမယ့် သူမီပုံ မရဘူး၊ သူလည်း ခုန်ချရော ခမ်းမွန်လည်း အသံကုန်ကြိုးအော်ပြီး အောက်ငုံ့ကြည့်တာပဲ။ လောင်းကုတ်နဲ့ လူရဲ့ အရိပ်တောင် မမြင်ရတော့ဘူး"

"နောက်လူကရော"

"မနှင်းပွင့်တို့ တိုက်ဆွယ်ဘက်ကို တွက်ပြေးသွားတာပဲ"

"ဟင်..."

"မြန်လိုက်တာမှ လေအတိုင်းပဲ။ ချက်ချင်းလိုပဲ မျက်စိအောက် က ပျောက်သွားတော့တာပဲ"

"ပထမလူဟာ ဘယ်သူပါလိမ့်နော်"

"ခမ်းမွန်ကတော့ ဒုတိယလူကို ပိုပြီး စိတ်ဝင်စားမိတယ်"

"အို...ဘာဖြစ်လို့လဲ"

"ပထမလူက လူဆိုးပဲ၊ အလစ်ချောင်းပြီး ခမ်းမွန်ကို သူ တစ်ခုခု ုကွပေးဖို့ ရောက်လာတာ မဆန်းပါဘူး။ နောက်လူက ပထမလူ နောက်ကို ဘာဖြစ်လို့ ချက်ချင်းကြီး လိုက်လာနိုင်ရတာလဲ၊ သူ ခမ်း မွန်ဘက်က ဘာလို့ ကာကွယ်ပေးရတာလဲ"

နှင်းပွင့်ဦးသိသမျှ နန်းခမ်းမွန် သိ၍ မဖြစ်သေးပါ။

"သူတို့ သတ်ပုတ်ရင်း မျက်နှာဖုံးတွေ ကျွတ်မသွားဘူးလား"

"ဟင့်အင်း...ဆင်းပြေးတဲ့အထိ ဒီအတိုင်းပဲ"

"အင်း"

"သတ်ပုတ်တယ် ဆိုပေမယ့် တစ်ဖက်လူရဲ့ တစ်ဖက်သတ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကွက်ချည်းသက်သက်ပါပဲ။ ဟိုလူက သုံးလေးချက် အထိုးခံလိုက်ရပြီး ခမ်းမွန်ကို တွန်းပို့နိုင်လို့ သက်သာသွားတာ"

"အေးကွာ...တစ်ခါတည်းမိလိုက်ရင် စာယ်လောက်များကောင်းမလဲနော်"

လောင်းကုတ်မဲနှင့်လူကိုသာ ကိုအာကာအောင် ဖမ်းမိနိုင်ခဲ့လျှင် စိုင်းကြည်မြ လူသတ်ရခြင်းအကြောင်းရင်းပါ ကွင်းဆက် ပေါ်ထွက်လာနိုင်လေမလား ဟုသော မျှော်လင့်ချက်ဖြင့် နှင်းပွင့်ဦး ပြောလိုက်မိရခြင်းပါ။

"အဖြစ်အပျက်က တစ်မိနစ်ထက်ပိုပြီး မကြာလိုက်ဘူး။ မနှင်းပွင့်ရယ်၊ ပြန်ပြောလို့သာ ရှည်နေတာ"

"ဦးကြီးနွဲ့ဆိုက်ကရော ဘာတွေ့လိုက်သလဲ၊ ဘာသိလိုက်သလဲ၊"

"ဘာမှ မသိရပါ။ အော်သံကြောင့် ရောက်လာရ..."

ဦးကြီးနွဲ့ဆိုက်ကလည်း ဗမာရည်မလည်လှ...။

တောင်ကြီးမြို့ကို မြို့တော်ထားသည့် တောင်ပိုင်းရှမ်းပြည်နယ်နှင့် လားရှိုးမြို့ကို မြို့တော်ထားသည့် မြောက်ပိုင်းရှမ်းပြည်နယ်တို့တွင် ဗမာစကား အသုံးများ၍ နားလည်သူ များကြသော်လည်း...

ဤကျိုင်းတုံမြို့ရှိရာ အရှေ့ပိုင်းရှမ်းပြည်နယ်ဘက်တွင်မူ ဦးဆိုက်နွဲ့တို့ ခမ်းနွံတို့လို ဒေသခံတိုင်းရင်းသားများ ဗမာစကားတတ်သူ နည်းကြသည်။

ကိုကိုတို့ ခမ်းမွန်တို့လို လူငယ်ခေတ်ပညာတတ်များသာ ဗမာစကား အတတ်များကြသည်။ များသောအားဖြင့် ရှမ်းဘာသာနှင့်သာ ပြောဆိုလေ့ရှိကြပါ၏။ ဈေးဝယ်၍လည်း ကျိုင်းတုံတွင် မလွယ်။ ရှမ်းစကားပြောနိုင်မှ ပြေလည်သည်။

"ဦးကြီးနွဲ့ဆိုက်က ဘယ်လိုများ ဒီလောက် မူပျက်နေရတာလဲ၊ ဦးလေးဆူမှာ ကြောက်လို့လား၊ ဟုတ်လား"

နှင်းပွင့်ဦးက မေးလိုက်သည်။

"ဟုတ်"

သူ တစ်လုံးသာဖြေပြီး နန်းခမ်းမွန်သို့ ရှမ်းဘာသာနှင့်သာ ပြောဆိုပါ၏။

"ဘာတဲ့လဲ ခမ်းမွန်"

"သူလည်း ခြံထဲက အိမ်လေးထဲမှာ ရှိနေတာပဲတဲ့။ အိုက်ဆော့သည်း တံခါးဝမှာ စောင့်နေတာပါပဲတဲ့။ ဒီနှစ်ကောင်က ဘယ်လိုဘယ်လို ဒီထဲ ရောက်လာကြတာလဲဆိုတာ သူစဉ်းစားလို့ မရဘူးတဲ့"

ရှမ်းဘာသာနှင့်ပြောသော်လည်း ဦးနွဲ့ဆိုက် အသံများ တုန်ခါနေကြောင်း နှင်းပွင့်ဦး သတိထားလိုက်မိပါသည်။

ခမ်းနွံကို ကော်ဖီပူပူ ဖျော်ခိုင်းပြီး နန်းခမ်းမွန်ကို တိုက်ရပါသည်။ ဦးနွဲ့ဆိုက်ကိုလည်း အောက်ထပ်သို့ ဆင်းစေလိုက်သည်။ အိမ်ပေါ်ထပ်သို့ မတက်ရဲသော အိုက်ဆော့နှင့်သူတို့ လှေကားရင်းတွင် ဆုံမိကြပြီ ထင်ပါ၏။ ရှမ်းစကားပြောနေကြသံကို ကြားနေရပါ၏။

"ဟော...ပြန်လာကြပြီ"







www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ပေးရန် ဂျစ်ကားဟွန်းသံကို ကြားရပါ၍ နန်းခမ်းမွန်က ဝမ်းသာအားရ လေသံနှင့် ပြောလိုက်သည်။

ပြီးတော့မှ သူနှင်းပွင့်ဦးကို ကြည့်မိသည်။ နှင်းပွင့်ဦး၏ မျက်ဝန်းလေး နောက်ကွယ်တွင် မေးခွန်းတစ်ရပ်ကို မေးနေကြောင်း မြင်တွေ့ရပါပြီ။

"နေပါ သူငယ်ချင်း ဒီမှာပဲနေပါ"

ဤအိမ်ကြီးပေါ်သို့ နှင်းပွင့်ဦး လာသည်ကို သူတို့ မကြိုက်ကြ။ အထူးသဖြင့် နန်းချယ်ရီက ဖြစ်သည်။ သည့်အတွက် ဆက်လက်နေရမည်လား၊ ထွက်ခွာသွားရမည်လား ဟူသောဝေခွဲမရသည့်မေးခွန်း၏ အဖြေကို နန်းခမ်းမွန်က ပေးလိုက်ခြင်း ဖြစ်ပါ၏။

အိုက်ဆော့ပြေးသွားသည်။ ချက်ချင်းလိုပင် တံခါးပွင့်လာပါ၏။ အခြေအနေကို ဦးကြီးနွဲ့ဆိုက်က ဆီးကြိုတင်ပြသည် ထင်ပါ၏။ သူတို့အားလုံး ပြေးတက်လာကြသည်။

ပေါ်တီကို အောက်တွင် ဂျစ်ကားရပ်ထားသည်။ နှစ်တိုက်အတွက် ကိုယ်ပိုင်မီးစက်နှင့်မို့ ညကိုးနာရီတွင် တစ်မြို့လုံး မီးပိတ်ပြီးသော်လည်း နှင်းပွင့်မြိုင်တွင် လင်းထိန်နေပါ၏။

ထိုအချိန်က နှင်းပွင့်မြိုင်တွင် စိုင်းချမ်းမြမရှိ၊ သူ တောင်ကြီးမြို့သို့ ခေတ္တပြန်သွားချိန်ဖြစ်ပါ၏။

သူတို့ချင်း ရှမ်းဘာသာတစ်ဝက်၊ ဗမာစကားတစ်ဝက်ဖြင့် အရေးတကြီး ပြောဆိုနေကြသည်။

လူဆိုးသည် ခြံကို ဘေးဘက်မှ ကျော်၍ အောက်ထပ်တံခါးကို





သော့တူနှင့်ဖွင့်ပြီး နန်းခမ်းမွန်ရှိရာ တက်လာခြင်းဖြစ်ကြောင်း ပြောဆိုနေကြသည်။

လူဆိုးသည် ခြံကို ဘေးဘက်မှကျော်၍ အောက်ထပ်တံခါးကို သော့တူနှင့် ဖွင့်ပြီး နန်းခမ်းမွန်ရှိရာ တက်လာခြင်းဖြစ်ကြောင်း ပြောဆိုနေကြပေသည်။

"သူက ဘယ်လိုရောက်နေရတာလဲ"

နန်းချယ်ရီ၏ မကျေနပ်သံကြောင့် နှင်းပွင့်ဦး ခေါင်းငုံ့လိုက်ရပါပြီ။

"ဒီဘက်က တံခါးကို ပိတ်ထားပါလို့ ခမ်းနွံ့ကို မှာခဲ့လျက်နဲ့"

"ဟုတ်ပါတယ် မမချယ်ရီ၊ ခမ်းမွန်ကြောက်လို့ ခေါ်ခိုင်းလိုက်တာပါ"

"ကဲပါလေ...ပြီးတာတွေ ပြီးပါစေတော့၊ ခု ဘယ့်နှယ့်လုပ်ကြမလဲ၊ ရဲကို တိုင်ကြမလား"

ဒေါ်နန်းပိုးတစ်(ပ)က အကြံပြုသည်။

"ဟာ...မနန်းကလည်း"

ဦးစစ်ရီက ကျဉ်းနေသည့် သူ့မျက်ဝန်းများ ပိတ်သွားမတတ် နှုတ်ခမ်းကြောများ ရှုံ့ရင်း ထားလိုက်သည်။

"ဟုတ်တယ်၊ ငါ့ညီမ စိတ်စောလို့ ဘယ်ဖြစ်မလဲ၊ ရဲမှာအမှုတွေ ထပ်ဆင့်နေရင် ဘယ်ကောင်းပါတော့မလဲ"

ဦးစိုင်းစံတစ်(ပ)က သူ့ညီမရင်း၏ အကြံပြုချက်ကို ထပ်ဆင့် ကန့်ကွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနွဲ့ဆိုက်သည် တစ်စုံတစ်ခုပြောတော့မလို ရှေ့တစ်လှမ်းတိုး ရန် ဟန်ပြင်လိုက်သည်။

ဦးစစ်ရီ၏ တပည့် ကိုကျော်စိမ်းက ဖျတ်ခနဲ ထပြီး ဦးနွဲ့ဆိုက်၏ ရှေ့မှာ ကာသလို ရပ်လိုက်ပြီး မီးခြစ်ကိုခြစ်၍ သူစီးကရက်ကို ညှိ၍ သောက်လိုက်သည်။

ဦးနွဲ့ဆိုက်က ကိုကျော်စိမ်းသို့သာ စိုက်ကြည့်နေပါတော့သည်။

တိုက်ပုံအကျီအောက်တွင် ဘာအဝတ်မှ မရှိပါ၍ သူ့ရင်ခွင်ကြီး ကို တစ်ဝက်တပျက် မြင်နေရပါ၏။

ဦးနွဲ့ဆိုက်သည် လောင်းကုတ်ရှည်မဲမဲကြီး ဝတ်ထားသူ၏ အလုံးအရပ်နှင့် ဗလလောက်များ ရှိလေမလားဟု နှင်းပွင့်ဦး ခိုးယှဉ် ကြည့်နေမိသည်။

ဘာပဲဖြစ်ဖြစ် ဤအရေးအခင်းတွင် ဦးနွဲ့ဆိုက်ကိုယ်တိုင် ကျူး လွန်သည်လည်း ဖြစ်နိုင်သည်။

ကျူးလွန်သူ မဟုတ်သည့်တိုင် သူသည် တစ်စုံတစ်ခုကို သိရှိနေ သူတစ်ယောက်ဖြစ်ကြောင်းဖြင့် ပေါ်လွင်လှပါပေသည်။

ဦးနွဲ့ဆိုက်သည် တစ်ဖက်ခြမ်းမှ သူဌေးဦးစစ်ရီ၏ တပည့် ကို ကျော်စိမ်း၏ ဟန့်တားမှု အရှိန်အဝါကို မကျော်လွှားနိုင်သူ တစ် ယောက် ဖြစ်ကြောင်း နှင်းပွင့်ဦး ရိပ်မိရပါပြီ။

"ဒါနဲ့ မောင်ကျော်စိမ်း၊ တို့ အသုဘအိမ်မှာ ရှိနေတုန်း မင်းကား နဲ့ ဘယ်ထွက်သွားတာလဲ"

"ကျွန်တော်…ကျွန်တော်ချမ်းလို့"





"မနန်းကလည်းကွာ…၊ ဒီကောင်အရက်သွားချမှာပေါ့"

ဦးစစ်ရီက သူ့တပည့်ဘက်က ဝင်၍ ကာကွယ်ပြောပါ၏။

ဒေါ်နန်းဝိုးတစ်(ပ)က မသက်သာသလို ကြည့်လိုက်သည်။ သူတို့ ပြန်လာခါနီးမှ ကိုကျော်စိမ်း ဂျစ်ကားနှင့် ပြန်ရောက်လာခြင်း ဖြစ်ပါ၏။

ကိုကျော်စိမ်းနှင့် ကိုစိုးထွန်းတို့ လူငယ်ကုန်သည်နှစ်ဦးသည် သူ့တူမ လှလှလေး နန်းခမ်းမွှန်ကို စိတ်တွင် ကျိတ်ပြီး ကြံနေကြ ကြောင်း ဒေါ်နန်းဝိုးတစ်(ပ) ရိပ်မိပြီးသား ဖြစ်ပါ၍…

လူဆိုးမဟုတ်သည့်တိုင် နောက်ထပ်ဝင်ရောက်တိုက်ခိုက်သူ မှာ သူတို့နှင့်အတူ ရှိနေရာမှ ပျောက်သွားသော ကိုကျော်စိမ်းများလား ဟု ဒေါ်နန်းဝိုးတစ်(ပ)က တလွဲထင်နေပေသည်

"ဒါနဲ့ ကိုစိုးထွန်းတစ်ယောက်ရော။ ဟင်…ခမ်းမွှန်"

နှင်းပွင့်ဦးက နန်းခမ်းမွှန်သို့ တိုးတိုးကပ်၍ မေးလိုက်မိသည်။

"ငါ မိုင်းပြင်းကို ခိုင်းထားတယ်၊ မနေ့ကတည်းက"

ဦးစစ်ရီနည်းတူပင် သူ့တပည့်ကို စိုးထွန်းဘက်မှ ဦးစိုင်းစံ တစ်(ပ)က ကာကွယ်ပြန်သည်။ သူ့အသံတွင် ဒေါသလွှမ်းနေသယောင် ယောင်။

နှင်းပွင့်ဦးနှုတ်မှ ဘာတစ်ခွန်းမျှ မဟရဲတော့ပါ။

သည်ဘက်အိမ်တွင်ရှိသော ဦးစိုင်းစံတစ်(ပ)၊ ဦးနွဲ့ဆိုက်၊ အိုက် ဆော့၊ နန်းခမ်းမွှန်၊ နန်းချယ်ရီတို့လူစု ရှိကြပြီး ကိုစိုးထွန်းတစ်ယောက် ပျောက်နေ၍ မေးမိရခြင်းပါ။ မိုင်းပြင်းသွားသည်ဆို၍ ကိုစိုးထွန်းကို ဆည့်တွက်စရာ မလိုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခြံမှ ဦးစစ်ရီ၊ ဒေါ်နန်းဝိုးတစ်(ပ်)နှင့် တပည့် ကိုကျင်စိန်တို့က လူစုံရှိနေကြသည်။

စိုင်းချမ်းမြမှာမူ တောင်ကြီးသို့ ခေတ္တပြန်သွားပြီး စိုင်းကြည်မြအမှုရက်ချိန်းနီးမှ သူတစ်ခေါက်ပြန်လာပါမည်။

ထိုစဉ် အိုက်ဆော့ လှေကားထိပ်မှ ပေါ်လာပြီး ရှမ်းဘာသာနှင့်ပြောပါ၏။

"ဟင်...မနှင်းပွင့်ရဲ့ အခန်းမှာလည်း မှန်တစ်ချပ် ကွဲနေတယ်ဆိုပါလား။ မနှင်းပွင့်ဆီရော ဘယ်သူ လာနှောင့်ယှက်သေးလဲ"

"ရှင်...ရှင်...ဘယ်သူ...ဘယ်သူမှ မလာပါဘူး"

သူတို့ချင်း ပြောကြဆိုကြ ရှာဖွေကြအပြီးတွင် နှင်းပွင့်ဦး၏အခန်းသို့ပါ လိုက်လာကြပြီး မှန်ကွဲစများကို ဆန်းစစ်ကြသည်။

အခန်းတွင်း၌ အသေအချာဖွေရှာပြီး ခြေရာလက်ရာများကိုကြည့်သည်။

မတွေ့ပါ။ ဘာမှ မတွေ့ကြပါ။

ဝိရိသေသပ်သော ကိုအာကာအောင်၏ လက်ရာခြေရာကိုတစ်စွန်းတစ်စမျှ မတွေ့ကြရသော်လည်း...

"အခန်းထဲမှာ စီးကရက်နံ့ ရသလိုပဲနော်"

အလွန်ထိတွေ့လွယ်သော ဦးစိုင်းစံတစ်(ပ)က နှာခေါင်းရှုံ့ရင်းရှုံ့ရင်း ပြောလိုက်သည်။ နှင်းပွင့်ဦးမှာ မျက်နှာမပျက် ဖြစ်အောင်မနည်းထိန်းနေလိုက်ရပါသည်။

အမှန်တော့ အနံ့က ဆူးရှခြင်းမဟုတ်ပါ။ ကိုအာကာအောင်





သောက်သွားသော စီးကရက်နံ့ ငွေ့ငွေ့လေးသာ။ မနည်းရှူနိုင်မှနံ့ရခြင်းပါ။

နှင်းပွင့်ဦး မလုံမလဲ ကြည့်မိချိန်တွင် ဦးစိုင်းစံတစ်(ပ)က နှင်းပွင့်ဦးသို့သာ စိုက်ကြည့်နေပါ၏။

သူ့မျက်ဝန်းဆီမှ သံသယရောင်ခြည်အမျှင်တန်းများသည် နှင်းပွင့်ဦး၏ တစ်ကိုယ်လုံးဆီသို့ လာရောက်ရစ်ပတ် ချုပ်နှောင်လိုက်သည်သို့ပါပင်။

"အိပ်ရဲ့လား မနှင်းပွင့်"

"ဟုတ်...ဟုတ်ကဲ့ ဒေါ်လေး နန်းဝိုး"

"ကဲ...ဒါဖြင့်လည်း သွားကြစို့။ အိမ်မကြီးရဲ့ဘက်မှာ ဆက်တိုင်ပင်ကြတာပေါ့"

နှင်းပွင့်ဦးသို့ ဝတ္တရားကြေ မေးမြန်းပြီး သူတို့အားလုံး ထွက်ခွာသွားကြပါလေပြီ။

အသည်းယော်၍ မျက်ရည်လွယ်နေရှာသော နှင်းပွင့်ဦး၏လှပသော မျက်ဝန်းဝိုင်းကြီးဆီမှ မျက်ရည်များက သွယ်စီးကျ လာသည်။

နှင်းပွင့်ဦး၏ ကမ္ဘာငယ်လေးမှာ ညဉ့်လယ်ချိန် 'သုသာန်' နေရာ၏ တိတ်ဆိတ်ချောက်ချားလွန်းဖွယ်ရာများနှင့်သာ။

တိတ်ဆိတ်ခြင်းနှင့် အထီးကျန်ခြင်းတို့သည် နှင်းပွင့်ဦးအတွက်ကာလ ည၏ မကောင်းဆိုးဝါး၊ ဝိညာဉ်တစ္ဆေများပမာ ဝိုင်းဝန်း၍ခြောက်လှန့်နေကြပါပြီတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ဆယ့်တစ် ။

ဟိုတစ်နေ့ဆီက တွေ့ရသော နန်းခမ်းမွှန်နှင့် ယနေ့တွေ့ရ
သော နန်းခမ်းမွှန်မှာ တစ်ယောက်စီဖြစ်နေသည်။

သူ့အိမ်တွင် လက်ခံတွေ့ဆုံစဉ်က ဘောင်းဘီနှင့် ဘလောက်နှင့်
နိုင်ငံခြားသူလား ထင်မှတ်မှားရသော်လည်း…

ယနေ့ နန်းခမ်းမွှန်သည်…

ဆံပင်ကို အားလုံးအပေါ်မြှင့်တင်ပြီး သျှောင်တစောင်းလေး
ထုံးထားသည်။ ထိုဆံထုံးလေးဘေးတွင် ဆံပင်ဖျားလေးက ရစ်ခွေ
တွဲကပ်ထားပါ၏။

အရှေ့ပိုင်းရှမ်းသူတို့၏ ရိုးရာစစ်စစ် ဆံထုံးပုံစံလေးဖြစ်သည်။

အင်္ကျီက ရင်ခွဲဖြစ်ပြီး လက်ဝဲအခြမ်းက အောက်၊ လက်ျာ
အခြမ်းက အပေါ်မှ ခပ်စောင်းစောင်း ပတ်အုပ်ထားသော ခါးရှည်
လက်ရှည် ပိုးအင်္ကျီဖြူ ဖြစ်သည်။

ခါးတွင် ငွေခါးပတ် ပတ်ထားပါ၏။





လုံချည်က ခါးမှသည် ပေါင်လယ်လောက်အထိ ကန့်လန့်အနက်
ငင်းများ ရစ်ဝိုင်းထားပြီး အောက်ခြေပိုင်းမှ အနီရောင်မြောင်
ထက်ရက်ထည် ရှမ်းရိုးရာထဘီဖြစ်ပါ၏။ ဖိနပ်က ကတ္တီပါးပါးပါ။

ယနေ့ဝတ်စုံမှာ နန်းခမ်းမွှန်၏ခါးကို ပိုမိုသေးကျစ်သွားစေ
သည်နှင့်အမျှ စွင့်ကားတင်းပြည့်သော တင်သားများက ချည်လုံချည်
ငစ်ထပ်တည်းအောက်တွင် ပေါ်လွင်နေသည်။

ရင်ကွဲနှင့် ခါးစည်းထားသော ပိုးသားအင်္ကျီအောက်မှ လုံးဝန်း
ပြည့်ဖြိုးသော ရွှေရင်သစ်ဦးကလည်း ဖူးနေသည်။ တပ်မက်မြတ်နိုး
ဖွယ်ရာပါတည်း။

မျက်နှာကိုမူ ခေတ်မီမိတ်ကပ်များနှင့် ရောနှောချယ်လှယ်ထား
ပြီး ပန်းနုရောင်လေး ပြေးနေသည်။

နဖူးပြင်ပေါ်တွင် ဘာဆံ့ယဉ်စမျှ မရှိ၊ ပြောင်ပြေနေသော
အလယ်တွင် တစ်ကြောင်းဆွဲ နီညိုရောင်မျက်ခုံးမွေးကို ရေးဆွဲထား
ပြီး နှုတ်ခမ်းက ပန်းနုရောင်ဖျော့ဖျော့လေး ဆိုးထားပါ၏။

"ကြည့်လှချီလား ကိုအာကာအောင်ရဲ့"

"ဟော့(တ)ဖြစ်တဲ့ အဝတ်တွေနဲ့တုန်းက ကမ္ဘာ့အဆင့်မီအောင်
ပြင်ခဲ့သလို…"

"ရှမ်းရိုးရာ ဝတ်စုံလေးနဲ့ကျပြန်တော့လည်း ငေးမကြည့်ဘဲ
မနေနိုင်လောက်အောင်ကို လှလွန်းတဲ့ နန်းခမ်းမွှန်ရယ်…"

"ကိုအာကာအောင်ကလည်း…လာ ဘုရားဖူးကြမယ်"

ခေါင်းလေးငုံ့စောင်း၍ပြောရင်း ကားပေါ်မှ ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတပင်တပန်း ပြင်ဆင်ထားခဲ့ရသော အလှများကို မြင်တတ် ကြည့်တတ်၊ ချီးမွမ်းတတ်သော ကိုအာကာကြောင့် နန်းခမ်းမွန် ပြ ရပါ၏။

သူ့အပြုံးလေးများက ကြည်နူး ကျေနပ်ခြင်းများမှ ပွင့်ဖူးလာ သော အပြုံးပန်းလေးမို့ သင်းပျံ့သော မွှေးရနံ့များစွာပါ ထုံမွမ်းထာ သည်သို့ပါပင်။

"ဒါ ဘာဘုရားလဲဟင် ခမ်းမွန်"

"ဖိနပ်ချွတ်ဦးလေ ရှင့်"

ဂျင်းနဲဘဲ(လ်)ဘောင်းဘီ၊ အဖျားတစ်ဝက်ဖုံးနေသော ဖိနပ် မြင့်ကြီးကို လက်ညှိုးညွှန်၍ ပြောလေမှ အာကာအောင်က သူမောင်း လာသော ဂျစ်ကားပေါ်သို့ ပြန်ချွတ်တင်လိုက်သည်။

ယနေ့ အာကာအောင်ကလည်း အပျံစား။ ပခုံးစွန်းအထိ ခေါ နေသော ဂျင်း(န်)အင်္ကျီ ကျပ်ကျပ်နှင့်မို့ လှပသော သူ့ကိုယ်ခန္ဓာ အထက်ပိုင်း၏ ရင်အုပ်များ၊ လက်မောင်းကြွက်သားများက ဖုထ တင်းပြည့်နေပေသည်။

"ဒါ ဝပ်ဘာလျှံ ဘုရားနဲ့ ကျောင်းပါ ကိုအာကာအောင်"

"ကျောင်းဝင်းကြီးကလည်း အကျယ်ကြီးပဲ။ ဘုရားရုပ်တုတော် တွေကလည်း ဆန်းတယ်နော်၊ ယိုးဒယားပန်းခက် ပန်းနွယ်တွေ တာလည်း ဒီဘက်မှာ ပိုပြီး ပီပြင်တယ်နော်"

"ယိုးဒယားပြည်ကလည်း ကပ်နေပြီလေ၊ မြန်မာပြည်အောက် ပိုင်းမှာတောင် ယိုးဒယားပန်းခက်၊ ယိုးဒယားသီချင်း ယိုးဒယား





ကရယ်လို့ ယဉ်ကျေးမှုအဖြစ်နဲ့ တင်စားနေသေးတာပဲ။ ဒီဘက် ယ်မှာဆို ပိုပြီး နီးစပ်တာပေါ့"

ကိုအာကာအောင်က ဘုရားကို ဝတ္တရားကျေရုံရှိခိုးသော်လည်း နန်းခမ်းမွန်က နှိမ့်ချရိုသေစွာ ခပ်ကြာကြာလေး ကန်တော့ပြီးမှ ထွက်လာခဲ့ကြသည်။

တွမ်(မ)ဆပ်ကုန်း...သို့ပါ ...။

"ဘုရားကျောင်းတွေမှာ ဗုံရှည်ကြီး ချိတ်ဆွဲထားတာ သတိထား သွားဟင် ကိုအာကာအောင်"

"အင်း...တွေ့မိတယ်၊ စည်တော်ကြီးလိုပဲလေ"

"အဲဒါ ဂုံရှမ်းတွေရဲ့ ဘုရားကျောင်းတွေပဲ၊ လှူဒါန်းပြီးလို့ ရှိရင် ီးရပါတယ်"

"ကျိုင်းတုံမြို့ရဲ့ သိမှတ်ဖွယ်ရာလေးတွေ ပြောစမ်းပါဦး"

"လုပ်မနေပါနဲ့၊ ပျင်းစရာကြီး"

"သဘောလောက်ပါ"

"ကိုအာကာအောင်က စာပြုစုမှာနော်"

"ဆိုပါတော့"

အာကာအောင်က မလုံသလို ကြည့်ရင်း ရွှန်းရွှန်းလက်လက် င် ပြုံးလိုက်သည်။

ကားသည် မြင့်မားသော်လည်း လျှောပြေသော တွမ်(မ)ဆပ် န်းပေါ်သို့ ရောက်ခဲ့ကြပါပြီ။ ကျိုင်းတုံမြို့၏ ရှုခင်းကို အပေါ်စီးမှ စွာ မြင်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"စော(မ)တောင်ကုန်း၊ ကျွမ်မုန်းကုန်းနဲ့ တွမ်(မ)ဆပ်ကုန်းတို့ ရှိကြပါတယ်။ ကျိုင်းတုံမြို့ဟာ တောင်ကုန်းကြီးသုံးကုန်းရဲ့ အလယ်က ချိုင့်ဝှမ်းကြီးထဲမှာ မြို့တည်ထားတာပါ။ အစက ရေပြင်ကြီးတဲ့ နောက်မှ မြေပြင်ဖြစ်လာပြီး သက္ကရာဇ် ၇၂၉ခုမှာ 'ဗယားကောင်း ရတနာဘောရီ'ဆိုသူက တည်ထောင်ပေးတယ်လို့ ပြောတာပဲ"

"ကျေးဇူးပါပဲဗျာ၊ ဆက်ပါဦး"

"ကျိုင်းလန်တံခါး၊ နောင်လိပ်တံခါး၊ မင်္ဂလာတံခါး အပါအဝင် မြို့တံခါး ၁၂ပေါက် ရှိပြီး မြို့ရိုးကြီးတွေကတော့ ခုထိ ရှိနေတာ တွေ့မှာပေါ့"

"တွေ့တယ်၊ ကျိုင်းတုံစော်ဘွားကြီးရဲ့ ဟော်နန်းလည်း ရောက် ပြီးပြီ။ ရုံးတွေဖွင့်ထားတယ်နော်။ အဲဒီနားမှာ ကျိုင်းတုံမြို့ကြီးရဲ့ ကျက်သရေဆောင် 'နောင်တုံကန်ကြီး'ဟု အလျား ၄ ဖာလုံ၊ အနံ ၁ဖာလုံခန့်..."

"ကြည့်...။ သူက သူများထက် ပိုသိနေပြီးတော့၊ ပြော... ဘာ တွေ ဆက်သိသေးလဲ"

"ရေယာစတုရန်းမိုင် '၁၂၄၀၀'ရှိလို့ ရှမ်းပြည်နယ်ကြီးရဲ့ ခြောက် ပုံ တစ်ပုံခန့် ရှိတယ်။ အရှေ့ပိုင်း ရှမ်းပြည်နယ် 'ကိုး'မြို့နယ်မှာ 'ဂုံရှမ်း'၊ 'အိကော(အခါ)'၊ 'လားဟူ' ကွန်းလွိုင်'၊ 'ပလောင်'၊ 'လီရှော' နဲ့ 'ကော်'ဆိုတဲ့ တိုင်းရင်းသားတွေအပြင် 'လီရှမ်း'*လိန်ရှမ်း'ဆိုတာ တွေလည်း ရှိကြတယ်"

"အမယ်လေး...ကြည့်စမ်းပါဦး၊ အစုံသိနေပြီးသားနဲ့များ"





"ဒါ ကျွန်တော် သိတာအကုန်ပဲ၊ မြို့တည်နေပုံနဲ့ ရပ်ကွက်တွေ အကြောင်းလေး ပြောစမ်းပါဦး"

"ကဲ ဒီမှာ ...'စွမ်ဆပ်ရပ်' 'ပါလို့ရပ်' ခမ်းမွန်တို့နေတဲ့ 'ဟိုကပ် ရပ်'စတဲ့ ရပ်ကွက်ပေါင်း လေးဆယ်ခန့်ရှိပြီး ရပ်ကွက်ကြီးအနေနဲ့ ၁ မှ ၅အထိ ၅ ရပ်ကွက် ရှိပါတယ်။

"ပါလို့ရပ်မှာရှိတဲ့ ဈေးကြီးကတော့ ကြီးပြီး စည်ကားလိုက်တာ နော်"

"ဟုတ်တယ်"

"သြော်...တောင်ကြီးဘက်ပြန်တဲ့ ကားလမ်းက မြို့ရဲ့ ဘယ် ဘက်မှာလဲ"

"မြို့ရဲ့ အနောက်ဘက် သုသာန်တွေ ရှိတဲ့နေရာကနေ ထွက် သွားရပါတယ်။ မြို့အရှေ့ဘက်မှာတော့ လွယ်မွေသွားကား လမ်းမ ကြီး၊ မြို့ရဲ့ မြောက်ဘက်မှာတော့ ကတ်တောင်နဲ့ မိုင်းယန်းသွား ကားလမ်းပါ။ မြို့ရဲ့ တောင်ဘက်မှာတော့ မြန်မာ့နယ်ခြား တာချီ လိတ်သွား ကားလမ်းပေါ့။ ကဲ...စုံပြီနော်ကွယ်"

"စုံပါပြီတဲ့ဗျာ"

"သြော်...ပြောရဦးမယ်၊ ဂုံရှမ်းတွေဟာ ကိုယ့်စာပေနဲ့ ကိုယ် နေလာခဲ့ကြတာနော်"

"ဟုတ်လား"

"အင်းပေါ့...ခမ်းမွန်တို့တော့ ဂုံရှမ်းမလေး ဖြစ်ရတာ ဂုဏ်ယူ ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဂုဏ်ယူပါတယ် ဂုံသူရယ်"

"အို..."

အာကာအောင်က ရဲရဲတင်းတင်းပင် နန်းခမ်းမွန်၏ လက်ကလေးကို ဆွဲလျက် တောင်စောင်းဆင်ခြေလျှောအတိုင်း ပြေးဆင်းလာခဲ့သည်။

နန်းခမ်းမွန်မှာ မရှန်းရုံမက၊ အသံလေးများ ထွက်အောင် ရယ်မောရင်း ပြေးဆင်းလိုက်လာရှာသည်။

ထိုနေ့က ကားတစ်စင်းနှင့် ကျိုင်းတုံတစ်မြို့လုံးမက မြို့ပြင်ပါ နှံ့သည်။

"လူထုံစည်းဝေးခန်းမဆောင်"ဘေးမှ ဓာတ်ဆီဆိုင်တွင် ဓာတ်ဆီဝင်ဖြည့်ပြီး မြို့လယ်မှ 'မဟာမြတ်မုနိဘုရား"ကို ဝင်ဖူးကြသည်။

"ကျိုင်းတုံရုပ်ရှင်ရုံ' "ခေမရဋ္ဌရုပ်ရှင်ရုံ" နှစ်ရုံရှိရာ တစ်ဖက်ဒ်ကိုလည်း ရောက်ခဲ့ကြသည်။

"နောင်တုံကန်ကြီး"ဘေးမှ ဖြတ်ပတ်၍ ကားမောင်းပြီး "အ-ထ-က ၂" ရှိရာ ယခင်စိန်မေရီ သာသနာပြုကျောင်းကိုလည်း လှပသာယာစွာ ကြည့်မိကြသည်။

မြို့ပြင်လေယာဉ်ကွင်းလမ်းနှင့် စစ်တပ်များ ရှိရာ "ဗျူဟာကုန်း"သို့လည်း ရောက်ခဲ့ကြရုံမက...

"စွန်တောင်းဘုရား"ကိုလည်း ဖူးဖြစ်ကြသည်။ ရောက်ဖြစ်ခဲသော "နောင်ယန်းကန်"ပါမကျန် နှံ့နေအောင် ရောက်ခဲ့ကြပြီးပါလေပြီ...။





"ကိုအာကာအောင်"

"ဗျာ..."

"ကားမောင်းရတာ မမောသေးဘူးလား"

"မောတယ်ဆိုတဲ့အရာလက်ခံလို့ မရနိုင်အောင် ကျွန်တော့်ရင်မှာ ဝမ်းသာမှုတွေနဲ့ ပြည့်နေပါတယ် ခမ်းမွန်ရယ်"

"အို...တကယ်လားကွယ် ခမ်းမွန်လည်း ဝမ်းသာတယ်"

ရိုးသားပွင့်လင်းလွန်းသူလေး၏ အပြောက ချစ်နှစ်သက်စရာပါ။

နန်းခမ်းမွန်တို့ အိမ်ထောင်စု ဖွဲ့စည်းပုံမှာ ခေတ်မီလှသည်။ လွတ်လပ်ခွင့် အပြည့်ရှိသည်။ မိဘမရှိပါဘဲ ဦးလေးနှင့် အစ်ကိုများ အုပ်ချုပ်မှုအောက်မှ နန်းခမ်းမွန်မှာ အရာရာတွင် အခွင့်သာနေပါ၏။

ခင်မင်သော သူတိုင်းကို ယောက်ျားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လွတ်လပ်စွာ ဝင်ထွက်သွားလာစေခွင့် ပေးထားပါ၏။

အပြင်သို့လည်း နန်းခမ်းမွန်ကိုယ်တိုင် ကားမောင်း၍ မည်သူ့ဆီ တင်ခေါ်သွားလာနေကျပါ...

ဤများပြားလှသော ဘော်ဒါများအတွင်းမှ နန်းခမ်းမွန်သို့ချစ်ခွင့်ပန်သူ၊ လက်ထပ်ခွင့်တောင်းသူ၊ လူကြီးများမှတစ်ဆင့် စကားကမ်းလှမ်းခဲ့သူများစွာကို နန်းခမ်းမွန် ကြုံတွေ့ရင်ဆိုင်ခဲ့ဖူးပေါင်းများပါပြီ။

ယခုလို တစ်ခါမျှ ရင်မှာ တုန်ခါလှိုက်ဖိုရခြင်း မရှိမိခဲ့...


www.burmeseclassic.com

www.burmeseclassic.com



ဘာဝေဒနာများပါလိမ့်။

ကိုအာကာအောင်က ပေးစွမ်းနေသည်လား။ ကူးဆက်စေနေသည်လား။

မိမိရင်မှ သူ့အလိုအလျောက် ပေါ်ပေါက်ဖြစ်ထွန်းလာသော ဝေဒနာများလေလား...

ကိုအာကာအောင်၏ မိလွန်းသော ပုံစံ၊ ပြေပြစ်လွန်းသော မျက်နှာ၊ ရွှန်းလက်လွန်းသော မျက်ဝန်းများကို နန်းခမ်းမွန်မှာ ကြည့်နေရင်းလည်း မြင်ရသည်။

မကြည့်ပါဘဲနှင့်လည်း မြင်နေရသည်ပါလားကွယ်...

"ခမ်းမွန်"

"ကိုအာကာအောင်"

"ကိုယ့်နံမယ်ကြီးခေါ်ရတာ မရှည်ဘူးလား"

"ဟုတ်တယ်နော်"

"ဒါဖြင့် ကိုယ်ခေါ်စေချင်သလို ခေါ်မှာလား"

"ဘယ်လိုလဲ"

ရှမ်းသံဝဲဝဲ အကြည့်ရဲရဲလေးနှင့် မေးလာခြင်းကြောင့် အကြည့်အာရုံ၊ အကြားအာရုံတွင် ရပ်သေလို ထင်ဟပ်သွားရသည်။ ထာဝရ စွဲမြဲ အရာထင်သွားလေမည့်သဘောပါ။

"ပြောလေ...ဘယ်လိုခေါ်ရမှာလဲလို့"

"ကိုအောင်ဆိုရင်ရော"

"ကိုအောင်"





"အင်း...ဟင်"

အာကာအောင်က နှုတ်ခမ်းပိတ်ရင်း အသံထွက်အောင် ပြောသည်။

မျက်ဝန်းက စင်းမှိတ်ပြီး ခေါင်းပါညိတ်လိုက်သည်။

"ခေါ်ရတာတော့ ရိုးတယ်။ ဒါပေမဲ့ မမေ့နိုင်စရာ ကောင်းတဲ့ နံမယ်မျိုး ဖြစ်သွားပြီ"

"အာကာအောင်ဆိုရင်တော့ မေ့သွားမယ်လား"

"အင်း...ဒါလည်း မေ့မယ် မထင်ပါဘူး"

ရိုးရိုးစင်းစင်းအဖြေလေးက ချစ်မြတ်နိုးစရာလေးပါလား။

"ကိုအောင်ကတော့ ခမ်းမွန်ဆိုတဲ့ အရှေ့ပိုင်း ရှမ်းပြည်နယ်သူ ဘလေးကို နောက်ဆုံး နလုံးခုန်တဲ့အချိန်ထိ သတိရသွားမှာပါ"

"အောင်မယ်...ပိုတာ၊ မြေပြန့်ရောက်ရင် တောင်ပေါ်သူကို မေ့သွားမှာ"

"မပိုပါဘူး ခမ်းမွန်ရယ်...မမေ့တာတော့ အမှန်ပါပဲ။ ဒါပေမယ့်..."

"ဒါပေမယ့်...သတိမရတော့ဘူး ဆိုပါတော့"

"မမေ့နိုင်ကြတဲ့ လူနှစ်ယောက်ကြားမှာ ဒီစကားတွေ ပြောနေဖို့ မလိုဘူးထင်ပါတယ်"

"ဟင်..."

"ကိုအောင်ရဲ့ ဒါပေမဲ့က...ကိုအောင်နဲ့ ခမ်းမွန်ဟာ မြေပြန့်သား တောင်ပေါ်သူဆိုတဲ့အတိုင်း ဘဝနှစ်ခုကလည်း အနိမ့်အမြင့်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားလွန်းလှလို့ပါ"

"ခင်မင်မှုမှာ အနိမ့်အမြင့်နဲ့ တိုင်းထွာနေစရာ မလိုပါဘူးကိုအောင်ရယ်၊ ခမ်းမွန်တို့လည်း သူဌေးကြီး မဟုတ်ပါဘူး"

"သူဌေးကြီး မဟုတ်တောင် သူဌေးမလေးပါဗျာ၊ ကိုအောင်ကတော့ အခုမှ ဘဝကို ပြန်စပြီး တစ်ယောက်တည်း ရုန်းကန်ရဆဲပါ"

"အဲဒါနဲ့ ဘာဆိုင်လဲ၊ ခမ်းမွန် ကိုအောင့်ကို ခင်နေပြီပဲ"

"ကိုအောင့်ကို ခင်နေတယ်"

"အင်းပေါ့လို့၊ ခုပဲ ကြည့်ပါလား"

"ဟုတ်ပါတယ်။ ကိုအောင့်ကို ခင်လို့ လိုက်လာတယ်ဆိုတာ ယုံပါတယ်။ ကိုအောင်ကတော့ ခမ်းမွန်ကို ခင်ရုံမကဘူး"

ဆက်လာမည့် စကားများက လှိုင်းကြမ်းများပမာ နလုံးသားသောင်ကမ်းမှာ ရိုက်ခတ်လာတော့မည်အထင်နှင့် နန်းခမ်းမွန် ကြည်နူးစွာ စောင့်မျှော်နေဆဲတွင်...

"ခမ်းမွန်..."

"ရှင်..."

"ဟောဟိုက တောင်တန်းကြီးတွေ... ဒီက ကုန်းမြင့်ဒေသတွေကို ပင်လယ်ရေမျက်နှာပြင်နှင့်အညီ ညီလို့ ရပါ့မလား"

"သူ ဘာတွေ ပြောနေတာလဲ"

"ကိုအောင်က ပင်လယ်ရေပြင်နဲ့ တစ်ညီတည်း မြို့မှာ မွေးဖွားတဲ့ မော်လမြိုင်သားဇာတိ၊ ခမ်းမွန်က ကျိုင်းတုံမြို့သူ"

"ဟင်..."





"ကိုအောင်ပြောသလို ဒီတောင်တန်းကြီးတွေကို မြေပြန့်အဖြစ်နဲ့ ညီလို့ ညီသွားမှသာ ခမ်းမွန်နဲ့ ကိုအောင်ရဲ့ဘဝဟာ တစ်ဆက်တည်း တစ်စပ်တည်း ဖြစ်သွားနိုင်ခွင့်ရမယ်ထင်ပါရဲ့လေ"

"ကိုအောင်က ယောကျ်ားတန်မဲ့နဲ့ စကားလည်း တတ်တယ်။ စိတ်ကူးလည်း ယဉ်တယ်"

"လက်တွေ့ပိုင်းကို ပြောနေတာပါ ခမ်းမွန်"

"ဖွဲ့မရှိတဲ့၊ အားလျှော့တတ်တဲ့၊ ယောကျ်ားတွေကို ခမ်းမွန်မုန်းတယ်"

"ဟာ...ခမ်းမွန်ရယ်၊ ကိုအောင်ဟာ တစ်ခုခု ဆုံးဖြတ်ပြီးရင် အသက်ဆိုတာကို ထည့်မတွက်ဘဲ မိုက်မိုက်မဲမဲ လုပ်ရဲတဲ့ ကောင်ပါ"

"အလကား...လူညာ"

"ဟောဗျာ...ကိုအောင် ဘာညာမိလို့လဲ"

"မသိဘူး...မသိဘူး၊ ကဲ...လာ၊ ပြန်မယ်"

နန်းခမ်းမွန်က ကန်ရေပြင်စပ် မြက်ခင်းပြင်ပေါ်မှ ထပြီး ကားဆီသို့ ပြန်လျှောက်သွားသည်။

အာကာအောင်မှာ နန်းခမ်းမွန်၏ လက်ကလေးကို ဆွဲလိုက်သော်လည်း မရုန်းရှာ။

"ပြောပါဦး ခမ်းမွန်ရဲ့၊ ကိုယ်ဘာညာလို့လဲ"

"ခမ်းမွန်ကို ညာတာမဟုတ်ဘူး။ သူ့ကိုယ်သူ ညာနေတာကို ပြောတာ။ ညာတဲ့လူကို မုန်းပါတယ်ဆိုမှ၊ တော်ပြီ...သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်ဖျတ်လတ်စွာ ဂျစ်ကားရှိရာသို့ သူပြေးတက်သွားသည်။ စတီးယာရင်နောက်မှ သူဝင်ထိုင်ပြီး ဂီယာကို စတင်သွင်းနေလေမှ…

"ဟေး…ခမ်းမွန်၊ ကြည့်စမ်း…ကိုယ့်ကို ထားခဲ့မလို့လား"

အာကာအောင်က ကရာတေးသမားမို့ ပေါ့ပါးစွာ ကားပေါ်ခုန်တက်ပြီး ဂီယာပေါ်မှ နန်းခမ်းမွန်၏ လက်ကလေးကို အုပ်ကိုင်ပြီးမေးမိသည်။

နန်းခမ်းမွန် ဘာမှ မဖြေ။

"ခမ်းမွန်"

"ပြန်မယ်ဆို"

"ကိုအောင် စကားနည်းနည်း ပြောဦးမယ်"

"စကားကြော ရှည်ရင်လည်း မုန်းတာပဲ"

"မုန်းချင်မုန်း၊ စကားဆုံးအောင်တော့ ပြောရဦးမှာပဲ"

နန်းခမ်းမွန်က လှည့်မကြည့်တော့၊ လှသူကင်းရှင်းသော ဝန်းကျင် ကျယ်ကျယ်ကြီးကို ငေးကြည့်နေရှာသည်။ လှပလွန်းသော ရှမ်းမလေး၏ မျက်နှာဝါဝါနုနုလေးကို ဘေးတိုက်ကြည့်နေရင်းက…

"ကိုအောင်ဟာ တောင်ကြီးတွေကို မြေပြင်နဲ့ညီအောင် မညှိနိုင်တဲ့ တိုင်အောင် ကိုအောင်ရဲ့ ခွန်အားတွေနဲ့ မြင့်မားတဲ့ တောင်ကြီးပေါ်ကို ရောက်လာအောင် တက်လှမ်းနိုင်ခဲ့မယ်ဆိုရင်ရော ခမ်းမွန်က လက်ခံမှာလား"

"အဲဒါမျိုးတွေက ကိုအောင်ရေးမယ်ဆိုတဲ့ စာထဲမှာ သွားရေးရည်၊ ခမ်းမွန် မကြားချင်ဘူး၊ နားရှုပ်တယ်"

"ရှိုးသားပွင့်လင်းရုံမက ပြတ်သားလှပါလား ခမ်းမွန်ရယ်"

"ကဲ…ပြောစရာ ကုန်ပြီမဟုတ်လား"

"ဟာ…ခုမှ အစရှိသေးတယ်"

"အမယ်လေး…"

အာကာအောင် ရယ်မောမိသည်။ နန်းခမ်းမွန်၏ အမူအရာလေးက ချစ်စရာကောင်းလွန်း၍ပါ။

"နီဒါန်းတောင် ဒီလောက်ဆိုရင် စာကိုယ်နဲ့ နိဂုံးတော့ တစ်သက်ဆုံးတော့မှာ မဟုတ်ဘူး၊ သွားတော့မယ်"

နန်းခမ်းမွန်က ကျင်လည်လွန်းစွာ စက်ကို နှိုးလိုက်ပြီး ဂီယာကို သွင်း၍ ကားမောင်းထွက်လာတော့သည်။ ကုန်းဆင်းမို့ အရှိန်ကပြင်းနေသည်။

"ခမ်းမွန်"

"ခမ်းမွန်"

"ပြောလေ"

"ကားကို ဖြည်းဖြည်းမောင်းရင်းနဲ့ ကိုအောင်ရဲ့ စာကိုယ်နဲ့ နိဂုံးကို ဆုံးအောင် နားထောင်ပါနော်"

နန်းခမ်းမွန်က စိတ်မရှည်သလို မျက်မှောင်လေး တွန့်သွားရာမှာ…

"ခမ်းမွန်ကို ချစ်တယ်"

"အို "

■





www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ရဲ့ ချစ်တယ်'ဆိုတဲ့ စကားနှစ်လုံးအတွက် နိဒါန်းတွေ များသွားရတာ ခွင့်လွှတ်ပါ။ တကယ်တော့ ဘဝနှစ်ခုက ကွာဟနေလွန်းလို့ စဉ်းစားနေမိရတာပါ ခမ်းမွန်ရယ်။ တကယ်တမ်းသာ ညီ ခွင့်ရမယ်ဆိုရင် ကိုယ့်ဘဝထဲကို ဝင်လာရဲမှာလား အချစ်ရယ်... ကိုအောင် ခမ်းမွန်ကို သိပ်ချစ်ပါတယ်"

မျှော်လင့်ထားပြီးသား ကြားရပါသော်လည်း နန်းခမ်းမွန်မှာ လှုပ်ရှားခြင်း ကင်းမဲ့ရသည် မဟုတ်ပါ။

နှလုံးသားများဖြင့်သာ သူ့စကားကို ကြားနာလက်ခံရသည်ပါ။

"အိမ်မရောက်ခင် ကိုအောင့်ကို အဖြေစကားလေး ပေးထားရစ်ခဲ့ပါလား ခမ်းမွန်ရယ်"

"ကိုအောင်ကိုယ်တိုင် ပြတ်သားအောင် ဆုံးဖြတ်ပါဦး၊ ပြီး ခမ်းမွန်ကို တင်ပြပါ"

လက်တွေ့ပိုင်းမှာ ရဲရင့်လွန်းနေသော်လည်း ခံစားမှုပိုင်းမှာ အာကာအောင်တို့ ခံနေရပါလား။

"ဘဝချင်း ကွာဟလွန်းလို့ ခမ်းမွန်ဘက်က သိပ်များနစ်နာနေမလားဆိုတဲ့ အကြင်နာစိတ်ကြောင့်ပါ။ ကိုအောင်ကို နားလည်ပါ ခမ်းမွန်ရယ်။ ခမ်းမွန်ကသာ လက်တွဲရဲမယ်ဆိုရင် ကိုအောင်ရဲ့ ကြည်နူးရမှုဟာ ပေါ်ဇီတောင်တန်းကြီးတွေထက် မြင့်မားမှာပါ"

နန်းခမ်းမွန် ဘာမှမဖြေ၊ မြို့ထဲသို့ ဝင်လာပြီမို့ ကားကို သူ ဂရုစိုက်၍ မောင်းနေရရှာသည်။ အနိမ့်အမြင့် အတက်အဆင်းက လည်း များပါဘိသနဲ့...။





"ဟော...အိမ်ရှေ့တောင် ရောက်လာပြီ၊ ခမ်းမွန် ကိုအောင့်ကို ဘာမှ ဖြေမသွားတော့ဘူးလား"

နန်းခမ်းမွန်က နှင်းပွင့်မြိုင်က ခြံတံခါးထိပ်မှာ ကားကို ဦးတည်၍ ရပ်လိုက်သည်။ အိုက်ဆော့ကို သူ လက်ပြသည်။

တံခါးမကြီးဖွင့်ရန် မလိုဟု။

သူ ကားပေါ်မှ ဆင်းလိုက်သည်။ သံတံခါးမကြီးဘေး လူဝင်ပေါက်မှ သူလမ်းလျှောက်၍ သွားလေမည်။ ကားက အာကာအောင် လာသော ကားပါ။

"ခမ်းမွန် ကိုအောင့်ကိုတောင် နှုတ်မဆက်ဘဲ သွားတော့မယ် ပါ ဟုတ်လား"

"နှုတ်မဆက်ပါဘူး"

"ဗျာ"

"နှုတ်ဆက်တယ်ဆိုတာ ခွဲခွာခြင်းအထိမ်းအမှတ်လေ"

"ဟာ..."

"ကိုအောင်"

"ဗျာ..."

"တောင်ပေါ်နဲ့ မြေပြန့်ရယ်လို့ အဆင့်တွေအမြင့်တွေ ကွာခြားနေပေမယ့် မြေပြန့်မှာ သာတာလည်း ဒီ'လ'ပဲ။ တောင်ပေါ်မှာ သာတာလည်း ဒီ'လ'ပါပဲတဲ့ ရှင်ရယ်"

"အို...ခမ်းမွန်ရယ်"

နန်းခမ်းမွန် လှည့်မကြည့်ဘဲ ပြေးဝင်သွားသည်။



www.burmeseclassic.com

 www.burmeseclassic.com

နှုတ်လည်း မဆက်ပါ။

"မြေပြန့်မှာ သာတာလည်း ဒီ'လ'ပဲ၊ တောင်ပေါ်မှာသာတာလည်း ဒီလပါပဲ..."

"အဆင့်တွေ အမြင့်တွေ ကွာခြားပေမယ့် မေတ္တာတရားဆိုတာတော့ တစ်တန်းတစ်စားတည်း၊ တစ်မျိုးတည်း၊ တစ်ခုတည်းပါ ခ... တာကို 'လ'နဲ့ ယှဉ်ပြီး တင်စားသွားခဲ့တဲ့ ဂုံရှမ်းမလေးရယ် .."

"ကိုအောင် ခမ်းမွှန်ကို သိပ်ချစ်တယ်"

"ခမ်းမွှန် ရင်ထဲမှာလည်း ဒီလိုပဲ မဟုတ်လားကွယ်"

"ကိုအောင့်ရင်ထဲမှာ မြေပြန့်က မေတ္တာလမင်းကြီး သာနေပါတယ်"

"အချစ်ဆုံး ခမ်းမွှန်ရဲ့ ရင်ထဲမှာလည်း တောင်ပေါ်က မေတ္တာငွေလမင်းကြီး သာနေတာပဲ မဟုတ်လားကွယ်"

❋



အခန်း ။ ဆယ့်နှစ် ။

ဦးစစ်ရီနှင့်တပည့် ကိုကျင်စိမ်းတို့နားတွင် သည်ဘက်ခြမ်မှ ကိုစိုး...န်း ရှိနေသည်။

သူတို့သုံးယောက်မှာ ဦးစိုင်းစံတစ်(ပ)ကို မျှော်လင့်နေကြ...သည်။ သုံးယောက်လုံး မျက်နှာမကောင်းကြ။

ဒေါ်နန်းဝိုးတစ်(ပ)က အိမ်ပေါ်မှ ဆင်းလာသည်။ ခြံထဲမှ ...ဘ်ရိကားကြီးဘေးတွင် ရပ်နေကြသော သူတို့ထံသို့ လျှောက်...ာရင်း...

"ဘယ့်နှယ့်လဲဟင်"

"မလာသေးဘူး"

"ဒီတစ်ခါမျှားသလား"

"ဘယ်အစင်းကို ဖမ်းမှန်း မသိသေးဘူး"

ဦးစစ်ရီက မျက်နှာပျက်လွန်းနေသည်။ တရုတ်စပ်မို့ အသား...ဖြူ...ခြင်းနေရသည့်အထိ သွေးရောင်လွှမ်းနေသဖြင့် နီရဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်စိုးထွန်းက ဘာလို့ လိုက်မသွားတာလဲ"

ဒေါ်နန်းဝိုးတစ်(ပ)က မေးလိုက်သည်။ ကိုစိုးထွန်းမှာ သူ့အစ်ကို စိုင်းစံတစ်(ပ)၏တပည့် မန်နေဂျာမို့ မေးလိုက်မိခြင်းပါ။

"ကျုပ်ခေါ်ထားလိုက်တာပါ"

ဦးစစ်ရိုက ဝင်ဖြေသည်။ သူ့လေသံက မာနေပါ၏။ သူ စိတ်စောနေသည်။ သူ့ပစ္စည်းများအတွက် ပူပန်စိတ်ဖြင့် သူ့ရင်မှာ ပူလောင်နေပေသည်။

"ဒီအလုပ် လုပ်နေတာ ကြာပြီ၊ ခုတလောကို တစ်စင်းပြီး တစ်စင်း မိနေတာ"

ကိုကျင်စိမ်း၏စကားကြောင့် ဦးစစ်ရို၏ မေးကြောကြီးများ ထောင်လာအောင် သူ ကြိတ်၍ အံကြိတ်လိုက်သည်ကို ကိုစိုးထွန်းက ရိပ်မိလိုက်ပါ၏။

ဒေါ်နန်းဝိုးတစ်(ပ်)သည် သူ့အစ်ကိုနှင့် သူ့ခင်ပွန်းတို့ကို လူမှုရေး စီးပွားရေးပိုင်းတွင် ရေ(စ)တွေးရင်းနှီးစွာ ဆက်ဆံစေလိုရာသည်။

စီးပွားရေးပိုင်းတွင် ဦးစစ်ရိုက ပိုမို၍ အကွက်မြင် ကျင်လည်သည်သို့ပင်။

ဦးစိုင်းစံတစ်(ပ)မှာလည်း လူမှုရေးပိုင်းတွင် ဝင်ဆန့်သည်။ သက်ဆိုင်ရာ... သက်ဆိုင်ရာများစွာနှင့် ပြေလည်ရင်းနှီးအောင် ပေါင်းသင်းတတ်သူပါ။

ဦးစစ်ရိုက တရုတ်သွေးစပ်သူ ဖြစ်နေပါ၍ အထက်အောက် မပေါက်ရောက် မဝင်ဆန့်။ စကားပြော ပြေပြစ်သူလည်း မဟုတ်ပါ။





ဒေါ်နန်းဝိုးတစ်(ပ)က သူ့ခင်ပွန်း၏ အရိပ်အခြည်ကို ကြည့်ပြီး...

"ဒုက္ခပါပဲ၊ ဒီတစ်ခါ တော်တော်များသလား ကိုစစ်ရို"

"အင်း"

ကိုစိုးထွန်းက ဦးစစ်ရိုကို ကြည့်လိုက်သည်။ သူတို့ မျက်ဝန်းချင်းသာ ဆုံကြသည်။ ဘာမှ စကားမပြောဖြစ်ကြ...

ကိုကျင်စိမ်းကမူ ကိုစိုးထွန်းကို ရူးရူးဝါးဝါး စိုက်ကြည့်ပြီး ငေးနေကြရာနှင့် မဝေးလံလှသော သစ်တုံးတစ်ခုပေါ်တွင် သွားထိုင်နေပါ၏။

"ဟုတ်ပါရဲ့...ခုတလော လုပ်သမျှ အရင်းပြုတ်သွားတာ များနေပါလား။ ဒီဘက်က မိပေမယ့် အစ်ကိုကြီးတွေ လွတ်နေတော့ တစ်ဖက်ကတော့ တော်သေးတာပေါ့လေ"

"ကျွန်တော်တို့လည်း မိတဲ့အခါ မိတာပါပဲ ဒေါ်ဒေါ်ရာ"

"အေး...ဒါပေမယ့် မောင်စိုးထွန်းတို့ ပစ္စည်းက နည်းလို့ တော်သေးတာပေါ့၊ ငါ့အစ်ကိုနဲ့ ငါ့တူမတွေ တူတွေ ပစ္စည်းလွတ်သွားတာ၊ တကယ်ပဲ ဝမ်းသာပါတယ်။ တို့မှာသာ ဟိုတလောက အဖြစ်များ..."

"တော်စမ်းပါ...မနန်း"

ဦးစစ်ရို၏ စကားကြောင့် အားလုံး တိတ်ဆိတ်သွားကြသည်။

တလောဆီက ခံလိုက်ရသောအဖြစ်များကို ဦးစစ်ရိုမှာ ပြန်၍ပင် မကြားချင်ရှာတော့ပါ။ သူ့ဘဝအတွက် မနန်းဘဝအတွက်၊ မနန်း၏ ချစ်လှစွာသော ဟိုဘက်အိမ်မှ မိသားစုများဘဝအတွက်ပါ။ တစ်သက်စာ အေးငြိမ်းရပါတော့မည်ဟု ထင်မှတ်မျှော်လင့်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော အရာသည်...

သမုဒ္ဒရာရေအောက်သို့ ရောက်ရှိသွားသည်သို့ပင်...နစ်နာချက် ဆုံးရှုံးချက်က ကြီးမားလွန်းခဲ့ပါသည်။

ဦးစစ်ရီမှာ ရူးမတတ်ပါ။

တခြား ဘာမျှ စိတ်မဝင်စားတတ်ပါဘဲ စီးပွားရေးကိုသာ အဓိကထား၍ ရှာဖွေတတ်ရှာသော ခင်ပွန်းသည် ဦးစစ်ရီ၏ စိတ်ဒုက္ခကို မနည်း တရားချခဲ့ရသည်။

"ဟော...လာပြီ ပြန်လာပြီ"

ကိုကျင်စိမ်းက အလန့်တကြား ထအော်သည်။ တစ်ဖက်ခြံမှ ဂျစ်ကားသည် သည်ဘက်ခြံသို့ တန်းတန်းမတ်မတ် ဝင်လာသည်။

ဦးစိုင်းစံတစ်(ပ) ကိုယ်တိုင်မောင်းနှင်လာခြင်းပါ။

"ဘယ်နှယ့်လဲဟင်...ဘယ့်နှယ့်လဲ၊ ဘယ်ကားကို မိသွားတာတဲ့လဲ"

ဒေါ်နန်းဝိုးတစ်(ပ)က မောင်နှမအရင်းချင်းမို့ အရင်ဦးစွာ အမောတကော မေးလိုက်သည်။

"ကားကြီးပဲ၊ ကိုစစ်ရီ အတော်များမလား"

ဦးစိုင်းစံတစ်(ပ)က တည်ငြိမ်စွာ အကဲခတ်ရင်း ဦးစစ်ရီကို ကြည့်ပြီး မေးလိုက်သည်။

ရင်တွင်းစိတ်ကို ထိန်းချုပ်နိုင်ခြင်းနည်းသော ဦးစစ်ရီ၏မျက်နှာမှာ သက်သာရာရသွားသည့် အသွင်သဏ္ဌာန်က ချက်ချင်းလို ပေါ်လွင်လာသည်။





"ကားသေးမှာ အဖိုးတန်တွေ များတယ်ပေါ့ ဟုတ်လား"

"အင်း...မ...မဟုတ်ပါဘူး၊ ကားကြီးမှာက ပစ္စည်းတွေ ပိုပြီးပါတာပေါ့"

ဦးစိုင်းစံတစ်(ပ)က စစ်ဆေးရေးမှူးတစ်ဦးလို သူ၏ယောက်ဖဖြစ်သူကို ကြည့်လိုက်သည်။ ဦးစစ်ရီက ဦးစိုင်းစံတစ်(ပ)တို့ အပေါ်တွင် ထာဝရနှိမ့်ချလေးစားစွာ ဆက်ဆံတတ်ပါ၏။

ဦးစိုင်းစံ(ပ)တစ်မှာဖြင့် ဦးစစ်ရီကို တွေ့လေတိုင်း ပြုံးရယ်ခြင်း ကင်းလောက်အောင် တည်ကြည်မှုန်ကုပ်သော မျက်နှာသွင်ပြင်နှင့် စကားပြောလေ့ရှိပါ၏။

"ဒီတရုတ် လုပ်လိုက်ရင် ငါမလိုက်ရဘဲနဲ့ကို မပြီးဘူး"

ဆိုသော အမူအရာမျိုး ပေါ်လွင်နေအောင် ကိုစိုးထွန်းနှင့် ကိုကျင်စိမ်းတို့ကို ပြနေသည်သို့ပါပင်။

"ဘယ်လိုလဲ...ပြန်ရွေးမလား၊ လွှတ်မလား"

"ကျွန်တော် မစဉ်းစားတတ်သေးဘူး၊ ကျင်စိမ်းနဲ့ တိုင်ပင်ဦးမယ်"

"ကြိုက်သလိုလုပ်လေ၊ ကားလေးကရော"

"ဒီတိုင်းဆို အခြေအနေကြည့်ပြီးမှ မြို့ထဲဝင်မယ်ထင်တယ်"

ကျိုင်းတုံမြို့ဝင်ဂိတ်မှာ ဖမ်းဆီးခံရသော ကားကြီးကိစ္စကို ဦးစစ်ရီ ရုတ်တရက် မဆုံးဖြတ်တတ်နိုင်သေး။ တော်ပါသေးရဲ့၊ ကားလေးက ဖမ်းနေသည့်သတင်းကြား၍ ဝင်မလာသေးဘူးထင်ပါရဲ့။

"ခင်ဗျား ဆုံးဖြတ်ပြီးရင် ကျုပ်လာပြောလေ၊ ကဲ...ကိုစိုးထွန်း၊



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်း ဟိုဘက်ခြံပြန်လာခဲ့၊ ငါ ဒီအပေါက်ကပဲ လမ်းလျှော... ပြန်တော့မယ်"

"ဟုတ်ကဲ့ ဦးလေး"

"ဪ...လက်ထဲက ဘာထုပ်လဲ ဟင်"

ဒေါ်နန်းဝိုးတစ်(ပ)မှာ သူ့အစ်ကိုနှင့် သူ့မင်ပွန်းတို့ အလွန်... လည်စေချင်သူပါ...

စကားအဖြစ်နှင့် နှုတ်ဆက်သောသဘော မေးလိုက်ခြင်းပါ...

"ပိုလာရွိုက်ကင်မရာ Polaroid Camera နဲ့ SX-70 ဖလင်တွေ..."

"ဘာ...ဘာကင်မရာ"

"ဪ...ပိုလာရွိုက်လို့ ခေါ်တယ်၊ အခုရိုက်ရင် အခု တစ်... တည်း ရောင်စုံပုံထွက်လာတယ်"

"အဆန်းပဲနော်"

"ဖလက်ရှ်ကန်းဆိုတဲ့ လျှပ်တစ်ပြက်မီးပါ တွဲထားတယ်"

"ဒါဖြင့် ညဘက်တွေ အမှောင်တွေထဲမှာလည်း ရိုက်လို့ရ... ပေါ့နော်"

"ဟုတ်တယ်"

"အစ်ကိုဝယ်လာတာလား"

"မယ်ဆိုင်ဘက်ကို မှာလိုက်တာ၊ နန်းချယ်ရီဖို့ပါ"

"ဟင်..."

"ဒီကင်မရာက ပုံမြင်ရင် ရိုက်ချလိုက် 'တီ'ဆိုပြီး အသံ... မြည်ပြီး ထွက်လာတာ။ တစ်ခါတည်း ကူးပြီး ဆေးပြီးသား၊ သုံးမိ...





အတွင်းမှာ ရောင်စုံပုံထင်လာတာပဲ"

"ဟန်ကျတာပေါ့"

"နန်းချယ်ရီ ပျင်းနေမှာစိုးလို့ သူ့ကို ဝယ်ပေးချင်တာနဲ့ ဟိုနိုင်ငံကို လှမ်းမှာလိုက်တာ၊ သွားမယ်"

ဦးစိုင်းစံတစ်(ပ)၏ နောက်ပိုင်းကို ဦးစစ်ရီက ငေးကြည့်နေသည်။ ဒေါ်နန်းဝိုးတစ်(ပ)နှင့်အတူ ကားပေါ် ရောက် ကိုစိုးထွန်းနှင့် သစ်တုံးပေါ်မှ ကိုကျင်စိန်တို့ကလည်း ကြည့်နေကြသည်။

"နန်းချယ်ရီ ပျင်းနေမှာ စိုးလို့ ရောင်စုံကင်မရာဆန်းလေး တစ်လုံး ဝယ်ပေးတယ်ဆိုပါလား"

သန္တာပုစ္ဆာတစ်ခုမှ အဖြေမှန်ကို ပြိုင်တူရသွားကြသည်သို့ပင် လေးယောက်လုံး၏ ရင်မှာ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ တစ်ဆယ့်သုံး ။

"မနှင်းပွင့်ကို ဥပေက္ခာပြုထားရက်တယ်လို့ ထင်မှာပဲနော်"

"မထင်ပါဘူး ခမ်းမွှန်ရယ်...မထင်ပါဘူး။ ကိုယ့်ဒုက္ခနဲ့ကိုယ်ပါလေ။ ရှိပါစေသူငယ်ချင်းရယ်၊ ခုလာတာ ဘာကိစ္စလဲဟင်"

"ဘာကိစ္စမှ မရှိပါဘူး"

"အို...ဒါဖြင့် မလာနဲ့လေ၊ သူတို့မကြိုက်ဘဲ နေဦးမယ်"

"ရပါတယ်...အစ်ကို စိုင်းချမ်းမြ လာမယ်ဆိုလို့ လေယာဉ်ကွင်းသွားကြိုကြတယ်။ ဖတ်(စ်)ထရစ်(ပ)မှာ မပါဘူးထင်တယ်။ မလာကြဘူး၊ နောက်တစ်ခေါက်မှဆိုရင် နှစ်နာရီခွဲလောက်မှ ရောက်မှာပါ"

"စိုင်းချမ်းမြလာမယ်လား"

"သန်ဘက်ခါအတွက်လေ"

နှင်းပွင့်ဦး၏ မျက်ဝန်းမှာ မျက်ရည်များ ရစ်ဝိုင်းလာသည်။

သြော်...သန်ဘက်ခါမှာ ချစ်လှစွာသော ကိုကိုစိုင်းကြည်မြကို ပထမဆုံး ရုံးထုတ်စစ်ဆေးတော့မည့်နေ့...





"မနှင်းပွင့် လိုက်ခဲ့မယ် မဟုတ်လား"

ဖြည်းလေးစွာ ခေါင်းယမ်းပြမိသည်။

"နှင်းပွင့်ကို မြင်ရင် ကိုကို အရင်တစ်ခါလို ခံစားသွားရမှာစိုးလို့ပါ"

"အိုကွယ်"

"ခမ်းမွှန်ရယ်...နှင်းပွင့် ကိုယ်မှာ ရခဲ့တဲ့ ဒဏ်ရာတွေကို နည်းနည်းလေးမှ အရေးမထားမိပါဘူး။ အကျဉ်းအကျပ် အချုပ်အနှောင်ထဲက ကိုကိုရဲ့ ဘဝကိုပဲ သနားလို့ မဆုံးနိုင်အောင် ရှိနေရပါတယ်ကွယ်"

နှင်းပွင့်ဦး ငိုမိသည်။

အထီးကျန်ဘဝထဲသို့ ဝင်လာသော ညှို့သည်ထံ ရင်ပွင့်စကားလေးများ ဆိုတတ်ကြစမြဲပါ။

သူ့အကြောင်းနှင့်သူ လာခဲ့သော နန်းခမ်းမွှန်မှာ နှင်းပွင့်ဦးငိုနေသည်ကို ငေးကြည့်နေမိသည်။

"ကိုကိုရဲ့ ဘဝကိုပဲ သနားလို့ မဆုံးနိုင်အောင် ရှိနေရပါတယ်ဆိုပါလား"

သနားကြင်နာစိတ်များသည် နှင်းပွင့်ဦးပေါ်တွင် ရှိနေသော၊ သစ္စာမဲ့ခြင်းအမြင်များကို လွင့်စဉ်အောင် နှင်ထုတ်နေပါချေပြီ။

"မငိုပါနဲ့ မနှင်းပွင့်ရယ်၊ ခမ်းမွှန်လေ မနှင်းပွင့်ဘာတွေပဲဖြစ်ဖြစ် သနားနေရသူပါကွယ်"

"နှင်းပွင့် ဘာတွေမှ မဖြစ်ခဲ့ရပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မနှင်းပွင့် ဘာကိုပြောတာလဲဟင်"

"အို...ဘာ...ဘာမှ မဟုတ်တော့ဘူး၊ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး နှင်းပွင့် ဘာမှမရှင်းပြရစေလားကွယ်"

"မနှင်းပွင့်သဘောပါ၊ ပြောရင်လည်း နားထောင်ဖို့ အသင့်ပဲ။ ကူညီနိုင်စရာရှိရင်လည်း ခမ်းမွန် ကူညီပေးမယ်လေ"

"ဒီလောက်ကြားရတာပဲ အားတက်လှပါပြီကွယ်၊ နှင်းပွင့်ရဲ့ဘဝကတော့ နွံနစ်နေသူပါ။ လှုပ်လေမြုပ်လေမို့ ခုနေအခါမှာ ဘာမှ မပြောတာ အကောင်းဆုံးပါပဲခမ်းမွန်ရေ"

နန်းခမ်းမွန်မှာ နှင်းပွင့်ဦးကို ဖက်တွယ်မိသည်။ မျက်ရည်များ သုတ်ပေးမိသည်။ သူ့အကြင်နာလက်ကလေးများသည် ချစ်သူငယ်ချင်း၏ ရင်ကို အေးမြနိုင်ပါစေသား။

"ကဲပါလေ...ဒီအကြောင်းတွေ ခဏဖြစ်ဖြစ် မေ့ထားလိုက်ကြ ရအောင်ပါ။ ခမ်းမွန်တို့ အရင်လိုပဲ တခြားစကားတွေ ပြောကြ အောင်ပါနော်"

"အားငယ်နေချိန်မှာ အားဖြည့်ပေးတဲ့အားဆေးအဖြစ်နဲ့ ခမ်းမွန်ရဲ့ စကားတိုင်းကို လေးစားစွာ နာယူပါ့မယ်၊ ပြောပါ ခမ်းမွန်ရယ်"

"ခမ်းမွန်နဲ့ အပြင်လေးဘာလေး ထွက်လည်မလားဟင်"

"မသွားချင်ဘူးကွယ်"

"နောင်တုံ့ဘက်ကို တစ်ညနေလောက် လမ်းလျှောက်ကြ အောင်လား"





"လူတွေရဲ့ စက်ဆုပ်တဲ့အကြည့်ဒဏ်ကို နှင်းပွင့်မခံယူရဲဘူး၊ င်မဆိုင်ချင်ဘူး"

"ဒီအခန်းလေးထဲမှာပဲ အနေကြာရင် အားငယ်တဲ့စိတ်ရောဂါ ဘောင် ဝင်လာနိုင်တယ်နော်။ သတိထားပါနှင်းပွင့်ရယ်"

"ကျေးဇူးတင်ပါတယ် ခမ်းမွန်...နှင်းပွင့်အားတော့ ငယ်တာပေါ့ လေ။ ဒါပေမယ့် မျှော်လင့်ချက်ဆိုတဲ့ အရာလေးတော့ ရှိနေပါသေး ယ်"

"ဘာမျှော်လင့်ချက်လဲဟင်"

"ကိုကို အမျက်ပြေလာစေမယ့် မျှော်လင့်ချက်ပါ"

"ဟင်..."

"အဲဒီနေ့ဟာလည်း တဖြည်းဖြည်း နီးကပ်လာပြီလို့ ထင်ပါ ယ်"

"အဲဒီလို ဘာကြောင့် ပြောနိုင်ရတာလဲ၊ မနှင်းပွင့်ရဲ့ အဖြစ်မှန် ကို ပြောမပြနိုင်ဘူးလားဟင်"

"ပြောပြနိုင်ပါတယ်...ဒါပေမယ့်...ပြောမပြချင်သေးဘူး၊ မျှော် င့်တယ်ဆိုတာကတော့လည်း...၊ အို...ဒါလည်း ခမ်းမွန်မသိချင်ပါ ဦးလေ၊ ခုနေတော့ နှင်းပွင့်အတွက် ဘုရားပဲ အားထားစရာ ရှိပါ ယ်။ ဘုရားရှင်ထံမှာ လိုချင်သောဆုကို သစ္စာဆိုပြီး တောင်းထား တယ် ခမ်းမွန်"

"ပြည့်ဝပါစေ သူငယ်ချင်းရယ်၊ ခမ်းမွန်လည်း ဝိုင်းဆုတောင်း တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ...နှင်းပွင့်ရဲ့ ပြဿနာကို ရပ်တန့်ပါစေတော့။ ခမ်းမွန်ဆီက ဘာစကားမျိုးပဲဖြစ်ဖြစ် နှင်းပွင့်နားထောင်ချင်ပါတယ်"

"ခမ်းမွန်ကလည်း အိမ်မှာ ဘယ်သူမှ မရှိတုန်း မနှင်းပွင့်ကိုလည်း အားပေးချင်တာ ပထမပါ။ ဒုတိယက ခမ်းမွန်အကြောင်းလေးတွေလည်း ပြောချင်လို့ပါ။ ပြောစရာဆိုလို့လည်း မနှင်းပွင့်ပဲရှိတယ်လေ"

"ပြောပါ။ ဘာအကြောင်းလဲဟင်"

နန်းခမ်းမွန်က လှပစွာ ပြုံးလိုက်သည်။ မေတ္တာရည် ဝင်နေသော နှလုံးသား၏ စေစားရာ အပြုံးလေးမို့ လန်းဆန်းသစ်လွင်လှသည်။ တောက်ပ ရွှန်းလက်လာသည်။

"ခမ်းမွန်မှာ ချစ်သူတွေ့နေပြီလား"

"အို...မနှင်းပွင့် ဘယ်လိုလုပ်သိလဲ"

"ခမ်းမွန် ပြုံးပုံမျိုး ကိုကိုနဲ့ စတင်ဆုံရစဉ်က နှင်းပွင့်ပြုံးခဲ့ဖူးလို့ပါ"

"အို...ဟို...ဟို..."

သူနိုးမလေး လူမိသွားပြန်တော့ ရယ်ရှာသည်။

"ဗမာသိပ်ဆန်တဲ့ မွန်အမျိုးသားတစ်ယောက်ကို ခမ်းမွန် စိတ်ဝင်စားနေမိပြီ"

"ဟုတ်လား...ဘယ်ကလဲ"

"သူ့ဇာတိက မော်လမြိုင်တဲ့။ သူလေ...ခမ်းမွန်ကို သိပ်ပြီး လွှမ်းမိုးနိုင်တာပဲကွယ်။ သူ့ရဲ့ အင်အားတွေကို ခမ်းမွန် မပြိုင်နိုင်ဘူး။





သူ့ဆွဲငင်နိုင်စွမ်းအားကို ရုန်းကန်နိုင်တဲ့ အင်အားမရှိတော့ပါဘူး၊ ခမ်းမွန် သူ့ကို ချစ်နေမိပြီ"

"သူဆိုတာ ဘယ်သူများလဲကွယ်"

"တလောကတောင် မနှင်းပွင့်နဲ့ ဆုံမိကြသေးတယ်။ မိတ်တော့ ဆက်မပေးမိဘူး"

"နှင်းပွင့်နဲ့ ဆုံတယ်"

"ဟုတ်တယ်"

"သူ့နံမယ်က ဘယ်သူတဲ့လဲဟင် ခမ်းမွန်"

"မင်းအာကာအောင်တဲ့"

"ဟာ..."

"ဘာဖြစ်လို့လဲ၊ မနှင်းပွင့်သိလို့လားဟင်"

"အို...ဘယ်...ဘယ်သိပါ့မလဲ"

"အင်းပေါ့နော်"

"ကိုစိုးထွန်းပါ ဆုံတဲ့နေ့က မဟုတ်လား"

"ဟုတ်တယ်။ မနှင်းပွင့် သူ့ကို သတိထားလိုက်မိသလားဟင်..."

"ဟို... သိပ်... သိပ်တော့ သတိမထားမိပါဘူး၊ လူချော တစ်ယောက် ဆိုတာလောက်ပဲ"

"အစစ်ပေါ့။ ပုံစံကတော့ အပြတ်မိတယ်။ ဟောလိဝုဒ်က မင်းသားတွေရဲ့ ဟန်မျိုးလိုပဲ။ ခပ်တည်တည်နဲ့ တကယ်သားနားတယ်"

"ကိုယ့်အမျိုးသားကို ချီးမွမ်းလှချည့်လား ခမ်းမွန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်ဦးပင် ပြုံးမိလာပါသည်။

"ကိုအာကာအောင်တစ်ယောက် နန်းခမ်းမွှန်ကို တကယ်ပဲ ချစ်သွားတာလား။ ၎င်းအတွက် သတင်းရအောင်...ဒီနှင်းပွင့်မြို့င်ထဲ ဝင်နိုင်ခွင့်ရဖို့ ကြိုးစားတာများလား"

"သူကလေ...သိလား၊ ခမ်းမွှန်က ချမ်းသာတယ်၊ သူက မွဲတယ်တဲ့။ တောင်ပေါ်နဲ့ မြေပြန့်လို ဘဝအဆင့်အမြင့်တွေက ကွာခြားနေပါတယ်တဲ့"

"ဟုတ်လား"

"ဒီတော့ ခမ်းမွှန်က ပြောလိုက်တာပေါ့။ မြေပြန့်မှာ သာတာလည်း ဒီလပဲ၊ တောင်ပေါ်မှာ သာတာလည်း ဒီလပါပဲလို့..."

"ဟင်..."

"ခမ်းမွှန်လေ သူ့ကို သနားတယ်ကွယ်။ ဒါကြောင့် ဒီလို ပြောလိုက်မိတာ သိလား"

"အင်း...အင်း..."

"ခမ်းမွှန်များ အဖြေစောသွားပြီလားမသိ"

နှင်းပွင့်ဦး ပြုံးနေလိုက်မိသည်။

"ခမ်းမွှန်ကတော့ ရှင်းရှင်းသမားဆိုတာ မနှင်းပွင့်လည်း အသိပဲလေ"

"ဟုတ်ပါတယ်"

"ခမ်းမွှန်နားမှာ သူ အမြဲရှိနေတယ်။ ခမ်းမွှန်ရဲ့ အသည်းနှလုံးထဲမှာလည်း သူအမြဲခိုဝင်နေပြီ။ ခမ်းမွှန်ရဲ့အမြင်အတွေးတွေထဲမှာလည်း သူ အမြဲ စိုးမိုးနေပြီလေ၊ ဒါကြောင့် ခမ်းမွှန်ကိုယ်ခမ်းမွှန် သာမနေချင်တော့ဘူး။ ခမ်းမွှန်လေ ကိုအောင့်ကို သိပ်ချစ်နေမိပြီသည်"

နန်းခမ်းမွှန်ကို လန့်သွားသလို ကြည့်လိုက်မိပါသည်။

ကိုယ့်ကိစ္စအတွက် နှင်းပွင့်မြို့င်သို့ ဝင်နိုင်ခွင့် ရရှိရန်များ ကိုအာကာအောင်တစ်ယောက် တစ်ဖက်လှည့်နှင့် ကြိုးစားနေလေသလား။

ရိုးသားလွန်းရှာသည့် သူငယ်ချင်း နန်းခမ်းမွှန်၏ မေတ္တာဦးကို ...ရဲ့ အသည်းနှလုံးနဲ့ ခံယူဖြစ်ပါစေ။

နန်းခမ်းမွှန်လေး တကယ်ချစ်နေသလို သူ့ဘက်ကလည်း တူညီသော တုံ့ပြန်မှုများ ရှိဖြစ်ပါစေဟု နှင်းပွင့်ဦးမှာ မရွံ့မရဲနှင့်ပင် ဆုတောင်းလိုက်မိပါသည်။

သြော်...ချစ်တတ်ကြသူ...ချစ်နေကြသူတို့၏ ရင်တိုင်း အေးမြငြိမ်းချမ်းကြပါစေသတည်း။

"မနှင်းပွင့် ဘာတွေ စဉ်းစားနေတာလဲ"

"မစဉ်းစားပါဘူး။ ဆုတောင်းပေးနေတာပါ"

"ဘာဆုတောင်းပေးတာလဲ"

"သြော်...ခမ်းမွှန်တို့ ချစ်သူနှစ်ဦး ထာဝရ ချမ်းမြေ့ကြစေဖို့ပေါ့"

"တကယ်လား မနှင်းပွင့်ရယ်၊ တောင်းတဲ့ဆုနဲ့ ပြည့်ဝရပါစေသားကွယ်"

မေတ္တာခိုဝင်နေသော နန်းခမ်းမွှန်၏ မျက်နှာလေးမှာကြည်လင်







www.burmeseclassic.com

www.burmeseclassic.com

ရှုန်းပနေရှာသည်။

ထိုစဉ် အခန်းပြင်မှ လူတစ်ယောက်အရိပ် ပေါ်လာသည်။

ကိုစိုးထွန်းပါလား...

သူက ပိတ်ထားသော သံဆွဲတံခါးရှေ့မှ ခပ်တည်တည်ပင်
လျက်...

"ဦးလေး စိတ်မချမယ်ဆိုရင်လည်း မချစရာပဲ။ ခမ်းမွန်က ဒီ
ဘာလာလုပ်နေတာလဲ"

"အိုး...ဘာလုပ်ရမလဲ၊ စကားပြောနေတာပေါ့"

"အဲဒီလို စကားပြောဖြစ်မှာစိုးလို့ ကျွန်တော့်ကို လေယာဉ်ကွ
ကနေ ပြန်လွှတ်ပြီး ကြည့်ခိုင်းလိုက်တာ"

"အို"

"ဦးလေးရော၊ မချယ်ရီရော၊ စိုင်းချမ်းမြပါ နန်းခမ်းမွန် ဒီနေ
မှာ ရှိနေတာကို ကြိုက်နှစ်သက်ကြမှာ မဟုတ်ဘူး"

ကိုစိုးထွန်းက နမ်းးမွန်သို့ ပြောသည်မှန်သော်လည်း
အကြည့်က နှင်းပွင့်ဦးထံမှာ။

နန်းခမ်းမွန်မှာ သူ့အိမ်သားများ မကြိုက်သည့်နေရာ၊ မကြို
သည့်သူနှင့် စကားပြောနေမိခြင်းအတွက် ကိုစိုးထွန်းအပေါ်တွ
မကျေနပ်သော်လည်း ဘာမှ ပြန်မပြောရဲရှာပါ။

"ကိုယ့်အစ်ကိုတစ်ယောက်လုံး လူသတ်သမားဘဝကို ရော
စေတဲ့ မိန်းမပေါ် ခမ်းမွန် စိတ်မနာနိုင်ဘူးလားဗျာ၊ ကျွန်တော်
တော့ ကျွန်တော့်အစ်ကို သူ့ကြောင့် မရှုမလှသေရတာကို သိ





ိတ်နာတာပဲ၊ သိပ်မုန်းတာပဲ"

ကိုစိုးထွန်းက သံတံခါးကို လက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်
ရင်း ပြောနေသည်။

"အို...ဘယ်သူမုန်းမုန်း ခမ်းမွန်တော့ မမုန်းနိုင်ဘူး"

"တော်ပါ ခမ်းမွန်ရယ်၊ ပြောပါစေကွယ်...ပြောပါစေ၊ ကဲ...
ကဲ... ပြန်ပါတော့ သူငယ်ချင်းရယ်၊ တော်ကြာ လေယာဉ်ကွင်းကပြန်
ာကြရင် ပြဿနာတွေ ပိုပြီး ကြီးများလာပါဦးမယ်၊ သွားတော့
နော်"

မပြောသာမနေသာ၍ ကြင်နာစွာ ကြည့်ပြီး နန်းခမ်းမွန် ပြန်
သွားရှာသည်။

ကိုစိုးထွန်းကမူ သူနောက်ဘက်သို့ လှည့်မပြန်မီအထိ နှင်းပွင့်
ဦးသို့သာ စူးစူးစိုက်စိုက်ကြည့်သွားသည်။

သူ့မျက်ဝန်းများအတွင်းမှ အမုန်းများ အငြိုးများသည် နှင်း
ပွင့်ဦး၏ အကျဉ်းစံအခန်းလေးတွင်းမှာ ကြွေကျကျန်နေရစ်ခဲ့လေ
သလားပင်။

နှင်းပွင့်ဦးမှာ အားလုံးသော...အားလုံးအတွက် ကြေကွဲမှုများ
သည်သာ နောက်ဆုံးသော ရရှိခြင်းအဖြစ်နှင့် ကျန်ရစ်ခဲ့ရပါတော့
သတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ တစ်ဆယ့်လေး ။

နှင်းပွင့်မြိုင်အတွင်းမှာပင် ရှုပ်ထွေးသော ပြဿနာရပ်များ ဖြစ်သည် မှန်ပါသော်လည်း...

နှင်းပွင့်မြိုင်ကိုချည်း အာရုံစိုက်နေ၍ မဖြစ်သေးပါ။

နှင်းပွင့်မြိုင်နှင့် သူ့လူများ၏ နောက်ကြောင်းရာဇဝင်များကို တစ်ယောက်ချင်း ခြေရာခံရပါမည်။

ဦးစိုင်းစံတစ်(ပ)မှအစ စိုင်းချမ်းမြ၊ နန်းချယ်ရီ၊ ကိုစိုးထွန်း ဦးနွဲ့ဆိုက်နှင့် အိုက်ဆော့တို့ကိုသာ လိုက်ရုံနှင့် မပြီးသေး။

တစ်ဖက်ခြမ်းမှ ဦးစစ်ရီ၊ ဒေါ်နန်းပိုးတစ်(ပ)နှင့် ကိုကျင်စိမ်းတို့ လည်း လျစ်လျူရှု၍မရ၊

နောက်ဆုံး သေဆုံးပြီးခဲ့သူ ကိုလွင်မောင်နှင့် ထောင်တွင်း စိုင်းကြည်မြတို့၏ ကိုယ်ရေးရာဇဝင်ပါ ချန်လှပ်ထား၍ မဖြစ်ပါ။

မင်းအာကာအောင်မှာ တစ်ယောက်ချင်း၏ ကိစ္စများကို လို ခဲ့ပြီးပါပြီ။





အားလုံးထဲတွင်ဖြင့် အရိုးသားဆုံး နန်းခမ်းမွန်လေးသည်သာ ဖြူရောင်သက်သက် ဖြစ်နေရှာပါ၏။

သူတို့အားလုံးတွင် တစ်ယောက်ချင်းစီတိုင်းသည် သံသယဝင် ရာ အချက်အလက်လေးများစွာနှင့်သာပါ။

နန်းခမ်းမွန်တို့၏ မိခင်မှာ ပွဲဝင်မယားကြီး ဖြစ်သော်လည်း န်းချယ်ရီ၏ မိခင်မှာ တရုတ်ကပြား တိတ်တခိုး ဇနီးမယား ဖြစ်ပါ

နန်းချယ်ရီ၏ မိခင်က အရင်ဦး သေဆုံးနှင့်သဖြင့် နန်းချယ်ရီ ယ်စဉ်ကပင် နှင်းပွင့်မြိုင်သို့ ခေါ်တင်ထားပြီးမှ နန်းခမ်းမွန်၏ င်နှင့် ဖခင်တို့ ကွယ်လွန်ခဲ့ကြသည်။

ဒေါ်နန်းပိုးတစ်(ပ)နှင့် ဦးစိုင်းစံတစ်(ပ)တို့မှာ နန်းခမ်းမွန် မိခင်၏ မောင်အရင်းနှင့် ညီမအရင်းသာ ဖြစ်ပါ၍...

နန်းချယ်ရီနှင့် မည်သို့မျှ မတော်စပ်ပါ။ နန်းခမ်းမွန်၊ စိုင်းကြည် စိုင်းချမ်းမြတို့နှင့်သာ ဖအေတူ မအေကွဲမောင်နှမရင်းများ ဖြစ် ပါလျက်...

"ဦးစိုင်းစံတစ်က နန်းချယ်ရီအပေါ်မှာ ဘာကြောင့်များ ဒီ ဘက် ဂရုစိုက် အရေးထားနေပါလိမ့်"

"နန်းချယ်ရီ အပျင်းပြေရိုက်ကူးရန် ပိုလာရွိုက်ကင်မရာတစ်လုံး ကြောင့်များ လက်ဆောင်ဝယ်ပေးရပါလိမ့်"

ယင်းမေးခွန်းများသည် အာကာအောင်၏ အာရုံတွင်းဝယ် ဝဲ သို့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အချက်အလက်များအားလုံး စုဆောင်းပြီးပါပြီ။

တစ်နေရာမှ လွဲ၍ပါ။

မေးမြန်းထားဆဲ သတင်းတစ်ရပ်သည်သာ သူ့ထံသို့ ရောက်လာပါလျှင် အားလုံး ပြီးပြည့်စုံသလောက် ရှိပါပြီ။

"ဟေး...ကိုအာကာ"

"ဟာ...ကိုနန်းအောင်၊ လာဗျာ...လာ"

အာကာအောင်က ဖိတ်ခေါ်လိုက်သည်။

"ဘာတွေ လုပ်နေလဲ"

"ဂစ်တာလေးလည်း နှခါက်ရင်း အမှုအကြောင်းလေးလည်း စဉ်းစားရင်းပေါ့ဗျာ"

အာကာအောင်က ဂျစ်(ပ)စီရှိတ်(ပ)ဟောလိုးဂစ်တာလေးကို နှံရုံမှာ ထောင်လိုက်ရသည်။ Disco ဘုရင်မ Donna Summner ရဲ့ I feel Love ဆိုသော တေးသံစဉ်လေးများက သူ့ရင်ထဲတွင် တစ်ပိုင်းတစ်စ၊ လက်ကွက်လေးများကိုလည်း မလွှတ်ချင်သေး။

"ခင်ဗျားကတော့ စွယ်စုံပဲ"

"ဘာကိုလဲ"

"သြော်...အနုပညာလည်း ရတယ်"

"မဖြစ်လောက်ပါဘူး"

"ဖြစ်လောက်ပါတယ်ဗျာ၊ အဆိုရော အတီးရောလည်း ရတာပဲ လိဒ်လည်း တော်တော့်ကို ပိုင်နေပြီပဲ။ ပြီးတော့ ခင်ဗျား အမျိုးသမီး ယုံကြည်အောင် ဆိုပြီး ကျွန်တော့်ဆီက မေးပြီး ရေးထားတဲ့...





"သက်ဦးဆံပိုင်များခေတ်က ခေမရဋ္ဌ"

ဆိုတဲ့ စာတမ်းလေးကလည်း အတော်ကောင်းတာပဲ၊ စာအုပ်ထုတ်ရင်တောင် စာပဒေသာဆုလောက်တော့ ချိန်နိုင်တယ်"

"ဟား...ဟား... ကိုနန်းအောင် ဒီနေ့ ဘာဖြစ်တာလဲဗျာ။ လုပ်ပစ် အကိုင်ပစ်နဲ့ ကိုယ့်စရိတ်ကိုယ်စားပြီး လာကူညီနေရတဲ့ ခင်ဗျားကို ကျွန်တော်ကတော့ ဘာမှ မပြုစုနိုင်သေးဘူးနော်"

"မလိုပါဘူးဗျာ၊ ထပ်ချီးမွမ်းဦးမယ်၊ ခင်ဗျားတော်တော် ကစားတာပဲ။ ခုလို ဂျင်းနံ့ဘောင်းဘီရှည်နဲ့ ဘာအင်္ကျီမှ ဝတ်မထားတဲ့ ခင်ဗျားရဲ့ ဘော်ဒီအထက်ပိုင်းက 'ဒါယ်မတ်တာ' ရုပ်ရှင်ထဲက ယူကိုသပ်(ဖ)မင်းသား 'ဗေကဲန်ဖမြူး'အတိုင်းပဲ"

အာကာအောင် ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ စောစောကပင် ကစားထားပြီး၊ ချွေးမတိတ်သေးသဖြင့် ထိုင်နားရင်း ဂစ်တာလေး ခတ်နေမိဆဲ၊ ချီးမွမ်းခြင်း စကားများကို သယ်ဆောင်လာလေသော ရဲအရာရှိ ကိုနန်းအောင်။

"ဘာထူးသေးလဲ"

"တစ်ခါလိုက်ရင် တစ်မျိုးထူးနေတာပဲကိုနန်းအောင်ရေ"

"ချီးမွမ်းပါတယ်ဆိုမှ ထပ်ပြီး ချီးမွမ်းရဦးမယ်၊ တယ်သားနားပါလားဗျ"

"ဘာကိုလဲ"

"ကျိုင်းတုံမြို့ရဲ့ အလှဆုံး ဂုံရှမ်းမလေးကို အပိုင်တွဲပစ်နိုင်တဲ့ ခြေအနေကို ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအာကာအောင် ရယ်နေမိသည်။

"မနှင်းပွင့်ဦးတို့ ကိစ္စပြီးပြေရင်လည်း နန်းခမ်းမွန်ဆိုတဲ့ အပြစ်မဲ့ သားကောင်လေးကို ဘေးမဲ့ပေးခဲ့ပါဗျာ"

"ဘယ်လို"

"ဩော်... ကိုယ်မှာရော၊ အသည်းမှာရော ဒဏ်ရာလေးတွေ မကျန်ရစ်ခဲ့စေချင်လို့ပါ"

"ကိုနန်းအောင် ကျွန်တော့်ကို အထင်လွဲနေပြီ၊ မနှင်းပွင့်ရဲ့ ကိစ္စကို ကူညီဖို့အတွက် နန်းခမ်းမွန်ကို စားစာခံသားကောင်အဖြစ် ကျွန်တော် ဖမ်းချုပ်ထားတာ မဟုတ်ပါဘူး"

"ဟင်..."

"ကျွန်တော် ခမ်းမွန်ကို တကယ်ချစ်တာပါ"

"ဟုတ်ရဲ့လား။ ခင်ဗျားဘေးမှာ မိန်းကလေးတွေ ဝိုင်းနေတာ ကျွန်တော် အသိပဲ"

"ဒါကတော့ အလုပ်သဘောအရရော၊ သူတို့သဘော လိုက်လျောရတာတွေရော ပါပါတယ်"

"ရဲမှာ ကျွန်တော်တို့နဲ့ ပူးပေါင်းပြီး လုပ်တုန်းကလည်း ခင်ဗျား စွံတာပဲ။ အခုလို လုပ်ငန်းရှင်အဖြစ်နဲ့ အပြင်မှာ ကားဝပ်ရှော့နဲ့ ဆားဗစ်ဆင်းလုပ်ငန်း လုပ်တော့လည်း သူဌေးလောင်းလေးအဖြစ်နဲ့မို့..."

"ကဲ...ကိုနန်းအောင် ဒါတွေ ထားလိုက်စမ်းပါဗျာ၊ ခင်ဗျားတို့ရဲ့အနေနဲ့ နောက်ဆုံးရရှိတဲ့ သတင်းလေးသာ သိပါရစေ"





"နောက်ဆုံး သတင်းအရတော့ ဦးစစ်ရီဟာ ဘိန်းဖြူကုန်ကူးနေတယ်လို့ သတင်းရတယ်။ အတိအကျသိရဖို့နဲ့ ဖမ်းမိဖို့ ကြိုးစားနေကြတုန်းပဲ"

"ဒီတရုတ်ကတော့ စီးပွားရေးသမား သက်သက်ပါပဲ။ စိုင်းကြည်မြရဲ့ အခြေအနေရော"

"ကျွန်တော်တို့ သတင်းစုဆောင်းလို့ ရသလောက်တော့ စောစောပိုင်းဆီက ရခဲ့တဲ့ ကောလာဟလသတင်းတွေကို ဘာမှ အခိုင်အမာ မတွေ့ရဘဲ ရိုးရိုးကုန်ပစ္စည်း မှောင်ခိုရောင်းဝယ်တာလောက်ပဲ တွေ့ရပါတယ်။ ပြီးတော့ သူတို့မှာ ခြံတွေယာတွေလည်း အများကြီး ရှိပြီး သီးနှံတွေလည်း ထွက်လေတော့ ငွေမဲချည်းပဲ မဟုတ်တော့ ဘူးပေါ့"

အာကာအောင် တွေဝေနေသည်။

"ဦးစိုင်းစံတစ်(ပ)နဲ့ ပတ်သက်လို့ရော"

"သူ့ကိုလည်း ခြေရာခံနေဆဲပါပဲ။ ခုချိန်ထိတော့ တိတိကျကျ မသိရသေးဘူး"

"အတိအကျဆိုတာက ဖမ်းဝရမ်း ထုတ်နိုင်လောက်အောင် ခရိုက်မှု ခိုင်မာတာကို မတွေ့ရသေးတာလား ကိုနန်းအောင်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ သိရသလောက်တော့ ဦးစိုင်းစံတစ်(ပ)ဟာ အင်မတန်မှ ပြေလည်တဲ့ လူကြီးလူကောင်း တစ်ယောက်ပါပဲ"

"စောင့်ကြည့်ကြသေးတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့...စိုင်းကြည်မြကတော့ သူ့အဖြစ်ကို သူတော်တော် ခံပြင်းနေပုံရတယ်။ သူ့မိန်းမကိုလည်း သူသိပ်ဒေါသထွက်နေတယ်"

"အင်း...အဲဒီသူ့ဒေါသတွေ ပြေငြိမ်းဖို့အတွက် ကျွန်တော်ဟာ ခင်ဗျားတို့ဆီကို အဖြစ်မှန်တင်ပြပြီး အကူအညီတောင်းနေရတာပေါ့ ဗျာ"

"ဒီတိုင်းဆို မနှင်းပွင့်ဟာ သနားစရာပဲဗျာ၊ လူသတ်ထားတဲ့ အခန်းထဲမှာ အပြစ်ပယ်ခံဘဝနဲ့ တစ်ယောက်တည်း နေနေရရှာ တယ်"

"ခေမရဋ္ဌ အကျဉ်းစံမလေးပေါ့"

"ဗျာ"

"ခေမရဋ္ဌ အကျဉ်းစံလေ"

"မှန်လိုက်လေဗျာ...ကျွန်တော်တို့ရဲ့ ကျိုင်းတုံကို 'ခေမရဋ္ဌ'တိုင်း လို့ တင်စားခေါ်ခဲ့တာ လူတိုင်းသိကြတာပဲ။ ဒါကြောင့် ရုပ်ရှင်ရုံ နှစ်ရုံရဲ့ နံမယ်ကိုတောင် ကြည့်ပါလား"

"ကျိုင်းတုံရုပ်ရှင်ရုံ"နဲ့ "ခေမရဋ္ဌရုပ်ရှင်ရုံတဲ့"

"ဟုတ်ပါတယ် ကိုအာကာအောင်။ မနှင်းပွင့်ကို ခင်ဗျား တင် စားတာ တကယ်ပဲ လိုက်ဖက်ပါတယ်"

"ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်းရဲ့ နှမလေးမို့ ချာ တိတ်လေးကတည်းက တွေ့ဖူးနေတာနဲ့ သနားပြီး အကူအညီပေး နေတာပါ"

"သူကိုယ်တိုင်ကလည်း အားကိုးတကြီး မှာယူပြီး အကြောင်းစုံ





ဖွင့်ထားပြီပဲ။ ကျွန်တော်တို့ရဲ့အနေနဲ့လည်း အမြန်ဆုံး အမှုမှန်ကို ဖော်ထုတ်ပေးချင်ပါပြီ"

"ကျွန်တော် သိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"

"ဪ...အရေးကြီးတာ ပြောရဦးမယ် ကိုအာကာအောင်၊ ဒါပြောဖို့နဲ့ ဟောဒါပေးဖို့ ကျွန်တော်ရောက်လာတာပဲ"

"ပြောစရာ အရင်ပြောဦး"

"ခင်ဗျားအကြံပြုချက်နဲ့ ကျွန်တော်တို့ဆရာရဲ့ စေခိုင်းချက် အတိုင်း ကိုလွင်မောင်ရဲ့ အလောင်းကို ပြန်ဖော်ပြီး အစာအိမ်ကို ထုတ်ယူပြီးပြီ"

"ဟာ...ဟုတ်လား၊ ကျွန်တော့်ဘာလို့ မခေါ်လဲဗျာ"

"အလောင်းက ပုပ်ပွနေပါပြီဗျာ...။ မှုခင်းဆရာဝန်နဲ့ပဲ ကျိတ် သုပ်လိုက်ရတယ်။ နှင်းပွင့်မြိုင်က လူတွေလည်း မသိစေရအောင် ပေါ့"

"ဘာတဲ့လဲ၊ ဘာတွေ့လဲဟင်"

"ဓာတ်ခွဲကြည့်ပြီးပါပြီ။ ခင်ဗျားတင်ပြတဲ့အတိုင်းပဲ ကိုအာကာ အောင်ရေ"

"ဟာ...ဟုတ်လား"

"ဟုတ်တယ်။ ကိုလွင်မောင်ကို တစ်စုံတစ်ယောက်က အရက်နဲ့ တူ မူးမေ့စေတတ်တဲ့ဆေး ခပ်ထားခဲ့တာ သေချာပြီ"

"ပိုင်တယ်ဗျာ..."

အာကာအောင်က သူ့ပေါင်ကို ပုတ်ပြီး ပြောလိုက်သည်။ အား



www.burmeseclassic.com

www.burmeseclassic.com



တက်မှုကြောင့် သူ့မျက်ဝန်းများလည်း ရွှန်းလက်လာသည်။

"ဒါဆို မနှင်းပွင့်ပြောတဲ့အတိုင်း တစ်စုံတစ်ယောက်က ကြိုတင်ကြံစည်ထားခဲ့တယ်ဆိုတာ ရဲအနေနဲ့လည်း လက်ခံကြပြီပေါ့နော်"

"လက်ခံရပြီပေါ့"

"ဒါဆိုရင် တရားခံ ဖမ်းနိုင်ဖို့ပဲ လိုတော့တာပေါ့ ကိုနန်းအောင်"

"ကျွန်တော်တို့လည်း ကြိုးစားနေပါပြီ။ ဒီမှာ ခင်ဗျားလိုချင်တဲ့ လူနှစ်ယောက်ရဲ့ ကိုယ်ရေးရာဇဝင်တွေ ရောက်လာပြီ"

"ပေးမယ်ဆိုတာက ဒါလား"

"ဟုတ်ပါတယ်။ မိတ္ထီလာရဲကတစ်ဆင့် ထောက်လှမ်းပေးပို့ခဲ့တဲ့ ကိုလွင်မောင်နဲ့ ကိုစိုးထွန်းဆိုသူတို့ရဲ့ ကိုယ်ရေးရာဇဝင်တွေ"

"ဟာ...ကျေးဇူးပဲဗျာ၊ ကိုစိုးထွန်းနဲ့ ကိုလွင်မောင်တို့ ညီအစ်ကိုဆိုတဲ့ ပတ်သက်ပုံတွေ...သူတို့ ကျိုင်းတုံ မရောက်ခင်က ကျင်လည်ခဲ့တဲ့အကြောင်းတွေ၊ ကျွန်တော့်အတွက် သိပ်ပြီး လိုအပ်နေလို့ပါ"

"ဒီထဲမှာ အပြည့်အစုံပါပါတယ်"

"ကျေးဇူးပဲဗျာ၊ ဒါဆို မကြာခင် အမှုမှန်ပေါ်တော့မှာပဲ"

"လိုက်ပေဦးတော့ ကိုအာကာအောင်ရေ...။ ကျွန်တော်လည်း စခန်း ပြန်ပြေးလိုက်ဦးမယ်"

"ကောင်းပါပြီ ကိုနန်းအောင်၊ ကောင်းပါပြီဗျာ။ ကျေးဇူးအထူးပဲ တင်ပါတယ်"

❊



အခန်း ॥ တစ်ဆယ့်ငါး ॥

"မြေပြန့်မှာ သာနေမယ့် လကို မမြင်ရတာ ကြာလို့ တောင်ပေါ်မှာ သာနေတဲ့ ငွေလမင်းကို လာပြီး ဖူးတွေ့တာပါ"

"အို...ကိုအောင်ကလည်း"

"လမင်းလို အေးမြတဲ့ ကိုအောင်ရဲ့ အချစ်ဦး ခမ်းမွန်ရယ်"

"အို...မြေပြန့်မှာ သာတဲ့လကို မမြင်ရတာ ကြာလို့ ဆိုတော့ ဟိုမှာလည်း သူ့ချစ်ငွေလမင်းကြီး ရှိတယ်။ နေတယ်ပေါ့"

"ဟင်...ခမ်းမွန်ပဲ ပြောခဲ့တာပဲ၊ မြေပြန့်မှာ သာတာလည်း ဒီလပဲ၊ တောင်ပေါ်မှာ သာတာလည်း ဒီလပဲဆို၊ ကိုအောင်တို့ ကမ္ဘာအတွက် ဒီလတစ်စင်းသာ ရှိသလို ကိုအောင်ရဲ့ အသည်းကမ္ဘာမှာလည်း ခမ်းမွန်ဆိုတဲ့ အချစ်တစ်ချစ်သာ ထွန်းလင်းနေပါတယ်ဗျာ..."

"အို...သူ သိပ်ပြောတတ်တာပဲ"

"သိပ် ပြောတတ်ရုံတင် မဟုတ်ဘူး၊ ချစ်လည်း သိပ်ချစ်တတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ရယ်၊ ခမ်းမွန် ဘာပြန်ပြောရမလဲ"

"သိပ်ချစ်တယ်လို့ပဲ ပြန်ပြောပေါ့"

"ဟင့်အင်း...ပြောချင်ဘူး၊ ခမ်းမွန်ရှက်တယ်"

"ဟုတ်တယ်...ဟုတ်တယ်၊ ရှက်စရာကြီး လာ...လာ၊ ဒီမှာ လာ ပုန်းနေ"

အရေးတကြီးလေသံနှင့် ပြောပြီး နန်းခမ်းမွန်၏ ပခုံးကို ဆွဲ လိုက်သည်။ ပြီးတော့ ကျောပြင်လေးကို သိုင်းဖက်ပြီး သူ့ရင်မှာ မျက်နှာကို ဝှက်ထားစေသည်။

"သိပ်ဆိုးတဲ့လူ...လွှတ်ပါ"

"ရှက်တယ်ဆို"

"ဒါမှ ပိုရှက်စရာကောင်းတာ"

"ဒီလိုဆို စောစောက ပြောခိုင်းတာက သိပ်ပြီး ရှက်စရာ မကောင်းဘူးပေါ့နော်၊ ကဲ...ဒါဖြင့်ပြော"

"ကြည့်ကွယ်...ပိုဆိုးလာပြီ"

"ပြောလေ...ပြောရင် လွှတ်ပေးမယ်"

အာကာအောင်၏ ပြည့်မောက် ကျယ်ကားသော ရင်ခွင်ကြား မှာ မျက်နှာအပ်ထားရာမှ တစောင်းလှည့်လိုက်တော့လည်း...

ပါးပြင်တစ်ဖက်နှင့် သူ့ရင်မှာ ထိအပ်လျက်သားပါ...။ နန်းခမ်း မွန် မရုန်းတော့။ သူ့အသည်းနှလုံးမှ ကြားနာခံယူနိုင်အောင် အနီး ကပ်ဆုံးနေရာမှ အတိုးတိတ်ဆုံးသော လေသံလေးနှင့်...

"သိပ်ချစ်ပါတယ်လို့ ပြောနိုင်တာထက်ကို ရင်ထဲမှာက ပို တယ်"





"ခမ်းမွန်ရယ်"

အနမ်းပွင့်လေးများ တစ်ရာနှစ်ရာ ကြွေကျလာသည်။

"ကိုအောင်"

"ဗျာ..."

"ခမ်းမွန်ဟာ ကိုအောင့်ရဲ့ အမှတ်တစ် ချစ်သူမှ ဟုတ်ရဲ့လား ကွယ်"

"ကိုအောင့်မှာ အချစ်ကလေးတစ်ချစ်တော့ ရှိခဲ့ဖူးပါတယ်။ ဒါပေမယ့်..."

"ဟင်...ကိုအောင်ရယ်"

"အမှန်ကို ဝန်ခံတာပါ။ ပြီးတော့လည်း ခဏလေးပါ။ သူကစပြီး လမ်းခွဲသွားတာပါ ခမ်းမွန်။ ခုချိန်မှာတော့ သူနဲ့ ပတ်သက်လို့ ကို အောင်ရဲ့ ရင်ထဲမှာ ဘာဆိုဘာမှကို မရှိတော့ပါဘူး။ ကိုအောင် ဝန်ခံ ထားနှင့်တာပါ"

"တကယ်ဖြင့် ဟုတ်လို့လား"

"တကယ်ပါ၊ ရင်မှာ ဗလာဖြစ်နေတဲ့ နေရာမှာ ခမ်းမွန်ဆိုတဲ့ ချစ်သူလေးအတွက် နေရာအပြည့် စီစားရမှာပါ။ ကိုအောင် ခမ်းမွန် ကို တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ချစ်ပါတယ်ကွယ်"

"ဘာဖြစ်လို့ ကွဲသွားကြတာလဲဟင်"

"သူကစပြီး လမ်းခွဲသွားတာပါဆို ခမ်းမွန်ရယ်"

"အဲဒါ ဘာဖြစ်လို့လဲလို့"

"သြော်...သူ့အဖေဖမ်းခံရတာ ကိုအောင့်ကြောင့်ဆိုပြီး..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ကိုအောင်က တိုင်လို့လား"

ကြာကြာစစ်လျှင် ပေါ်ပေတော့မည်။ ရဲအမှုထမ်းဘဝမှတာဝန် နှင့်နေစဉ်က အကြောင်းလေးတစ်ကြောင်းပါ။

နန်းခမ်းမွှန်သို့ ဝန်ခံခဲ့သည့်အတိုင်းပါပင်။ ယခုအချိန်တွင် အချ မဲ့အသည်းနှလုံးဖြင့် နန်းခမ်းမွှန်၏ မေတ္တာကို ခံယူပါသည်။ မိမိ ဘက်ကလည်း အချစ်ဦး ဆိုသည်တို့ထက် မလျော့နည်းသောမေတ္တာ များဖြင့် နှစ်နှစ်ကာကာ ချစ်မိပါသည်ဆိုသည်ကို ဂုံရှမ်းမလေး ယုံ စမ်းစေချင်ပါဘိသည်။

ယောကျ်ားတို့၏ အသည်းနှလုံးတွင် အချစ်ဒဏ်ရာတင်လျှ မရှိပါ ဆိုသည်ကို နန်းခမ်းမွှန် သိစေချင်ပါသေးသည်။

"ကိုအောင် ဘာတွေ တွေးနေတာလဲလို့"

"ခမ်းမွှန်လေးကို ချစ်ရတဲ့အကြောင်းပါ"

"ဟုတ်ရဲ့လားကွယ်...နေပါဦး...အဲဒီ ကိုအောင့် ချစ်သူရဲ့အဖေ ဖမ်းခံရတာ ကိုအောင်က တိုင်လို့လား၊ ဟုတ်လားဟင်"

"မဟုတ်ပါဘူး၊ မတိုင်ပါဘူး ခမ်းမွှန်ရဲ့"

"ဒါနဲ့ ကိုအောင့်ကြောင့်ဆို"

"သူအထင်လွဲတာပါ"

"လိုက်ရှင်းမပြဘူးလား"

"ရှင်းလည်း ဘာထူးတော့မှာလဲ။ သူက စိတ်နာသွားပြီပဲ။ အို ခမ်းမွှန်ရယ်၊ ဒါတွေက ကြာခဲ့ပါပြီ။ ကိုယ်ကိုယ်တိုင်တောင် အား ကို မေ့နေပါပြီ။ နောက်ဘဝသစ်တစ်ခု တည်ဆောက်နေပြီပဲ"





"နောက်ဘဝသစ်ဆိုတာ ဘာလဲ"

"သြော်...အရင်အလုပ်တွေ မဟုတ်တော့ဘဲ ဝပ်ရှော့ အဲ... ဝပ် ရှော့တို့ စက်ရုံတို့ကအစ လိုက်လံလေ့လာပြီး စာရေးနေတာကို ပြော တာပါ"

နန်းခမ်းမွှန်သည် အာကာအောင်၏ ရင်ခွင်ထဲမှနေ၍ သံသယ ကင်းသော မျက်လုံးလေးများနှင့် မော့ကြည့်နေရှာသည်။

နှင်းလို အေးမြဖြူဖွေးသော သူ့မေတ္တာအဖြူပြန်းလေးများ ခမ်းညို့းရလေမလားဟုသော မဝံ့မရဲ မျက်ဝန်းလေးများနှင့်ပါ။

"ကိုအောင်"

"ခမ်းမွှန်"

"ခမ်းမွှန်ကိုတော့ မညာပါနဲ့ကွယ်"

"မညာပါဘူး၊ မညာရက်ပါဘူး ခမ်းမွှန်ရယ်"

"ကိုအောင်ဟာ ဘယ်လိုပဲ နိမ့်ကျဆင်းရဲပါစေ ခမ်းမွှန်ချစ်မယ်"

"တကယ်နော်"

"ပြီးတော့ တစ်ပတ်လျှော့ရပါပြီ။ ခမ်းမွှန်မတိုင်မီက ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ချစ်ခဲ့ချစ်ခဲ့၊ ခုချိန်ကစပြီး ခမ်းမွှန်တစ်ယောက်တည်းကို သာ စွဲစွဲလမ်းလမ်း ချစ်တော့မယ်ဆိုရင် ခမ်းမွှန်ကျေနပ်ပါပြီ ကို အောင်ရယ်"

"သြော်...အချစ်ရယ်"

"ခမ်းမွှန်တစ်ခုပဲ ကြောက်မိတယ်"

"ခမ်းမွှန်ကို ညာမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မညာရက်ပါဘူးတဲ့ဗျာ"

"ခမ်းမွန်ကို တကယ်ချစ်တာပါနော်"

"ဩော်...တကယ်ပါတဲ့ အသည်းရယ်"

"ခမ်းမွန်ရဲ့ အသည်းနှလုံးတွေကို ခြေပြီး စွန့်ခွာထွက်ပြေးသွားမှာ ကြောက်လိုက်တာ"

"ကိုအောင် မစွန့်ခွာပါဘူးလို့ ကျိန်ဆိုပြောပါ့မယ် ခမ်းမွန်"

"ပြီးတော့..."

"ပြောလေ"

"ကိုအောင်ဟာ စာရေးဆရာဆိုတာလည်း တကယ်နော်"

"တ...တကယ်ပါကွယ်"

"ဒီမှာ စာပေနဲ့ ပတ်သက်လို့ လာပြီး လေ့လာနေတာ သက်သက်ပါဆိုတာလည်း ဟုတ်တယ်နော်"

"အဟုတ်ပါ"

"ခမ်းမွန် ယုံပါရစေနော်"

"ယုံပါ ခမ်းမွန်ရယ်၊ ယုံပါ"

"ခမ်းမွန် ဆုတောင်းပါတယ် ကိုအောင်"

"ဘာတွေ ဆုတောင်းလဲ"

"ခမ်းမွန်ကိုလည်း တကယ်ချစ်ပါစေ၊ ပြီးတော့ ခမ်းမွန်ကိုလည်း မညာပါစေနဲ့လို့"

"ညာမိခဲ့ရင်ရော"

"ညာမှာလားဟင်"





"အဟဲ...ဟဲ...အလကား မေးကြည့်တာပါ"

"ညာခဲ့ရင်တော့ ခမ်းမွန် အသည်းကြေပြီး သေလိမ့်မယ် ထင်ရဲ့၊ ပြီးတော့ ကိုအောင့်ကိုလည်း သိပ်စိတ်နာသွားမှာပဲ"

အရိုးခံမလေး၏ စကားကြောင့် အာကာအောင့် စိတ်တွင် ထိတ်ကြသွားမိသည်။

'မိုး'ဆိုသော မရေမရာချစ်ရသူမှာ သူဖခင်၏ ဒုစရိုက်မှုကို ာဝန်အရ နီးစပ်အောင် ကြံဆောင်ခဲ့ရခြင်းပါ။

မိုးဘက်က လိုက်လျောလွန်းမှုကြောင့် ချစ်ခဲ့ကြချိန် ခဏတာလေးအတွင်းမှာ သူဖခင် အဖမ်းခံခဲ့ရသဖြင့် လမ်းခွဲခဲ့ကြရသည်။ င်မှာ ထိခိုက်နာကျင်လောက်အောင် ခံစားခဲ့ရခြင်းမျိုး မရှိပါ...

ယခု နန်းခမ်းမွန်နှင့်လည်း ဇာတ်လမ်းက သည်သို့ပင် ခပ်ဆင်ဆင်...

နှင်းပွင့်ဦး ခေါ်ယူ၍ ရောက်ရှိလာနေခြင်းကို သူလေး လုံးဝ ိပ်မိရှာ...

အကယ်၍များ နှင်းပွင့်ဦးတို့၏ အဖြစ်မှန်ကို ဖော်ထုတ်ပြီး ရားခံသည် သူတို့နှင်းပွင့်မြို့မှ တစ်ဦးဦးဖြစ်နေခဲ့ပါလျှင်...

အာကာအောင် ဆက်၍ မတွေးချင်တော့ပါ။ နန်းခမ်းမွန်သည် ာ သူ့ကို ခွင့်လွှတ်နိုင်ပါစေသားဟု ကြီးမားသော မေတ္တာဖြင့်သာ ာတောင်းနေရှာပါ။

"ကိုအောင်...ဘာတွေ တွေးနေပြန်တာလဲ"

ကြင်နာခြင်းမှ စိုးရိမ်ခြင်းသို့ အရောင်ပြောင်းသွားသော



www.burmeseclassic.com

www.burmeseclassic.com



အာကာအောင်၏ မျက်ဝန်းများကို စိုက်ကြည့်ရင်း…နန်းခမ်းမွန်က မေးလိုက်ပြန်သည်။

"ကဲပါ…ကိုအောင် ဘာမှ တွေးမနေတော့ပါဘူး၊ အချစ်ရဲ့ နေရချိန်လေးမှာ ကြည်ကြည်နူးနူးလေး နေကြပါစို့ရဲ့နော်"

"ခမ်းမွန်ကတော့ ကိုအောင်နဲ့ တစ်သက်လုံး ကြည်ကြည်နူးနူး နေချင်တယ်"

"ဟုတ်ပါတယ်။ ခုဟာက ခမ်းမွန်ပြန်ရဦးမှာ မဟုတ်လား ခဏတော့ ခွဲကြရဦးမယ်လေ"

"ကိုအောင်"

"ဗျာ"

"ကိုအောင်ဟာ ခမ်းမွန်ရဲ့ အချစ်ဦးဆိုတာတာရော ယုံရဲ့လား ဟင်"

"ခမ်းမွန်ရဲ့ အဖြူရောင်နှလုံးသားလေးမှာ အချစ်ဆိုတဲ့ အရောင် တစ်ခြစ်စာလေးတောင် မဘင်ရှိသေးတာ ကိုအောင်သိပါတယ် ဗျာ…"

"အချစ်ဦးမို့ အရူးအမူးချစ်နေမိတဲ့ ခမ်းမွန်ကို ပစ်မသွားပါနဲ့ နော်"

"ခမ်းမွန်လေးရယ်…ကိုအောင့်ဘက်က ပစ်ရက်စရာဘာရှိလဲ ခမ်းမွန်တို့ မိသားစုကသာ ကိုအောင့်ကို ငြင်းမှာစိုးရတာပါ"

"ဘယ်လိုငြင်းမှာလဲ"

"ဩော်… ခမ်းမွန်က သိပ်လှတယ်၊ သိပ်ချမ်းသာတယ်။ ပြီးတော့ အမျိုးချင်းလည်း မတူ"

နန်းခမ်းမွန်က ခံစားမှုကြောင့် အေးစိမ့်နေသော သူ့လက်ဖဝါးလေးနှင့် အာကာအောင်၏ ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး…

"လှတာတို့ ချမ်းသာတာတို့ဆိုတာ အချစ်ထက်သေးသိမ်တဲ့ အရာတွေပါ ကိုအောင်ရယ်"

"ကိုအောင့်အသည်းရယ်…ဒီလိုခံယူတတ်တာကို ဂုဏ်ယူလို့ မဆုံးတော့ပါဘူး"

"ပြီးတော့ တစ်ခုကျန်သေးတယ်"

"ဘာလဲ ခမ်းမွန်"

"အမျိုးချင်းမတူဆိုတာ ဘာပြောစရာလိုလဲ။ တရုတ်၊ ကုလားတွေမှ တိုင်းပြည်မတူ၊ လူမျိုးမတူတာ။ မွန်နဲ့ရှမ်းဆိုတာက တစ်မြေတည်း၊ တစ်ရေတည်းမှာ နေကြတဲ့ သွေးချင်းသားချင်းတွေပါ ကိုအောင်ရဲ့"

"ရန်တွေ့ပုံလေးက ချစ်စရာကောင်းလိုက်တာဗျာ"

"နောက်ပြီး ကိုးကွယ်ကြတာကလည်း ဘုရားတစ်ဆူတည်း။ ခမ်းမွန်တို့က ဗုဒ္ဓဘာသာကို အသေအချာ ကိုးကွယ်ကြတာ၊ သူ့လို ဘုရားမြင်မှ ထိုင်ကန်တော့လိုက်တာ မဟုတ်ဘူး"

"အဟဲ…ဒါပေမယ့် ကိုအောင်လည်း ဗုဒ္ဓဘာသာစစ်စစ်ပါ။ ရေရောပါဘူး"

"ဒါဖြင့် အမျိုးလည်းတူ၊ ဘာသာလည်းတူ၊ အဆင့်အတန်းလည်း ခွဲဖို့မလိုတဲ့ ကိုအောင်နဲ့ ခမ်းမွန်တို့ကြားမှာ တစ်ခုပဲ လိုတော့တယ်"





www.burmeseclassic.com

www.burmeseclassic.com

"ဘာများပါလိမ့်ဗျာ"

"ခမ်းမွှန် သိပ်ချစ်သလို ကိုအောင်ကလည်း ပြန်ပြီး တုံ့ပြန်ရမှာ ပေါ့"

"ယုံပါအချစ်ရယ်...ယုံလိုက်စမ်းပါ။ သိပ်ချစ်စရာကောင်းတဲ့ ခမ်းမွှန်လေးကို သိပ်သိပ်ချစ်ပါတယ်ဗျာ"

နန်းခမ်းမွှန်၏ သံသယမျက်ဝန်းလေး အရောင်ပြောင်းသွား ပါပြီ။

ချစ်ရည်ရွှန်းသော မျက်ဝန်းလေးများဖြင့် သူချစ်ဦးသူကို ငေး ကြည့်နေမိပါသော်လည်း ကြာရှည်ကြည့်ခွင့်မရတော့။

BURMESE CLASSIC .com

နဖူးပြင် ပြေပြေလေးဆီမှ ဆင်းသက်လာသော အနမ်းများ သည်...မျက်ခွံလေးပါမချန် နေရာအနှံ့ ပျံ့နှံ့နေလေပြီ၊ မှေးစင်းထား သော မျက်ခွံလေး ပြန်မဖွင့်ရဲတော့၊ ချိုမြိန်သော အနမ်းလေးများ နှုတ်ခမ်းပေါ် ကျလာပြန်တော့ နှလုံးသားပေါ် ဆီးနှင်းတောင်များ ပြိုကျလာသလိုပါလား...

"ကိုအောင်ရယ်"

"အချစ်ပြန်ချင်ပြီလား ဟင်"

"ပြန်ကြမှထင်တယ်နော်... အိမ်က အစောကြီး ရိပ်မိသွားမှာ ကြောက်တယ်"

"ကိုအောင်ကတော့ ခုလိုပဲ ရင်ထဲမှာ အမြဲထားချင်ပြီကွယ် အခြေအနေက မပေးသေးတော့ ပြန်ကြရမှာပေါ့လေ"

ဦးကြီးနွဲ့ဆိုက်၏ ခြံကလေးအတွင်းမှာ ဖြစ်သည်။ သူညီ





တစ်ယောက်တည်းနေသော ခြံသို့ နန်းခမ်းမွှန်၏ အစီအစဉ်ဖြင့် ရောက်လာရခြင်းပါ...

နန်းခမ်းမွှန် ရှမ်းဘာသာနှင့် ပြောလိုက်ပြီးကတည်းက ထိုခြံ စောင့်၏ အရိပ်အယောင်ကို မမြင်ရတော့ပါ။

ယခု ရောက်နေသည်မှာ "မိုင်းလပ်ကျေးရွာ"လေး ဖြစ်ပါ၏။

"ကျိုင်းတုံ–လွယ်မွေသွား ကားလမ်း"နားတွင် ရှိပြီး ကျိုင်းတုံ နှင့် ၅မိုင်မျှသာ ဝေးကွာပါ၏။

မြေပြန့်နှင့် အညာမြေမှ ရွာများလို ရွာဦးထိပ်တွင် စေတီနှင့် ဘုန်းကြီးကျောင်းလေးကို တွေ့ရသည်။ 'အခါ'လူမျိုးနှင့် ရှမ်းတိုင်းရင်း သား နှစ်ထောင့်ငါးရာကျော်မျှ နေထိုင်ပြီး လယ်ကားထစ် စိုက်ပျိုးစနစ် ဖြင့် ရိုးသားစွာ တောင်ယာလုပ်စားနေကြသော ပြည်ထောင်စုဘွား တိုင်းရင်းသားများနေကြသော ရွာလေးဖြစ်ကြပါ၏။

"ကိုအောင့်ဆိုင်ကယ်လေးက လမ်းကြမ်းမှာလည်း စီးလို့ ရ တယ်နော်"

နန်းခမ်းမွှန်က နိုင်လွန်ရောင်စုံပွင့် ဦးထုပ်လေးကို ဆောင်းရင်း ပြောလိုက်ပါသည်။

အာကာအောင်၏ ဖိုးစလဲန်ဒါ ဟွန်ဒါမော်တော်ဆိုင်ကယ်လေး သည် အနှောင့်အယှက်ကင်းမဲ့စွာဖြင့် နောင်လပ်ရွာမှ ထွက်ခွာလာ ခဲ့ပါပြီတည်း...

အာကာအောင်က နောက်ကို လှည့်လေတိုင်း ပခုံးတွင် မှေးတင် ထားသော နန်းခမ်းမွှန်၏ မျက်နှာလေးနှင့် မထိတရိ တို့ထိမိကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမွန်မှာ အာကာအောင်၏ ခါးကို တအားဖက်ထားရင်း ကျောပြင်ကျယ်ကြီးမှာ ခေါင်းလေး မှေးကပ်ထားရှာသည်။

ဝေးဝေးဆီမှ ရှမ်းတောင်တန်းကြီးများ...

ဝေ့ဝေ့ဝိုက်ဝိုက် စိုက်ပျိုးထားသော လေ့ကားထစ်လယ်ယာများ...

ထင်းရှူးပင်မားမားကြီးများသည်...

လူသူလေးပါးနှင့် ကားရှင်းနေသော လမ်းမပေါ်တွင် အမြေးကလေး သွားနေကြသော ချစ်သူနှစ်ယောက်ကို ကောင်းချီး မင်္ဂလာပြုနေကြသည့်ပမာ...

တည်ငြိမ်စွာ ကြည့်ရင်းက တရိပ်ရိပ် လွင့်ပျောက်လျက် နောက်တွင် ကျန်ရစ်ခဲ့ပါချေပြီတကား...

သြော်...ချစ်သူနှစ်ဦးအတွက် လမင်းတစ်ရာသာသည့် ကမ္ဘာလေးလို လှပဆုံး၊ ငြိမ်းချမ်းဆုံး၊ ကြည်နူးမဆုံးဖွယ်ရာ နေ့လေးတစ်နေ့ပါတည်း။

❋



အခန်း ။ တစ်ဆယ့်ခြောက် ။

လိမ္မော်ရုံလေးများဆီမှ လျှပ်ရောင်များလို တဖျတ်ဖျတ် လင်းလက်နေသည်။

"ဘာဖြစ်နေတာပါလိမ့်"

ဟူသော သိချင်စိတ်ဖြင့် နှင်းပွင့်ဦးမှာ သူ၏ အကျဉ်းစံ အခန်းလေး၏ ပြတင်းမှတစ်ဆင့် အပြင်သို့ လှမ်းကြည့်နေမိသည်။

ပထမ မှောင်နေသည်။

နောက် ဖျတ်ခနဲ တစ်ချက် လင်းလက်သွားပြန်သည်။

အလင်းတန်းစူးစူးလေး၏ အောက်တွင် နန်းချယ်ရီ၏ နွဲ့နွဲ့လေး ရပ်နေသော ပုံကို တစ်ကွက်စာမျှ မကြာခင်အတွင်းမှ ရိပ်ခနဲ မြင်လိုက်ရပါ၏။

"သြော်...ဖလက်(ရှ်)ဂန်း အလင်းရောင်တန်း အကူအညီနဲ့ နန်းချယ်ရီတစ်ယောက် မှောင်ထဲမှာ ဓာတ်ပုံအရိုက်ခံနေတာပါလား"

ယင်းအသိဖြင့် ပြန်လှည့်ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ညကြီးမင်းကြီး နန်းချယ်ရီကို ဓာတ်ပုံရိုက်ပေးနေတာ ဘယ်သူများပါလိမ့်"

ဟူသော အတွေး ဝင်လာသည်။

မိမိ၏ အခန်းမှောင်မှောင်လေးအတွင်းမှ အပြင်သို့ ဆက်လက်စောင့်မျှော်နေမိသည်။

သုံးကြိမ်မျှသာ လင်းလက်ပြီးနောက် အလင်း၏ ရောင်စဉ်တန်းကို မမြင်ရတော့...

ဓာတ်ပုံသုံးပုံရိုက်ပြီး ပြီးဆုံးသွားကြပြီ ထင်ပါ၏။

လိမ္မော်ပင် မှောင်မှောင်အုပ်အုပ်ကလေးအောက်မှာ သူတို့နှစ်ယောက် ခေတ္တမျှ စကားပြောနေကြလေသည်။

နှင်းပွင့်ဦးမှာ သူတစ်ပါးရေးရာကို စပ်စပ်စုစု လေ့လာဆည်းပူးတတ်သော မိန်းမစားမျိုးထဲက မဟုတ်ပါသော်လည်း...

"အိမ်သားတွေရဲ့ လှုပ်ရှားမှုကို တတ်နိုင်သလောက် အခွင့်သာသလောက် လေ့လာမှတ်သားထားပြီး အစ်ကို့ကို ပြန်ပြောပြပါ မနှင်းပွင့်၊ ပြဿနာဟာ ဒီနှင်းပွင့်မြိုင်က စပြီး ဒီနှင်းပွင့်မြိုင်မှာပဲ ပြီးဆုံးသွားမှာမို့ပါ"

ကိုအာကာအောင်၏ မှာစကားကြောင့် နှင်းပွင့်ဦးမှာ မှောင်သော နေရာမှနေ၍ အပြင်သို့ လှမ်းမျှော်စောင့်ကြည့်နေရပါသည်။

ခဏအကြာတွင် နန်းချယ်ရီ အရင်ထွက်လာသည်။ ပန်းနုရောင်သို့မဟုတ် အဝါနုရောင်ကို သူဝတ်ဆင်ထားသည် ထင်ပါ၏။ လရောင်အောက်တွင် သူက အဖြူရောင် မင်းသမီးလေးလို ဖြစ်နေသည်။





အသက် နှစ်ဆယ့်ရှစ်နှစ်မျှ ရှိနေပြီဖြစ်သော နန်းချယ်ရီမှာ ယခင်က ယောက်ျားမျိုးစုံနှင့် တွဲခဲ့ဖူးသော်လည်း အားလုံးနှင့် လွဲခဲ့သည်ဟု ကြားသိရပါ၏။

နန်းချယ်ရီနှင့် နန်းခမ်းမွန်တို့၏ ဖခင်ကြီး "ဦးစိုင်းစန်ပွင့်" သေဆုံးပြီးခါမှ နန်းချယ်ရီမှာ အုပ်ချုပ်ရေး လွတ်သွားခဲ့ရသည်။ သူ့ကို ဘယ်သူမှ မပြောဝံ့ကြ။ သူ့အဖေပိုင်မို့ သူလည်း အမွေဆိုင်သည်ဟု အားလုံးကို အပြတ်ချခဲ့ဖူးသည်ဟု ဆိုပါ၏။

နောက်ပိုင်းတွင် သူငြိမ်သက်သွားသည်။ အမျိုးသားများနှင့် တွဲခြင်းပါ ရပ်ဆိုင်းသွားခဲ့သည်ဟု ဆိုပါ၏။

ယခု နန်းချယ်ရီ တစ်စုံတစ်ယောက်နှင့် တိတ်တခိုး ဆက်ဆံနေသည်မှာ သေချာလေပြီ။

"ဟာ...ဟိုမှာ ထွက်လာပြီ၊ လောင်းကုတ်မဲကြီးနှင့် လူပါပဲလား"

နှင်းပွင့်ဦးမှာ အံ့ဩလွန်းစွာ ကြည့်နေမိပါ၏။

နန်းချယ်ရီက ခပ်တည်တည်ပင် တိုက်ရှေ့မှ ဝင်သွားသော်လည်း သူကမူ ဟိုဟိုသည်သည် ခြံတစ်ခုလုံး ဝဲလှည့်ကြည့်ရင်း...ခပ်သုတ်သုတ်ပင် နှင်းပွင့်မြိုင်တိုက်ကြီး၏ ဘေးဘက်သို့ ကွေ့ထွက်သွားပါတော့သည်။

ဟိုတလောဆီက ကိုအာကာအောင်ရောက်ရှိလာခဲ့သော ညက တွေ့ရသော လောင်းကုတ်မဲနှင့်လူပါပဲ။

ဒီလူဟာ ဒီနှင်းပွင့်မြိုင်က လူပဲဖြစ်ရမယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အို်က်ဆော့တော့ မဖြစ်နိုင်ဘူး။ သူ ခတ်ပုံရိုက်တတ်မှာ မဟုတ်ဘူး။

အရာရာမှာ သိလွယ်တတ်လွယ်လွန်းသော မုဆိုးဖိုကြီး ဦးနဲ့ ဆိုက်လား။

ဟိုဘက်ခြံက ဦးစစ်ရီလား။

သို့မဟုတ် ကိုကျင်စိမ်းလား။

ဒီဘက်ခြံက ကိုစိုးထွန်းလား။

ဒီရောက်နေတဲ့ စိုင်းချမ်းမြလား။

"အို…ဦးစိုင်းစံတစ်(ပ)ကိုယ်တိုင်များလားကွယ်"

ယင်းအတွေးများသည် နှင်းပွင့်ဦး၏ တရားနှလုံးသွင်းနေသော စိတ်၏ ရှေ့မှခံနေသည်။

နှင်းပွင့်ဦး ပြန်လှည့်လာပြီး ဆိုဖာပေါ်တွင် ထိုင်လိုက်မိသည်။ တစ်ခါတစ်ရံလည်း နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင်ပင် မိုးလင်းခဲ့ရသည်။ အိပ်ခန်းကိုဖြင့် ခုတင်များ ဖျက်ထားသော်လည်း ဝင် မအိပ်ရဲတော့ပါ။

"ကိုကိုရယ်…ကိုကို့ကို ချစ်လွန်းတဲ့ စိတ်ကြောင့်သာ အမိဋ္ဌာန်ထားပြီး ဒီအခန်းလေးထဲမှာ နေနေရပေမယ့် တစ်ခါတလေမကမကြာခဏ ချောက်ချားရပါတယ်ရှင်"

"ဩော်…ကိုကို ချော့သိပ်လို့ ကိုကို့ရင်ခွင်ထဲမှာ အိပ်စက်ခဲ့ရဖူးတဲ့ ညလေးများစွာကို ဒီတစ်သက်မှာ ပြန်လည်ရရှိပါစေဦးလို့ ဆန္ဒများစွာနဲ့ နှင်းပွင့်ဆုတောင်းနေပါတယ် ကိုကိုရယ်"





"ထမင်းဆိုလည်း တစ်ပန်းကန်ထဲမှာ နှစ်ယောက် နယ်စားကြတယ်၊ ကော်ဖီတောင် နှစ်ခွက်ခွဲမသောက်ခဲ့ကြဘူးနော်"

"ကိုကို့ဆီကို လိုက်နေရရှာတဲ့ အချစ်ကလေးကို ကိုကိုလေ အလကားနေရင်း သနားနေမိတယ်ကွယ်"

"မျက်နှာလေးညိုလို့ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလားဟင်၊ ကိုကိုဘာလုပ်ပေးရမလဲ"

"ထမင်းစားကောင်းရဲ့လား၊ ဘာစားချင်လဲ၊ ဒီမှာ နှင်းပွင့်ဖို့ အဝတ်စတွေ၊ အလှပြင်ပစ္စည်းတွေ၊ ဘာလိုချင်သေးလဲ ဟင်…ချစ်…"

ဆိုတဲ့ ကိုကိုရဲ့ စေတနာစကားလေးတွေ…

နှင်းပွင့်မခံချင်အောင် စတတ်တာလေးတွေ။ နှင်းပွင့်မမြင်သာအောင် ပုန်းနေတတ်တဲ့ ကျီစယ်မှုလေးတွေကို အမြဲလုပ်တတ်တဲ့ ကိုကိုရယ်။

နှင်းပွင့်လွမ်းတယ်၊ နှင်းပွင့်အောက်မေ့တယ်၊ ပြီးတော့ နေ့ရံတာလည်း အားငယ်လှပါပြီ ကိုကိုရေ…

ကိုကိုက သူများတွေ သတ်မှတ်ထားတဲ့ အကျဉ်းထောင်ထဲမှာ…

နှင်းပွင့်ကတော့ ဘယ်သူမှ မသတ်မှတ်ပေမယ့် ကိုကို့ထက်ဆိုးတဲ့ အကျဉ်းထောင်မှာ စံနေရတဲ့ အကျဉ်းစံမလေးပါ။

ကျိုင်းတုံမြို့ရောက် သောကသည်မလေး မိနှင်းပွင့်

သို့မဟုတ်…

ခေမရဋ္ဌအကျဉ်းစံမရဲ့အဖြစ်ကို ကိုကိုမြင်လှည့်စမ်းပါတော့…



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ ပွင့်ကွဲလာသော စကားလုံးပေါင်းများစွာနှင့် ဆတူကျလာသော မျက်ရည်ပေါက်များက သုတ်၍ မနိုင်တော့...

သက်ကလေးကို ခေါင်းအုံး၍သာ ဆိုဖာပေါ်တွင် ခွေခွေလေးလှဲချလိုက်မိသည်။

ကျိုင်းတုံ သို့မဟုတ် ခေမရဋ္ဌမြို့တော်၏ ဆောင်ဦးအဆောင်ဘက်က ရင့်ခွင်လွှတ်နေသည့် အိမ်ထောင်ရှင်မလေးကို မညာတာရက်စက်စွာမှင် ချမ်းအေးခြင်းများကို ပေးစွမ်းနေလေသည်။

ချမ်းအေးခြင်း ပူလောင်ခြင်း စသော ပြင်ပရာသီဥတုများ၏ ဂုဏ်ဒြပ်များကိုပင် နှင်းပွင့်ဦး သတိမထားနိုင်အားတော့ပါ။

ကိုယ့်ရင်မှ ကိုယ့်သောကကိုသာ ရှေ့တန်းတင်၍ နွဲ့ခွေစွာ လျောင်းစက်ရင်း မျက်ရည်များ ကျနေချိန်တွင်...

"ရှူး...ရှူး..."

ဟူသော ခေါ်သံ ပိပိသသကြောင့် နှင်းပွင့်ဦးအလန့်တကြား ထကြည့်မိသည်။

ယခင်ကွဲနေသော မှန်ပြတင်းမှ မှန်တစ်ချပ်နေရာတွင် စက္ကူ ကပ်ထားသော်လည်း ယခု ပြဲစုတ်နေလေပြီ။ ထိုတစ်ကွက်စာလေးမှာ မျက်နှာတစ်ခု ပေါ်လာသဖြင့်...

"ဟင်...ဘ...ဘယ်သူလဲ..."

"ကိုယ်ပါ...အာကာအောင်ပါ"

"အို...လန့်လိုက်တာ"

"တိုးတိုးပြောလေ...နောက်က တံခါး ဖွင့်ပေးပါဦး"





ညဉ့် ၁၁နာရီခန့်ပင် ရှိနေပါပြီ၊ စိတ်လေးလေးနှင့်ပင် နောက်ဖေးတံခါးကို ဖွင့်ပေးလိုက်ရပါ၏။

လယ်သာ ဂျာကင်နှင့် မွေးပွသက္ကလပ်ဘောင်းဘီနှင့်ပါ။

"ထိုင်လေ...တော်တော်ဘောင် နောက်ကျနေပြီနော်"

"ခုမှ အခွင့်သာလို့ မနှင်းပွင့်"

မီးချောင်းကို သူ့ဘာသာသူ ပိတ်ပြီး ထမင်းစားခန်းမှ မီး မှိန်မှိန်လေးအောက်တွင် ထိုင်ကြသည်။

"ကိုအာကာအောင် အရင်တစ်ခါလာတုန်းကလည်း လောင်းကုတ်အင်္ကျီရှည် မည်းမည်းကြီးနဲ့လူကို တွေ့ရတဲ့ ညပဲ၊ ခုလည်း..."

ကိုအာကာအောင်ကိုပင် မသင်္ကာချင်တော့၊ ထိုသူသည် ကိုအာကာအောင်ကိုယ်တိုင်များ ဖြစ်လေမလား။

နန်းခမ်းမွန်၏ အခန်းတွင်း သူဝင်ကယ်ပေးခဲ့ပါသည် ဆိုသော်လည်း လူဆိုးဆိုသူကိုပါ ဘယ်သူကမှ မဖမ်းမိနိုင်ခဲ့ကြပါ။

"မနှင်းပွင့်ကို သတင်းကောင်း လာပေးတာပါ"

"ဟင်..."

"ဒီသုံးရက်အတွင်းမှာ မနှင်းပွင့်လိုချင်နေတဲ့ တရားခံကို ကိုယ်မိအောင် ဖမ်းနိုင်တော့မှာပါ"

"ဟာ...ဟုတ်လား၊ တကယ်လား ဟင်"

"ကိုးဆယ်ရာခိုင်နှုန်းသေချာနေပါပြီ"

"ဘယ်သူလဲ...ဘယ်သူလဲ ဟင်"

"အဲဒါတော့ မပြောပါရစေနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com

"အို…သူများကို လှို့ဝှက်ချင် လှို့ဝှက်ထားပေါ့၊ ဘယ်လို… မပေါက်ကြားနိုင်တဲ့ နှင်းပွင့်ကိုတော့ ပြောပါ၊ ပြောပြစမ်းပါ အစ်ကို… ရယ်"

"မဟုတ်ဘူး မယုံလို့ မဟုတ်ဘူး မနှင်းပွင့်၊ အစ်ကိုနဲ့အရေ… အစ်ကိုနဲ့ တွဲနေတဲ့ ရဲအဖွဲ့ကြီးကပါ မသေချာသေးဘူး၊ 'သူ'မဟုတ်… 'သူ'ဖြစ်နေလို့ပါ"

"ရှင်…"

"မှန်းတော့ မှန်းမိနေပါပြီလေ၊ မသေချာသေးလို့ မသိချင်… နဲ့ဦးကွယ်"

"အို…အဲဒါမှ ပိုပြီး အခံရခက်သလိုပဲ"

"ဘာပဲဖြစ်ဖြစ် မနှင်းပွင့်ရဲ့ လွတ်ရက်က နီးပါပြီလို့ လာပြော… တာပါ"

"သစ္စာမဲ့ မိန်းမယုတ်ဘဝက လွတ်မြောက်ရုံတင် မဟုတ်ဘူး… ဒီအခန်းလေးထဲမှာပဲ သစ္စာပြုပြီး နေခဲ့တဲ့ 'ခေမရဋ္ဌအကျဉ်းစံ' ဘဝ… ကပါ လွတ်တော့မှာပေါ့လေ"

"ဒါပေါ့ မနှင်းပွင့်ရယ်"

"ဒါဆို ကိုကိုက တွေ့ခွင့်ပြုတော့မှာ…နှင်းပွင့်အဖြစ်ကို သနား… နေရှာတော့မှာ…အို…ကိုကိုလည်း ဘယ်တော့ လွတ်မလဲဟင် အစ်ကို… အောင်"

"အင်း…သူဟာ သူတစ်ပါးဆင်ထားတဲ့ ထောင်ချောက်ထဲကို… ဝင်မိတာတော့ အမှန်ပဲ၊ ဒါပေမယ့် သူ့လက်ချက်နဲ့ လူတစ်ယောက်ရဲ့… သက်သေခဲ့ရပြီလေ"





"အမယ်လေး ဟုတ်ပါရဲ့၊ ဒီကိစ္စတွေ ပြီးပြေရင် ကိုကိုနဲ့ ပြန်… ရပြီလို့ အရိုင်းတွေး တွေးနေမိလိုက်တာ။ ဒါ…ဒါဖြင့် ကိုကိုဟာ… သစား ပြန်သေရမှာလားရှင်…ဟင်"

"ဟာ…မဟုတ်တာ…သူ့မှာ ကြိုတင်ကြံစည်ထားတာလည်း… ဟုတ်ဘူး။ ရုတ်တရက် ဒေါသအလျောက်ဖြစ်ရတာမို့ အပြစ်က… တော့ ပေါ့မှာပါ"

"နှင်းပွင့်နားလည်ပါပြီလေ၊ အပြစ်ပေါ့မယ်ဆိုပေမယ့် အနည်း… း ငါးနှစ်မှ ဆယ်နှစ်လောက်ထိတော့ နေရရှာမှာပါ"

"ဒါပေမယ့် သူ မနှင်းပွင့်အပေါ်မှာ သံသယရှင်းသွားပြီလေ"

"အင်း…ဒါတော့ ဟုတ်တယ်နော်…ကိုကို့ကို တွေ့ခွင့်ရတဲ့အခါ… င်း ကိုကိုနဲ့ ပြေပြေလည်လည် ချစ်ချစ်ခင်ခင် စကားပြောခွင့်ရ… တော့မှာပေါ့နော်"

"ဒါပေါ့ မနှင်းပွင့်ရယ်"

"အို…ဒါဆို ကိုကိုထောင်ကျနေတဲ့ နေရာမှာပဲ နှင်းပွင့်နေမယ်။ ပြန်တော့ဘူး"

"ဒါတွေ နောက်ပိုင်းမှာ စီစဉ်လို့ ရပါပြီ မနှင်းပွင့်"

အားတက်သရော ပြောနေသော နှင်းပွင့်ဦးကိုကြည့်၍ အာကာ… အောင်က ပြန်ပြောပြီးနောက် တိတ်ဆိတ်သွားကြသည်။

အာကာအောင်က ပြောစရာကုန်သွားသော်လည်း နှင်းပွင့်ဦးက… သွားစရာတွေ တစ်သီကြီးနှင့် ငေးမောနေဆဲတွင်…



www.burmeseclassic.com

www.burmeseclassic.com

"ချုပ်"

ဆိုသော ကင်မရာ၏ ရှပ်တာပိတ်သံလေးကို တိတ်ဆိတ်သော ညတွင် သဲ့သဲ့လေး ကြားလိုက်ရသည်။ နှင်းပွင့်ဦးက ဘာသံမှန်း မသိရသော်လည်း အာကာအောင်က ရုတ်တရက် လှုပ်ရှားလိုက် သည်။ ဝုန်းခနဲ ထပြီး တံခါးကို ဖွင့်လိုက်သည်။ ဝဲယာဝဲလှည့် ကြည့် နေဆဲ…

"ဘာ…ဘာဖြစ်လို့လဲဟင် အစ်ကို"

"ပြဿနာပဲ၊ အစ်ကိုတို့နှစ်ယောက်ကို ဓာတ်ပုံရိုက်ယူသွားပြီ ဟောဒီ သံဆန်ခါကွက်ကတစ်ဆင့်ဖြစ်မယ်ထင်တယ်"

"ဟာ…"

ရုတ်တရက်တော့ နှင်းပွင့်ဦး လန့်သွားသည်။ နောက်မှ တွေး မိလာသည်။

"ဟာ…မဟုတ်တာ၊ အစ်ကိုလည်း ဒီလောက် ဒင်း(မ)လိုက် ကလေးနဲ့ ဘယ်ရိုက်လို့ ရပ့်မလဲ၊ ဖလက်(ရှ်)ဂန်းလင်းတာလည်း မတွေ့လိုက်ရပါဘူး"

"လျှပ်တစ်ပြက် အလင်းရောင်တွေ မလိုတော့ဘူး မနှင်းပွင့် မျက်စိရဲ့ အမြင်အားနဲ့ ညီမျှအောင် ရိုက်နိုင်တဲ့ ကင်မရာတွေပေါ်နေ ပြီ။ ဝမ်းပွိုင့်ဖိုး (1.4) ဝမ်းပွိုင့်တူး(1.2) တွေတောင် ပေါ်နေပြီ၊ ဝမ်း ပွိုင့်တူးဆိုတဲ့ "နီကွန်"တို့၊ "ကဲနွန်"တို့ ကင်မရာတွေနဲ့ ရိုက်ရင် အခ အလင်းရောင်လောက်ဆို ကောင်းကောင်းပြတ်တယ်"

"ဟာ…ဟုတ်တယ်လား"





"မှောင်ထဲမှာ ဖယောင်းတိုင်လေး တစ်တိုင်တည်းနဲ့ ထိုင်နေ၊ လူ့မျက်နှာကို မြင်သာပြတ်သားအောင် ရိုက်လို့ ရပြီ၊ ဖယောင်း တိုင်မီးရိုက်ထားတဲ့ ပုံတွေတောင် နိုင်ငံခြား မဂ္ဂဇင်းတွေမှာ ကြော်ငြာ ထားတာပဲ"

"ဟင်…ဒါဆိုရင်"

"ဟုတ်တယ်၊ ကိုယ့်ထက် တစ်ကွက်သာသွားပြန်ပြီ မနှင်းပွင့် ရေ…အမှုကတော့ တကယ်လျှို့ဝှက် နက်နဲတဲ့ အမှုပဲ"

"အင်း…ဒု…ဒုက္ခပါပဲ၊ ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ နှင်းပွင့် ခန်းထဲမှာ အစ်ကိုအောင် ရောက်နေတာကို သိသွားကြရင်…"

"ပြဿနာပေါ့"

"စိတ်ညစ်ရပါလား အစ်ကိုရယ်"

"မတတ်နိုင်ဘူး၊ ဖြစ်သလို ဖြေရှင်းရတော့မှာပဲ။ ဒီမှာ မနှင်းပွင့်၊ ည ဒီမှာ မအိပ်နဲ့"

"ဟင်…ဘယ်မှာ အိပ်ရမှာလဲ"

"နှင်းပွင့်မြိုင်ရဲ့ နှစ်ထပ်တိုက်ကြီးပေါ်မှာ တက်အိပ်"

"အို…သူတို့ ဆောင်ကူးတံခါးကို အသေပိတ်ထားကြတာ"

"ခေါ်ပါ၊ ရအောင် ခေါ်ပါ။ ဒီည ခမ်းမွန်နဲ့ သွားအိပ်ပါ၊ ခမ်းမွန် က တကယ်ရိုးသား အပြစ်ကင်းစင်တဲ့ မိန်းကလေးပါကွယ်"

"ဒါနဲ့ အစ်ကိုအောင်တို့ ချစ်နေကြပြီနော်"

"သူက ပြောသလား"

"အင်း"


www.burmeseclassic.com

www.burmeseclassic.com



"မနှင်းပွင့်ကရော ဘာပြောလဲ"

"ဘာမှမပြောဘူး"

"အစ်ကိုနဲ့ဆက်သွယ်နေတာ သူမသိဘူးပေါ့"

"မသိဘူး၊ နှင်းပွင့်မပြောဘူး"

"အင်း"

အာကာအောင်က သက်ပြင်းလို ညည်းညူလိုက်ပြီး ဟိုဘက် အိမ်၏ တံခါးကို ဖွင့်ခိုင်းစေသည်။ အိမ်ဖော်မလေး ခမ်းနွဲ့တံခါးလာ ဖွင့်လေပြီးလေမှ သူလည်း မှောင်ရိပ်မှ တိတ်တဆိတ်ထွက်ခွာသွား ပါလေတော့သည်။

❁



## အခန်း ။ တစ်ဆယ့်ခုနစ် ။

"အစ်ကိုစိုင်းစံမှာလည်း အလုပ်များရတဲ့အထဲ ဓာတ်ပုံရိုက်တဲ့ ကူးတဲ့အလုပ်တွေကလည်း ရှိသေးတယ်နော်"

"ဝါသနာပဲလေ"

ဒေါ်နန်းဝိုးတစ်(ပ)ပြောလေမှ ကြည့်မိသည်။ ဦးစိုင်းစံတစ်(ပ) လက်တွင် ဂျပန်ပြည်လုပ် "နီကွန်"ကင်မရာနှင့်ပါလား။

နှင်းပွင့်ဦးမှာ သူတို့အိမ်ကြီးပေါ်တွင် ရောက်နေပြီး နန်းခမ်းမွန် နှင့် ထိုင်၍ စကားပြောနေချိန်ဖြစ်၏။ ကိုစိုးထွန်းရောက်လာသည်။

"ဦးလေး...တာချီလိတ်က ကုန်ကားဆရာတွေ ရောက်နေပါ တယ်"

"ဟုတ်လား၊ ငါတောင် အမှောင်ခန်းထဲ ဝင်တော့မလို့"

"ဟင်...ဓာတ်ပုံက အကုန်ရိုက်ပြီးလို့လား"

ကိုစိုးထွန်းက အံ့သြသလို ကြည့်ရင်းမေးလိုက်သည်။

"သုံးကွက်လောက်တော့ ကျန်သေးတယ်။ ဒါပေမယ့် ရိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

သားတွေ ကြည့်ချင်တာနဲ့ ဆေးမလို့"

"ဒီလိုဆို ကျွန်တော့်ပေးလေ၊ ကျွန်တော် ခမ်းမွန်ကို သုံးကွက်လောက် ရိုက်ပေးပြီး ဆေးလိုက်မယ်လေ"

"အို...မရိုက်ချင်ပါဘူး"

နန်းခမ်းမွန်၏ မေတ္တာကို မငံ့မရဲ မျှော်လင့်နေဟန်ရှိသော ကိုစိုးထွန်း၏ စကားအဆုံးတွင် နန်းခမ်းမွန်က အော်၍ ပြောလိုက်သည်။

"ဒါဖြင့်လည်း ဦးလေးသွား၊ ကျွန်တော် ဆေးလိုက်မယ်"

"မင်း ဆေးလို့ ဖြစ်ပါ့မလား"

ဦးစိုင်းစံတစ်(ပ)က စိတ်မချသလို လှည့်၍ မေးလာသည်။

"ဖြစ်ပါတယ်ဦးလေး၊ ဖြစ်ပါတယ်။ ကုန်ကားကိစ္စတွေက ဦးလေးနဲ့ ပြောမှပြီးမှာ... သွားပါ"

ဦးစိုင်းစံတစ်(ပ)က အောက်ထပ်သို့ ဆင်းသွားသည်။ ကိုစိုးထွန်းက အမှောင်ခန်းတွင်းသို့ ဝင်သွားပါလေပြီ။

ဒေါ်နန်းပိုးတစ်(ပ)က မနေသာ၍ ပြုံးရုံလေး နှုတ်ဆက်ပြီး အိမ်တွင်းသို့ ဝင်သွားပါ၏။ နန်းချယ်ရီ၏ အခန်းထဲသို့ပါ။

"ထမင်းအတူစားရအောင်နော်"

"နေပါစေ ခမ်းမွန်ရယ်၊ နှင်းပွင့်အတွက် နှင်းပွင့်ရဲ့ အခန်းထဲကို ပို့ထားပေး။ ပြီးရောပေါ့"

"ထားလိုက်ပေါ့၊ မနက်စာ အတူစားကြရအောင်ပါ"

"အို...နှင်းပွင့် စားကို မစားချင်လို့ပါ၊ ခွင့်လွှတ်ပါကွယ်၊ ခမ်းမွန်ပဲ သွားစားနှင့်ပါ"

"ဒါဆို ခမ်းမွန်လည်း မစားသေးပါဘူး"

အမှန်တော့ ပြန်သင့်နေပါပြီ။

သို့ပါသော်လည်း ဖလင်လိပ်ဆေးပြီး ထွက်လာမည့် ကိုစိုးထွန်း၏ အရိပ်အခြည်ကို ကြည့်လိုပါသေးသည်။

"ငါနဲ့ အစ်ကိုအာကာအောင်ရဲ့ ပုံများ ပါနေမလား"

ဟူသော တထိတ်ထိတ် စိတ်ဖြင့်သာ စောင့်မျှော်နေရပါသော်လည်း အကယ်၍တွေ့ဖြစ်သွားပါလျှင်...

"ငါ့အနေနဲ့ ဘယ်လို ဖြေရှင်းရပါ့မလဲ"

ဉာဏ်ပူရွှာက အဖြေမထွက်ပါ။

နန်းခမ်းမွန်သည် နှင်းပွင့်ဦးသို့ ဖေးဖေးမမ၊ စကားပြောရှာ...းပေးရှာပါသည်။

နှင်းပွင့်ဦးမှာဖြင့် နောက်ဘက်ဆီမှ ထွက်လာမည့် ကိုစိုးထွန်း... မျက်နှာကိုသာ အကဲခတ်လိုဇောနှင့် တစောင့်မျှော်မျှော် ရှိနေရ...ည်။ နန်းခမ်းမွန်လည်း သိမှာစိုး...။

ဟော...သူထွက်လာပါပြီ၊ သူ့လက်တွင် သုံးဆယ့်ငါးပုံ ပါသော ...လင်လိပ်တန်းရှည်ရှည်ကြီးနှင့်...

"ဘုရား...ဘုရား...ငါ့ပုံများ ပါနေတယ်လို့ လာပြောတာလား"

နှင်းပွင့်ဦးနှင့် နန်းခမ်းမွန်တို့နှစ်ယောက်ရှိနေရာသို့ တန်းတန်း...မတ် လျှောက်လာသော ကိုစိုးထွန်းသို့ ကြောက်ရွံ့စွာ ကြည့်...မိသဲ...







www.burmeseclassic.com

www.burmeseclassic.com


"ပုံတွေကောင်းတယ်၊ နန်းခမ်းမွန်ပုံတွေ အများကြီးပါတာပဲ"

"ဟုတ်တယ်၊ တောင်ကြီးက သူငယ်ချင်းတွေလာလို့ နောင်တံ ကန်မှာရော နောင်တုံကန်အထက်က အခု အထက(၂) လုပ်ထား တဲ့ စိန့်မေရီချပ်(ချ်)မှာရော၊ သစ်တစ်ပင်တောင်မှာပါ ရိုက်ထားတဲ့ ပုံတွေပါ၊ ကောင်းတယ်လား"

"အင်း...ကောင်းတယ်၊ ဦးလေးက ဓာတ်ပုံရိုက် တကယ်တော် တယ်။ ဒီမှာ ကြည့်ပါလား၊ ပြတ်နေတာပဲ"

ကိုစိုးထွန်းက နန်းခမ်းမွန်သို့ အလင်းရောင်မှာ ထောင်၍ ကစ်ကွက်ချင်း ပြနေသည်။

သူတို့နှစ်ယောက်နှင့်အတူ ဖလင်ကွက်များကို နှင်းပွင့်ဦး လိုက် ကြည့်မိသည်။

ဖလင်ကွက်များက အားလုံးပုံအပြည့်၊ မရိုက်ရသေးပါ ဆို သော ဖလင်သုံးကွက်စာကိုပင် မှုမြင်ရ။

"နန်းခမ်းမွန်တို့ ပုံတွေချည်းပဲ နောက်ဦးလေးက ဘာစိတ်ကူး လို့လဲ မသိဘူး၊ ကုန်ကားတွေကို ဓာတ်ပုံရိုက်ထားသေးတယ်"

"ကားရယ် ခမ်းမွန်တို့ ပုံတွေရယ်ချည်းပါပဲ"

နှင်းပွင့်ဦး သက်ပြင်းချလိုက်ရသည်။

"ငါတို့ပုံများ အခုနေအခါ တွေ့လိုက်ရရင် ဘယ်လိုဖြေရှင်းရမှန်း တောင် မသိတော့ပါဘူး။ အစ်ကိုအာကာအောင်ကလည်း သူနဲ့ ဆက် သွယ်နေတာ မသိစေရဘူးလို့ ပိတ်ပင်ထားတာ၊ အင်း...ခုတော့ တော်ပါသေးရဲ့၊ ပြီးတော့ ဟိုညက 'ချပ်' ဆိုတဲ့ အသံဟာလည်း ဓာတ်ပုံရိုက်တာ ဖြစ်ချင်မှ ဖြစ်မှာပါလေ၊ အစ်ကိုအောင် ထင်တာ ဖြစ်ပါလိမ့်မယ်၊ ငါလည်း မကြားမိပါဘူး"

စိတ်မှာ ကျိတ်၍ ဝမ်းသာနေမိဆဲ...

"ဒီပုံတွေ ကျွန်တော်ပဲ ကူးပေးပါရစေလား နန်းခမ်းမွန်"

"ဦးလေး သူ့ဟာသူ ကူးပါလိမ့်မယ်"

"ဦးလေးက ခိုင်းရင်တော့ ကျွန်တော် ကူးပေးပါရစေနော်"

"အဲ့ဒါတော့ မပြောတတ်ဘူး၊ ဦးလေးနဲ့သာ ရှင်းကြပါ"

ကိုစိုးထွန်း၏ မေတ္တာရောင်အကြည့်များ အပြောများကို နန်း ခမ်းမွန်က မနှစ်မြို့ကြသလိုပင် အပြတ်ပြောလိုက်သည်။

"ကောင်းပါပြီ၊ ဦးလေး စကားအတိုင်း ကျွန်တော့်နာခံပါမယ်၊ ဒါပေမယ့် နန်းခမ်းမွန်ကို စကားလေးတစ်ခွန်းတော့ သတိပေးခဲ့ပါ ရစေ"

ရုပ်ရည်သားနား၍ စကားပြောသွက်လက်သော ကိုစိုးထွန်းက နှင်းပွင့်ဦးသို့ အငြိုးကြည့်များဖြင့် တင်းမာစွာ တစ်ချက်ကြည့်လိုက် ပြီးမှ...

"နန်းခမ်းမွန်ဟာ အင်မတန်မှ သိက္ခာရှိလှတဲ့ အပျိုစင်လေး ပါဗျာ။ သစ္စာပျက်မိန်းမတစ်ယောက်နဲ့ ယှဉ်တွဲစကားပြောနေတာ ကိုက သိက္ခာကျလှပါပြီ"

"ဟင်..."

"သူ့ကို ရက်ရက်ရောရော ပေးထားတဲ့ သူ့အခန်းမှာပဲ သူရှိနေ သင့်တယ်။ နန်းခမ်းမွန်အနေနဲ့ သူနဲ့လည်း အတူမရှိအပ်ဘူး၊ သူ့ရဲ့ လုပ်ဇာတ်စကားတွေကိုလည်း နားမဝင်သင့်ပါဘူး"

"မနှင်းပွင့်ကို စော်ကားလှချည်လား ကိုစိုးထွန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မစော်ကားပါဘူး၊ အမှန်ကို ပြောတာပါ။ ကျွန်တော့်စကား လွန်သွားရင် နန်းခမ်းမွန်အနေနဲ့ ခွင့်လွှတ်ပါ။ ကျွန်တော့်ကို အလုပ်ခေါ်သွင်းပေးရှာတဲ့ ကျွန်တော့်ရဲ့ ကျေးဇူးရှင် အစ်ကို သေဆုံးရတဲ့အတွက် ကျွန်တော့်ရဲ့ ရင်ထဲမှာ နာကျင်ကိုက်ခဲနေဆဲပါပဲဆိုတဲ့ ကျွန်တော့်ရဲ့အဖြစ်ကို နန်းခမ်းမွန် စာနာစွာနဲ့ ခွင့်လွှတ်ပါ။ ကျွန်တော်သွားမယ် နန်းခမ်းမွန်"

သူပြောလိုသည်များကို တစ်ဆက်တည်း ပြောကြားပြီးသည်နှင့် လှေကားမှတစ်ဆင့် အောက်သို့ ပြန်လည်ဆင်းသက်သွားတော့သည်။

"အို...မနှင်းပွင့် ငိုနေတယ်လားကွယ်"

"ကိုစိုးထွန်း ရင်ထဲမှာ ခံစားနေရဲ့သလို ခမ်းမွန်တို့ ရင်ထဲမှာလည်း ခမ်းမွန်တို့ အစ်ကို့အတွက် ခံစားနေရလိမ့်မယ်ဆိုတာ..."

"ဘာပဲဖြစ်ဖြစ် မနှင်းပွင့်ကို ခမ်းမွန်သနားနေပါတယ်၊ သူငယ်ချင်းရယ်"

"ဩော်...သဘောထား ဖြူစင်လွန်းတဲ့ ခမ်းမွန်ရယ်၊ မကြာခင်မှာပဲ ပြဿနာတွေအားလုံး ပြီးပြေပါတော့မယ်ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ကိုကို့အတွက် နှင်းပွင့်ဒီအိမ်မှာ မျက်နှာပြောင်တိုက်ပြီးဆက်နေရပါဦးမယ်ကွယ်"

နှင်းပွင့်ဦး ပြန်သွားပြီးသည့်တိုင် နားမလည်နိုင်သော စကားများကို ပြန်လည်ဆန်းစစ်ရင်း ငေးငေးငိုင်ငိုင် ကျန်ရစ်ခဲ့ရသူက စေတနာရှင်မလေး နန်းခမ်းမွန်။

❋



## အခန်း ။ တစ်ဆယ့်ရှစ် ။

မက်(က)စီ (MAXI) ပုံစံ အင်္ကျီနှင့် လုံချည်ရှည်ရှည် တစ်ဆက်တည်း ခြေမျက်စိဖုံးသည်အထိ ဝတ်ထားသော နန်းခမ်းမွန်၊ လည်တိုက်၍ လက်တောင်ထောင်ပွပွ...ခါးနေရာ သိမ်သိမ်၊ အောက်ပိုင်းသဘီနေရာကို ကိုယ့်တင်နှင့် တိတိကိုင်းတိုင်း ချုပ်ထားသော မိုးပြာရောင် ကီမိုနိုဝတ်စုံရှည်ကြီးနှင့် မြင်ရပြန်တော့လည်း နန်းခမ်းမွန်မှာ ချောပသူမလေးတစ်ယောက်ပမာ ဆန်းသစ်ခေတ်မီစွာ လှပလျက်...

"ခမ်းမွန်"

"ဟယ်...ကိုအောင်"

"လှတယ်ကွယ်"

"ကြည့် ဘာလို့ တိတ်တိတ်လေး ဝင်လာရတာလဲ...လို့"

"အလှလေးကို ခိုးကြည့်ချင်လို့ပေါ့"

"ဟင်း...သူလာမယ်ဆိုလို့ စောင့်နေတာ"


www.burmeseclassic.com

www.burmeseclassic.com

"သူ့ဟာသူ ဘာတွေငေးပြီး တွေးနေမှန်းမသိဘဲနဲ့ ကိုအောင် ဒီက ဝင်လာတာပဲ"

"ဘာတွေးရမလဲ၊ သူ့အကြောင်းပေါ့"

"သူ့အကြောင်းဆိုတဲ့အထဲမှာ ကိုအောင် သိပ်ချောသိပ်လှ သိ တော်ပြီး ငါ့ကို သိပ်ချစ်တဲ့လူဆိုပြီး…"

"သွား…သူ့အကြောင်း အကောင်းတွေချည်းပဲ တွေးနေတယ် များ ထင်သလား"

"ဆိုပါဦးဗျာ၊ ဘာတွေများ မကောင်းတာ ရှိသေးလို့လဲ"

"သူ့ကို မယုံဘူး သိလား"

"ဟောဗျာ"

"သူများကို ညာချစ်ပြီး ပစ်ပြေးသွားမလားလို့ တွေးမိတဲ့ ည တွေများဆို အိပ်မပျော်တော့ဘူး၊ သိရဲ့လား"

"လာချော့ သိပ်ချင်လိုက်တာဗျာ"

ချစ်မျက်စောင်းစူးစူးလေးက အာကာအောင့်ပေါ်သို့ ကျရောက် လာသည်။

အာကာအောင်က ချစ်သူလှလှလေး၏ မျက်နှာကို မချင့်မ စိတ်နှင့် လှမ်းကြည့်နေသည်။ မိုင်းလပ်ရွာမှ ဦးကြီးနွဲ့ဆိုက်၏ခြံတွ တွေ့ရစဉ်တုန်းကလို နေရာလပ်လေးများ ချန်မထားဘဲ နမ်းပစ်လို ချင်သည်။

"ဟော…အစ်ကိုလေး…ဘယ်…ဘယ်က ပြန်လာလဲ ဟင်"

ပေါ်တီကိုအောက်သို့ ရုတ်တရက်ကြီး ဂျစ်ကားထိုးဆိုက်ပြီ





ိုင်းချမ်းမြတက်လာသဖြင့် နန်းခမ်းမွန် မျက်နှာပျက်သွားသည်။

စိုင်းချမ်းမြက တည်ကြည်တင်းမာသော မျက်နှာထားနှင့်…

"ဝေါ်ဟေးရပ်ဘက်က"

သည်မျှသာ ပြောပြီး အာကာအောင်ဘက်သို့ တစ်ချက်လှည့် ကြည့်ပြီး သူ့အထဲ ဝင်သွားသည်။

"ကိုအောင့်ကို မကြည်ဘူးထင်တယ်၊ ခမ်းမွန်လေး စိတ်ညစ်နေ မယ်ဆိုရင် ကိုအောင် ပြန်တော့မယ်လေ"

"နေပါဦး။ ကားကို ဂိုဒေါင်ထဲ မသွင်းဘူး။ သူပြန်ထွက်ချင် ထွက် သွားဦးမှာ၊ ကိုအောင်က ပြန်ချင်ပြီလား"

"ဘယ်ပြန်ချင်ပါ့မလဲ အချစ်ရယ်"

"ခမ်းမွန်ကလည်း ပြန်သွားမှာ စိုးတယ်"

လေသံတိုးလေးများဖြင့် ပြောကြရသည်။

မကြာပါ၊ နန်းခမ်းမွန်ပြောသည့်အတိုင်းပါပင်။ စိုင်းချမ်းမြ ားမောင်း၍ ပြန်လည်ထွက်ခွာသွားသည်။

သူတို့နှစ်ယောက်ကို လုံးဝနှုတ်မဆက်ပါ။

စိုင်းချမ်းမြသည်လည်း သူ့ညီ စိုင်းကြည်မြကဲ့သို့ပင် ဖြူဖြူ ချော မြင့်မြင့် တည်တည်ခန့်ခန့်နှင့် ကြည့်၍ ကောင်းလှသော လူချော ဦးပါပင်…

"ကိုအောင်"

"ဟင်"

"ကိုအောင်နဲ့ ခမ်းမွန်နဲ့ကိစ္စကို အိမ်က အားလုံးရိပ်မိကြတယ် င်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

"ဒါပေမယ့် ဘယ်သူကမှ ဘာမှမပြောကြပါဘူး။ အစ်ကို စိုင်းချမ်းမြကသာ မေးတယ်"

"အင်း...ဘာမေးလဲ"

"သူဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်လဲတဲ့"

"အဲဒီတော့..."

"ခမ်းမွန်က ကိုအောင်ပြောပြတဲ့အတိုင်း ပြောပြလာပေါ့။ မော်လမြိုင်သား၊ ဘွဲ့ရပြီးသား ဒီခေမရဋ္ဌတိုင်း ကျိုင်းတုံမြို့ရဲ့ ဂုံရှမ်းတို့ရဲ့ သီးခြားစာပေနဲ့ ယဉ်ကျေးမှုတွေကို စာတမ်းပြုစုဖို့ လာပြီးလေ့လာနေတာပါလို့"

ယုံကြည်လွန်းရှာသော ချစ်သူလေး၏ မျက်နှာကို သနားကြင်နာစိတ်များဖြင့် အာကာအောင် ကြည့်နေမိသည်။

"ဒီတော့ အစ်ကိုလေးက ဘာပြောလဲ၊ သိလား"

"အင်း...အင်း...ဘာပြောလဲ"

"ဟုတ်ရဲ့လား မိခမ်းမွန်၊ ငါဒီကောင်ကို တောင်ကြီးမှာ မော်တော်ဆိုင်ကယ်တစ်စင်းနဲ့ ခဏခဏတွေ့ဖူးတယ်တဲ့"

အာကာအောင် ရင်ထိတ်သွားမိသော်လည်း ပေါ့ပေါ့တန်တန်ကိစ္စမျိုး ဖြစ်သွားအောင် ရယ်မောလိုက်ပြီးမှ...

"ဟုတ်မှာပေါ့၊ ကိုအောင် တောင်ကြီးကို ခဏခဏ ရောက်ဖူးတာပဲ။ ယောက်ဖလောင်းကြီးကို စောစောက မသိခဲ့ရတာ နာတာပဲ၊ အဟဲ...ဟဲ"





အာကာအောင်က ရယ်မောနေပါသော်လည်း နန်းခမ်းမွန်မှာ ရယ်နိုင်ရှာ၊ မျက်နှာ နွမ်းနွမ်းလေးနှင့်...

"ကိုအောင်ပြောလို့သာ ယုံနေရတာ၊ ခမ်းမွန်လည်း စိတ်မဖြောင့်ဘူး။ ကိုအောင် ပြောတာတွေ တကယ်ဟုတ်ရဲ့လားဟင်..."

"ဩော်...အချစ်ရယ် ကိုအောင်...ခမ်းမွန်လေးအပေါ်မှာ တကယ့်ကို လှိုက်လှိုက်လှဲလှဲချစ်တယ်ဆိုတာ ယုံပါ။ ခမ်းမွန်ကသာ ခွင့်ပေးရင် ခုပဲ လက်ထပ်ချင်ပါပြီ"

"အို...သူ့ဘက်က လူကြီးမိဘတွေနဲ့ ပြောရဆိုရဦးမှာပေါ့"

"မိဘမှ မရှိဘဲ"

"လူကြီးတော့ ရှိရမှာပေါ့"

"ရှိပါတယ်၊ လူကြီးတွေကတော့ အများကြီးပဲ၊ ဘိုးဘွားရိပ်သာ သွားဆွဲခဲ့မယ်လေ"

"ကိုအောင်နော်"

လူလစ်တုန်းလေးတစ်ချက် မွှေးမွှေးပေးလိုက်သည်။ နန်းခမ်းမွန်က တစ်ယောက်ခြား ဆိုဖာတွင် သွားထိုင်နေတော့သည်။

သူ့ဘေးတွင် လိုက်ယှဉ်၍ ထိုင်မိတော့မှ အိမ်မျက်နှာစာကို ကျောက်နှာမူလျက်သာ ဖြစ်သွားရသည်။

ခြံထိပ်တွင် မိုးကာကြီး ခြုံထားသော ကုန်တင် G.M.C ကားကြီး ရပ်ထားသည်။

ဦးစစ်ရီနှင့် ကိုစိုးထွန်းတို့ အနီးကပ် စကားပြောနေရင်း အိမ်ဘက်သို့ မကြာခဏလှည့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှင့် မလှမ်းမကမ်းတွင် ဦးနွဲ့ဆိုက်နှင့် ကိုကျင်စိမ်း...

အလှမ်းဝေးသော်လည်း မြင်သာသည့် နေရာသို့ အာကာ အောင် ရောက်လာသဖြင့် သူတို့လူချင်း ခွဲလိုက်ကြသည်။ ကား မောင်း ထွက်သွားပြီး ဦးစစ်ရီနှင့် ကိုကျင်စိမ်းတို့ ပါသွားကြသည်။

သူတို့၏ နှင်းပွင့်မြို့သို့ လူစိမ်းတစ်ယောက် ဝင်သည်ကိုပင် မကြိုက်နှစ်သက်ကြလေသလား။

သို့မဟုတ်...

သည့်ထက် နက်နဲသော အရာများကိုပင် သူတို့သိနှင့်နေကြပြီ လား။

"အင်း...ငါ ဒီက ပြန်ရင် ရဲစခန်းကို တန်းသွားမှပဲ ကိုနန်းအောင် တို့ကို ပြောရတော့မယ်၊ အချိန်မဆွဲ ဖမ်းဝရမ်းထုတ်ပြီး အိမ်ကို ဝိုင်း ကြတော့လို့။

"ငါတော့ ဘေးရှောင်ပေးနေမှ ငါစုံစမ်းရသမျှ အစီရင်ခံထား တာတွေကို တာဝန်သိ ပြည်သူတစ်ယောက်ရဲ့ သတင်းပေးချက်အနေ ဆိုပြီးပဲ၊ မှတ်တမ်းတင်ပါလို့ ပြောရတော့မှာပဲ"

"ငါကိုယ်တိုင် ဒီအိမ်မှာဝင်ပြီး ထောက်လှမ်းအမှုပေါ်သွားတာ ဆိုရင် ခမ်းမွန်လေး ငါ့ပေါ် အထင်လွဲတော့မယ်"

"ဒီအမှုအတွက် သူ့ကို ချဉ်းကပ်တာပါလို့ ထင်ရှာတော့မှာပဲ"

"ငါကိုယ်တိုင်ကလည်း မကောင်းဘူး။ 'မိုး'နဲ့ ငါ့အကြောင်းတွေ သွားပြောမိထားတယ်။ မိုးကို ချစ်ဟန်ဆောင်ပြီး သူ့အဖေကို ဖမ်းဖို့ ပုံစံမျိုးလို ခမ်းမွန်လေးသာ ထင်သွားခဲ့ရင်တော့"





"ကိုအောင် ဘာတွေ တွေးနေတာလဲလို့"

"ဩော်...ယောက်ဖက မကြည်ဘူးဆိုလို့ ခမ်းမွန်နဲ့ ဝေးရရင် တော့ ဆွေးပြီဆိုပြီး တွေးနေတာပါ"

"ယုံပါဘူး...ကိုတာ"

မနမ်းသာ၍ သူ့လက်မောင်းဖြူဖြူတစ်တစ်လေးကို မချင့် ရဲစိတ်နှင့် ညှစ်ပစ်လိုက်ရသည်။

အာကာအောင် ကြာရှည်မနေတော့။ နန်းခမ်းမွန်ကျွေးသော ဘိဟူးကို နည်းနည်းသာ စားနိုင်ပြီး...

နှစ်သိမ့်မှုလေးများ ပေးကာ နန်းခမ်းမွန်ကို နှုတ်ဆက်ပြီး နှင်း ပွင့်မြို့ စံအိမ်ကြီးမှ ပြန်ခဲ့ရပါတော့သည်။

အာကာအောင်၏ ဖိုးစလင်ဒါ ဟွန်ဒါမော်တော်ဆိုင်ကယ်၏ တည်ရာအရပ်မှာ ကျိုင်းတုံမြို့၏ ပြည်သူ့အားကစားကွင်းကြီး နှင့် မနီးမဝေး၊ လွတ်လပ်ရေးကျောက်တိုင်အနီးမှ...

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းသို့...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ တစ်ဆယ့်ကိုး ॥

အချိန်က ညဉ့် ၈နာရီကျော်ကျော်…

ကိုးနာရီမှ မီးပိတ်သော ကျိုင်းတုံမြို့မှာ အလင်းရောင်အော[…]
တွင်ပင် ရှိနေသေးသည်။

တစ်ဖက်အိမ်မှ ဦးစစ်ရီသည် စာရင်းများကို တွက်နေသည်[…]
ဒေါ်နန်းပိုးတစ်(ပ)က ဆွယ်တာတစ်ထည် ထိုးနေပါ၏။ ကိုကျင်စိ[…]
က အောက်ထပ်ရှိ သူ့အခန်းတွင် စီးကရက်သောက်ရင်း ဒရင်း(…)
ဘက်ပေါ်တွင် အနားယူနေပေသည်။

နှင်းပွင့်မြိုင်တွင်မူ…

ဦးစိုင်းစံတစ်(ပ)နှင့် တူဖြစ်သူ စိုင်းချမ်းမြတို့အပေါ်ထပ်တွ[…]
အရေးတကြီး တိုင်ပင်နေကြသည်။

နန်းခမ်းမွန်နှင့် အာကာအောင်၏ကိစ္စကို စိုင်းချမ်းမြက တင်[…]
နေခြင်းပါ။

နန်းခမ်းမွန် သိလေသလိုမဟုတ်၊ အာကာအောင်သည် တော[…]
ကြီးတွင် တစ်စုံတစ်ခု လုပ်ကိုင်စားသောက်ရင်း နေထိုင်သူ တ[…]
ယောက် ဖြစ်ကြောင်း ပြောပြနေသည်။





နန်းခမ်းမွန်က မသိရှာ၊ သူ့အခန်းတွင်းမှာ ဗီရိုရှင်းနေသည်။

နန်းချယ်ရီကဖြင့် သူ၏အဖေတူ အမေကွဲမောင်၊ စိုင်းချမ်းမြနှင့်
[…]မှ သူနှင့်သွေးမစပ်သော ဦးစိုင်းစံတစ်(ပ)တို့၏ စကားသံများကို
သိမသာနားထောင်ရင်း တစ်စုံတစ်ယောက်ထံသို့ သူစာတစ်စောင်
[…]နေပါ၏။

ကိုစိုးထွန်းက ခြံတွင်း၌ ဆောက်လုပ်ထားသော တိုက်တန်း
[…]မှ သူ့အခန်းတွင်း၌ လဲလျောင်းနေသည်။

မိုးမလင်းမီ အိပ်ရာမှ ထတတ်သော ဦးနွံ့ဆိုက်သည် ကိုစိုး
[…]၏ ဟိုဘက်ခန်းတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေလေပြီ။

အိုက်ဆော့တစ်ယောက်ဖြင့် ခြံတံခါးဝတွင် သူ့တာဝန် ကျေပွန်
[…] စောင့်ဆိုင်းလျက်…

ခေမရဋ္ဌ အကျဉ်းစံမလေး နှင်းပွင့်ဦးမှာလည်း သူ့အကျဉ်းစံ
[…]ခန်းလေးအတွင်းမှ ဘုရားရှေ့တွင် ဘုရားရှိခိုးနေချိန်တွင်…

ကားများ ထိုးဆိုက်လာသည်။

ကားမီးတန်းများက နှစ်ခြံလုံးပေါ်သို့ စူးရှစွာ ကျရောက်လာ
[…]သည်။

ရဲကားများပါတည်း။

ရဲသားများက ကားပေါ်မှ ခုန်ပျံဆင်းပြီး ခြံနှစ်ခုလုံးကို ဝိုင်း
[…]ကြပြီ။

ရပ်ကွက်လူကြီးများက ခြံတံခါးများ ဖွင့်ပေးရန် နှိုးဆော်အော်
[…]နေကြပါပြီတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ နှစ်ဆယ် ။

တစ်ခါမျှ မမြင်တွေ့ဖူးပါသော လူငယ်လူချောတစ်ဦး မိ အကျဉ်းကျအခန်းတွင်းသို့တိုင် လာရောက်တွေ့ဆုံပါသဖြင့် ' ကြည်မြ' များစွာ အံ့သြနေမိသည်။

အိမ်ထောင်ရေးရာ၊ လူမှုရေးပြဿနာများကို ရှည်လျားစွာ ပြရန် ရှိသည့်ပြင်...

သက်ဆိုင်ရာ ရဲထောက်ခံချက်ကြောင့် 'အာကာအောင်'မှာ အ စစ်နေဆဲ တရားခံတစ်ယောက်နှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ကို သ ဆိုင်ရာ ထောင်အာဏာပိုင်များက ခွင့်ပြုခဲ့ကြလေသည်။

"ကျွန်တော့်နာမည် အာကာအောင်ပါ"

စိုင်းကြည်မြသို့ ကိုယ်တိုင် မိတ်ဆက်ရင်း လက်လှမ်း သည်။

လက်ဆွဲနှုတ်ဆက်လိုက်ရပါသော်လည်း စိုင်းကြည်မြမှာ အ ကာအောင်ကို နားလည်ချင်စွာဖြင့် စောင့်စားမျှော်လင့်ရင်း ကြည့် ရှာသည်။





"ထိုင်ပါ ကျွန်တော့်မှာ ပြောစရာတွေအပြည့်နဲ့ ရောက်လာတာ အစ်ကို၊ အဲ...အစ်ကိုလို့ပဲ ခေါ်ပါရစေတော့နော်"

အာကာအောင်က သူ့နှမသို့ ရည်ညွှန်းရင်း သူ့အဓိပ္ပာယ်နှင့်သူ ပြာမိ၍ ပြုံးလိုက်ရသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော်ဟာ မနှင်းပွင့်ဦးရဲ့ အစ်ကို ကိုနေသစ်ရဲ့ ငယ် ငယ်ချင်းတစ်ယောက်ပါ"

"ဘာ..."

"ပြီးတော့ နန်းခမ်းမွန်ရဲ့ အဲ...မိတ်ဆွေပါခင်ဗျာ"

"ဟင်..."

"နှင်းပွင့်မြိုင်စံအိမ်ကြီးရဲ့ လျှို့ဝှက်နက်နဲလွန်းတဲ့ လူသတ် ကြီးကို ရဲအဖွဲ့နဲ့အတူ ပိုင်းဝန်းဖော်ထုတ်ပေးခဲ့တဲ့..."

"အို...မကြားချင်ဘူး၊ မသိချင်ဘူး။ ဒီအကြောင်းတွေက ဘာမှ ကြားချင်ဘူး"

စိုင်းကြည်မြက ဒေါသနှင့် မတ်တတ်ရပ်လိုက်ရင်း အော်၍ ာလိုက်သည်။ အာကာအောင်က ရယ်မောလိုက်ပြီး...

"ကျွန်တော့်စကား ကြားရရင် အစ်ကိုသိပ်အံ့သြသွားမှာပါ"

"ကျေးဇူးပြုပြီး ပြန်ပါကွယ်"

နူးညံ့သိမ်မွေ့သော စိုင်းကြည်မြက သူ့ဒေါသကို ထိန်း၍ ပြော သည်။

"ဒီမှာအစ်ကို...လူသတ်မှုညက အစ်ကိုမြင်ရတဲ့ မြင်ကွင်းဟာ င်ဖန်တီးထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ..."

"ဟုတ်ပါတယ်အစ်ကို... ကိုလှိုင်မောင် သေဆုံးပြီး အိမ်
လူသတ် တရားခံဖြစ်အောင် တစ်ချိန်တည်းမှာ ထိထိမိမိ အကွ
ဆင်ထားတဲ့အထဲကို အစ်ကိုတို့ တိုးဝင်သွားကြတာပါ"

"ဘာ...မင်း ဘာတွေ လာပြောနေတာလဲ"

"မနှင်းပွင့်ဦးကို အိပ်ဆေးတွေတိုက်၊ ကိုလှိုင်မောင်ကို အရ
တွေ သိပ်မူးအောင် တိုက်ပြီး အတူသိပ်ထားခဲ့ကြတာပါ"

"ဘာ...ဘာပြောတယ်၊ ငါမယုံဘူး"

"အဲဒီလို ရက်ရက်စက်စက် ပက်ပက်စက်စက် ကြံစည်ခဲ့
တရားခံကို ညကပဲ ရဲတပ်ဖွဲ့က နှင်းပွင့်မြိုင်ကို ဝိုင်းပြီး သက်ဆိုင်
လူကြီးတွေနဲ့အတူ ဖမ်းခဲ့ကြပါပြီ"

"ဟင်...ဘယ်သူလဲ၊ ဘယ်သူ့ကိုလဲ"

"သူ မကြာခင် ရောက်လာတော့မှာပါ။ အစ်ကို့ရှေ့မှာထ
သူ့ကို ခံဝန်ခိုင်းမှာပါ။ သက်ဆိုင်ရာတွေကို ကျွန်တော်ကိုယ်
တင်ပြတောင်းခံထားတဲ့ အတွက်ပါ။ ဘာဖြစ်လို့ ကျွန်တော် ဒီ
လုပ်ဆောင်ရပါသလဲဆိုရင် အင်မတန်ကိုမှ သနားစရာကောင်းလှ
လှတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ နှမလေး မနှင်းပွင့်အတွက်ပါခင်
အပြစ်မဲ့ရှာလွန်းတဲ့ မနှင်းပွင့်လေးအတွက်ပါ"

"ဘာ...ဘာပြောတယ်...မနှင်းပွင့် သစ္စာမဲ့တာ မဟုတ်
ဟုတ်လား...ဟုတ်လား ဟင်"

"သိပ်ဟုတ်ပါတယ်အစ်ကို၊ မနှင်းပွင့် ဘာဆိုဘာမှ မသိရှာ
ဖြစ်သွားရတဲ့ ကိစ္စပါ"





"ဟာ..."

"ကိုလှိုင်မောင်ကိုယ်တိုင်လည်း သူ့အသက်သာ သေဆုံးသွား
တယ်၊ သူဘယ်နေရာရောက်ပြီး ဘာကြောင့် အသတ်ခံလိုက်ရ
ယ်ဆိုတာတောင် သိသွားရှာမှာ မဟုတ်ပါဘူး"

"အို...ဒါ...ဒါတွေဟာ တကယ်ပဲလားကွယ်"

စိုင်းကြည်မြ သိပ်လှုပ်ရှားသွားသည်။ သူ့လက်တွေ တုန်နေ
သည်။ စကားလုံးများ ထစ်ငေါ့နေရှာသည်။

ချက်ချင်းပင် တင်းမာ တည်ကြည်သော သူ့မျက်ဝန်းများ ညှိုး
၍ မျက်ရည်တွေ စိုလာသည်။

"ကဲ...အစ်ကို၊ ယောကျ်ားပါဆိုတဲ့ အင်အားတွေ သွင်းပြီးအစ်ကို့
ာ်ကို တည်ငြိမ်အောင် ကြိုးစားပါ"

"ဇာတ်ရည်လည်အောင် ကျွန်တော် အစကစပြီး ရှင်းပြပါရစေ၊
ား ရှည်တဲ့အတွက် ခွင့်လွှတ်ပါ။ ဒီလူသတ်မှုကြီး ဖြစ်လာစေရ
ာင်"

"ဦးစစ်ရီက ကြံစည်တယ်"

"ကိုကျိုင်စိမ်းက ကူညီတယ်"

"လုပ်ဆောင်သူကတော့...

"ကိုစိုးထွန်းပဲ"

"ဟာ...စိုး...စိုးထွန်း...ဟုတ်လား"

"ဟုတ်ပါတယ်အစ်ကို၊ အဖြစ်က ဒီလိုပါ"

❀


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ နှစ်ဆယ့်တစ် ။

ဦးစစ်ရီနှင့် ကိုကျော်စိမ်းတို့မှာ စိုင်းကြည်မြ၏ အဖြေကို စော
မျှော်နေကြသည်။

"ကျွန်တော် သယ်သွားရတာတော့ ဘာမှ မပင်ပန်းပါဘူး
ဒါပေမယ့် ဥပဒေနဲ့ ငြိစွန်းတာမျိုးတော့ မဖြစ်စေချင်ဘူး"

"ဟာ...မဖြစ်စေရပါဘူး၊ စိတ်ချပါ စိုင်းကြည်မြ"

ထိုစကားဝိုင်းတွင်းသို့ ဦးစိုင်းစံတစ်(ပ) ဝင်လာသည်။

"ဘာပြောနေကြတာလဲ"

"သြော်...ကျွန်တော် မနက်ဖြန် တောင်ကြီးသွားမှာကို ဦးလေ
စစ်ရီက အထုပ်တစ်ထုပ် လူကြုံပါးလိုက်ချင်လို့တဲ့"

"ဘာအထုပ်လဲ"

"ဆေးသကြားထုပ်ပါ။ ပလပ်စတစ်တစ်ခြင်းစာလောက်ပဲ
တာပါ။ ဟဲဟိုးလေဆိပ်ကနေ ကျွန်တော့်အစ်ကို လာယူပါလိမ့်မယ်

ဦးစိုင်းစံတစ်က ဦးစစ်ရီ၏ မျက်နှာကို အသေအချာ အကဲခတ်





နေသည်။ ဦးစစ်ရီကပင်...

"ကျွန်တော်က တရုတ်ဆိုတော့ သွားရင်လာရင် သိပ်စစ်တာပဲ။
အစ်ကိုစိုင်းစံတို့ စိုင်းကြည်မြတို့ဆိုရင် အထက်လူကြီးတွေနဲ့လည်း ခင်
တော့ သိပ်မရှာကြဘူး"

"ဟာ...တို့က မဟုတ်တာမှ ဘာမလုပ်ပဲ"

ဦးစိုင်းစံတစ်(ပ)၏ တည်ကြည်သော မျက်နှာထားနှင့် ပြော
လိုက်သော စကားကို ဦးစစ်ရီက အရယ်မပျက် ခံယူပါသော်လည်း
ကိုကျော်စိမ်း၏ မျက်နှာတင်းမာသွားလေသည်။

ကိုကျော်စိမ်းသည်လည်း ဦးစစ်ရီနှင့် ဆွေမျိုးမကင်းသောသူပါ။
ဦးစစ်ရီ၏ ပါတနာ...ဦးစစ်ရီ၏ မန်နေဂျာ...

"ရိုးရိုးဆေးသကြားတွေပါ။ စိုင်းကြည်မြ တောင်ကြီးသွားတာ
လည်း ခဏလေးမို့ ဘာပစ္စည်းမှ သိပ်မပါတုန်း ပေးရတာပါ။
ကျွန်တော်တောင်းပန်ပါတယ်။ ယူသွားပေးပါ စိုင်းကြည်မြ..."

"ဘယ်လိုလဲ...ဦးလေး"

စိုင်းကြည်မြက ဦးစစ်ရီ၏ ရှေ့မှာပင် သူ့ဦးလေး၏ အဆုံး
အဖြတ် ခံယူလိုက်သည်။

"မင်းဟာ ဆေးသကြားရိုးရိုးပဲနော်"

"ဟုတ်ပါတယ်"

"အေး...ဒါဖြင့်လည်း ယူသွားပေးလိုက်ပါ။ ဆေးသကြား မဟုတ်
လို့ ဘိန်းဖြူမှုန့် ဖြစ်နေရင်လည်း သက်ဆိုင်ရာ အပ်ပစ်လိုက်မယ်။
ကိုစစ်ရီဟာလို့ ပြောလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းစံတစ်(ပ)က ယောက်ဖလုပ်သူကို ပြောင်ပင် ပြောပစ်လိုက်ပြီး…

"ကိုစစ်ရီ ဘိန်းဖြူကိုင်နေတယ်လို့ သူတင်းကြီးနေတယ်နော်၊ သတိထား ကျုပ်လည်း ဒါမျိုး နည်းနည်းမှ မကြိုက်ဘူး"

ဦးစိုင်းစံတစ်(ပ) ထသွားသည်။ မနက်ဖြန် ကျိုင်းတုံလေဆိပ်မှ တစ်ဆင့် ဟဲဟိုးလေဆိပ်အထိ ဦးစစ်ရီ၏ ပစ္စည်းများ ‌ယယ်ဆောင်ယူသွားရန် စိုင်းကြည်မြ သဘောတူခဲ့သည်။

"မနက်ဖြန် သူ့ပစ္စည်းကို ကာစတန် အရင်ပြကြည့်၊ ဘိန်းဖြူဖြစ်နေရင် ညာမနေနဲ့၊ စစ်ရီပစ္စည်းလို့သာ ပြောလိုက်၊ ဒီတရုတ် တကယ်လောဘကြီးတယ်။ ကျင်စိမ်းဆိုတဲ့ကောင်ကလည်း တကယ့်လူလည်"

ဦးစိုင်းစံတစ်(ပ)ယင်းစကားပြောကြားနေချိန်မှာ ကိုလွင်မောင်နှင့် သူ့ညီဆိုသော ကိုစိုးထွန်းတို့ပါ ရှိနေကြသည်။

စိုင်းကြည်မြတို့ သတိမထားမိ၊ သစ္စာရှိသော ကိုလွင်မောင်နှင့် ကိုလွင်မောင် အာမခံ၍ မိတ္ထီလာမှ ရောက်လာသော သူ့ညီ ဆိုသူတို့ကို အကြွင်းမဲ့ ယုံကြည်သည်။

သည်သို့နှင့် နောက်တစ်နေ့ နံနက်ဦးတွင် စိုင်းကြည်မြ ကျိုင်းတုံလေဆိပ်သို့ ဆင်းလာဖြစ်သည်။

"ဟေး…စိုင်း……ဟဲဟိုးလား"

"ဟုတ်ကဲ့…ဦးလေး ဦးငွေဟန်၊ ကျွန်တော့်အစ်ကိုဆီ သွားမလို့ပါ"





"ဒါဆို တောင်ကြီးပေါ့၊ ဖတ်(စ်)ထရစ်(ပ) (First Trip) နဲ့ပါမယ် မဟုတ်လား၊ ဟဲဟိုးကတစ်ဆင့် တောင်ကြီးကိုကားနဲ့ တက်ရဦးမှာပေါ့"

"ဟုတ်ကဲ့…"

ဦးငွေဟန်နှင့် စိုင်းကြည်မြတို့မှာ ရင်းနှီးသော မိတ်ဆွေများပါ။

ဦးငွေဟန်ကလည်း သဘောကောင်းသည်။ မြို့ခံ စိုင်းကြည်မြတို့ တူဝရီးကလည်း ကူညီမှုများစွာ ပေးသည်။ ဦးငွေဟန်မှာ မြေပြန့်မှ ရောက်လာပြီး ကောင်းမွန်စွာ စီးပွားရှာနေသော လူရိုးကြီး တစ်ဦးပါ။

အထူးသဖြင့် ရှယ်တူဦးလေးနှင့် ပို၍ ခင်မင်သည်။ ဂေါ့(ဖ်) ရိုက်ဖက်၊ ဝီစကီသောက်ဖက်ပါ။

"သွားမယ်နော်"

ဦးငွေဟန်၏ ထွက်သွားရာလမ်းသို့ ကြည့်ပြီး စိုင်းကြည်မြ ပြေးလိုက်ခေါ်သည်။ သူ့ တစ်စုံတစ်ခုကို သတိရသွား၍ပါ။

လေယာဉ်ကွင်း သံဆူးကြိုးများ ပြင်ပရှိ စားသောက်ဆိုင်တွင် (Sunquick) လိမ္မော်ရည်နှင့် (Spirk) ဟူသော ဘိလပ်ရည်တစ်မျိုး အပြင် ကိုကာကိုလာစသော ဖျော်ရည်ပုလင်းများရောင်းသော ဆိုင်ရှေ့တွင် ဆုံမိကြသည်။

"ဘာလဲ စိုင်းကြည်မြ"

"ကျွန်တော်က အကြံတစ်ခုရလို့၊ အကူအညီတောင်းချင်လို့ပါ"

"အေး…ပြောလေကွာ၊ ငါတတ်နိုင်တာဆို လုပ်ပေးမှာပေါ့၊ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို လူတစ်ယောက်က လူကြုံပေးလိုက်တဲ့ ခြင်း တစ်ခြင်း ပါလာတယ်"

"အေး"

"အဲဒါ ကျွန်တော် သိပ်မသင်္ကာချင်လို့"

"ဒီတော့ ဘာလုပ်ချင်သလဲ"

"ဦးလေးငွေဟန် ကြည့်ပေးစမ်းပါ။ ကျွန်တော်ဟာစ်ယောက် တည်း မဖြေရှင်းတတ်လို့ ဆေးသကြားဟုတ်ရင်လည်း ကျွန်တော်ယူ သွားမယ်၊ မဟုတ်ရင်လည်း သက်ဆိုင်ရာကို အပ်လိုက်ရအောင်ပါ။ ကျွန်တော့်ပေါ်မှာ အမှုပတ်မလာအောင်ပါ"

"ရှာလို့ မမိခင်ကတည်းက တရားဝင်အပ်တဲ့ပစ္စည်းဟာ ဘာပဲ ဖြစ်ဖြစ် ဥပဒေဘောင်နဲ့ ကျောင်းလွတ်ခွင့်ရမှာပါ။ ဘယ်မလဲ မင်း ပစ္စည်း"

"ဒီမှာ"

"ဟ…အလေးကြီးပါလား"

"ပန်းပွင့်ပြာတံဆိပ် ဆေးသကြားအိတ်တွေပါ။ သူက အိတ် အနီနဲ့ အလုံပိတ်ထားတော့ အတွင်းကို ဖောက်မမြင်ရဘူး"

ဦးငွေဟန်က ခြင်းကို ဆွဲ၍ ချိန်ဆပြီး သူစဉ်းစားနေသည်။

"တကယ်လို့ ဘိန်းဖြူဖြစ်နေရင် ဘယ်နှယ်လုပ်မလဲ"

"အဲဒါကြောက်လို့ပေါ့။ ကျွန်တော်တော့ အမှုပတ်မခံနိုင်ဘူး"

"မင်းကို ဘယ်သူက ပေးလိုက်တာလဲ"

"အင်း…အဲဒါလည်း ကျွန်တော် မပြောပါရစေနဲ့လား ဦးလေး ရယ်"





ဦးငွေဟန်က စဉ်းစားသလို လုပ်ပြီးမှ…

"ဒါဖြင့် ဒီလိုလုပ်ကွာ၊ ဟုတ်ဟုတ်…မဟုတ်ဟုတ်ပိုင်ရှင်မဲ့အနေ နဲ့ပဲ အပ်လိုက်တော့"

"ဟာ…"

"ဒီဆေးသကြား ရှိလှမှ ငါးရာဖိုးပေါ့ကွာ၊ ဆေးသကြားဖြစ်နေ လည်း မင်းလျော်ပေးလိုက်"

"ဟာဗျာ…ဦးလေးကလည်း"

"မင်းတို့က သူဌေးပဲ၊ ငွေ လေးငါးရာ ကြည့်မနေနဲ့တော့၊ မတော် ဘိန်းဖြူဖြစ်နေရင် မခက်ပါလား"

"အင်း…ဒါလည်း ဟုတ်တာ ပဲ"

"ကဲ…မင်းအဆုံးခံလိုက်တော့။ ပိုင်ရှင်မဲ့ပစ္စည်းအဖြစ်နဲ့ပဲ စစ် ဆေးကြည့်နိုင်အောင် ငါစီစဉ်ပေးပါ့မယ်"

"ဦးလေးငွေဟန် ကောင်းသလိုသာ လုပ်ပါတော့ဗျာ…ကျေးဇူး ပါပဲ"

စိုင်းကြည်မြမှာ သူ့သားရေအိတ်လေးဖြင့်သာ လေယာဉ်ကွင်း သို့ ဆင်းခဲ့သည်။ လေယာဉ်ထွက်ခါနီးတွင် ဦးငွေဟန် ရောက်လာ ကာ…

"မင်းဟာက မလွယ်ပါလား၊ စိုင်းကြည်မြ၊ မင်း…ဒီအကြံကို ဈေးစောစီးစီး ရပေလို့ပေါ့ကွာ၊ ပြီးတော့ မင်းတို့ ရိုးသားတယ်ဆိုတာ ငါကိုယ်တိုင် သိပေလို့သာ၊ ဘုရားမတာပဲ စိုင်းကြည်မြရေ"

"ဗျာ…ဘာ…ဘာတွေ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောကောင်းမလဲကွာ၊ ဘိန်းဖြူတွေ ဆယ်သိန်းဖိုးလောက် ရှိမယ်"

"ဟိုက်"

"မင်းအနေနဲ့ ဒါဘယ်သူ့ဆီကရခဲ့တာဆိုတာတော့ ပြောဖို့ လို သိမ့်မယ်နော်"

"ကျွန်တော် နားလည်ပါတယ်၊ ဦးလေးအနေနဲ့တောင် ကျွန် တော့်ကို ဖမ်းပြီး ရဲလက်ကို အပ်နိုင်ခွင့် ရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ရိုးသားတဲ့ဆောင်ရွက်ချက်ကို လက်ခံတယ်မဟုတ်လား ဗျာ"

"အေးပါ...ဒါပေမယ့်"

"ကျွန်တော်ပြန်လာမှ ဒီကိစ္စရှင်းပါရစေ၊ လေယာဉ်ပေါ်တက်ဖို့ ခေါ်နေလို့ပါ ဦးလေးဦးငွေဟန်"

✻



အခန်း ။ နှစ်ဆယ့်နှစ် ။

"သွားပြီအစ်ကိုရေ...ဆုံးပါပြီဗျာ"

"ဘာ...ဘာပြောတယ် ကျင်စိမ်း"

"ကျွန်တော်တို့ခြင်းကြီး ကျိုင်းတုံလေဆိပ်မှာ ပိုင်ရှင်မဲ့အဖမ်း ခံလိုက်ရပြီတဲ့"

"ဟိုက်...အမယ်လေး...သွားပါပြီဗျာ"

ဒီတစ်ချီ ရှိသမျှ ပုံအောထားသော ငွေသိန်းပေါင်းများစွာ ဆုံးရှုံး ပါလေပြီ။

ဦးစစ်ရီ၏ ရင်တွင်း၌ မီးဖိုကြီးတစ်ခု ထည့်ထားလိုက်ရသလို လောင်မြိုက်နေပါပြီ။

"ကြည့်ပါဦးဗျာ။ သူနဲ့အတူမိတာလည်း မဟုတ်ဘူး"

"ဒါသက်သက်လုပ်တာ၊ သက်သက်လုပ်တာ"

ဦးစစ်ရီ ကြုံးအော်လိုက်သည်။

"မိချင်းမိရင် သူနဲ့အတူသာ မိဖို့ ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ သူတို့ကြိုးသိလို့သာ တမင်အစ်ကို့စီးပွားပျက်အောင် လုပ်လိုက်တာ"

"သူတို့ဘယ်လိုလုပ် ကြိုးသိမလဲ…သွားခါနီးမှ ကားပေါ်တင်ပေးလိုက်တာပဲ"

"သူတို့ တူအရီးက အစ်ကိုစီးပွားတက်တာကို မနာလိုနေတာကြည့်ပါဦး၊ တမင်သက်သက်လုပ်တာ…သိသာလိုက်တာ၊ ပိုင်ရှင်မဲ့ဖမ်းမိသတဲ့…ဟင်"

"ငါသတ်ချင်တယ်၊ ဒီကောင်ပြန်လာရင် ငါသတ်ပစ်မယ် ကျင်စိမ်း"

"ဒေါ်လေး နန်းဝိုး ရှိသေးတာရော"

"အို…ရှိ…ရှိကွာ"

"သူ့ကို သတ်တာ အသာထားဦး၊ သူက လက်တို့သွားလို့ ကျွန်တော်တို့ကို အရင်လာဆွဲနေမှ ခက်နေဦးမယ်"

"အေး…ငါအဆွဲခံရရင်ခံရ၊ မခံရရင် ဒင်းတို့ တူဝရီးရော၊ ဒင်းတို့မိသားစုကိုပါ ငါပြန်ပြီး ဒုက္ခပေးရမှ၊ ဂလဲ့စားခြေရမှ ကြေမယ် ကျင်စိမ်းရ"

"အစ်ကို…ငိုရတဲ့အထိဖြစ်အောင် စိတ်ထိခိုက်ရတယ်နော်"

"အေးလေ…ဒီတစ်ချီက ငါနဲ့ မင်းနဲ့ ရှိတာတွေ…"

"တော်ပါတော့ဗျာ၊ ကျွန်တော်လည်း နှမြောလွန်းလို့ သေတော့မယ်…"

"တို့ဘယ်လို လုပ်ကြမလဲ"





"အစ်ကိုပြောသလို ဒင်းကို တို့ ပြန်ပြီး ဒုက္ခပေးဖို့ နည်းလမ်းကိုအောင်ရှာမယ်၊ ကျင်စိမ်းအစွမ်း သိရစေမှာပေါ့ကွယ်"

ဦးစစ်ရီနှင့် ကိုကျင်စိမ်းတို့မှာ ပစ္စည်းနှမြောသည့်စိတ်…

ဘယ်တော့များ လာဖမ်းမလဲဟူသော ပူပန်စိတ်နှင့်…

စိုင်းကြည်မြအပေါ်တွင် ကြီးမားလွန်းသော ရန်ငြိုးစိတ်ထားများကြောင့်…

မအိပ်နိုင်ကြ၊ မစားနိုင်ကြတော့ဘဲ ဘယ်လိုကြံရပါ့မလဲ ဟူသော အတွေးများဖြင့်သာ…

❋

"စင်…စစ်ရီ…မင်း…ဒီလောက် အကြံပက်စက်ဦးကွာ ကဲ"

ဦးစိုင်းစံတစ်(ပ)က ဦးစစ်ရီ၏ နရင်းကို လက်ပြန်ရိုက်ချလိုက်သည်။

"ကျုပ်ကို အသုံးချချင်ဦး"

"အသုံးချချင်ဦး"

စိုင်းကြည်မြ၏ လက်သီးချက်များအောက်တွင် ဦးစစ်ရီမှာ အလူးအလဲ…

"ငါ့နှမမျက်နှာကြောင့်…ငါ့နှမ စိတ်ဆင်းရဲမှာစိုးလို့၊ မဟုတ်ရင် မင်းကို ထောင်ချပစ်ပြီ၊ နားလည်လား"

"ထောင်တော့ မချချင်ပါဘူး။ ကျုပ်ကိုယ်တိုင် ခွေးလေ…ကိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ခင်ဗျားကို..."

"တော်...တော်တော့ လူလေး"

စိုင်းကြည်မြ၏ လက်သီးချက်များ မကျလာမီ ဦးစိုင်းစံ(ပ)က တားမြစ်လိုက်သည်။

"အဲဒါ မှတ်ပြီလားဟင်၊ မင်းလိုအကြံညဏ်နဲ့ ငါတို့ကို ကျော မရဘူးဆိုတာ သိပြီမဟုတ်လား၊ မင်းပြောစမ်း၊ ခွေးကောင်"

"သိ...သိပါပြီဗျာ"

"အေး...ဒါဆိုပြီးရော၊ ပြီးတဲ့ကိစ္စတွေ ပြီးပစေ၊ နန်းဝိုးလည်း မသိပစေနဲ့၊ ခါတိုင်းလိုပဲ ပြန်နေကြားလား"

"ဟုတ်...ဟုတ်ကဲ့"

"သူ နောင်ကြဉ်ပြီး သူ့အမှားသူမြင်ရင် တော်လောက်ပါပြီ၊ ဦးငွေဟန်လည်း မြေပြန့်ပြန်သွားပြီပဲ။ မေးလည်း ဖြောင်ဖြင်းပြီး နှစ်သိမ့်ကြပါစို့၊ သူ့ကိုလည်း ခွင့်လွှတ်လိုက်ပါတော့ ငါ့တူရယ်"

"ကဲ...လာ...သွားကြစို့"

စိတ်သဘောထားကောင်းမွန် မြင့်မြတ်လှပါသော ဦးစိုင်းစံ(ပ)တို့ တူဝရီးမှာ ဦးစစ်ရီ၏ အပြစ်ကြီးကို သည်းမျှလောက်နှင့် ဒဏ်ခတ်ပြီး...

သင်ပုန်းချေ၍ အာဃာတများ ပြီးပြေခဲ့ကြပါသော်လည်း

✻



အခန်း ။ နှစ်ဆယ့်သုံး ။

"ကျွန်တော့်ကို ကိုလွင်မောင်က ဒီလိုပဲ ပြောသလား... ကိုကျင်စိမ်း"

"ဟာ...ဒီအတိုင်း လာပြောတာ၊ ငါ့အစ်ကို ဦးစစ်ရီကိုပဲ မေးကြည့်"

"ဟုတ်တယ်ဟေ့၊ မင်းဟာ သူ့ညီလည်း မဟုတ်ဘူးတဲ့၊ သနားလို့ ခေါ်ထားတာဆို၊ မင်းက သူ့ထက်တော်နေတော့ သူက မနာလိုဘူး။ မင်းကို အလုပ်ထုတ်ပစ်ဖို့ သူတို့ စီစဉ်နေကြတာ အသေအချာပဲ"

"ဟုတ်တယ်၊ ကျွန်တော်နဲ့ ကိုလွင်မောင်နဲ့ဟာ တစ်ရွာတည်းသား၊ ဒီမှာ အလုပ်ရအောင် ညီအစ်ကိုလို့ ညာပြောခဲ့တာ။ ကျွန်တော်လည်း ဒီမှာ စီးပွားဖြစ်နေတာ ကိုကျင်စိမ်းတို့ အသိပဲဗျာ။ ကျွန်တော် မပြန်ချင်ဘူး။ ရှက်လည်း ရှက်တယ်၊ ခံလည်း မခံချင်ဘူး၊ ခွေးမသား လွင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးထွန်းလို မိုက်သားကို လွယ်ကူစွာ စည်းရုံး၍ ရပါပြီ။

ကိုစိုးထွန်းကို ချဉ်းကပ်မှသာ အောင်မြင်နိုင်လိမ့်မည်။ သစ္စာ

တပည့်လွင်မောင်နှင့် ကိုစိုးထွန်းတို့ကြားကို အမျိုးမျိုးသွေးထိုးပေး ဦးစစ်ရီတို့ ကြံကြလေပြီ။

ဟိုဘက်ခြံက အလုပ်သမားကို သည်ဘက်ခြံမှ အနည်းအ နိုင်းပြီး ငွေအများအစား ပေးကမ်းခြင်းဖြင့် ကိုစိုးထွန်းမှာ ကိုကျင်စိမ် ၏ လူသက်သက်ဖြစ်လာလေပြီ။

“ခင်ဗျား ခမ်းမွန်ကို သဘောကျနေတာ ဟိုလူ သွားပြောထား ပေ့ါ”

အမှန်က ဦးစစ်ရီမှတစ်ဆင့် ဒေါ်နန်းဝိုးကို ကြားစေပြီး နှင်း မြိုင်ကို ရောက်သွားရသည့်စကားပါ။

“ဟုတ်တယ် ဦးစိုင်းစံတစ်(ပ)က ကျွန်တော့်ကိုခေါ်ပြောတယ် ငါ့တူမက ကြိုက်ရင် ငါမကန့်ကွက်လိုပါဘူးတဲ့။ ခုတော့ ငါ့တူမ မင်းကို လုံးဝလက်မခံနိုင်ဘူးဆိုတာ ငါသိရပြီ။ ဒီတော့ မင်းအ အထိုင် မဆင်ခြင်ရင် အလုပ်က ထွက်ရပြီလို့ သဘောထား…ကြား လား စိုးထွန်း”

ဦးစိုင်းစံတစ်(ပ)၏ မှာတသောစကားကိုလည်း ကိုလွင်မော ကြောင့်ဟုသာ လူယုတ်မာ ကိုစိုးထွန်းက ယူဆလိုက်ပါပြီ။

ကိုလွင်မောင် ခွင့်ယူ၍ အညာသို့ပြန်လာစဉ်က အလုပ်အ မရှိဖြစ်နေသော ကိုစိုးထွန်းကို သနားစိတ်နှင့်ခေါ်လာပြီး အ သွင်းပေးခဲ့ရသည့် ကျေးဇူးတရားများကို မထောက်ထားထေ





တလောဆီက ဦးစိုင်းစံတစ်(ပ)နှင့် စိုင်းကြည်မြတို့၏ကား တာချီလိတ်သို့ သွားရသည်။ ကုန်သွယ်ရေးပစ္စည်းများ ပေးပို့ရန် ကားအဖြစ် လိုက်သွားခြင်း ဖြစ်ပါ၏။

ဤအခေါက်တွင် ကျောက်စိမ်းသယ်သွားကြောင်း သတင်းရ သည်။ ကိုစိုးထွန်းပိုင် ပစ္စည်းတော့ မဟုတ်။ သူတစ်ပါး ရတနာကို အခကြေးငွေယူ၍ ကိုစိုးထွန်းက ဝှက်ယူသွားခြင်းသာပါ။

ကိုလွင်မောင်မသိ၊ သက်ဆိုင်ရာမှလည်း မမိ။

သို့ပါသော်လည်း ဦးစစ်ရီ၊ ကိုကျင်စိမ်းနှင့် ကိုစိုးထွန်းတို့၏ ရိုက်မှုများသည် ဆက်နွယ်နေသော နှင်းပွင့်မြိုင်သို့ ရိုက်ခတ်လာ သည်။

နှင်းပွင့်မြိုင်ပိုင်ရှင် ဦးစိုင်းစံတစ်(ပ)နှင့် စိုင်းကြည်မြတို့သည် င် ဘိန်းဖြူနှင့် ကျောက်စိမ်းကိုင်နေသယောင်ယောင်၊ အပြင်တွင် သယသတင်းစလေးများ ပျံ့လွင့်နေခဲ့သည်။

ကိုစိုးထွန်း အခကြေးငွေယူ၍ ကျောက်စိမ်းသယ်သွားသည့် အတွက် ကိုလွင်မောင်မှာ ကိုစိုးထွန်းကို ပြင်းထန်စွာ အပြစ်တင်ခဲ့ သည်။ နာကြည်းအောင် ပြောပစ်သည်။ သစ္စာမဲ့လွန်းလှသူအဖြစ်နှင့် ရေးတိုင်းထွာပြီး နောက်တစ်ခါဆိုလျှင် အလုပ်က ထုတ်ပစ်နိုင်း ယ်ဟု ခြိမ်းခြောက်ခဲ့သည်။

“ဟင်း…ခုတော့ ငုံခံလိုက်ဦးမယ်၊ တစ်နေ့ ငါ့အကြောင်း သိစေရ ပေ့ါ လွင်မောင်ရာ”

ယင်းသို့သော နာကြည်းချက်များနှင့်အတူ ကိုစိုးထွန်းမှာ ဦး

❀



www.burmeseclassic.com

www.burmeseclassic.com

စစ်ရီနှင့် ကိုကျင်စိမ်းတို့ သိမ်းသွင်းခဲ့သော ထောင်ချောက်တွင်းမှ သားကောင်တစ်ဦး ဖြစ်သွားရချေပြီတကား။

"ဒီကိစ္စအောင်မြင်ရင် မင်းကို ငွေတစ်သိန်းတိတိပေးမယ် စိုးထွန်း"

"ပြီးတော့...မင်းပေါ်မှာ ဘာမှုမှ မပတ်ဂေရဘဲ သူ့စရိုက်နဲ့သူ သွားမယ့် အကြံပါကွ။ ဘယ့်လောက်များ ဟန်သလဲ ဟား...ဟား...ဟား..."

"ကျွန်တော် နန်းချယ်ရီကို အတော်လေး စည်းရုံးလို့ ရနေပါပြီ"

"ဦးတေဇာရဲ့ ဖယားဝဲ(လ်)အမီတော့ ကျွန်တော်ဖြစ်အောင် လုပ်မယ်လို့ ကတိပေးပါတယ် ဦးစစ်ရီနဲ့ ကိုကျင်စိမ်း"

"ဟား...,ဟား၊ ဒါမှ တို့စိုးထွန်းကွ"

❋



အခန်း ၊ နှစ်ဆယ့်လေး ၊

နန်းချယ်ရီမှာ ပင်ကိုအားငယ်စိတ်က သူ့ရင်တွင် ထာဝရဝင်နေသည်။

သူ့မိခင် သေဆုံးပြီး နှင်းပွင့်မြိုင်သို့ သူရောက်ရှိခဲ့စဉ်က ခုနစ်နှစ်သမီးလေးသာ ရှိသေးသည်။

ထိုစဉ်က စိုင်းချမ်းမြ၊ စိုင်းကြည်မြနှင့် နန်းခမ်းမွန်တို့၏ မိခင်လည်း ရှိသေးသည်။ သဘောကောင်းသူမို့ မယားငယ်နှင့် မွေးသောလေးကို မနှိပ်စက်ပါသော်လည်း စိုင်းကြည်မြတို့ မိခင်မှာ မယုယပင်ပါ။

စိုင်းကြည်မြတို့ဖခင် ဦးစိုင်းစန်ပွင့်ကလည်း နှင်းပွင့်မြိုင် ဂေဟာကြီးကို တည်ထောင်နိုင်လောက်အောင် စီးပွားရေးဘက်တွင် လုံးပန်းနေခိုက်ဖြစ်ပါ၏။

အမှန်တော့ စိုင်းစံတစ်(ပ)သည် ကျန်ရစ်ဖြစ်ပြီး လူပျိုကြီးဘဝဖြစ်ခဲ့ရသော်လည်း သူ့အလွန်ကလေး ချစ်တတ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ယုယကြင်နာမှုကင်းနေသော ရင်ခွင်မဲ့နေသော နန်းချယ်ရီလေးကို သူ့သမီးလေးတမျှ ချစ်ခင်သနားမိခဲ့သည်မှာ ယနေ့ထိတိုင်အောင်ပါ။

နန်းချယ်ရီနှင့် သူက ဘာသွေးမှ မတော်စပ်ခဲ့။ သူ့အစ်မ၏ယောက်ျား၏ နောက်မယားမှ မွေးသော ကလေးသာ။

နောက်ပိုင်းတွင် ဦးစိုင်းစံတစ်(ပ)၏အစ်မ ဒေါ်နန်းခမ်း(မ) လွယ်ရော ဦးစိုင်းစန်ပွင့်ပါ သေဆုံးသွားကြပြီးသည့်တိုင် ဦးစိုင်းစံတစ်(ပ)နှင့် နန်းချယ်ရီက တတွဲတွဲ၊ သူ့တူမလေးအရင်းထက်ပင် သနားပို့ခဲ့မိတာ အမှန်ပါ။

နောက်ပိုင်း ဒေါ်နန်းပိုး၊ ဦးစစ်ရီနှင့် လက်ထပ်ပြီးခါမှ၊ သွေးကွဲလာရသည့်အဖြစ်ပါ...

"ဒီလောက် အလိုလိုက်ပြီး ပစ္စည်းတွေ ဝယ်ပေးနေတာ၊ နန်းချယ်ရီကို သူချိန်နေလို့ ဖြစ်မှာ"

ဒေါ်နန်းပိုး၏ ကွယ်ရာတွင် ဦးစစ်ရီ၏ သွေးထိုးစကားပါ...

"ဒီသေခါနီးကြီးတော့ ချယ်ရီက ကြိုက်ပါ့မလား၊ ကြိုက်ချင်ကြိုက်ရင် ကိုယ့်ရွယ်တူ တန်းတူ ကြိုက်မှာပေါ့"

"ဒါပေါ့ ဟုတ်တာပေါ့ ချယ်ရီရဲ့"

ငယ်စဉ်က မေတ္တာနှင့် ကြင်နာယုယမှုမရရှိခဲ့သော ကလေးတို့သည် ဝန်တိုကောက်ကျစ်စိတ်ရှိတတ်ကြစမြဲပါ...

နန်းချယ်ရီမှာလည်း သူ့ကို အလွန်ချစ်သော ဦးစိုင်းစံတစ်(ပ) ပေါ်တွင် မဖွယ်မရာသော သံသယစိတ် ဝင်လာနေခဲ့ပါပြီ။ တစ်အိမ်လုံးက သူ့ကို အရေးထားကြသော်လည်း သူက တစ်အိမ်လုံးကို မုန်းသည်။

"ငါ့ကို သူတို့ မချစ်ကြပါ"

ဟူသော ဗီဇစိတ်စွဲကြောင့်ပါ။

ဤပျော့ကွက်ကို ဦးစစ်ရီတို့ သိရှိသွားသည်နှင့် လူလည် လူချော စကားပြောကောင်းသော ကိုစိုးထွန်း 'ကြံ'ခိုင်းလေတော့သည်။

မေတ္တာငတ်နေသည်ဟု သူ့ကိုယ်သူ ယူဆနေသော နန်းချယ်ရီမှာ ကိုစိုးထွန်းကို 'ကျ'လေပြီ။

ရက်ပိုင်းအတွင်းမှာပင် သူတို့နှစ်ဦး တိတ်တခိုး ချစ်သွားကြသည်။

လီမွှော်ပင်ရိပ်အောက်တွင် နန်းချယ်ရီ ချိန်းတွေ့ခဲ့သော ဓာတ်ပုံ အရိုက်ခံခဲ့သော အချိန်က သူ့ဘေးမှ...

လောင်းကုတ်မဲနှင့်လူသည် ကိုစိုးထွန်းသာတည်း...။

❋

သည့်နောက်ပိုင်းတွင်ဖြင့် ကြီးမားကြောက်မက်ဖွယ် ကောင်းသော လူသတ်မှုကြီးဖြစ်အောင် ဖန်တီးရန်မှာ...

ကိုစိုးထွန်းအတွက် မခက်တော့ပါချေ။

နန်းချယ်ရီ၏ အကူအညီဖြင့် နှင်းပွင့်ဦး၏ အခန်းမှ၊ နှင်းပွင့်ဦး၏ နို့ဆီဘူးဖောက်ပြီးသားကို ခဏယူစေသည်။ နှင်းပွင့်မြင်မှာ





www.burmeseclassic.com

www.burmeseclassic.com



နို့ဆီဖောက်ပြီးသား ကုန်ချိန်နှင့် ကြံ့အောင် လုပ်ပြီး...

"ဟိုအခန်းကပဲ နို့ဆီဘူး သွားယူလိုက်ပါ အချစ်ရယ်...ဦးလေးတို့ ပြန်မလာခင် အမြန်ဖျော်သောက်ကြရအောင်ပါနော်၊ မနှင်းပွင့်လည်း မသိစေနဲ့။ တော်ကြာ မောင်တို့နှစ်ယောက် ချစ်နေတာ သိသွားကြရင် မောင့်ကို အလုပ်ထုတ်ပစ်ကြမှာ၊ ချယ်ရီနဲ့သာ ကွဲရရင် မောင်သေမှာပဲ"

ကိုစိုးထွန်း ထွင်သော အကွက်များ ဝင်ပါလေပြီ။ နို့ဆီဘူးထဲ အိပ်ဆေးများ ခပ်လိုက်သည်။ ချမ်းလွန်းသော ညများတွင် အထီးကျန် မနှင်းပွင့် ကော်ဖီသို့မဟုတ် မိုင်လို၊ အိုဗာတင်း တစ်ခုခု ဖျော်သောက်မှာ အမှန်...

ဘာသောက်သောက် နို့ဆီပါရပါမည်။ အမှုန့်ကြိတ်ထားသော အိပ်ဆေးများ နို့ဆီနှင့် ရောမွှေပြီး ပြန်ထားစေလိုက်ပါသည်။

ကိုလွင်မောင့်အတွက်တော့ မခက်...

ဟိုဘက်အိမ်နှင့် အဝင်အထွက်ရှိပြီးသား။ ခင်မင်ပြီးသား ကိုလွင်မောင်ကို အရက်နှင့်အတူ မူးယစ်ဆေးများပါ ရောတိုက်ပြီး...

စိုင်းကြည်မြ ဦးတေဇာ၏ နှုတ်ဆက်ညှော်ခံပွဲမှ မပြန်မီ အချိန်တွင်...

မှေမြောနေပြီဖြစ်သော ကိုလွင်မောင်ကို ကိုကျော်စိမ်းနှင့် ကိုစိုးထွန်းက သယ်မ သွားကြသည်။

အိပ်ဆေးကြောင့် ကွေးကွေးလေးအိပ်နေသော နှင်းပွင့်ဦး၏ ဘေးတွင် ချထားလိုက်သည်။

ပြီးတော့ ဖက်လျက်သား ထားရှိသည်။ စောင်များ ကိုယ်တစ်ပိုင်း ခြုံပေးခဲ့သည်။

ဦးစစ်ရီ၏ အကြံဉာဏ်။

ကိုစိုးထွန်း၏ လုပ်အား။

ကိုကျော်စိမ်း၏ ကူညီမှုများဖြင့်...

ထိုနေ့ညက...

စိုင်းကြည်မြတစ်ယောက် အသင့်ထောင်ထားပေးခဲ့သော မားနှင့် လှုံ့သတ်ဖြစ်ခဲ့သည်။

ကိုလွင်မောင် သေဆုံးခဲ့ရပါလေပြီ...

❋

နောက်နေ့ညတွင် သူတို့သုံးယောက်အောင်ပွဲခံကြသည်။

"ဟား...ဟား...ဟား...ကောင်းလိုက်တဲ့အကြံ"

"သူ့စရိတ်နဲ့သူ သွားပြီ"

"တစ်ယောက်က သေ၊ တစ်ယောက်က ထောင်ကျ"

"ဟန်ကျလိုက်လေကွာ...ဟား...ဟား...ဟား..."

❋





www.burmeseclassic.com

www.burmeseclassic.com

အခန်း ॥ နှစ်ဆယ့်ငါး ॥

"ဒါ...ဒါတွေကို...မင်း...မင်းဘယ်လိုများ လုပ်ပြီးသိလဲညီလေးရယ်"

စိုင်းကြည်မြက အာကာအောင်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မေးရှာသည်။

သူ့လက်များက တုန်နေသည်။ အသံများက လှိုင်းခတ်နေသည့်နှယ်။ မျက်ရည်များက သူ့မျက်နှာပြင်မှာ အပြည့်...

အာကာအောင့်ပင် မကြည့်ရက်လောက်အောင် လှုပ်ရှားနေရှာသည့် စိုင်းကြည်မြ...။

"ကျွန်တော့်ရဲ့ မိတ်ဆွေဟောင်းတွေ ရှိနေတဲ့ ရဲဌာနကို အရင်ဦး အကူအညီတောင်းရပါတယ်။ ပြီးတော့ ဦးငွေဟန်၊ ဦးစိုင်းစံတစ်(ပ)တို့ကို မေးမြန်း...ကိုလွင်မောင်နဲ့ ကိုစိုးထွန်းတို့ရဲ့ ကိုယ်ရေးရာဇဝင်ကိုယူ..."

"အို... ဒါတွေက ကျွန်တော့်အတွက် သိပ်မခက်ခဲလှပါဘူး





ခင်ဗျာ... အခုတော့ တရားခံတွေအားလုံးလည်း ဖမ်းထားပါပြီ။ သူတို့ရဲ့ ဖြောင့်ဆိုချက်တွေကိုပါ ပူးတွဲပြီး အစ်ကို့ကို တင်ပြခဲ့တာပါ"

"ဒါ...ဒါ...ဒါဖြင့် နှင်း...မနှင်းပွင့်လေးမှာ"

"ဟုတ်ပါတယ်အစ်ကို၊ ဘာအပြစ်မှ မရှိရှာပါဘူး"

"ဖြစ်မှဖြစ်ရလေ...ဖြစ်မှ ဖြစ်ရလေ မနှင်းပွင့်လေးရယ်"

စိုင်းကြည်မြ၏ ရင်ထဲတွင် ချစ်ဇနီးလေးသို့ သနားကြင်နာရလွန်းသော စိတ်များက ရင်တစ်ပြင်လုံးမှာ ဆို့နေသည်။

အချုပ်ခန်းသို့ လာတွေ့စဉ်က ရိုက်နှက် ဆွဲဆောင့်ပါလျက် မျက်ရည်များ သွေးများ ပေနေသော မျက်နှာလေးနှင့် တောင်းပန်သွားရှာသည့်အဖြစ်...

အကျဉ်းစံမလေးအဖြစ်နှင့် ဤအခန်းကျဉ်းလေးအတွင်းမှာ တစ်ယောက်တည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် ငိုရှိုက်နေရှာသည့် အဖြစ်များကို...

စိုင်းကြည်မြ၏ အတွေးထဲမှာပင် မမြင်ရက်တော့ပါ၍ မျက်စိကို စုံမှိတ်ပစ်လိုက်ရသည်။

"ထိုင်ပါအစ်ကို...ကိစ္စတွေက လွန်မြောက်ပြီးဆုံးသွားပြီမို့ စိတ်ကိုသာ တင်းပါတော့လေ"

စိုင်းကြည်မြ ခေါင်းညိတ်ရှာသည်။

"အမှန်တော့ ဒီပြဿနာကြီးတစ်ခုလုံး ပေါ်ပေါက်အောင် ဖန်းဆောင်ခဲ့သူဟာ နှင်းပွင့်ဦးပါ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်တော့်ကို မှာယူပါတယ်။ ပြီးတော့ အဖြစ်မှန်တွေ ဖွင့်တင်ပြပါတယ်"

"ဪ..."

"သူ့အဖြစ်ကလည်း ဘယ်သူ့ကို ပြောလို့မှ ယုံမှာ မဟုတ်ဘူး ဆိုတဲ့ အသိတွေနဲ့...သူတစ်ယောက်တည်း ကျိတ်မှိတ် ခံစားရင်း ကျွန်တော်ရောက်လာမှ အကြောင်းစုံ ဖွင့်ပြောပြရှာတာပါ"

"အေးကွယ်...မနှင်းပွင့်လေး အစ်ကို့ကို လာတွေ့တုန်းက သူ့ စကားတွေ အစ်ကိုလက်ခံနားထောင်ဖို့ ကောင်းတယ်နော်။ အစ်ကို မှားပါတယ်ကွာ"

"မမှားပါဘူးအစ်ကို... အစ်ကို့နေရာမျိုးမှာ ကျွန်တော်ရှိနေ ရင်လည်း ဒီလိုဖြစ်မိမှာပဲ။ ဘယ်လင်ယောကျ်ားမှ ခွင့်မလွှတ်နိုင်တဲ့ အဖြစ်ပါလေ"

"အစ်ကို...မနှင်းပွင့်ကို တွေ့ပါရစေကွယ်"

"တွေ့ရမှာ အစ်ကို... သူ့ကို ကျွန်တော် မှာထားပြီးပါပြီ ကျွန်တော် ရှင်းပြပြီးချိန်လောက်နဲ့ ကိုက်ပြီး မှာထားပါတယ်"

"အစ်ကို့ဇနီးလေးအဖြစ်ကို အစ်ကို မကြားရက်လောက်အောင် ပဲ သနားရလွန်းပါတယ်။ ဒီကောင်တွေဟာ လူသားတစ်ယောက်ရဲ့ ရက်စက်ယုတ်မာနိုင်မှုထက် လွန်ကဲအောင်ကို ကြံစည်နေကြပါလား ကွယ်"

"မပြောနဲ့တော့အစ်ကို...နန်းခမ်းမွန်ကိုလည်း သူကြံတာမရ ဘယ်သူမှ မရှိတဲ့ညက သူတက်ပြီး ကြံစည်သေးတယ်လေ"





"ဟင်...ဟုတ်လား"

"ဒါပေမဲ့ ကျွန်တော်အချိန်မီ ဝင်ကယ်နိုင်ခဲ့ပါတယ်၊ သူ့မျက်နှာ ကို လက်အိတ်အသားလို ပလပ်စတစ် အဝါနုရောင်နဲ့စွပ်အုပ်ထားပေ မယ့် အဲဒီညကတည်းက ကျွန်တော်သူ့ကို မှန်းဆမိပါတယ်"

"စိုးထွန်းကိုလား"

"ဟုတ်ပါတယ်... သူ့ပါလို့ မှန်းနိုင်၊ သိနိုင်ပေမယ့် အချက် အလက် ခိုင်လုံအောင် လိုက်ရပါသေးတယ်။ မိတ္တီလာက သူ့ကိုယ်ရေး ရာဇဝင်ကိုယူခိုင်း၊ ကိုလွင်မောင်ရဲ့ အလောင်းကို ပြန်ဖော်၊ အစာအိမ် ကို ခွဲ၊ စစ်ကြည့်ဆိုတဲ့ အချက်အလက်တွေကြောင့် နည်းနည်းနှောင့် နှေးသွားရတာပါ"

"အင်း..."

"ဒီကိစ္စမှာ ဒေါ်နန်းပိုး ဘာမှမသိရှာသလို နန်းချယ်ရီဟာလည်း နို့ဆီဘူးယူပေးရုံကလွဲလို့၊ သူဘာမှ မပါဝင်မလှုပ်ရှားပါဘူး"

"ဪ...အင်း"

"ကျွန်တော်က ပထမ ဦးစိုင်းစံတစ်(ပ)တောင် မသင်္ကာဖြစ်မိ သေးတာ၊ ဒါပေမယ့် နှင်းပွင့်မြိုင်ဂေဟာက လူတွေအားလုံးဟာ အပြစ်ကင်းစင်စွာနဲ့ သဘောထား မြင့်မြတ်လှတာကို တွေ့ရပါတယ်"

အာကာအောင်၏စကားကို စိုင်းကြည်မြ ဘာမှ ကြားဟန်မတူ တော့။

အချုပ်ခန်း၏ လမ်းကျဉ်းလေးရှိရာသို့သာ သူငေးမှောကြည့် နေရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မနှင်းပွင့်ကို တွေ့ချင်လှပြီမဟုတ်လား"

"အစ်ကို့မှာ အချုပ်အနှောင်ခံ ဘဝနဲ့မို့သာ၊ မဟုတ်ရင် လေထက်မြန်တဲ့ အလျှင်နှုန်းနဲ့ သူ့ဆီပြေးသွားချင်ပါပြီကွယ်"

"တွေ့ရတော့မှာပါ အစ်ကို။ အပြင်မှာ ရောက်နေရင်လည်း ကျွန်တော် လွှတ်လိုက်ပါ့မယ်"

"အင်း...အင်း...မြန်မြန် လာပါစေ"

"ကျွန်တော်လည်း အစ်ကိုတို့ရဲ့ နှင်းပွင့်မြိုင်က ကျွန်တော့်ရဲ့ အသည်းလေး ခမ်းမွန်ဆီကို သွားလိုက်ဦးမယ်အစ်ကိုရေ"

ယင်းစကားစုများကိုဖြင့် အာကာအောင်၏ စိတ်တွင်းမှသာ ပြောကြားရင်း အချုပ်ထောင်တွင်းမှ ထွက်လာပါတော့သတည်း။

❋



အခန်း ၊ နှစ်ဆယ့်ခြောက် ။

"ကို...ကိုကိုရေ"

"နှင်း...မနှင်းပွင့်လေး ကိုကို့အချစ်လေးရယ်"

သည့်နောက်တွင် ဘာစကားမျှ မပြောဖြစ်ကြတော့။ သံတိုင်ကြားမှ လက်များ လျှိုကြလျက် တစ်ယောက်နှင့်တစ်ယောက် ဖက်တွယ်ဆုပ်ကိုင်ထားကြရင်း...

နှစ်ယောက်လုံး ငိုရှိုက်နေကြသည်မှာ အချိန်ကြာမြင့်စွာ၏။

အာကာအောင်လို အချုပ်ခန်းတွင်းသို့ ဝင်ရောက်စကားပြောခွင့် မရပါ။ အာကာအောင်ကဖြင့် တာဝန်နှင့်ဟူ၍ ပြောလျှင်လည်း ရပါသည်။

ယခုမူ လူသတ်တရားခံနှင့် သူ့ဇနီးမို့ ဥပဒေဘောင်အတွင်းကသာ တွေ့ဆုံခွင့်ပေးရပါလေမည်။

ချစ်သူနှစ်ဦး၏ကြားတွင် သံတိုင်များ ခြားလျက်...

ဤပိုင်းခြားမှုသည် အချိန်မည်မျှ ကြာအောင်များ စောင့်ဆိုင်းရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရယ်...ပိန်သွားလိုက်တာ၊ တစ်ယောက်တည်း ဟိုအခန်းထဲမှာပဲ နေရတယ်ဆို၊ သူတို့က ခေါ်မထားကြဘူးလားဟင်၊ ကြည့်ပါဦးကွယ်။ သနားစရာကောင်းလိုက်တဲ့ ကိုကို့အချစ်လေးရယ်"

"တစ်အိမ်လုံးက နှင်းပွင့်အပေါ်မှာ ကြည်ဖြူကြပါတယ်ကိုကို၊ နှင်းပွင့်ကိုယ်တိုင် သစ္စာဆိုပြီး အဲဒီအခန်းမှာ နေနေတာပါ။ အားအားရှိတိုင်း ဘုရားရှိခိုးပြီး..."

"တိတ်ပါ အချစ်ရာ၊ ဘာတွေသစ္စာဆိုတာလဲ"

"သြော်...ခုလို ကိုကို့စိတ်ထဲမှာ သံသယတွေ ရှင်းမသွားမချင်း ဒီအခန်းကျဉ်းလေးထဲမှာပဲ နှင်းပွင့်တစ်ယောက်တည်း နေသွားမယ်လို့"

"အိုကွယ်..."

"ခုတော့...နှင်းပွင့်ဆန္ဒတွေ၊ ဆုတောင်းတွေ ပြည့်ခဲ့ပါပြီလေ...။ ဒါပေမဲ့ ကိုကိုရယ်..."

"ဘာလဲဟင် ချစ်"

"သံသယတွေ ပြေကြပေမယ့် နှင်းပွင့်တို့ အကြာကြီး ခွဲနေရဦးမယ်ထင်ပါရဲ့နော်"

"ဟုတ်တယ်၊ ကိုကိုလွတ်လပ်ချင်တယ်၊ ကိုကိုဒီထောင်ထဲက ထွက်ပြေးခဲ့ချင်တယ်။ သိပ်ပြီး စိတ်ဆင်းရဲ လူဆင်းရဲဖြစ်နေခဲ့ရှာတဲ့ ကိုကို့ရဲ့ ဇနီးလေးကို အရင်လိုပဲ ထွေးပွေ့ယုယထားချင်တယ်။ ကိုကိုလွတ်ချင်တယ် နှင်းပွင့်ရယ်၊ ကိုကိုလွတ်ချင်တယ်"

စိုင်းကြည်မြ လှိုက်လှဲစွာ ငိုရှာသည်။ မိန်းမသား နှင်းပွင့်ဦး၏





...က်ရည်များကဖြင့် တောင်ကျစမ်းရေပမာ အဆက်မပြတ်များစွာ...

"ကိုကို..."

"ဗျာ..."

"ကိုကိုနဲ့ ခွဲနေရမယ့်အတွက် အောင်းမေ့တာကလွဲလို့...နှင်းပွင့် ...မ်းသာတယ် ကိုကိုရယ်"

"ဟင်..."

"ကိုကို့အမုန်းတွေ ပြေသွားလို့ပါ"

"အိုကွယ်..."

"ဒီမှာ ကြည့်စမ်း ကိုကို၊ သံတိုင်နဲ့ ကိုင်ဆောင့်တုန်းက ရလိုက်...ဲ ဒဏ်ရာတွေ"

"အချစ်ရယ်၊ ကိုကိုမှားတယ်။ သိပ်မှားပါတယ်"

"မမှားဘူး။ ကိုကိုမမှားဘူး။ အဲဒါ နှင်းပွင့်ကို သိပ်ချစ်လို့ ဖြစ်ရ...ာ သိရဲ့လား၊ နှင်းပွင့် သိပ်ကျေနပ်ပါတယ် ကိုကို။ နှင်းပွင့်ရဲ့ ...အတွက် အကြီးမားဆုံးသော ဆန္ဒတွေ ပြည့်ခဲ့ပြီကိုကိုရဲ့ သိလား"

"ဘာဆန္ဒလဲဟင်"

"ကိုကို့အမုန်းတွေ ပြေပြီး ကိုကိုရဲ့ မေတ္တာတွေကို ပြန်ရလာနိုင်...ဲ့အတွက်ပေါ့"

"မနှင်းပွင့် ကိုကို့ညီမလေးရယ်"

စိုင်းကြည်မြမှာ ကာမနှယ်သော မေတ္တာမျိုးချည်းသာ မဟုတ်...် ညီမလေး သမီးလေးပမာ ရင်ထဲမှ မွေးဖွားရသောသူကို ချစ်...ည့် အေးမြသော ချစ်ခြင်းဖြင့်လည်း နှင်းပွင့်ဦးပေါ်တွင် ချစ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးခဲ့သူပါ။

နှင်းပွင့်မြိုင်စံအိမ်ကြီးပိုင်ရှင် ဘဝဖြင့် နှင်းပွင့်ဦးဆိုသောအမည်ကို စတင်ကြားရစဉ်ကပင် စိတ်ဝင်စားမိခဲ့သည်။

ညီမလေး နန်းခမ်းမွန်၏ သူငယ်ချင်းအဖြစ်နှင့် မိတ်ဆက်ပေးပြီး ချစ်ရေးချပ်ခွင့် သာခဲ့ရာမှ ခမ်းနားစွာ လက်ထပ်ယူခဲ့သော ချစ်ဇနီး။

နှင်းပွင့်မြိုင်သို့ ခေါ်ဆောင်လာပြီးသည့်နောက်တွင်လည်း ဘာပြဿနာမှ မရှိခဲ့ရှာ။ ရိုးသားဖြူစင်သော၊ သဘောထားရှင် နှင်းပွင့်ဦးကို အားလုံးက ချစ်ခင်ခဲ့ကြသည်။

ချစ်လင်သားအပေါ်တွင်လည်း ကြီးမားသော မေတ္တာများဖြင့် လိုလေသေးမရှိ ပြုစုယုယမှု ပေးတတ်ရှာလွန်းသော နှင်းပွင့်ဦး...

"ကိုကို ဘာစဉ်းစားနေတာလဲဟင်"

"အချစ်ရဲ့ အပြစ်ကင်းစင်ကြောင်းလေးတွေပေါ့"

"ဟင်း...ခုမှ...ခုမှ..."

"ဟုတ်တယ်ကွယ်၊ အားလုံးရဲ့ ရွံရှာစက်ဆုပ်စရာ အဖြစ်များအလယ်မှာ မျက်နှာငယ်ငယ်နဲ့ တစ်ယောက်တည်း နေခဲ့ရှာတယ်။ ပြီးတော့ ဒီလူသတ်ထားတဲ့ ချောက်ချားစရာ အခန်းကြီးထဲမှာ တစ်ယောက်တည်းနေနေရတဲ့ အဖြစ်တွေကြားတော့ သနားရလွန်းလို့ ကိုကို့အသည်းတွေ ပွဲကျကုန်ပါပြီ ထင်ပါရဲ့ ညီမလေးရယ်"

စိုင်းကြည်မြ၏ မျက်ရည်စများကို သံတိုင်ကြားမှနေ၍ နှင်းပွင့်ဦးက ယုယကြင်နာစွာ သုတ်ပေးနေသည်။





စိုင်းကြည်မြမှာ ငိုနေသော ချစ်ဇနီးလေး၏ သနားစရာ မျက်နှာလှလှလေးကို ကြည့်ပြီး အားတင်းလိုက်သည်။

ဖြူသွယ်သော လက်ခုံလေးကို မြတ်မြတ်နိုးနိုး စုပ်နမ်းလိုက်ပြီး ပါးနှင့်အပ်၍ ထားလိုက်သည်။

"နှင်းပွင့်လေး ကိုကို့ပေါ် ခွင့်လွှတ်တယ်နော်"

"အပြစ်မှ မရှိတဲ့ ကိုကို့ကို ဘာခွင့်လွှတ်စရာ လိုမှာလဲရှင်"

"ဒီလောက် ရိုက်နှက်ပြီး ပစ်ထားတဲ့"

နှင်းပွင့်ဦးက စိုင်းကြည်မြ၏ ပါးစပ်ကို ပိတ်လိုက်ပြီးမှ လက်ဝါးနုနုလေးနှင့် ချစ်ခင်ပွန်းပါးကို ထိကိုင်ရင်း...

"အဲဒါတွေဟာ မိနှင်းပွင့်ကို သိပ်ချစ်လို့ ဖြစ်ရတယ်ဆိုတာ နားလည်ဘဲ နေပါ့မလား ကိုကိုရဲ့၊ ပြီးတော့ ကိုကိုတို့အိမ်သားတွေ သဘောကောင်းလွန်းလို့ နှင်းပွင့်၊ နှင်းပွင့်မြိုင်မှာ ဆက်နေခွင့်ရတာပဲ ကျေးဇူးတင်လို့ မဆုံးနိုင်စရာပါ။ ဒါကြောင့်သာ အစ်ကို အာကာအောင်ကို မှာယူနိုင်တာ ကူညီနိုင်ခွင့်ရတာ"

"ဟုတ်ပါရဲ့ကွယ်...နှင်းပွင့်လေးသာ အားလုံးကို စိတ်နာနာနဲ့ ကောသောင်ကို ပြန်လိုက်သွားရင် ဒီအမှုကြီး လုံးဝပေါ်တော့မှာမဟုတ်ဘူး။ လူသတ်ခဲ့တယ်ဆိုပေမယ့် အခု ကိုကို့အပြစ်ပေါ့တော့မှာ နှင်းပွင့်ကြောင့်..."

"မဟုတ်ဘူးကိုကို...အစ်ကိုအာကာအောင်ကြောင့်..."

"အေးကွာ။ သူ့ကို သိပ်ပြီး ကျေးဇူးတင်စရာကောင်းတယ်။ သူ့ကို ကိုကိုကျေးဇူးတုံ့ပြန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"လိုမယ် မထင်ပါဘူးကိုကို...ဒါပေမယ့် သူက နှင်းပွင့်ကို ကတိ တစ်ခု တောင်းထားတယ်"

"ဘာကတိလဲ ဟင်"

"ဒီအကြောင်းတွေ...သူကူညီလို့ အမှုပေါ်တဲ့အကြောင်းတွေကို နှင်းပွင့်မြိုင် မိသားစုနဲ့အတူ ဘယ်သူ့ကိုမှ မပြောပါနဲ့တဲ့"

"ဟုတ်လား"

"ကိုကို့ကိုတော့ သူကိုယ်တိုင် ရှင်းပြမှ နှင်းပွင့်ပေါ် သံသယရှင်း သွားမယ်ဆိုပြီး လာပြောပြသွားတာ နေမှာပါ"

"အင်းပေါ့လေ၊ သူမပြောစေချင်ရင်လည်း မပြောရုံပဲပေါ့"

"ကိုကို..."

"ဗျာ..."

"နှင်းပွင့်...ဘယ်မှာနေရမလဲ ဟင်"

"ဘယ်လို"

"ဩော်...နှင်းပွင့်က ဒီအမှု မပေါ်မချင်း မပြန်ပါဘူးလို့ သစ္စာ ဆိုထားတာ၊ ခုတော့ မေမေတို့ဆီ ပြန်သွားရမလား၊ ဒီမှာနေရမှာ လား ဟင်"

"နှင်းပွင့် ဘယ်လိုလုပ်ချင်လဲ၊ နှင်းပွင့်ရဲ့ မိဘတွေဆီ ပြန်နေချင် လို့လား ဟင်"

"မနေချင်ဘူး၊ နှင်းပွင့်မိဘတွေကလည်း ဘာမှမသိကြဘူး နေရတာကလည်း သိပ်ဝေးတယ်လေ။ ဒါကြောင့် ကိုကိုရှိနေတဲ့ နေရာမှာ စောင့်နေချင်တယ်"





"ဟင်..."

"တွေ့ခွင့်ရတိုင်း လာတွေ့မယ်။ တွေ့ခွင့်မရရင်လည်း ဒီထဲမှာ ကိုကိုရှိနေတယ်ဆိုတဲ့ အသိတွေနဲ့ နေ့တိုင်း ဒီထောင်ကြီးကို လာကြည့် မယ်ကိုကို...။ နှင်းပွင့်ကို နှင်းပွင့်မြိုင်က လက်ခံထားကြမယ်ဆိုရင် ပေါ့လေ"

"နှင်းပွင့်လေးရယ်"

သံတိုင်များနှင့် ညပ်သွားအောင်ပင် စိုင်းကြည်မြက အားပါး တရ ဖက်ထားလိုက်ပြီး...

"ဘာလို့ လက်မခံရမှာလဲ...နှင်းပွင့်ဟာ ကိုကို့ရဲ့ မယား နှင်းပွင့် မြိုင်ရဲ့ အရှင်သခင်မပဲ"

"အို..."

"နှင်းပွင့် ပြန်ချင်ရင်သာ ခွင့်ပြုရမှာ၊ ကိုကိုကလည်း ဩော်... ဒီခေမရဋ္ဌမြေမှာ ကိုကိုရဲ့ အချစ်မြတ်နိုးရဆုံး ဇနီးလေး ရှိနေပါတယ် ဆိုတဲ့ အသိတွေနဲ့ အားတင်းပြီးနေစမ်းပါရစေ အချစ်ရယ်"

"ဆန္ဒတွေက ထပ်တူပါလား ကိုကိုရယ်"

မျက်ဝန်းနှစ်စုံမှာ မျက်ရည်များနှင့်

"နှုတ်ခမ်းတစ်စုံမှာ အပြုံးများနှင့်..."

❋

နှင့်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ နှစ်ဆယ့်ခုနစ် ။

"ဟာ...ခြံဝကကို ကြိုနေတယ်လား"

"သူ့မော်တော်ဆိုင်ကယ်သံကြောင့်ပေါ့"

ခြံထိပ်မှသည် တိုက်ရှေ့အထိ ပေခြောက်ဆယ်လောက် ရှိသော လမ်းကွေ့လေးကိုပင်...

"ဟင်...အား...ဟား...ဟား...သိပ်မိတယ်ကွာ"

နန်းခမ်းမွှန်က ဆိုင်ကယ်နောက်မှ လိုက်ထိုင်စီးပါ၍ အာကာအောင် နှစ်ခြိုက်စွာ ရယ်မောရင်း သူ့ဟွန်ဒါဆိုင်ကယ်လေးကို ကွေ့ဝိုက်စောင်းနင်းရင်း စီးဝင်သွားသည်။ ခါးကို တအားဖက်လျက် နန်းခမ်းမွှန်က လိုက်ပါလာသည်။

အာကာအောင်၏ ကျောကို မှီထားသော နန်းခမ်းမွှန်၏ မျက်နှာလေးမှာ တောင်ပေါ်မြေမှာ သာသော လထက်ပင် ကြည်လင်းပလို့ပါ။

"အိမ်မှာ ဘယ်သူမှ မရှိကြဘူး သိလား"





"သိတာပေါ့ဗျာ...ဒါကြောင့် သူ့ အိမ်ရှေ့က ထွက်ကြိုစီးရဲတာ၊ အပြင်လျှောက်စီးရအောင်လား...ဟင်...ခမ်းမွှန်..."

"အိမ်မှာ ဘယ်သူမှ မရှိပါဘူးဆိုမှ"

"အပြင်မှာက ပိုပြီး လွတ်လပ်မလားလို့ပါ။ နောင်တုံကန်ဘက် သွားကြမလား"

"မသွားချင်ပါဘူး ဆိုင်ကယ်စီးရတာ သူ့ကျောပြင်ကြီးပဲ မြင်ရတယ်။ ဒီက သူ့မျက်နှာကို ကြည့်ချင်တာ"

"ကဲ...ကြည့်စေဗျာ...ကြည့်စေ"

"ဟင်း...အပြင်ကြီးမှာ"

ဆိုင်ကယ်ရပ်ပြီးသည်နှင့် နန်းခမ်းမွှန်၏ မေးစေ့လေးကို ဆွဲမော့ကာ လှုပ်ခါ၍ မချင့်မရဲကြီး ပြောပြန်တော့လည်း အရှက် မျက်နှာနှင့် ဝင်ပြေးသော ခမ်းမွှန်လေး။

"ကျိုင်းတုံခေါက်ဆွဲလုပ်ထားတယ်"

"ဟာ...မစားဖူးတာတွေ စားရမှာပေါ့"

"ကျိုင်းတုံခေါက်ဆွဲဆိုတာ ဘာလဲ သိလား"

"မသိဘူး ဘယ်လိုဟာလဲ"

"ကျိုင်းတုံမြို့မှာ စားရင် ကျိုင်းတုံခေါက်ဆွဲလို့သာမှတ်"

"ဟာ...တကယ်ဆန်းတယ်နော်"

မျက်နှာတည်ကြီးနှင့် အာကာအောင်က ပြောလိုက်သည်။ တဓာယ်ပြန်ရယ်ရသူက စသူ ခမ်းမွှန်သာ...။

ဆန်ခေါက်ဆွဲ၊ ပဲမှုန့်၊ ကြက်သားဆီချက်၊ ခရမ်းချဉ်သီးမှုန့်စိမ်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခွန်ဆိုင်ခေါ် တရုတ်နံနံတို့ပါသော ခေါက်ဆွဲနှင့် ဟင်းချိုရည်ကို 'တူ' နှင့် တစ်ယောက်တစ်လဲ စားရင်း ခွံ့ကျွေးနေမိကြသည်။

ပြီးတော့ ကျိုင်းတုံမြို့၏ နံမည်ကျော် ကြီးမား ပွယောင်း၍ အမွှာကြီးလှ ချိုမြိန်လှသော လိမ္မော်သီးများကို နန်းခမ်းမွှန် ကိုယ်တိုင် နွှာ၍ ကျွေးရှာသည်။

"သိပ်အရသာရှိတာပဲ"

"ဟုတ်တယ်၊ ဒီလိမ္မော်သီးက တကယ်ချိုတယ်နော်"

"လိမ္မော်သီးကို ပြောတာ မဟုတ်ဘူး။ ခုလိုနေရတာလေးကို..."

"လိမ္မော်ခွံနဲ့ မျက်လုံးထဲ ညှစ်ထည့်လိုက်မယ်နော်"

"ညှစ်...ညှစ်လေ"

မျက်လုံးကြီးပြူးပြီး နန်းခမ်းမွှန်၏ မျက်နှာနားသို့ ကပ်ပေးပြန်တော့လည်း...

"စပ်ကုန်မှာ စိုးလို့ သိလား"

အနမ်းပွင့်လေးတွေ တစ်ပွင့်ပြီးတစ်ပွင့် ကြွေနေသည်။

လိမ္မော်စိတ်လေးတစ်စိတ်ကို နှစ်ယောက်အတူကိုင်ပြီး စားလိုက်ရသော ရသာက အားလုံးထဲတွင် ချိုမြိန်လွန်းသော အရသာပါတည်း။

"အိမ်သားတွေ ဘယ်သွားကြလဲဟင်"

"ကိစ္စတွေများနေကြတယ်လေ"

"ဘာကိစ္စတွေလဲ"

"သူမကြားဘူးလား"



"အင်း...ကျိုင်းတုံတစ်မြို့လုံး စိတ်ဝင်စားနေတဲ့ သတင်းမို့ ကြားတော့ ကြားမိပါရဲ့၊ ဒါပေမယ့် တိတိကျကျတော့ မသိပါဘူး"

အာကာအောင်၏ လိမ်ညာခြင်းကို ယုံလွယ်ရှာသော နန်းခမ်းမွှန်က ခရေပွင့်လေးများ သီသလို တစ်ခုစီ တစ်ခုစီ ရှင်းပြနေရှာသည်။

"ဒီလိုဆို မနှင်းပွင့်ဦးမှာ ဘာမှ အပြစ်မရှိဘူးပေါ့"

"အင်းပေါ့၊ သိပ်သနားစရာကောင်းတာပဲ ကိုအောင်ရယ်၊ ခမ်းမွှန်တို့ သူ့ကို ပစ်ပယ်ထားမိခဲ့ကြတယ်"

"ပစ်ပယ်တယ်လို့ ဘယ်ခေါ်နိုင်မလဲ။ ဒီနှင်းပွင့်မြိုင်မှာ သူ့ကို နေခွင့်ပြုထားတာပဲ"

"ဒါပေမဲ့ ဒီတိုက်ကြီးပေါ်မှာ မဟုတ်ပါဘူး။ ကိုအောင်ရယ်၊ သူ့ရဲ့ တိုက်ဆွယ်လေးထဲမှာပါ၊ ခေမရဋ္ဌအကျဉ်းစံဘဝနဲ့ပါ"

"ခုတော့လည်း သူ ဒီအကျဉ်းစံဘဝက လွတ်ပြီပေါ့လေ"

"ကိုအောင်နဲ့ မိတ်ဆက်ပေးရဦးမယ်။ ခမ်းမွှန်သူငယ်ချင်းက သိပ်သဘောကောင်းတာ၊ ကိုအောင်နဲ့ မဆုံဖူးသေးဘူးနော်"

"ဟိုတလောက ဒီမှာ စကားပြောနေတုန်း သူထွက်လာတယ်လေ၊ ကိုစိုးထွန်းတောင် ရှိသေးတယ်"

"သြော်...ဟုတ်သားပဲ၊ အဲဒီ စိုးထွန်းဆိုတဲ့အကောင်ကြောင့် ကိုကိုစိုင်းကြည်မြတို့ ဒီလိုဖြစ်ရတာ၊ ဒီကောင့်နံမယ်တောင် မကြားချင်တော့ပါဘူး ကိုအောင်ရယ်"

"ဒါနဲ့ နန်းချယ်ရီရော"

ကြောင်မှုစံကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



"သူဆွေးနေတယ်လေ"

"ဟင်"

"သူက အဲဒီအကောင်ကို တကယ်ယုံပြီး တကယ်ချစ်နေတာကို"

"ဟင်...သူရော စိတ်မနာဘူးလား"

"မပြောတတ်ဘူး။ သူ့ဆီက ဘာလေသံမှ ထွက်မလာဘူး၊ သူ့အခန်းထဲမှာပဲ သူငိုနေတာပဲ"

"ရှက်များ ရှက်သွားလို့လား"

"မပြောတတ်ပါဘူး။ ဒေါ်လေးနန်းဝိုးကဖြင့် သူ့ယောက်ျားဖြစ်ပေမယ့် သူ့တူဘက်က နာကြည်းလွန်းလို့ ဒီကောင့်ကို ကြိုးပေးပစ်ပါ။ သူ့အပြစ်ပါ။ ကျွန်မတူလေးကို လွှတ်ပေးပါဆိုပြီး အကြောင်းစုံသိတဲ့နေ့က အော်ငိုရင်း သူ့ယောက်ျားကို သိပ်ဒေါသထွက်နေတာ"

"ဒီလိုပဲ ဖြစ်သင့်တာပေါ့"

"မနန်းချယ်ရီကတော့ တစ်မျိုးပါပဲလေ"

"ဩော်...သူ့စိတ်ထဲမှာ သူ့အမေဟာ ရှမ်းအမျိုးသမီးလည်း မဟုတ်ဘူး။ ဒီအိမ်မှာက သူများမိသားစု အရင်းအချာတွေ၊ သူက နောက်မှရောက်လာရသူဆိုပြီး...မေတ္တာငတ်တဲ့သူတွေဟာ ဒီလိုပဲ ဝန်တိုစိတ် ရှိတတ်ကြပါတယ် ခမ်းမွန်"

"သူလည်း သိလာမှာပါလေ"

သဘောကောင်းလွန်းသော နန်းခမ်းမွန်တို့ မိသားစုများမှာ နန်းချယ်ရီပေါ်တွင် ခွင့်လွှတ်သော အမြင်များ ထားနိုင်ကြရှာပါသည်။





"ကဲပါ ခမ်းမွန်ရယ်...သူများတွေအကြောင်း အသာထားပြီး ကိုအောင်တို့အကြောင်းပဲ ပြောကြရအောင်ပါ"

"ဘာအကြောင်းလဲ ဟင်"

"ဩော်...အတူနေကြဖို့ပေါ့၊ လက်ထပ်ဖို့ပေါ့"

"ကိုယ့်ရင်ထဲက အချစ်ကိစ္စကိုတော့ ခမ်းမွန်ကိုယ်တိုင် ဆုံးဖြတ်လို့ ရတယ်"

"အင်း...ဟင်"

"လူမှုရေးပါလာတဲ့ အိမ်ထောင်ရေးကိစ္စကျတော့ ဦးလေးတို့ ဒေါ်လေးနန်းဝိုးတို့ ကိုကိုတို့ရဲ့ ဆန္ဒပါ ယူရဦးမှာပေါ့ ကိုအောင်ရဲ့"

"ဦးစိုင်းစံတစ်(ပ်)တို့က သဘောမတူနိုင်ပါဘူး ဆိုရင်ရော"

"အို... ဘူမှာပါ၊ ခမ်းမွန်ရဲ့ချစ်သူက ဘာအပြစ်ရှိလို့၊ သူတို့ကြည်ဖြူကြမှာပါ။ ကိုအောင့်ဘက်ကလည်း လူကြီးတွေနဲ့တစ်ဆင့် ပြောခိုင်းလေ"

"ကိုအောင့်မှာ မိဘမရှိတာ ခမ်းမွန်အသိပဲ"

"မိဘမရှိလည်း ကိုအောင့်ဇာတိ မော်လမြိုင်မှာ အမျိုးအဆွေတွေတော့ ရှိမှာပေါ့"

"အင်...ရှိတာပေါ့"

"အဲ...သူတို့ကို မှာလိုက်လေ"

အာကာအောင် ငြိမ်သွားမိသည်။ သူ့ဘဝမှန်ကို တစ်ခါတည်း တင်ပြလိုက်ရလျှင် နန်းခမ်းမွန်များ စိတ်ကွက်သွားလေမလားဟူသော မရှုံ့မရဲစိတ်သည် အာကာအောင်ကို နှိပ်စက်ပါလေပြီ။

လူသတ်မှုကြီးကို ဖော်ထုတ်ရသော်လည်း နန်းခမ်းမွန်သို့ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



မှန်ကို ရုတ်တရက်ကြီး ဖော်မထုတ်ရဲသေးပါ။

နန်းခမ်းမွန်၏ ကြည်နေသော မျက်နှာလေး ညှိုးမသွားစေရက်ပါ။

ယခု စိုင်းချမ်းမြ ကျိုင်းတုံတွင် မရှိပါ။ တောင်ကြီးသို့ သူပြန်သွားနေသည်။

စိုင်းချမ်းမြနှင့် ခင်သော စိုင်းချမ်းမြကို ပိုင်သော မိတ်ဆွေများကို အာကာအောင် မြင်တွေ့လာမိသည်။

"ဟုတ်ပြီ 'ဦးစောမြင့်သိန်း'တို့ကတစ်ဆင့် ငါ့ဘဝကို တင်ပြပြီး စိုင်းချမ်းမြဆီကို နှမတောင်းလွှတ်ရမယ် ပိုင်မှာပါ"

အာကာအောင် စဉ်းစားနေစဉ် နန်းခမ်းမွန်က ရင်ခွင်ထဲသို့ နှဲ့မှီလာပြီး...

"ကိုအောင်ရယ် ခမ်းမွန်ကို ချစ်ရင် ခမ်းမွန်နဲ့ မြန်မြန်အတူနေခွင့်ရအောင် ကြိုးစားပါနော်။ ခမ်းမွန်မခွဲနိုင်ဘူးကွယ်"

"မခွဲနိုင်ဘူးဆိုမှ ပြောရဦးမယ်ချစ်ရယ်။ ကိုအောင် ခဏပြန်ရဦးမယ်"

"ဟင်..."

"ခဏလေးပါ၊ ခမ်းမွန်ပြောသလို လူကြီးတွေကတစ်ဆင့် ပြောကြားပြီး ခမ်းမွန်ကို အမြန်ဆုံးလက်ထပ်နိုင်ဖို့ ကိုအောင် ကြိုးစားပါ့မယ်"

"အဲဒီအတွက်တော့ ခမ်းမွန် အားတက်ပါတယ်၊ ဒါပေမယ့် ကိုအောင်က ဘယ်တော့ ပြန်မှာလဲ ဟင်"

"မနက်ဖြန်"

"အို...မနက်ဖြန် ပြန်တော့မယ်"

"ဟုတ်တယ်...အလုပ်တွေ ပစ်ထားခဲ့ရတာလည်း ကြာသွားပြီ၊ တစ်လပြည့်တော့မယ်လေ၊ ကိုအောင် ဒီရောက်နေတာ"

"ဟင်...သူ့မှာ ဘာအလုပ်တွေ ရှိသေးလို့လဲ၊ ဒါနဲ့ ဒီမှာ စာပေလာပြီး ပြုစုတာဆို"

"အာ...ဟား...ဟား ဟုတ်တယ်။ အဲဒါတွေကို စာအုပ်ထုတ်ဖို့ပါ"

"တကယ်နော်"

"တကယ်ပါ ခမ်းမွန်ရဲ့"

"ဒါဖြင့် မနက်ဖြန် တကယ်ပြန်တော့မယ်ပေါ့နော်"

"လေယာဉ်လိုက်ခွင့် စာရင်းတောင် ထွက်နေပါပြီ ခမ်းမွန်"

"အို...ကိုအောင်ရယ်"

"ကိုအောင် တောင်ကြီးမှာပဲ တစ်ပတ်အတွင်း စီစဉ်လိုက်မယ်။ ပြီးရင် နှစ်ပတ်အတွင်းမှာ ခမ်းမွန်ဆီ ရောက်အောင် ပြန်ခဲ့ပါ့မယ် အချစ်ရယ်။ စိတ်ချနေနော်"

"ကိုအောင့်ကိုလေ၊ ခမ်းမွန်သိပ်ပြီး လွမ်းကျန်ရစ်ရမှာပဲ"

"မကြာဘူး ခမ်းမွန်၊ နှစ်ပတ်ပါအလွန်ဆုံး...နှစ်ပတ်တည်းပဲစောင့်ရမှာပါ"

"ကိုအောင်သာ ပြောတဲ့ရက်မှာ ရောက်မလာရင်တော့ ခမ်းမွန့်အသည်းတွေ တစ်စစီ ကြွေပြီသာမှတ်..."

"ဒီလောက်တောင်ပဲလား ခမ်းမွန်လေးရယ်"





www.burmeseclassic.com

 www.burmeseclassic.com

"ဒီလောက်တောင်ပေါ့...မချစ်ဖူးသူရဲ့အချစ်ဦးကိုရှင့်"

"မချစ်ဖူးသူရဲ့ အချစ်ဦးဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ်။ သူ့ရင်ထဲမှာလို မိုးတို့...နွေတို့ ရှိခဲ့ဖူးတာမှ မဟုတ်တာ"

မိုးဆိုသော မိန်းကလေးနှင့် တဒင်္ဂချစ်ဖူးရာမှ၊ သူ့ဖခင်ကို ဖမ်းဆီးလိုက်ရသည့်အတွက် မိုးနှင့် ကွဲကွာခဲ့ရဖူးသည့်အကြောင်းခမ်းမွန်လေး မမေ့သေး...

အာကာအောင်၏ ရင်ထဲမှာ မိုးသော အရာလေး တစ်စက်တစ်မှုတ်မှ မရှိတော့ပါ။

နန်းခမ်းမွန် မည်သော...သဘောကောင်း မနောလှ... ဂုဏ်ရှမ်းမလေးကိုသာ ရင်ထဲ၊ အသည်းထဲမှ၊ လှိုက်လှိုက်လှဲလှဲ ချစ်နေခဲ့ရသည်မှာ ရင်နှင့် အပြည့်ပါ၊ ကွက်လပ်နေရာ မရှိအောင်ပါ။

နန်းခမ်းမွန်၏ ကျစ်လျစ်နွေးထွေးသော ကိုယ်ခန္ဓာလေးကို ပွေ့လိုက်ရင်း...

"ကိုအောင် ပြန်လာမှာပါ၊ ဆက်ဆက်ပြန်လာမှာပါ။ စောင့်နေနော် အချစ်..."

"ကိုအောင့်ကို ခမ်းမွန်ယုံပါတယ်ရှင်"

ချိုမြိန်သော အနမ်းလေးများဖြင့် ယစ်မူးနေသော ချစ်သူနှစ်ဦးထံမှ၊ ဘာသံမျှ မကြားရတော့။ တိတ်ဆိတ်လျက် ငြိမ်သက်လျက်သာ...

❋



အခန်း ။ နှစ်ဆယ်ရှစ် ။

"ခမ်းမွန်..."

"ဩော်...မမချယ်ရီ"

"ဟိုမှာ... နှင်းပွင့်ဦး လာနေတယ်။ သူ့ကို မမမေးခိုင်းတဲ့ စကားတစ်ခွန်း မေးကြည့်စမ်းပါ"

"ရှင်...ဘာစကားလဲ မမချယ်ရီ"

"သူနဲ့ အာကာအောင်နဲ့ သိသလားလို့"

"ရှင်..."

"အာကာအောင်ဆိုတာ ခမ်းမွန်ရဲ့ချစ်သူဆိုတာ မချယ်ရီ သိပါတယ်"

"အို..."

"ဒီအကြောင်းနဲ့ ပတ်သက်လို့ မမချယ်ရီမှာ၊ ဘာမှ ဝေဖန်ခွင့် မရှိပါဘူး၊ ကန့်လည်း မကန့်ကွက်လိုပါဘူး။ မမချယ်ရီ မေးချင်းတာသာ မမချယ်ရီရှေ့မှာ၊ သူ့ကို မေးကြည့်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်..."

"မေးပါ...အာကာအောင်နဲ့ မနှင်းပွင့်နဲ့ သိသလားလို့ မေးကြ
စမ်းပါ"

"ဟုတ်...ဟုတ်ကဲ့ မမချယ်ရီ"

သူတို့နားသို့ နှင်းပွင့်ဦး ရောက်ရှိလာသည်။ နှင်းပွင့်ဦး
ခေမရဋ္ဌ အကျဉ်းစံ ဘဝကလို မျက်ရည်သွယ်နှင့်၊ မျက်နှာငယ်
မဟုတ်တော့...

သူ မပြုံးနိုင်သော်လည်း သူ့မျက်နှာမှာ အားမာန်ပြည့်နေ
သည်။

"မမချယ်ရီ နေကောင်းတယ်နော်"

ရိုးသားသော နှုတ်ဆက်ခြင်းပါ။ သို့ပါသော်လည်း ယင်းစကာ
မှားသွားကြောင်း နှင်းပွင့်ဦး နောင်တရခဲ့ပါပြီ။

နှင်းပွင့်ဦး၏ စတင်ဆောင်ရွက်မှုကြောင့် သူချစ်သော ကို
ထွန်း အဖမ်းခံလိုက်ရသည် ကို သိခဲ့ရင်ဖြင့် သူ နာကြည်းနေပါလိ
မည်။ တစ်ဖက်ကဖြင့် သူ့မောင်အတွက် ဝမ်းသာတန်ကောင်းပါ

"ဒီစကား တို့က မေးရမှာပါ"

ရန်ငြိုးဖွဲ့သော အကြည့်များဖြင့် သူက တည်ကြည်စွာ ပြော
လာသည်။ သူ့ငိုထားသည့် အဖြစ်ကိုလည်း သိသွားကြမှာ စိုးနေ
သည်။ သူ ရှက်နေပုံရသည်။

"သြော်... ဟုတ်ကဲ့ ဒီနေ့တော့ နေကောင်းသွားပါပြီ မမချယ်
မနေ့ကဆို မူးလိုက်တာမှ တစ်နေကုန်ပဲ"





နှင်းပွင့်ဦးက ပြုံး၍ ဖြေလိုက်ရပါ၏။ နန်းချယ်ရီက နန်းခမ်းမွန်
သို့ မေးလေးဆတ်၍ ပြလိုက်သည်။

"မေးလိုက်လေ"

ဆိုသည့်သဘော...

"သြော်...သူငယ်ချင်းကို မေးမလို့"

"ဘာများလဲ ခမ်းမွန်...ဟင်"

နန်းချယ်ရီက သူတို့ ရှိနေရာကို ကျောခိုင်းလိုက်သည်။ သူ့
မျက်နှာကို မမြင်စေလို။ နှင်းပွင့်ဦး၏ အဖြေကိုသာ သူကြားလိုပါ၏။

"ကိုအာကာအောင်နဲ့ မနှင်းပွင့်နဲ့ သိကြသလားဟင်"

"ကိုအာကာအောင်"

"ဟုတ်တယ်...ခမ်းမွန်ရဲ့ ကိုအောင်ကို ပြောတာပါ"

"ဟင်...မ...မသိပါလား...ဘာဖြစ်လို့လဲ"

"သြော်...ဟော်...ဘာမှမဖြစ်ပါဘူး...မေးကြည့်တာပါ"

နန်းခမ်းမွန်၏ အဖြေက အပြုံးလေးနှင့် ပြေလည်ပါသော်
နှင်းပွင့်ဦး စိတ်လေးသွားမိသည်။

နန်းချယ်ရီမှတစ်ဆင့် တစ်စုံတစ်ခုသော အကြောင်းအရာများ
တ် သက်လာလေမလားဟူ၍ မနှင်းပွင့် စိတ်ထင့်ရပါပြီ။

"သူငယ်ချင်း...ထမင်းအတူစားရအောင်"

"နေပါစေတော့ ခမ်းမွန်ရယ်၊ ထမင်းစားချင်စိတ် မရှိဘူး။ ဘာ
ဖြစ်နေလဲ မသိဘူး။ အန်ချင်နေတယ်"

"စားချင်တာ ခမ်းနွံကို လုပ်ခိုင်းပေါ့။ ဟိုနေရာမှာ မနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ ဦးလေးက ပြောထားပြီပဲ။ ဒေါ်လေးနှန်းပိုးကလည်း မနှင်းပွင့်ကို ဆရာဝန် ခေါ်ပြမယ်လို့ ပြောနေသံ ကြားတယ်"

"ခမ်းမွန်တို့ မိသားစုရဲ့ စေတနာတွေဟာ နှင်းပွင့်ပေါ်မှာ များလှပါပြီကွာ"

"အမယ်လေး... ဦးလေးတို့ကတော့ ဒီအမှုမှန်ကြီး ပေါ်သွားကတည်းက တို့မနှင်းပွင့်ကို ပစ်ထားမိတာ မျက်နှာပူစရာကြီးကွယ်လို့တောင် ပြောနေတယ်"

"နေခွင့်ပြုထားတဲ့အတွက် နှင်းပွင့်ကတောင် ပြန်ပြီး ကျေးဇူးတင်ရဦးမှာပါ။ နှင်းပွင့်ခဏသွားအိပ်လိုက်ဦးမယ်နော်...၊ နည်းနည်းနေမကောင်းချင်လို့ပါ"

"ကောင်းပြီ...သူငယ်ချင်း"

နှင်းပွင့်ဦးမှာ နောက်ဖေးမှတစ်ဆင့် သူပိုင်ဆိုင်သော တိုက်ဆွယ် စံအိမ်လေးဆီသို့ ပြန်သွားပြီးသည်နှင့်...

"လာဦး...ခမ်းမွန်"

နှန်းချယ်ရီက ဦးဆောင်ခေါ်ငင်သွားသည်။ နှန်းခမ်းမွန်မှာ သူ့နောက်မှ တိုက်၏ အပေါ်ထပ်သို့ လိုက်၍ တက်ခဲ့ရပါသည်။

"လာ...ဒီမှာထိုင်"

သူ့အခန်း...သူ့မှန်တင်ခုံရှေ့မှ ခုံပုလေးတွင် ထိုင်စေလိုက်သည်။

နှန်းချယ်ရီမှာ ဖုံးမွေ့ယာ၏ ခေါင်းရင်းပိုင်းကို လှန်ပြီး သော့ယူလိုက်သည်။ ပြီးတော့ သူ့ဗီရိုအရှည်ကြီးကို ဖွင့်လိုက်သည်။

သူ့လက်ထဲတွင် ပို့စကဒ်အရွယ် ဓာတ်ပုံတစ်ပုံပါရှိလာသည်။





"နှင်းပွင့်ဦးက ပြောသွားတယ်နော်၊ သူ အာကာအောင်နဲ့ မသိပါဘူးလို့"

"ဟုတ်ကဲ့"

"ရော့...ဒီမှာ ကြည့်စမ်း"

"ဟင်..."

နှန်းခမ်းမွန်၏ မျက်လုံးများ ပြူးသွားမတတ်ဖြစ်ရပါပြီ။

မြင်နေပါလျက်နှင့် မယုံနိုင်၊ လက်မခံနိုင်ပါ၍ ဓာတ်ပုံကို အနီးကပ် အားစိုက်၍ ကြည့်လိုက်မိသည်။

"အို...သူ...သူနဲ့"

"ဟုတ်တယ်...ညဘက်မှာ အာကာအောင်နဲ့ နှင်းပွင့်ဦး သူ့အခန်းမှာ ချိန်းတွေ့နေကြတုန်း ကိုစိုးထွန်းက ဦးလေးရဲ့ ကင်မရာနဲ့ ရိုက်ခဲ့တာ"

"ဟာ..."

"ဒီကောင်မဟာ တကယ့်သစ္စာဖောက်မပါ"

"အို..."

နှန်းခမ်းမွန်မှာ ဓာတ်ပုံကို ကြောက်စရာပစ္စည်းကြီးတစ်ခုလို အလန့်တကြား လွှတ်ချလိုက်သည်။ ပြီးတော့ ကောက်ယူပြန်ကြည့်မိသည်။

ပြီးတော့ နှန်းခမ်းမွန်ငိုရပါလေပြီ။

ဦးလေးစိုင်းစံတစ်(ပ) Nikon f 1.2 နီကွန်အက်(ဖ)ဝမ်းပွိုင့်တူး ကင်မရာ၏ ရိုက်ချက်က ကောင်းလွန်းလှသည်။ မှန်ဘီလူးအားကောင်းလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com


အာကာအောင်နှင့် နှင်းပွင့်ဦးတို့၏ မျက်နှာများကို ပီပြင် ပေါ်လွင်စွာ မြင်နေရသည်။

ဝေးဝေးဆီမှ ဘုရားမီးရောင်လက်လက်နှင့် ခန်းဆီးကွက်လေး ရေးရေးကိုပါ မြင်ရသည်။

သေချာပါသည်။ နှင်းပွင့်ဦး တင်စားခဲ့သော ခေမရဋ္ဌအကျဉ်းစံ တိုက်ဆွယ်ခန်းထဲမှာပါ။

ကိုယ်အောက်ပိုင်းများက အမှောင်နှင့် ရောထွေးသွားနေသော် လည်း...

မျက်နှာနှစ်ခုက အနီးကပ် ခေါင်းချင်းဆိုင်မတတ်ပါ။

မီးမှိန်မှိန် အခန်းတွင်းသို့ လူ၏ မျက်စိဖြင့် ချောင်းကြည့် နေသည့်အတိုင်း မြင်နေရသော ပုံပါ။

"သူ့ကိုယ်သူ ခေမရဋ္ဌအကျဉ်းစံမလေးပါဆိုပြီး တစ်ယောက်တည်း နေနေတာကို ဟင်း...ဦးလေးတို့က သနားနေကြသေးတယ်။ သူက ဘယ်ကြောက်မလဲ၊ အဖော်ရှိနေတာကိုး။ သူနဲ့အတူ အိပ်မယ့် သူ ရှိနေတာကိုး"

"ဒီ...ဒီပုံ ဘယ်က ရတာလဲဟင်"

"ဒီမှာ...ခမ်းမွန်၊ အာကာအောင်ဟာ ခမ်းမွန်ရဲ့ချစ်သူ ဖြစ် သလို၊ ကိုစိုးထွန်းဟာ မမချယ်ရီရဲ့ ချစ်သူပဲ"

"ဟုတ်ပါတယ်...ခမ်းမွန်သိပါတယ်"

"အေး...အာကာအောင်ဟာ နှင်းပွင့်မြိုင်ထဲကို ဘာကြောင့် ဝင်လာခွင့်ရအောင် ကြိုးစားနေရတာလဲဆိုပြီး ကိုစိုးထွန်းတို့ ကိုကျင်မ်းတို့ကလည်း သူ့ကို တန်ပြန်စုံစမ်းထောက်လှမ်းတော့..."

"ဟုတ်ကဲ့၊ ဘာတဲ့လဲ...ဘာတဲ့လဲဟင်"

"သူဟာ အလုပ်ပြုတ်နေတဲ့ စုံထောက်ဟောင်းတစ်ယောက်ပဲ"

"ဟင်..."

"ပြီးတော့... နှင်းပွင့်ဦးနဲ့ ဟိုတုန်းကတည်းက အဆက်အသွယ် ရှိခဲ့တဲ့ သူ..."

"အို..."

"နှင်းပွင့်ဦးရဲ့အစ်ကို နေသစ်ဆိုတဲ့အကောင်နဲ့လည်း သူငယ် ချင်းတဲ့။ သူတို့အိမ်မှာ အိပ်စားနေခဲ့ဖူးတယ်တဲ့"

"ရှင်...ဒါ...ဒါတွေဟာ တကယ်ပဲလား မမချယ်ရီရယ်"

"အေး...ဒါတင် ဘယ်ကမလဲ။ အခု တောင်ကြီးမှာ ကား ဘယ်ရှော့ ထောင်ထားပြီး တစ်ယောက်တည်း ပွေနေတဲ့ကောင်"

"အမယ်လေး..."

"ဒါတွေအားလုံးကို ကိုစိုးထွန်းက ဖော်ထုတ်ပြီး နှင်းပွင့်ဦးရဲ့ ခန်းထဲမှာ ဝင်နေတုန်း အမိဖမ်းတော့မယ့်ဆဲဆဲမှာ..."

"အို..."

"သူက လက်ဦးသွားတာ။ ကိုစိုးထွန်းကို ဒုက္ခပေးသွားတာ"

"ကို...ကိုစိုးထွန်းက ဖြောင့်ချက်ပေးပြီးပြီပဲ မမချယ်ရီရယ်"

"ဒါလည်း ကြောက်လို့ ပေးရတာလားမှ မသိတာ"

သူ့ချစ်သူပေါ်တွင် သူကဖြင့် ယုံကြည်နေဆဲပါပဲလား။

"သြော်...ငါကိုယ်တိုင်လည်း ဒီပုံသာ မမြင်ရရင် ယုံနေဦးမှာပဲ လေ"




www.burmeseclassic.com

www.burmeseclassic.com


"မကောင်းပါလား...။ ယောကျ်ားတွေဟာ မကောင်းပါလား"

"ဒီမှာ ခမ်းမွန်"

ဓာတ်ပုံကို ဆုပ်ကိုင်ရင်း အံကိုခဲလျက်၊ မျက်ရည်အသွယ်သွယ်နှင့် နန်းခမ်းမွန်သို့...

"အာကာအောင်ကို ကိုစိုးထွန်းက ခြေရာခံမိပြီးကတည်းက စောင့်ချောင်းပြီး ရိုက်ထားခဲ့တာ။ ဦးလေးရဲ့ ဖလင်လိပ်ကို သူ ကိုယ်တိုင် ဆေးတုန်းက အဲဒီအကွက်ကို ဖြတ်ယူထားလိုက်ပြီး..."

"ဟင်း..."

"မမချယ်ရီ လက်ထဲကို အပ်ထားလိုက်တယ်။ ဒီကောင်နဲ့ ဒီကောင်မ ဒီလို ဖောက်ပြန်နေပြီ။။ တကယ်လို့ အာကာအောင်ကြောင့်များ သူနှင်းပွင့်မြို့မှာ နေခွင့်မရတော့ရင် ချယ်ရီက ဒီဓာတ်ပုံကို ကူးပါ။ သက်သေထူပါလို့ မှာခဲ့တယ်လေ"

"လုံလောက်ပါပြီ မမချယ်ရီရယ်"

နှင်းပွင့်ဦးကို ကိုစိုးထွန်းလာ၍ ဒုက္ခပေးသည့်ညက ကိုအာကာအောင် ကိုယ်တိုင် ကယ်တင်ပေးခဲ့ရသည့်အကြောင်းကို ယခုထိ နန်းခမ်းမွန် မသိရှာပါ။

ထိုညက ဦးလေးစိုင်းစံတစ်(ပ)ပြောစကားများကိုသာ ပြန်လည် မှတ်မိလာသည်။

နှင်းပွင့်ဦးအခန်းမှ ပြန်အလာတွင်...

"မနှင်းပွင့်လည်း ဆေးလိပ်မသောက်တတ်ဘဲနဲ့ သူ့အခန်းမှာ စီးကရက်နံ့ကို လှိုင်လို့ပဲ"

ဟူ၍ ပြောကြားခဲ့ဖူးသည်။

"ကဲ... ခမ်းမွန်၊ ဒီကောင်နဲ့ နှင်းပွင့်နဲ့ ဆက်သွယ်နေကြတယ်ဆိုတာ ယုံပြီလား၊ ဒီကောင်နှင်းပွင့်အခန်းမှာ ညဘက် ရှိနေတယ်ဆိုတာ လက်ခံပြီလား"

"ယုံရပါပြီ။ လက်ခံရပါပြီ မမချယ်ရီရေ"

"အေးပေါ့ အမှန်တရားဆိုတာ ပေါ်ရမှာပဲပေါ့"

ချစ်လှစွာသော ကိုအောင်၏ ကဏ္ဍကတစ်ပိုင်း၊ မှီခိုအားကိုးရာ ကိုကိုစိုင်းကြည်မြ၏ ခံရပုံက တစ်ပိုင်းမို့ နန်းချယ်ရီကို အခဲမကြေစွာ ကြည့်လိုက်မိသည်။ ကိုစိုးထွန်းသို့လည်း ရည်ညွှန်း၍...

"ဟုတ်ပါတယ် မမချယ်ရီ၊ သိပ်ဟုတ်ပါတယ်။ အမှန်တရားဆိုတာ မလွဲမသွေ ပေါ်ပေါက်ရမှာပေါ့"

ဓာတ်ပုံကို ဆုပ်ကိုင်လျက် နန်းချယ်ရီ၏ အခန်းမှ နန်းခမ်းမွန် ထွက်လာခဲ့ပါတော့သတည်း။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ နှစ်ဆယ့်ကိုး ။

"အချိန်မှ မီပါဦးမလား"

ဟူသော ဇောစိတ်ဖြင့် ဂျစ်ကားကို ကိုယ်တိုင်အပြင်းမောင်းလာခဲ့သော နန်းခမ်းမွှန်…

ဘက်ထရက်(စ်)အဖြူပျော့ပျော့ ဘဲလ်ဘောင်းဘီနှင့် ဇာထူထူ 'တီရှပ်'နှင့် ဘရာစီယာကိုပင် မလဲဖြစ်ခဲ့။ လေးထောင့်ပုံ ရင်ဟိုက်နှင့် ပခုံးစွန်းသာ ဖွေးဖွေးလေးများက ပေါ်နေသည်။

အလယ်ခွဲ၍ ပစောက်ပုံ ဝေ့ဝေ့ဝိုက်ဝိုက် ဆံပင်လှိုင်းတွန့်များက လေရှိန်ကြောင့် နောက်ဘက်မှာ လွင့်ပျံနေသည်။

ခုံမြင့်လွန်းသော ဖိနပ်နှင့် လီဗာနင်းရသည်ကို အားမရ၍ ဖိနပ်ကို ချွတ်ပစ်လိုက်ပြီး ခြေဖဝါးနုနုဖွေးဖွေးလေးနှင့် လီဗာကို ပိုနင်းလိုက်လေမှ ကားက စိတ်တိုင်းကျမြန်လာသည်။





ကျိုင်းတုံမြို့၏ အရှေ့မြောက်ဘက် လေယာဉ်ကွင်းလမ်းအတိုင်း မောင်းနှင်၍ လေယာဉ်ကွင်းရှိရာသို့ မြန်လွန်းသော အလျင်နှုန်းနှင့် ဦးတည်နေပါ၏။ ချင်း သ–နက ၄ ကို လွန်ပြီး လေဆိပ်မြေသို့ ဝင်သည်နှင့်…

"ဟာ…လေယာဉ်တောင် ဆိုက်နေပြီ"

ကျိုင်းတုံလေဆိပ်တွင် ဖော်ကာလေယာဉ် ကြာရှည်စွာ မရပ်နားပါ။ ခရီးသည်များ ချပြီး အစီအစဉ် ရှိသည့်အတိုင်း ဟဲဟိုး (တစ်ခါတစ်ရံ လွိုင်ကော်၊ လားရှိုး၊ ညောင်ဦး) မန္တလေး–ရန်ကုန် စသော ခရီးစဉ်များအတိုင်း ပို့ဆောင်ရန် ကျိုင်းတုံမှ ခရီးသည်များကို တင်ဆောင်သွားရန် အသင့်ရှိနေလေပြီ။

ဘဲလ်ဘောင်းဘီကားကား၊ ဆံပင်လေးဖားဖား၊ အသား ဖွေးဖွေးများ ပေါ်ပေါ်လွင်လွင်ဖြင့် ကျိုင်းတုံလေဆိပ်တွင်းသို့ ပြေးဝင်လာသော မိန်းမလှလေးကို အားလုံး ငေးကြည့်နေကြပါ၏။

ရပ်နေသူများရှေ့တွင် ပြေးနေသူမို့လည်း ပိုမို၍ ပေါ်လွင်နေပါ၏။

"လေယာဉ်ပေါ် တက်ဖို့ စာရင်းအတိုင်း လူခေါ်နေပြီ"

သူတို့ချင်းပြောသံ ကြားရပါ၍ နန်းခမ်းမွှန်မှာ လေဆိပ်အဆောက်အဦကို ဖြတ်လျက် လေဟာပြင် လေယာဉ်ကွင်းထဲသို့ ပြေးဝင်လာသည်။

လူအချို့ပင် လေယာဉ်ပေါ်သို့ တက်ရန် သွားနေကြလေပြီ။

သစ်သားတန်း စည်းရိုးလေးထိပ်မှ လေယာဉ်ရုံး ဘက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သူက စာရင်းကြည့်၍ အမည်များ ခေါ်နေလေပြီ။

"ကိုမင်းအာကာအောင်"

"ကျွန်တော်ပဲ"

"သွားနိုင်ပြီ"

ဟဲန်ဘက်(က)တစ်လုံးကို လွယ်လျက်၊ အတက်ချိုကွေ့စ်ကို ကိုင်ပြီး ဂျင်းဘောင်းဘီ…ဆာဖာရီနှင့်…နေကာမျက်မှန်နှင့် ဟိုလူချော သို့…

ကိုအောင်…

"အို…ကိုအာကာအောင်၊ ခဏနေပါဦး"

"ဟင်…ခမ်းမွန်ပါလား။ ခဏလေးဗျာ"

သက်ဆိုင်ရာသို့ ခွင့်ပန်ပြီး အာကာအောင် ပြန်လှည့်လာသည်။ သူ့နောက်မှ လူများကို ဆက်လက်၍ သွားနေစေသည်။ လေယာဉ်လေ့ကားထစ်ထိပ်တွင် လက်ဆွဲတန်ဆာအချိန် ဆယ်ပေါင်ထက် ပိုမပို ကစ်ခါထပ်၍ စစ်ဆေးနေပါဦးမည်။ အချိန်ရပါသည်။

"အို…ခမ်းမွန်…ခမ်းမွန် လိုက်လာတယ်လား"

အာကာအောင်က လူအုပ်နှင့် ဝေးသောနေရာသို့ ပြေးလာပြီး ဝမ်းသာအားရ ကြိုဆိုမိသည်။

"လူလိမ်…လူညာ"

"ဟာ…"

"အလုပ်ပြုတ်နေတဲ့ စုံထောက်စုတ်"

"ဟာ…မဟုတ်ရပါဘူး ခမ်းမွန်ရယ်၊ ကိုယ့်ဟာကိုယ် ထွက်စာ





တင်ပြီး ထွက်ခဲ့တာပါ"

"အဲဒါ ဘာလို့ မပြောလဲ၊ ရှင်ညာခဲ့တယ်။ ခမ်းမွန်ပေါ် အားလုံး ညာခဲ့တဲ့ လူယုတ်မာ"

"မဟုတ်ရပါဘူး၊ ကိုအောင်ရှင်းပြ…"

"ဘာလဲ၊ မနှင်းပွင့်နဲ့ လာအိပ်တဲ့အကြောင်းတွေ ရှင်းပြမှာလားဟင်၊ ဟုတ်လား"

"ဟာ…ဒုက္ခပါပဲ၊ အားလုံးရှုပ်ကုန်ပြီ"

"ကဲ…ရှုပ်ချင်ဦး၊ ရှုပ်ချင်ဦး"

"အို…ခမ်းမွန်"

အာကာအောင်၏ ပါးသို့ နှစ်ချက်ဆင့် ရိုက်ပစ်လိုက်သည်။ အာကာအောင်က နန်းခမ်းမွန်၏ လက်ကို ဖမ်းဆွဲလိုက်ပြီ…

"ကိုအောင် ခံနိုင်ပါတယ် ခွင့်လွှတ်နိုင်ပါတယ်။ ဒါပေမယ့် လူတွေ ဝိုင်းကြည့်ကုန်ပြီ၊ ကိုယ်က ပြန်ရတော့မှာ။ အချစ်ရဲ့ သိက္ခာတွေ ကျဆင်းကုန်လိမ့်မယ်ကွယ်"

"သွား…သွား"

"ကိုအောင် ပြန်လာခဲ့မယ်။ အလုပ်တွေ စီစဉ်ပြီး ချက်ချင်း ပြန်လာခဲ့မယ်"

"မလာနဲ့၊ ဘယ်တော့မှ မလာနဲ့"

"အို…"

"ရှင့်မျက်နှာလည်း ဘယ်တော့မှ မကြည့်ဘူး၊ သေတာတောင် အတွေ့မခံဘူးမှတ်၊ ရော့ ရှင်တို့ စုံတွဲဓာတ်ပုံ"



www.burmeseclassic.com

www.burmeseclassic.com

"သြော်...ဒါကြောင့်ကို...နန်းချယ်ရီ ထောင်ပေးလိုက်ပြီ ထင်တယ်"

"ဒီမှာ...ကျိုင်းတုံမြေကို ရှင်ပြန်လာရင် ကျွန်မကျိုင်းတုံမြေက ထွက်ပြေးသွားမယ်...ဒါပဲ"

"ဟာ...ခမ်းမွန်ရယ်"

"ဘာမှ ရှင်းမပြနဲ့၊ မကြားချင်ဘူး၊ မသိချင်ဘူး၊ သွား...ရှင်...ကျွန်မ လက်ကို လွှတ်ပါ"

"ခက်တာပဲကွယ်...မပြန်လို့လည်း မဖြစ်၊ အချိန်ကလည်း မရတော့ဘူး"

ထိုစဉ်...

သူ့လက်မှ ရုန်းထွက်လျက် နန်းခမ်းမွန် တစ်ဟုန်ထိုး ထွက်ပြေးသွားပါပြီ...

အာကာအောင်မှာ စိတ်ပူနေခဲ့မိသော ဓာတ်ပုံကိစ္စ ငြိမ်းအေးပြီထင်ကာမှ လောင်မီးကျရလေပြီမို့ ရင်နင့်နေမိသည်။

"ကိုအာကာအောင် လေယာဉ်စက်နိုးနေပြီလေ...ဘယ်လို ဖြစ်ကြတာလဲဗျာ"

"နောက်မှပဲ ပြန်လာရှင်းပြရတော့မှာပဲ ကိုနန်းအောင်ရေ ကဲ...သွားပြီဗျာ"

နောက်ဆုံးခရီးသည်အဖြစ်နှင့် အာကာအောင်မှာ လေယာဉ်ပေါ်သို့ ပြေးတက်ရချိန်တွင် လေယာဉ်စက်ပင် နိုးနေလေပြီ။

ချစ်သူ၏ နှလုံးသားကို ကွဲ ကြေလောင်မြိုက်စေခဲ့သော ဓာတ်ပုံ





ကို ဆုပ်ခြေကိုင်ဆောင်ရင်း ဆို့နင့်စွာနင့်ပါ...

"နှင်းပွင့်မြိုင်မှ အလှဆုံးမင်းသမီးလေးတစ်ပါးနှင့် ခေမရဋ္ဌ၏ မျက်နှာစိမ်းညှို့သည် လူချောလေးတို့၏ လျှပ်တစ်ပြက် ဆုံဆည်းမှုကို လေဆိပ်ရှိ လူများအားလုံးက ရုပ်ရှင်ရိုက်ကွင်းတစ်ခု မြင်လိုက်ရသလို တအံ့တသြငေးမောရင်း 'သည်သို့လား' 'ဟိုသို့လား' ဖြင့် ရှိနေကြပေတော့သည်။

ဖော်ကာ ဖရင်းရှစ်(ပ) XY-ADN လေယာဉ်ကြီးမှာ ပြေးလမ်းပေါ်တွင် ပြင်းစွာ အရှိန်ယူပြီး မြေပြင်မှ ကောင်းကင်ဆီသို့ စတင်တက်ပါလေပြီ။

ဂျစ်ကားစိမ်းလေးသည် လေယာဉ်ကွင်းလမ်းအတိုင်း ကျိုင်းတုံမြို့ဘက်ဆီသို့ အမြန်နှုန်းဖြင့် မောင်းနှင်သွားနေသည်။

အနောက်ဘက်ဆီကိုပါ...

အမြင့်ရောက် လေယာဉ်သည် ကျိုင်းတုံမြို့ကို ချန်လှပ်စွန့်ခွာ၍ ဝေးရာအရပ်သို့ သာ၍သာ၍ မြန်သော နှုန်းနှင့် သွားနေသည်မှာ...

အရှေ့ဘက်ဆီကိုပါ...

တိမ်ဆိုင်တွေများကြားမှ ချစ်လှစွာသော နန်းခမ်းမွန်၏ အမုန်းမျက်နှာ၊ အငြိုးမျက်နှာ အငိုမျက်နှာများစွာကို အာကာအောင်မှာ လမ်းတစ်လျှောက်လုံး မြင်တွေ့နေရသည်။

အာကာအောင်၏ အောင်မြင်ခဲ့သော အပြန်ခရီးမှာ သပြေပန်းနှင့် ရေချမ်းနှင့် မဟုတ်ပါလား...

ရင်မငြိမ်းစရာ၊ သောကဝေဒနာများစွာကို ရင်မှာ သယ်ပိုးလျက်ပါ...



www.burmeseclassic.com

www.burmeseclassic.com

"ခမ်းမွန်လေးရယ်…ကိုအောင်တောင် ဒီလောက် ရင်ထဲမှာ ထိခိုက်နေမိတာ"

"ဘာမှ မသိရှာဘဲ အထင်လွဲ၊ အမြင်လွဲနဲ့ အသည်းကွဲမတတ် ခံစားနေရရှာမယ့် အချစ်ရဲ့ အဖြစ်ကို ကိုအောင် သနားမိလှတယ် ကွယ်"

"ကိုအောင့်အလုပ်တွေ အမြန်ဆုံး စီစဉ်ထားခဲ့မယ်။ ပြီးတော့ စိုင်းချမ်းမြနဲ့ တွေ့ဆုံဆွေးနွေးမယ်"

"ပြီးတော့ ခမ်းမွန်ဆီကို ခုလိုပဲ မိုးကောင်းကင်ပေါ်က ပျံသန်း လာခဲ့မယ်"

"ပြီးတော့…ခမ်းမွန်လေး ပြုံးလာနိုင်တဲ့အထိ ကိုအောင် ချော့ မယ်… နားလည်နိုင်တဲ့အထိ ရှင်းပြပါ့မယ်…နော်…အချစ်ရယ်…"

❁



၂

## အခန်း ၊ သုံးဆယ် ၊

"ဟော…ဦးလေးနဲ့ ဒေါ်လေးပါလား"

"အေး…ဒီနေ့ အမှု စ စစ်မယ်ဆိုလို့ အစောကြီးကတည်းက တရားရုံးမှာ လာစောင့်နေတာ"

"မနှင်းပွင့်ရောဟင်"

"ဒီမှာလေ ကိုကိုရဲ့"

"ဟာ…မမြင်ဘူးကွာ"

"ဦးလေးနဲ့ ဒေါ်လေးကို အရင်ဦး နှုတ်ဆက်စေချင်လို့ တမင် နောက်က ရပ်နေတာ"

"နှင်းပွင့်လေး နေကောင်းရဲ့လား ဟင်၊ တစ်နေ့က ဦးလေးလာ တုန်းက နှင်းပွင့်ကို ဆရာဝန် ခေါ်ပြရတယ်ဆို…ကိုကိုဖြင့် စိတ်ပူ လိုက်ရတာ"

"မပူရပါဘူးလို့ ဟိုနေ့ကတည်းက ငါပြောခဲ့သားပဲ"

"ဒါပေမယ့်…ကျွန်တော့်ရင်ထဲမှာ အို…ဦးလေးက ကျုပ်ကြီးဆို


www.burmeseclassic.com

www.burmeseclassic.com

တော့ ဘယ်စာနာတတ်ပါ့မလဲ”

“မင်းတို့မှာလည်း တစ်ဆိတ်ရှိ ငါလူပျိုကြီးဆိုတာပဲ ဆွဲဆွဲထည့်ပြောနေတာပဲ။ ဒီမှာ စိုင်းကြည်မြ…”

“ဗျာ”

“မင်း ဝမ်းသာတော့”

“ကျွန်တော့်ရဲ့ အမှုက လွတ်ဖို့လမ်းရှိတယ်လားဟင် ဦးလေး”

“မဟုတ်ဘူးကွ၊ ဒီထက် ဝမ်းသာစရာသတင်း”

“ဦးလေးကလည်း…”

နှင်းပွင့်ဦးက သဘောကောင်းလွန်းသော ဦးစိုင်းစံတစ်(ပ)၏ ကျောပြင်ကြီးကို တွန်းပစ်ပြီး ခေါင်းငုံ့၍ ပြုံးနေသည်။

“ဘာလဲ ဦးလေးရဲ့၊ ပြောစမ်းပါမြန်မြန်”

“ဆရာဝန်က ပြောတယ်၊ မင်းရဲ့မနှင်းပွင့်လေးမှာ ဒါရှိနေပြီတဲ့”

“ဟာ…”

ဦးစိုင်းစံတစ်(ပ)က သူ့ဝမ်းဗိုက်ကြီးရှေ့မှ လက်နှစ်ခုကို ဝိုင်းကာပြလိုက်သည်။

စိုင်းကြည်မြမှာ နှင်းပွင့်ဦး၏ လက်ကို လှမ်းဆွဲယူလိုက်သည်။

ဆံယဉ်စလေးများကို သပ်တင်ပြီး နဖူးပြင်ကို အုပ်ကိုင်၍ ချစ်ဇနီး၏ မျက်နှာလေးကို စိုက်ကြည့်နေသည်။

တန်ဖိုးဖြတ်၍ မရသော ရတနာထုပ်ကို ပိုင်ဆိုင်ခွင့်ရတော့မည့် သူ၏ ကြည်နူးမှု မျက်နှာမျိုးဖြင့် သူ ပထမ ရွှန်းဝေစွာ ပြုံးသည်။





ခဏချင်းမှာပင် သူ့အပြုံးများ တဖြည်းဖြည်း ညှိုးမှိန်လာသည်။

သူ့ချစ်ရင်သွေးလေး မွေးဖွားမည့်အချိန်လောက်တွင် သူ့အနေနှင့် ဤအနှောင်အဖွဲ့ကြီးမှ ဘယ်နည်းနှင့်မှ မလွတ်နိုင်သေးပါလားဟူသော အသိကြောင့် စိုင်းကြည်မြ၏ ရင်မှာ ဆို့နစ်လာသည်။

နှုတ်ခမ်းက ပြုံးနေသော်လည်း မျက်ရည်များက ဝဲလာသည်။

ဝဲရာမှ ပြည့်လျှံလာသည်။

ပြည့်လျှံရာမှ အံကျစီးဆင်းလာတော့သည်။

“မငိုပါနဲ့ကိုကိုရယ်…နှင်းပွင့်လေ ဦးလေးတို့နဲ့ အတူနေပြီး ခေမရဋ္ဌမြေမှာပဲ ကိုကိုတို့ရဲ့ မြင့်မြတ်လှတဲ့ ဂုံရှမ်းမျိုးနွယ်ဆက်ကလေးကို မွေးဖွားမယ်”

“နှင်းပွင့်လေးရယ်”

ချစ်ဇနီး၏ ပါးနုနုလေးကို ကြင်နာခြင်းများစွာဖြင့် ပွတ်ကိုင်နေသည်။

“ဒီကြားထဲမှာ ကိုကိုမလွတ်ခဲ့ရင်တောင်မှ ကိုကိုလွတ်လာတဲ့အခါကျရင် နှင်းပွင့်ရယ်…ကိုကို့သားရယ် လာကြိုကြမှာပေါ့”

“သား…သား…ဟုတ်လား ဟင်၊ နှင်းပွင့်”

“ငါတူက ဘာလေးလိုချင်လို့လဲ”

ဒေါ်နန်းပိုးတစ်(ပ)က ဝင်မေးသည်။

“သားလေး”

“သမီးလေးဆိုရင်ရော”



www.burmeseclassic.com

www.burmeseclassic.com

"အို...ချစ်မှာပဲ။ ဘာလေးဖြစ်ဖြစ်ချစ်မယ်။ သမီးလေးဆိုရင်လည်း သူ့တူရင် လှမှာ ဒေါ်လေးရ"

နှင်းပွင့်ဦး၏ ပါးကို လိမ်ဆွဲရင်း ပြောလိုက်သည်။

ကြည်နူးခြင်းနှင့် ကြေကွဲခြင်းများ ရောထွေးနေသော ခံစားမှုများကို အားလုံးပင် တစ်ချိန်တည်း တစ်ပြိုင်တည်း ခံစားနေရပါ၍...

အပြုံးများနှင့် မျက်ရည်များ ရောထွေးနေကြပေသည်။

"ဒေါ်လေး..."

"ဟေ...ဘာပြောချင်လဲဟင်၊ ငါ့တူလေး"

"ဒေါ်လေးအတွက် ဒေါ်လေးဘက်က ကျွန်တော် စိတ်မကောင်းပါဘူး"

"မဟုတ်တာကွယ်၊ မျက်နှာပူရမှာက ဒေါ်လေးပါ"

"အို...ဒေါ်လေး ဘာမှ မသိရဘဲ ဖြစ်ရတဲ့ကိစ္စပဲ။ ကိစ္စမရှိပါဘူးလေ"

"ဒီမှာ...မင်းတို့တွေ သိထားဖို့က ဒေါ်လေးဟာ ကိုယ့်အစ်ကို ကိုယ့်တူတွေ၊ တူမတွေဖြစ်တဲ့ ကိုယ့်သွေးတွေထက် ပိုပြီး စစ်ရိပ်မှာ စေတနာ မရှိပါဘူး။ သူမကောင်းတဲ့ ဒဏ်၊ သူ့ဟာသူ ခံပါစေ ဒေါ်လေးက အသည်းမာပါတယ်ကွဲ့"

အားလုံး ပြုံးကြရသည်။ အမှန်တရားဘက်က ရပ်တည်ရဲသော ဒေါ်နန်းပိုးတစ်(ပ)၏ သတ္တိထူးကို ချီးကျူးရပါမည်။

"ဒါနဲ့ ညီမလေးရော"

"ခမ်းမွန်လား"





"ဟုတ်တယ်၊ သူဒီတစ်ခါ ဘာလို့ လိုက်မလာလဲ"

"သူ နည်းနည်းနေမကောင်းလို့ပါ ကိုကို"

နှင်းပွင့်ဦးက ဖုံးဖိပါသော်လည်း ဦးစိုင်းစံတစ်(ပ)က စီးကရက်ကို ရှိုက်ဖွာလိုက်ပြီး...

"ခမ်းမွန် တစ်ခုခုတော့ ဖြစ်နေတယ်ထင်တယ်။ သူ့အခန်းထဲက မထွက်ဘူး"

"ဟင်...ဘာဖြစ်နေလို့လဲ၊ ဒေါ်လေး မသိဘူးလား"

စိုင်းကြည်မြင့်က စိတ်ပူစိတ်နှင့် မေးလာသည်။

"ဒေါ်လေး ထင်တာတော့ သူတို့ညီအစ်မချင်း ပြဿနာတက်ကြတယ်ထင်တယ်"

"ဟင်...ဟုတ်လား။ ဘာပြဿနာလဲ"

"ဒေါ်လေးလည်း မထင်တတ်ဘူးကွဲ့"

ဦးစိုင်းစံတစ်(ပ)က...

"သိတဲ့အတိုင်း နန်းချယ်ရီကို တို့များ ဘယ်လောက် ချစ်ပေးမယ့် ...ပုက အမြဲလို အပြစ်မြင်တတ်လေ၊ အခုကိစ္စမှာ ငါထင်တာတော့ ...းထွန်းကို သူသနားနေတယ် ထင်တယ်"

"ဒါနဲ့...ခမ်းမွန်နဲ့က ဘာဆိုင်လို့လဲ"

"မသိပါဘူးကွာ"

ဦးစိုင်းစံတစ်(ပ်)နှင့် ဒေါ်နန်းပိုးတစ်(ပ)တို့ မောင်နှမ ရှင်းမရ...သော အဖြေကို နှင်းပွင့်ဦး သိပါသည်။

တရားသူကြီးဥက္ကဋ္ဌ ရောက်လာပြီမို့ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားချိန်မှာ နှင်းပွင့်ဦးက သူချစ်ကိုကို၏ အနားကပ်၍...

"ခမ်းမွန်...ဘာဖြစ်နေတယ်ဆိုတာ နှင်းပွင့်သိတယ်ကိုကိုရဲ့"

"ဟင်...ဘာဖြစ်နေလို့လဲ"

"အလွမ်းလက်ဆောင်လေး ရထားလို့"

"ဘာ..."

"အစ်ကိုအာကာအောင်က သူပြန်သွားပြီး ခမ်းမွန်ကို သူ့ကိုယ်စား အလွမ်းလေး ပေးထားခဲ့တာ ကိုကိုရဲ့"

"ဟင်...ဒီလိုလား"

"သူတို့ကို ကိုကိုသဘောတူရဲ့လားဟင်၊ အစ်ကိုအာကာအော ရဲ့ သစ္စာတရားကို နှင်းပွင့်အာမခံရဲပါတယ်ကိုကို၊ ပြီးတော့ သူဟာ သိပ်ပြီး ကြိုးစားတဲ့ လူငယ်တစ်ယောက်ပါ။ တောင်ကြီးမှာ အ‌ေတာ လေး ကြီးပွားနေပြီဖြစ်တဲ့ လုပ်ငန်းရှင်လေးတစ်ဦးပါ"

"ဟဲ...ဟဲ...အာကာအောင့်ဘက်က ဒီလောက်တောင်ပြော နေစရာ မလိုပါဘူး နှင်းပွင့်လေးရယ်"

"တကယ်ပြောတာပါ ကိုကိုရဲ့"

"ဟုတ်ပါတယ်... ကိုကို့ရဲ့ ဘဝကို ကယ်တင်ပေးသွားတ အာကာအောင်ပါ"

"ဟုတ်တယ်နော်"

"ကိုကိုဟာ လူသတ်သမားတစ်ယောက်ဖြစ်နေပေမယ့် အကျ ဆင်ထားတဲ့ အထဲကို တိုးဝင်မိရတာပါဆိုတာကို ရုံးတော်က သိ ပါပြီ၊ ဒါဟာ အာကာအောင်ရဲ့ ကျေးဇူးပါ။ ပြီးတော့ ဒီထက် လေး တာ တစ်ခု ရှိသေးတယ်"





"နှင်းပွင့်တို့ရဲ့ အချစ်တွေ..."

"ဟုတ်တယ် မနှင်းပွင့်နဲ့ ကိုကိုနဲ့ဟာ အမုန်းတွေနဲ့ ခွဲခွာကြရမှာ၊ နှင်းပွင့်ဟာ ကိုကိုရဲ့ ရွံမုန်းမှုတွေနဲ့ နှင်းပွင့်မြိုင်က လွင့်စဉ်ရမှာ ပြီး တော့လည်း သစ္စာဖျက်မတစ်ယောက်အနေနဲ့"

"တော်ပါတော့ ကိုကိုရယ်၊ ပြီးတာတွေ ပြီးပါစေတော့လေး"

"ကိုကို့အလိမ္မာလေးရယ်...ကိုကိုပြောချင်တာကတော့ ကိုကို တို့ရဲ့ ကျေးဇူးရှင်လေး အာကာအောင်နဲ့ ညီမလေး ခမ်းမွန်ကို ကိုကို့ အနေနဲ့ သဘောတူ ကြည်ဖြူပါတယ်ဗျာ"

"ဟာ...ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ဦးလေးတို့ကလည်း သိပ်သဘောကောင်းကြတာ၊ အားလုံးက ကျေနပ်ကြည်ဖြူကြမှာပါ"

"အားလုံး အဆင်ပြေရင် လက်ထပ်ပေးလိုက်ပါတော့လို့ ကိုကို ဦးလေးကို ပြောလိုက်ပါ့မယ်"

"ဟာ...ဝမ်းသာလိုက်တာ...ခမ်းမွန်တို့လည်း ဝမ်းသာကြမှာပဲ ကိုကိုရယ်"

"ကိုကို မြန်မြန် လက်ထပ်စေချင်တာ ဘာကြောင့်လဲ သိလား"

"ရှင်..."

"ကိုကို မရှိနေတဲ့ အချိန်မှာ နှင်းပွင့်မြိုင်မှာ အာကာအောင် ရှိ နေစေချင်လို့ပဲ"

"ဟုတ်ကဲ့ပါ...ကိုကို"

"ခမ်းမွန်အတွက် စိတ်ချရတဲ့ ကြင်ဖော်တစ်ယောက် ရသွားရုံ တင် မဟုတ်ဘူး၊ ကိုကိုရဲ့ နှင်းပွင့်လေးအတွက်လည်း စိတ်ချအားရ အောင်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်..."

"အာကာအောင်ဟာ သူ့သူငယ်ချင်း ကိုနေသစ်ဆိုတာနဲ့ ပတ်သက်ပြီး နှင်းပွင့်လေးအပေါ်မှာ တကယ့်ညီမရင်းလေး တစ်ယောက်လို စေတနာထားတယ်၊ ကူညီမယ်ဆိုတာ ကိုကိုယုံကြည်လို့"

"ဝမ်းသာလိုက်တာ ကိုကိုရယ်"

စိုင်းကြည်မြ၏ လက်မောင်းကိုသာ နှင်းပွင့်ဦးမှာ ချစ်အားကိုးစိတ်ဖြင့် ဖက်တွယ်နေဆဲ...

"ကဲ...တရားခံတွေ ရုံးခန်းထဲ သွားကြရတော့မယ်ခင်ဗျာ"

ယဉ်ကျေးသိမ်မွေ့စွာ ရဲသားတစ်ဦးက လာရောက် ခေါ်ငင်သည်။

ဆက်ချိတ်ဖက်တွယ်ထားသော လက်ကို နှင်းပွင့်ဦး လွှတ်ပေးလိုက်ရပါသည်။

ရဲသားလေး ဆွဲခေါ်သွားသူမှာ စိုင်းကြည်မြဟု နှင်းပွင့်ဦး မမြင်မိ။

မိမိ၏ အသည်းနှလုံးများကို ထုတ်နုတ်ဆွဲယူသွားသည်ဟုသာ နှင်းပွင့်ဦး ထင်နေမိပါတော့သည်။

❀



အခန်း ။ သုံးဆယ့်တစ် ။

"ချယ်ရီ...ချယ်ရီ"

အခန်းဝမှ တံခါးခေါက်၍ ဦးစိုင်းစံတစ်(ပ)က ခေါ်လိုက်သည်။

"တံခါးဖွင့်ထားတာပဲ"

ထုံးစံအတိုင်းပင် မချေမငံ ပြန်ပြောသော်လည်း ဦးစိုင်းစံတစ်(ပ)မှာလည်း ထုံးစံအတိုင်းပင် ခွင့်လွှတ်ခြင်း အပြုံးများဖြင့် တံခါးကို တွန်းဖွင့်လိုက်သည်။ အခန်း၏ ပြင်ပမှပင်...

"ထမင်းမစားဘူးဆို"

"ဟုတ်တယ်"

"ဒါကြောင့် ချယ်ရီကြိုက်တဲ့ ခေါက်ဆွဲနဲ့ အသားလုံးကြော်ကို လူထု ရက်(စ)တောရန့်က ဦးလေး ဝယ်လာတယ်။ လာ...လာစား၊ အပေါ်မှာပဲ ပြင်ခိုင်းထားတယ်"

"မစားချင်ဘူး"

"လာစားပါဦး၊ ငါ့တူမကြီး ဆာနေမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"မစားချင်ပါဘူးဆိုမှ တစ်ခွန်းပဲ ပြောမယ်"

"အေး...ဒါဖြင့်လည်း ဆာတော့ စားနော်။ အေးနေရင်လည်း ခမ်းနွံကို နွှေးခိုင်းပြီးမှစား။ ကြားလား ကလေး..."

"အင်းပါ"

မေတ္တာရှင်အချစ်၏ အပြစ်ပယ်ခံ လူပျိုကြီး ဦးစိုင်းစံတစ်(ပ)၏ ဘဝအတွင်းသို့ ကုစားဖို့ ရောက်လာသူမှာ နန်းချယ်ရီသာ ဖြစ်ခဲ့သည်။

ထိုစဉ်က နန်းချယ်ရီမှာ ခြောက်နှစ်သမီးလေး...

မယားငယ်မှ မွေးသော ကျွန်လေးမို့ အပစ်ပယ်ခံလေးလို ဖြစ်နေရှာသော နန်းချယ်ရီကို ဦးစိုင်းစံတစ်(ပ)က အချစ်အကြင်နာ များစွာဖြင့် သမီးရင်းလေးလို ချစ်ခဲ့မိသည်မှာ ယနေ့တိုင်အောင်ပါ...

သွေးကွဲသော စိတ်နှင့် ဗီဇာဉာဉ်ဆိုးတို့ ရောထွေးနေသော နန်းချယ်ရီမှာ ဘယ်သူ့ပေါ်မှ ဘယ်သောအခါမှ အကောင်း မမြင်ခဲ့ပါသော်လည်း...

ယခုကိစ္စတွင် သူ မပါဝင်ရှာပါ။ လုံးဝမသိရှိခဲ့ပါ။

ကိုစိုးထွန်း၏ လှည့်ကွက်ကြောင့် နှင်းပွင့်ဦး၏ အခန်းမှ နို့ဆီဘူးကို ယူပေးမိခဲ့သော ကူညီမှုသာ ရှိခဲ့ပါသည်။

စေတနာမပါသော အမှား။ မသိ၍ မှားသော အမှားပါ။

"နန်းချယ်ရီတွင် အပြစ်မရှိရှာပါ"

ဟူသော ခွင့်လွှတ်တွေးများဖြင့် ဦးစိုင်းစံတစ်(ပ်)လက်လျှော့ပြီး အခန်းတံခါးကို ညင်သာစွာ ပြန်၍ စေ့ပိတ်ပေးခဲ့ရသည်။ နန်းချယ်ရီ



မှာဖြင့် ခုတင်ပေါ်တွင် ခွေခွေလေး လှဲလျက်က လှည့်၍မျှပင်မကြ...
ပါ။ ဦးစိုင်းစံတစ်(ပ)မှာ တူမငယ်၏ အခန်းဝသို့ ရောက်ရပြန်သ...

"ခမ်းမွန်...တူမလေး"

"ဟင်...ဒီကောင်မလေးကလည်း မျက်ရည်တွေနဲ့ပါလား"

ဦးစိုင်းစံတစ်(ပ) စိတ်ထဲမှ ဖြစ်မိခြင်းပါ။

"ခမ်းမွန်...ထစမ်း။ ဦးကျော်စိန်ဆိုင်က အမဲလုံးပြုတ်လ...
ပါတယ်၊ ခေါက်ဆွဲ အသားကြော်တွေ ဦးလေး ဝယ်လာတယ်။ ...
စားလှည့်ဦး"

"နေပါစေ ဦးလေးရယ်၊ ခမ်းမွန်ရင်ပြည့်နေလို့ ထမင်းတော...
မစားဘူး"

"ဒါကြောင့် လာစားဦးဆို"

"မဆာလို့ပါ ဦးလေးရယ်"

ဦးစိုင်းစံတစ်(ပ)လက်လျှော့ရပြန်သည်။

အပေါ်ထပ် ခုံညားလှသော အိမ်ရှေ့ဧည့်ခန်းတွင် အမဲလုံးပြု...
နှင့် ခေါက်ဆွဲပန်းကန်ကြီးများက ငုတ်တုတ်။

"အစ်ကို့တူမတွေ တစ်ယောက်မှ ခေါ်လို့ မရဘူး မဟုတ်လာ...

ဒေါ်နန်းပိုးတစ်(ပ)က ဘုရားခန်းမှ ဖုန်များကို သုတ်ရင်း ...
လိုက်သည်။ သူ့မျက်နှာပြင်မှာ အပြုံးအစအနလေးများနှင့်...

"အေးလေ...ငါကတော့ သူတို့ စားပါစေဆိုပြီး..."

"အစ်ကို့ တူမတွေက ရည်းစားပူမိနေကြတာ။ ဘယ်ခေါ်...
ရမလဲ။ ကဲ...လာ၊ နန်းပိုးတို့ မောင်နှမပဲ အဝစားလိုက်ကြစို့"

www.burmeseclassic.com

www.burmeseclassic.com

"ကလေးတွေဖို့လည်း ချန်ထားဦးနော်၊ နင်က ကြိုက်မိရင်
ႇတရားစားတာ"

"အို...ဗိုက်ဆန့်သလောက်တော့ စားမှာပဲ"

ဒေါ်နန်းပိုးတစ်(ပ)က သူ့အစ်ကိုအဖြစ်ကို ကြည့်ပြီး အရယ်
ာစ်ပိုင်းဖြင့် အားပါးတရပင် ခေါက်ဆွဲများကို စတင်စားတော့သည်။

ဒေါ်နန်းပိုးတစ်(ပ)မှာလည်း စိတ်ထားကောင်းလွန်းသူဖြစ်
သော်လည်း သူက မေ့မေ့ပျောက်ပျောက် ပြီးပြီးပြေပြေ နေတတ်သူ။

ရင်မှာ ဝေဒနာစွဲချန်၍ မထားတတ်၊ ပြဿနာကို အပြတ် ရှင်း
ပြီး၊ ပြီးလျှင် အာဃာတမထား၊ မေ့လွယ်ပျောက်လွယ်သူပါ။

သူ့ခင်ပွန်း အရင်းခေါက်ခေါက် တစ်ယောက်လုံး ထောင်နန်းစံ
နေရသည်ကိုပင်...

"သူ့အပြစ်နဲ့သူ ခံရတာ၊ နေပစေ"

ဆိုသောစိတ် ထားနိုင်သူပါ၊ နာချင်းနာလျှင် ကိုယ့်တူဘက်က
သာ နာရမည်မို့ ဒီဘက်အိမ်ကို သူလုံးဝပြောင်းလာနေပြီး စိုင်းကြည်
မြထံသာ သူသွားသည်။

ဦးစစ်ရှိဘက်က သူလိုက်မပေးတော့။ ရှေ့နေတစ်ယောက်သာ
ငှားရမ်း၍ ငှားပေးလိုက်သည်။ ဒါပဲ သူဆောင်ရွက်သည်။

"နေပါဦး၊ ငါက ကလေးစကားပဲ မေးရဦးမယ် နန်းပိုး"

"အစ်ကိုတို့ဘူမတွေ အကြောင်းလား"

"အေး..."

"မေးလေ..."





"ချယ်ရီကတော့ ဟိုကောင် အယုံသွင်းလို့ ကြိုက်မိတာကို
နောင်တရပြီး မျက်နှာမပြဝံ့ရှာတာ ထင်ပါရဲ့"

"ထားပါတော့"

ဒေါ်နန်းပိုးတစ်(ပ)က ဆက်စားရင်းက ပြောသည်။

"ခမ်းမွန်က ဘာဖြစ်နေတာလဲ၊ အာကာအောင်နဲ့ ကြိုက်နေကြ
ပြီလား"

"အမယ်လေး...ခုမှ သိလား"

"အေးပေါ့၊ ကလေးတွေကိစ္စ ငါက ဘယ်လိုလုပ်သိမှာလဲ၊ ဒီမှာ
နန်းပိုး"

"ဟုတ်ကဲ့"

"အာကာအောင်ဆိုတာ ဘယ်လိုကောင်မျိုးလဲ၊ တို့သဘောတူ
နိုင်စရာလူလား"

"မဆိုးပါဘူး"

"နင့်အဖြေကလည်းဟယ်..."

"သြော်...အစ်ကိုနဲ့ ဒီခေတ် ကလေးတွေက သူတို့ ကြိုက်တာ
ရွေးတာပဲ၊ ဘာပြောလို့ ရမှာလဲ"

"ဒါပေမယ့် ချယ်ရီ စိုးထွန်းကို ရွေးမိသလို ဖြစ်နေတော့ ဘယ့်
နှယ့်လုပ်မလဲ"

"ကောင်လေးက တော်ပုံရပါတယ်"

"အခု ခမ်းမွန်က ဘာလို့ ငိုနေရတာလဲ"

"ကောင်လေး ပြန်သွားလို့ လွမ်းလို့ နေလို့ပေါ့။ အစ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com


အရာရာပါတာပဲ"

"ဪ...ငါ့မှာလည်း ဒီတူမလေးတွေ အတွက်ပဲ ပူစရာရှိတော့တယ် မဟုတ်လား"

"နေပစေ၊ ခမ်းမွန်က ပြတ်သားတယ်။ သူ့ကိုယ်သူ ဆုံးဖြတ်နိုင်စွမ်း ရှိပါတယ်"

"အေးလေ၊ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြပြီးပြီမို့ နောက်ထပ် မဖြစ်သင့်တာတွေ ထပ်ပြီး မဖြစ်ရအောင်လို့ပါကွယ်"

ဦးစိုင်းစံတစ်(ပ)က ခေါက်ဆွဲကြော်ကို တူနှင့်ယူ၍ တစ်တို့ နှစ်တို့ ဝင်စားသည်။

"နန်းပိုး သတိထားမိတာ ရှိတယ်"

"ဘာလဲ"

"သူတို့ ညီအစ်မချင်းလည်း မခေါ်ကြ၊ မပြောကြဘူးထင်တယ်"

"ဟင်..."

"သူတို့က သူတို့အခန်းမှာ သူတို့ဘာသာ ဆွေးနေကြတာ အရေးမကြီးဘူး။ မနှင်းပွင့် အားနာပါတယ်။ ဒီဘက် ကူးလာရင် စကားပြောမယ့်လူမရှိလို့ နန်းပိုးကပဲ ဂရုစိုက်ပြောနေရတယ်"

"အေးကွယ်၊ သူ့အဖြစ်ကလည်း သနားစရာ၊ တို့မကောင်းခဲ့သလို ဖြစ်နေလို့၊ ခု သူ့အတွက် အမျိုးသမီးကြီး အဖော်တစ်ယောက်လည်း ရှာထားပေးလိုက်ပြီ။ သူ့မှာလည်း ကိုယ်ဝန်ရှိနေရှာတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ငါ့တူမနှစ်ယောက် မခေါ်ကြဘူးဆိုတာ ငါစိတ်မကောင်းဘူး"

"အို...တော်ကြာ တည့်သွားကြမှာပါ။ အစ်ကိုက အရာရာ လိုက်ပူနေတာပဲ"

ဒေါ်နန်းပိုးတစ်(ပ)က အစားအသောက်များ ဆက်စားနေပါ၍ စကားစပြတ်သွားကြချိန်တွင် နန်းချယ်ရီ ထွက်လာသည်။

ငိုထား၍ မျက်နှာ နီနေသော်လည်း နွမ်းမနေပါ။ သူ့မျက်နှာတွင် မာန်အပြည့်နှင့်...

"ဟော...လာ...တူမကြီး စားစမ်း၊ ဒေါ်လေးဖြင့် စားကောင်းလွန်းလို့ စားလိုက်တာ"

"မစားချင်ပါဘူး-ပြောစရာ ရှိလို့ပါ"

"ဘာများလဲကွယ်"

"အာကာအောင်ဆိုတဲ့ကောင်ကို ကယ်တင်ရှင်ကြီးလို့ ထင်မနေကြပါနဲ့"

"ဟင်...ဘာ..."

"ဒီအမှု ပေါ်အောင် သူလိုက်နေတယ်လို့ ဦးလေးတို့ကို ကြွားနေတယ် မဟုတ်လား"

"ဟင်...အင်း...ဦးလေးတို့ ဘာမှ မသိရပါလား"

"ကိုစိုးထွန်းကို ချောက်ချတာလည်း သူပဲ"

"အို..."

"သူ့ကို ခြေရာခံနေမှန်းသိလို့ သူက အရင်ဦးအောင် ရဲကိုပက်ပို့လိုက်တာ နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ် စိုးထွန်းတို့က ဖြောင့်ချက်ပေးနေပြီပဲ၊ သူ့ကြောင့် အားလုံး ဒုက္ခရောက်နေကြရတာ"

"အို...ဒါ ဒေါ်လေးယောကျ်ားခိုင်းတာပဲ"

"တော်ကြကွယ်။ မင်းတို့စကားတွေကလည်း၊ ကဲ...ချယ်ရီ တူမကြီးက ဘာပြောချင်တာလဲ"

"ဦးလေးတို့ အံ့သြသွားစေရမယ်။ ဟောဒီဓာတ်ပုံတွေကို ကြည့် ဒါ ပထမထဲက ကိုစိုးထွန်း ချယ်ရီ့ကို ပေးပြထားတာ"

ဦးစိုင်းစံတစ်(ပ)တို့ မောင်နှမ ဓာတ်ပုံကို ပြိုင်တူ ကြည့်လိုက် ကြသည်။

ရှမ်းရိုးရာအဝတ်အစား၊ တချို့လည်း ခေတ်မီအဝတ်အစားများ ဖြင့် အိမ်တစ်အိမ်တွင်းမှာ စုံတွဲစုံတွဲများဖြင့် ကနေကြသော လမုန်း ကချေသည်များ...

"ဒီဟာ...အာကာအောင်လေ"

အမျိုးသမီးတစ်ယောက်နှင့် ယှဉ်ထားသည့် အာကာအောင် နန်းချယ်ရီက ညွှန်ပြရင်း ပြောလိုက်ပါ၍ ဒေါ်နန်းစိုးတစ်(ပ)က...

"တို့များဆီကို အလည်လာကြတဲ့ ယောကျ်ားလေး ဧည့်သည် တွေဟာ ကတောင်...ကဖ သွားပြီး ဒီလိုပဲ လမုန်း ကနေကျပဲ"

"ဒီကောင်ပွေတာကို သက်သေပြချင်လို့ပါ။ အဲဒီပုံက မဆန်းရ ဒီပုံကို ကြည့်ကြရှေ့"

နန်းခမ်းမွန်သို့ ပြခဲ့သော ပုံပါတည်း။

ညကာလတွင် နှင်းပွင့်ဦး၏ အခန်းတွင်းမှ နှစ်ယောက်သား အနီးကပ်ပုံ...





"ဟင်..."

"ဟာ..."

မောင်နှမ နှစ်ယောက်ပင် လန့်ကုန်ကြသည်.

"ဟင်း...ဟင်း...ဒါကြောင့် ပြောတာပေါ့။ ဒီကောင်နဲ့ ဒီကောင် မ ပူးပေါင်းပြီး လုပ်ကြံနေကြတာပါ၊ အာကာအောင်က ခမ်းမွန်ကိုပါ အားစာခံလုပ်ပြီး အယုံသွင်းထားလိုက်တာ"

သေဆုံးသွားပြီဖြစ်သော မီးပုံကြီးတစ်ခုမှ မီးညွန့်ကြီးများ တက်လာရပြန်သည်။

နန်းချယ်ရီ၏ တင်ပြပုံက သက်သေသက္ခာရနှင့်ပါလား။

ဦးစိုင်းစံတစ်(ပ)နှင့် ဒေါ်နန်းပိုးတစ်(ပ)တို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

ပေါ်ပေါက်ရှင်းလင်းပြီးသား အမှုကြီးများ ပြောင်းပြန် ဖြစ် တော့လေမည်လားဟု ဒေါ်နန်းပိုးက ထင်မိပါသော်လည်း...

မှန်ကန်သော မျဉ်းကြောင်းပေါ်မှသာ တွေးခေါ်တတ်သော ဦးစိုင်းစံတစ်(ပ)ကမူ ပေါ်ပေါက်ရှင်းလင်းပြီးသား အမှုကို ဤပုံ ကြောင့် မရှုပ်ထွေးစေနိုင်တော့ဟု ယုံကြည်သည်။

မနှင်းပွင့်သည်သာ...တစ်ယောက်တည်းနေစဉ် ကာလက ည ချိန်တွင် အမျိုးသားငယ်တစ်ယောက်နှင့် အဘယ်ကြောင့်များအတူ နေရပါလိမ့်...

ဟူသော သက်မကင်းသည့် စိုးရိမ်ခြင်းများသာ ဦးစိုင်းစံ တစ်(ပ)၏ ရင်တွင် ကြီးမားစွာ လှုပ်ခတ်လာပါသတည်း။

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ သုံးဆယ့်နှစ် ။

"ဟော...ကိုနန်းအောင်ကြီး ဆိုင်ကယ်ပါသလား"

"ပါတယ်...နေပါဦးဗျာ"

"နောက်မှ ပြောဗျာ၊ သော့ပေးစမ်းပါ၊ ကျွန်တော် မြို့ထဲရော
ချင်လို့ပြီ"

"နေစမ်းပါဦး၊ အလုပ်တွေ သွားစီစဉ်မှာဆို၊ တစ်လလော
တောင် ကြာမှာဆို၊ တစ်နေ့က ပြန်သွားပြီး ဘယ့်နှယ် ဒီ
ချက်ချင်းကြီး ပြန်လာရတာလဲ"

"ကျွန်တော့်ကောင်မလေး မကြည်လို့ ပြန်လာချော့တာဗျ"

"ဟော..."

"ကဲ...သော့ပေးပါဗျာ...ခင်ဗျား ဘယ်သူ့လာကြိုတာလဲ"

"ရော့ဗျာ သော့...၊ ကျွန်တော်တို့ဌာနက အဘိုးကြီးလာမ
ဆိုလို့"

"ဒါဆိုလည်း တက္ကစီ ငှားပြန်ရမှာပဲ မဟုတ်လား။ ဆိုင်ကယ်





ညနေကျမှ ပြန်လာပို့မယ်နော်၊ ကောင်မလေးနဲ့ လျှောက်လိမ့်လိုက်ဦးမယ်"

ကျိုင်းတုံလေဆိပ်မှ ဖျတ်လတ် ပေါ့ပါးစွာ ပြေးထွက်လာသော အာကာအောင်မှာ ဆိုင်ကယ်ပေါ် ရောက်ပြီးသည်နှင့်...

လေယာဉ်ကွင်းလမ်းအတိုင်း အဝေ့အဝိုက်၊ အချိုး၊ အမြင့်များကို အလျှင်နှုန်းများစွာဖြင့် ဖြတ်ကျော်မောင်းနှင်လာခဲ့သည်။

သူ၏ ဦးတည်ရာနေရာက ဟိုကပ်ရပ်မှ နှင်းပွင့်မြိုင်ဂေဟာသို့...

"ဟေး...အိုက်ဆော့...ယူလီယူနယ်...ကျင်ခေါက်ယောက်ဟား..."

ရှမ်းဘာသာဖြင့် နေကောင်းလား၊ ထမင်းစားပြီးပြီလားဟုလှမ်း၍ မေးလိုက်သည်။ အိုက်ဆော့ကသာ အထင်ကြီးပြီး ရှမ်းလိုဆက်ပြောလျှင် အခက်၊ အာကာအောင်က သည့်ထက် ပိုတတ်သူမဟုတ်...

ဌာနကရိုက်းမကျသော သူ့စကားသံကြောင့် အိုက်ဆော့က ရယ်မောပြီး သူ၏ လာခြင်းကောင်းသော လုပ်ရပ်ကြောင့် ဝမ်းပန်းတသာ ကြိုဆို၍ အိုက်ဆော့က တံခါးဖွင့်ပေးလိမ့်မည်ဟု အာကာအောင် မျှော်လင့်နေမိပါသော်လည်း...

"တံခါးဖွင့်မပေးရဘူး"

အာကာအောင်က ပြုံးမြဲပြုံးဆဲ မျက်နှာနှင့်...

"ခမ်းမွန်က မဟုတ်လား၊ သူ ကျွန်တော့်ကို စိတ်ကောက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ပါဗျ၊ ကျွန်တော်သွားချော့လိုက်ရင် ချက်ချင်းပြေပြီ။ ကျွန်တော့်မော်တော်ဆိုင်ကယ်နောက်က ပါလာမှာ"

"ခမ်းမွှန်ကမဟုတ်"

"ဘယ်သူကလဲ"

"စိုင်းစံတစ်(ပ)က"

"ဟင်…"

"ဟုတ်တယ်၊ ပြန်သွား…"

"အို…ဘယ်ပြန်မလဲ။ ကျွန်တော် သူတို့နဲ့ တွေ့ပြီး ရှင်းပြပြီးမှ ပြန်မယ်"

"မရဘူး၊ ငါ့မှာ ဖွင့်ဖို့ အခွင့်မရှိ"

အိုက်ဆော့က သူတတ်သမျှ အပြတ်ပြောပြီး တစ်ဖက်သို့ လှည့်သွားသည်။

"မလွယ်ပါလား"

အာကာအောင်မှာ မော်တော်ဆိုင်ကယ် ဟွန်းကို ဆက်တိုက် တီးလိုက်သည်။ နှင်းပွင့်ဦးရှိရာအခန်းကို မျှော်မော့ကြည့်နေမိပါသော်လည်း နှင်းပွင့်မြိုင်တစ်ခုလုံး ငြိမ်သက်နေကြသည်။ သစ်ရွက်လေးများမှပင် မလှုပ်ပါလား။

အာကာအောင်က ဟွန်းကို ထပ်၍ တီးလေမှ ဦးနွံ့ဆိုက် ထွက်လာခဲ့သည်။

"အိမ်ရှင်က ဖွင့်မပေးချင်တဲ့အိမ်ကို ဘာလို့ ဖွတ်ဝင်ဖို့ ကြိုးစားချင်ရတာလဲ။ ပြန်ပါ"





"ကျွန်တော် တစ်ယောက်ယောက်နဲ့ တွေ့ပြီးမှ ပြန်မယ်"

"ဘယ်သူမှ မရှိကြဘူး"

"ခမ်းမွှန်နဲ့ တွေ့ရမှ ပြန်မယ်"

"မရှိကြပါဘူးဆိုမှ"

"ကဲ…ဒါဖြင့်လည်း နှင်းပွင့်ဦးပဲ ခေါ်ပေးစမ်းပါဗျာ"

"သူလည်း မရှိဘူး"

"ဘယ်သွားကြလဲ၊ စိုင်းကြည်မြနဲ့ တွေ့ခွင့်ရတဲ့နေ့လား"

"တယ်စကားရှည်ပါလားကွဲ၊ မင်းဘာပဲပြောပြော ဒီအိမ်ထဲကို ဘယ်နည်းနဲ့မှ ဝင်လို့ မရဘူး။ ဒါပဲ"

ဦးကြီးနွံ့ဆိုက်က အပြတ်ပြောပြီး ပြန်ဝင်သွားတော့သည်။ အိုက်ဆော့ကဖြင့် ပန်းပုရုပ်တစ်ရုပ် ချထားသည့်ပမာ… သူတာဝန်ကျရာနေရာတွင် ငြိမ်သက်စွာ ထိုင်ကြည့်နေသည်။ ဘာမေး၍မှ မရတော့။

ဟွန်းများ ဆက်လက်တီးသော်လည်း အချည်းနှီးမို့၊ အာကာအောင်မှာ နှင်းပွင့်မြိုင်ကို ကျောခိုင်းလိုက်ရပါပြီ…

အကြောင်းစုံ ဖွင့်မပြောပြပါနှင့်ဟု ပိတ်ပင်တားမြစ်ထားခဲ့သည့် စိုင်းကြည်မြဆီသို့သာ…

အကြောင်းစုံဖွင့်ပြောပြပေးရန် ပန်ကြားဖို့အတွက်…

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ သုံးဆယ့်သုံး ။

"ငါ့ညီမ ဒီလောက် မိုက်ရိုင်းလိမ့်မယ်လို့ ကိုကိုဘယ်တုန်းကမှ မထင်ခဲ့ဘူး"

"ညီမလေးလည်း ခံစားရလွန်းလို့ သူ့ကို ပါးရိုက်ပစ်ခဲ့တာပါ"

"အေး…သူကျေနပ်တဲ့အထိ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တောင်းပန်ရမယ် ခမ်းမွန်"

"ဟုတ်ကဲ့ပါ ကိုကို"

"နင်တို့ဟာ အာကာအောင်ကို စော်ကားရုံတင် မဟုတ်ဘူး။ ငါ့ရဲ့ မနှင်းပွင့်သိက္ခာကိုပါ စော်ကားခဲ့ကြတယ်။ နှင်းပွင့်ရဲ့ သစ္စာတရားဟာ တောင်တန်းကြီး ကျောက်ဆောင်ကြီးတွေထက် ခိုင်မြဲတယ်ဆိုတာ ငါယုံကြည်ပြီးပြီ။ နှင်းပွင့်လေးအဖြစ်က ဘယ်လောက်သနားစရာကောင်းလဲဟဟင်"

"ခမ်းမွန်တို့ မနှင်းပွင့်ကို ဘာမှ မပြောကြပါဘူး"

"ပြောလည်း ဟိုက ခံမှာပါပဲ။ အာကာအောင်အကြောင်းစုံ လာ





ပြောပြတော့၊ ငါဖြင့် မျက်နှာပူလိုက်တာ ခမ်းမွန်ရယ်"

"ခမ်းမွန် အိပ်မှားပါပြီကိုကို"

"အေး…အခု ကိုနေသစ်တောင် ရောက်နေတယ်"

"ဟုတ်လား"

"ဒေါ်လေးတို့ ခမ်းမွန်တို့က မကြည်မှန်း မနှင်းပွင့် သိတယ် ထင်တယ်။ သူ့အစ်ကိုကိုတောင် အိမ်မှာ ခေါ်မတွေ့ရဲရှာပါဘူး"

"မနှင်းပေါ်မှာ ဒေါ်လေးတို့ ဘယ်တုန်းကမှ စိတ်ဆင်းရဲအောင် မလုပ်ခဲ့ပါဘူး ငါ့တူရယ်"

"ဟုတ်ပါတယ်၊ မနှင်းပွင့်ကလည်း သူ့အပေါ်မှာ အားလုံးက ကောင်းကြောင်းပဲ ပြောရှာပါတယ်"

ဒေါ်နှန်းပိုးနှင့် နန်းခမ်းမွန်သို့ တစ်လှည့်စီ ကြည့်ရင်း သံတိုင်တွင်းမှ စိုင်းကြည်မြက ပြောကြားသည်။

စိုင်းကြည်မြမှာ နဂိုက မြို့မျက်နှာဖုံး လူကြီးလူကောင်း စာရင်းဝင်ဖြစ်ခဲ့သူ။ ယခု လူသတ်တရားခံဘဝ ရောက်နေရသော်လည်း…

သူတစ်ပါးအကွက်ဆင်သည့် အထဲသို့ တိုးဝင်မိခဲ့ရသည့်အကြောင်းမှာ ကျိုင်းတုံတစ်နယ်လုံးတွင် ဟိုးလေးတကျော် ဖြစ်နေခဲ့သည်။

သည့်အတွက် ထောင်ကျဆိုသော်လည်း ရိုးရိုးလူသတ်တရားခံများလိုဖြင့် မဟုတ်ပါ။ သက်ဆိုင်ရာများကလည်း လူမှုရေးရှုထောင့်မှ ကြည့်ပြီး အိမ်သားများနှင့် မကြာခဏ တွေ့ခွင့်ရစေခဲ့ပါသည်။

"ဒီမှာ…ကိုနေသစ်နဲ့ အာကာအောင်ဟာ ကလေးဘဝကတည်း



www.burmeseclassic.com

www.burmeseclassic.com

က ခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ၊ ဒီတုန်းက မနှင်းပွင့်ဟာ ကလေးလေး ရှိသေးတယ်။ အာကာအောင်ဟာ ကိုနေသစ်နဲ့အတူ မနှင်းပွင့်ကို ထိန်းကျောင်းရင်း တကယ့်ညီမလေးအရင်းလို ချစ်လာခဲ့ကြတာ"

"မသိပါဘူး ကိုကိုရယ်"

"မနှင်းပွင့်ခမြာ သူ့အစ်ကိုကိုယ်တိုင်က သူ့အပြစ်ပဲ ထင်ပြီး ဆုပ္ပပြန်သွားချိန်မှာ ကြံရာမရနိုင်အောင်ဖြစ်ပြီး အာကာအောင်ကို လာရောက်ကယ်တင်ကူညီပါလို့ စာရေးခေါ်ခဲ့တာ။ အဲဒီစာ ကိုကို ဖတ်ရပြီးပြီ"

"ဟင်...ဟုတ်လား"

"အေး...အာကာအောင်နဲ့ အခန်းတစ်ခုတည်းမှာ တစ်ညလုံး အတူရှိနေကြစေဦး၊ ဘာမှ မဖြစ်နိုင်ကြဘူး။ မနှင်းပွင့်ရဲ့ သစ္စာကို ယုံကြည်သလို အာကာအောင်ဟာ သူများရဲ့ မိန်းမကို ကြံမယ့် ယောက်ျားမျိုး မဟုတ်ဘူးဆိုတာ ကိုကို ယုံကြည်ပြီးသား ခမ်းမွန်"

"ဟုတ်ကဲ့ပါ ကိုကိုရယ်...နန်းချယ်ရီဆီက သက်သေခံဓာတ်ပုံ ကြီးမြင်ရတော့ ခမ်းမွန်ရင်ထဲမှာ..."

"အေးပါ...ကိုကိုဆို လူတောင်သတ်မိတဲ့အထိ အချစ်ကြီးခဲ့တာ ပဲ။ ငါ့ညီမကို ကိုကိုကိုယ်ချင်းစာပါတယ်"

နန်းခမ်းမွန် ငုံ့နေရသည်။ မိမိတို့နှစ်ယောက်၏ မေတ္တာချင်း ကူးလူးယှက်လှယ်ပြီးနေကြသည့် အကြောင်းများက အာကာအောင် က စိုင်းကြည်မြသို့ အသေးစိတ်ပြောကြားသွားခဲ့ပြီးပြီ ထင်ပါရဲ့..."

"ဒီဓာတ်ပုံဟာလည်း ကိုကိုတို့ကိစ္စကို ကြိုးပမ်းဖို့အတွက်





တိုင်ပင်ဆွေးနွေးနေကြတုန်းမှာ လူယုတ်မာ စိုးထွန်းက ဦးလေးရဲ့ မှန်ဘီလူးအားကောင်းလွန်းတဲ့ ကင်မရာနဲ့ ခိုးရိုက်ခဲ့တာပဲ"

"နန်းချယ်ရီကတော့ ခုထိ စိုးထွန်းပေါ်မှာ ယုံကြည်နေပုံရသေး တယ်"

ဒေါ်နန်းဝိုးတစ်(ပ)က ဝင်ပြောသည်။

"မမချယ်ရီက ဘာအတွေးအခေါ်မှ မရှိတဲ့ မိန်းမပဲ။ စိုးထွန်း လှည့်သမျှ သူယုံနေမှာပေါ့"

"ဟုတ်ပါတယ်ကိုကို"

"ဒါပေမယ့် သူ့မှာတော့ ဘာအပြစ်မှ မရှိပါဘူး၊ ဒီအမှုထဲမှာ လည်း သူဘာမှ မပါဝင်ပါဘူး။ စိုးထွန်းဘက်နေပြီး စိတ်မကုန်နိုင် သေးတာပဲ ရှိမှာပါ"

"ဟုတ်ပါတယ်ကိုကို...အခု ကိုစိုးထွန်းက အားလုံးဖြောင့်ချက် ပေးပြီးဆို"

"ပေးရပြီပေါ့ ဘာရမလဲ။ ရဲက သူ့ထက် အဆတစ်ရာလည် တော့ ပေါ်အောင် စစ်တာပေါ့။ အခု သူတရားသူကြီးရဲ့ ရှေ့မှာ အားလုံးဖြောင့်ချက်ပေးပြီးပြီ၊ နောက်ထပ် ဘာမှ ဖုံးကွယ်လို့ မရ တော့ဘူး"

"အင်းလေ...နှင်းပွင့်မြိုင်ကို ဒုက္ခပေးဖို့ ရောက်လာတဲ့ ကောင် ပဲ"

နန်းခမ်းမွန်က အံလေးကြိတ်ရင်း ပြောလိုက်ရသည်။

"ကိုလွင်မောင်ရယ်လေ၊ ရိုးလွန်းတော့လည်း အ ရော၊ သူ



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာပြန်တုန်းက စိုးထွန်းဆိုတဲ့ကောင်က လူလည်ပဲ၊ သနားအောင် ကျအောင် ပြောပြီး ကပ်လိုက်တာတာပေါ့"

"ဟုတ်မှာပဲ"

"ဒီဘက်မှာဆိုရင် သူ့လိုလူလည်တစ်ယောက်အတွက် အကွက်တွေ အများကြီး ရှိတယ်ဆိုတာ၊ သိပြီး လိုက်လာခဲ့တာ၊ တောက်... ဒီလိုကောင်ဆင်တဲ့ အကွက်ထဲ ငါဝင်ခဲ့မိတယ်။ နှင်းပွင့်လေးရဲ့ သစ္စာကို မယုံကြည်မိခဲ့လို့"

"ကဲပါ...ကိုကိုရယ်၊ ဒီအကြောင်းတွေ မပြောပါနဲ့တော့"

"ဟုတ်ပါတယ် ငါ့ဝတ္တုရယ်၊ ဒေါ်သအလျောက် ရုတ်တရက် မကြံစည်ဘဲ ဖြစ်ရတဲ့အမှု၊ သူများဆင်တဲ့ အကွက်ထဲ ဝင်ရတဲ့အမှုမို့ အပြစ်အများကြီး ပေါ့မှာပါလို့ အားလုံးက ပြောနေကြပါတယ်"

"ကျွန်မတော် ထောင် ဘယ်နှနှစ်ကျကျ ခံရပါတယ် ဒေါ်လေး၊ နှင်းပွင့်လေးကိုသာ သနားလွန်းလို့"

"မနှင်းပွင့်ကတော့ ကိုကို့အချစ်တွေ သူပြန်ရပြီဆိုပြီး ပြုံးလို့ ပျော်လို့ပါ ကိုကိုရဲ့"

"ဟုတ်လား"

"အေးပါ...ဒေါ်လေးတို့လည်း သူ့ကို ဝိုင်းပြီး အထူးဂရုစိုက်ကြပါ့မယ်။ သူ့ခမြာလည်း မပေါ့မပါးဖြစ်နေချိန်မဟုတ်လား"

"ဆရာဝန်ကောင်းကောင်းနဲ့ ပြပါနော် ဒေါ်လေး"

"အို...စိတ်ချ စိတ်ချ"

"ကျွန်တော့်ရင်သွေးလေး မွေးမယ့်အချိန်မှာ၊ ကျွန်တော် ရှိနေ





ချင်လိုက်တာဗျာ"

"အာမခံ လျှောက်ထားတာပဲ"

"လွယ်မယ်မထင်ပါဘူးလေ"

"အို...ဘယ်ပြောနိုင်မလဲကွယ်"

"ကဲ...ကဲ...ဒေါ်လေးတို့ ပြန်ဖို့ကောင်းပြီ၊ အခွင့်ရေးရတိုင်း ယူသလိုဖြစ်နေမယ်"

"ဒါဖြင့် ခမ်းမွန်တို့ ပြန်တော့မယ်နော် ကိုကို"

"အေး...အာကာအောင်ကို တောင်းပန်လိုက်"

"ဟုတ်ကဲ့ပါ...ကိုကို"

နန်းခမ်းမွန်တို့ အကျဉ်းထောင်မှ ထွက်ခဲ့ကြသည်။

အချစ်ဆုံး အချစ်ဦး အမျက်ပြေပါရန် တောင်းပန်ရပါတော့မည်သာ...။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ သုံးဆယ့်လေး ။

"ဒါ ရဲအရာရှိ ဦးနန်းအောင်ရဲ့အိမ်ပါလားရှင်"

"ဟုတ်ပါတယ်။ နန်းအောင်ဆိုတာလည်း ကျွန်တော်ပါပဲ"

နန်းခမ်းမွှန် ဝမ်းသာသွားသည်။

"ကိုအာကာအောင် ဒီမှာတည်းတယ်ဆိုလို့ပါ"

"ဟုတ်ကဲ့ပါခင်ဗျ၊ တည်းပါတယ်"

နန်းခမ်းမွှန် ပို၍ ဝမ်းသာသွားရပြီ။

ဂျစ်ကား၏ စက်ကို ရပ်ပြီး သော့ကို ဆွဲနုတ်လျက် ကားပေါ်မှ ဆင်းသက်လာခဲ့သည်။

စိုင်းကြည်မြထံမှ ပြန်ပြီးသည်နှင့် အလုများ ခြယ်သပြီး ရောက်လာခဲ့ရပါသည်။

ဒေါ်နန်းဝိုးတစ်(ပ)ကို အိမ်တွင်ချထားပြီး ပြင်ဆင်ပြီးမှ တစ်ယောက်တည်း ကားမောင်း၍ ထွက်လာခဲ့သည်။

ယနေ့တော့ ရွှေအိုရောင် အညိုအစိမ်း အပွင့်ကားကြီးများ





ပါသော ကီမိုနိုဝမ်းဆက်နှင့်ပါ။ အင်္ကျီက လက်တိုလည်ဟိုက်၊ ဆံပင်ကို မထုံးဖွဲ့ခဲ့။ ဖွေဖွေဝဲဝဲလေး ချပြီး နားကွင်းကြီးကြီးကို ဆွဲထားသည်။

"ကျေးဇူးပြုပြီး ကိုအာကာအောင်နဲ့ တွေ့ပါရစေရှင်"

"နန်းခမ်းမွှန်ဆိုတာလား"

"ဟုတ်ပါတယ်ရှင်"

"လာပါ၊ အိမ်ထဲ ဝင်ထိုင်ပါခင်ဗျ။ ကျွန်တော်လည်း အပြင်သွားခါနီးလေး အတော်ပဲ"

ဘာအဓိပ္ပာယ်နှင့် ပြောမှန်းမသိ၍ နန်းခမ်းမွှန် ရှက်ပြုံးလေးများပင် ပြုံးလိုက်မိပါသေးသည်။

အတော်ပါပဲ။ မိန်းကလေးက တောင်းပန်ရမည့်အခန်းမို့ အနီးအနားတွင် တစ်စိမ်းယောက်ျားလည်း ရှိမနေစေချင်မိဟု တွေးမိရင်း...

အတွင်းခန်းမှ ထွက်ပေါ်လာမည့် ချစ်ရလွန်းသူ၏ မျက်နှာကို ကြည့်ချင်လှပြီ ဖြစ်ပါ၏။ အလွမ်းစိတ်ကလေးနှင့် မျှော်ငေးကြည့်နေမိစဉ်...

ကိုနန်းအောင် ထွက်လာသည်။ လက်ထဲတွင် စာအိတ်ကလေး တစ်အိတ် ကိုင်၍ပါ။

"သူ မနက်ကပဲ ပြန်သွားပြီလို့ ပြောလိုက်ပါတဲ့"

"ရှင်..."

"လာမေးရင်လည်း စာပေးခဲ့တယ်လို့ ပြောပါတဲ့။ အေးအေးဆေးဆေး ထိုင်ရင်း ဖတ်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com


စာကို နန်းခမ်းမွန်၏လက်သို့ လှမ်းပေးပြီး ကိုနန်းအောင် ထွက်သွားပါတော့သည်။

နန်းခမ်းမွန်မှာ…

"လွဲကြရလေပြီ"

ဟူသော အသံဖြင့် ယောင်ခြာခြာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။ မိန်းကလေး ငိုမှာကို မကြည့်ရက်လို့များလား ကိုနန်းအောင်ရယ်။

ရင်နာသောကတွေးများဖြင့် သူ့စာအိတ်လေးကို ဖွင့်ဖောက်လိုက်ရသည်။

ချစ်ရယ်…

နောက်တစ်ခါ ပါးရိုက်ခံဖို့ ပြန်လာပေမယ့်…

နှင်းပွင့်မြိုင်ရဲ့ သံတံခါးကြီးနဲ့…

ချစ်ရဲ့ အသည်းတံခါးတွေ ပိတ်ထားပြီမို့…

ဝင်ခွင့်မရသူရဲ့ ရင်မှာ…

အလွမ်းတွေ အပြည့် သယ်ပိုးရင်းနဲ့ပဲ။

ဒီ…ခေမရှင့်မြေက…

ပြန်လည်ထွက်ခွာသွားခဲ့ရပါပြီလို့…

နှုတ်ဆက်ခဲ့ရပါတဲ့…

အာကာအောင်။

"အို…ကိုအောင်ရယ်"

သူ့စာလေးကို အလန့်တကြား ဆုပ်ကိုင်ထားလိုက်မိသည်။

"ကိုအောင် ပြန်သွားပြီ"

ဟူသော အသိက ရင်တွင်းသို့ အရှိန်အဟုန် ပြင်းစွာ တိုးဝင်လာသည်။

ယင်းသတင်းစကား၏ တွန်းအားသည် နှလုံးသားကို ထိထိမိမိ နာကျင်စေခဲ့ပါပြီ။

"အိမ်ရှေ့မှာ သူ ဟွန်းတွေ လာတီးတုန်းက ငါဘာလို့များ ထွက်မကြည့်မိပါလိမ့်"

"သူ ရှင်းပြမယ်ဆိုတာတွေကို ဘာလို့များ၊ စောင့်ဆိုင်း နားမထောင်မိပါလိမ့်ကွယ်"

"ကိုအောင် သယ်ဆောင်သွားရပါတယ်ဆိုတဲ့ အလွမ်းတွေထက် အဆကုဋေကုဋာ ပိုလွမ်းရမယ့်သူက မိခမ်းမွန်ပါတဲ့ ရှင်ရယ်"

မျက်တောင်များ ယှက်ခတ်မိတော့ စိုနေသော မျက်ဝန်းမသီမှ မျက်ရည်ကြည်လေးများ စီးသွယ်ကျလာရသည်။

တုန်နေသော လက်ကလေးဖြင့် စာအိတ်တွင်းသို့ စာကို ပြန်ထည့်ပြီး ယုယမြတ်နိုးစွာ ဆုပ်ကိုင်လိုက်ရသည်။

မျက်ရည်များကို သုတ်ပစ်မိပါသော်လည်း ထပ်မံ၍ မျက်ဝန်းနှင့် ပြည့်လာပြန်သည်။

သူတစ်ပါး အိမ်ခန်းတွင်း၌လည်း ကြာရှည်စွာ မနေသင့်ပါ၍ ပြန်လည်ထွက်ခွာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပေနှစ်ဆယ်စာမျှ ခရီးသည်နန်းခမ်းမွန်အတွက် မိုင်နှစ်ဆယ်စာမျှမက ပန်းလျှမ်းနယ်လွန်းပါဘိ...

တုန့်နှေးသော ခြေလှမ်းများဖြင့် ကားဆီသို့ လျှောက်ခဲ့ရသည်။

မျက်ဝန်းမှ မျက်ရည်စများကို ခေါင်းလေးငုံ၍ တို့သုတ်ရင်း ကားအနီးသို့ ကပ်ခဲ့ရပါသည်။

"ကားသော့ပေး၊ ကိုယ်မောင်းမယ်"

"ဟယ်..."

"ရှက်ပါတယ်ကွာ"

"ဟင်...ကို...ကိုအောင်"

"ဟောဒီမှာ သူရည်းစားကို လွမ်းလို့ ငိုနေတဲ့ ကောင်မလေးကို ကြည့်ကြပါဗျို့"

"ကြည့်၊ သူများ မျက်ရည်ထွက်အောင် သက်သက်ဒုက္ခပေးဦး...ဒုက္ခပေးဦး"

"အာ...အာ...နာပါတယ်ဗျ"

ရှက်စိတ်၊ ဒေါသစိတ်များဖြင့် သူ့လက်မောင်းကြွက်သားမာမာကြီးကို နာအောင် အတင်းဆွဲလိမ် ထုနှက်ပစ်လိုက်မိသည်။

ကြည်နူးဝမ်းမြောက်ရခြင်းများ၊ ရှက်ဒေါသစိတ်လေးများတို့ ရောထွေးနေဆဲမှာပင် ကားကို သူမောင်းထွက်လာတော့သည်။

"အထဲမှာ ရှိနေလျက်သားနဲ့များ ထွက်တွေ့လိုက်တော့ ဘာဖြစ်မလဲ။ သက်သက် ဒုက္ခပေးဦး"

"ကြောက်ပါပြီ...ထွက်မတွေ့တာလည်း ကြောက်လို့ပဲ"





"အမယ်"

"ဟုတ်တယ်လေ၊ ယောကျ်ားလေး တစ်ယောက်တည်း အခန်းထဲမှာဆိုတော့ တော်ကြာ"

"ကိုအောင်နော်"

"အို...မဖွယ်မရာ ဝင်ဖက်နမ်းသွားမှာတွေ ဘာတွေကို ပြောတာ မဟုတ်ပါဘူး"

"ကြည့်ပါလားလို့"

"နောက်တစ်ခါ ပါးရိုက်နေရင် ဘယ့်နှယ့်လုပ်မလဲ"

"ကိုအောင်ရယ်ကွယ်"

ကားမောင်းနေသော သူ့ပခုံးပေါ်သို့ပင် လှဲ နွဲ့ မှီလိုက်သည်။ ဖွေးအိရှည်သွယ်သော လက်လေးများဖြင့် ချစ်သူ၏ ပါးကို သုယုယယလေး ပွတ်ကိုင်ရင်း...

"ခမ်းမွန်သိပ်မှားတယ်...ခမ်းမွန်သိပ်မိုက်ပါတယ် ကိုအောင်ယ်"

"ကိုအောင် ကျေနပ်ပြီးသားပါဗျာ"

"ဒါပေမယ့် ခမ်းမွန်တော့ မကျေနပ်ဘူး"

"ဟင်..."

"ခမ်းမွန်ကို ပြန်ပြီး တစ်ခုခု ဒဏ်ပေးမှ"

"တကယ် ဒဏ်ပေးရင် တကယ်ခံမှာလား"

"တကယ်...တကယ်ခံယူမယ်။ ကြိုက်တဲ့ အပြစ်ဒဏ်ပြန်ပေးပါ ကိုအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင့်ပါးကို နှစ်ချက်ဆင့်ရိုက်ခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်ကွယ်"

"ဒါဖြင့် ကိုအောင်က ခမ်းမွှန်ပါးကို လေးချက် ပြန်ရိုက်မယ့် ဘယ့်နှယ့်လဲ"

"ဟင်..."

နောက်ပြောင်လေသည်လား အထင်ဖြင့် ကိုအောင့်ကို ကြည့်မိသည်။ ထုံးစံအတိုင်း သူ့မျက်နှာက တည်ကြည်ငြိမ်နေသည်။ ကားကိုသာ ဂရုစိုက် မောင်းနေရာက...

"ဘယ့်နှယ့်လဲ... တကယ်တမ်းကျတော့ မခံယူရဲဘူးမဟုတ်လား ဟင်"

"ခံယူရဲပါတယ် ကိုအောင်...ခမ်းမွှန် အံ့ဩသွားလို့ပါ"

"ကိုအောင်က လက်စားချေရမှ ကျေနပ်တတ်တဲ့ အကျင့်ရှိလို့ပါ။ ခမ်းမွှန် ခွင့်လွှတ်မယ်ဆိုရင်တော့ ကိုအောင် ပြန်ရိုက်ပါရစေ"

"ခွင့်လွှတ်နိုင်ခြင်းသည်သာ ချစ်ခြင်းရဲ့ အမြင့်မြတ်ဆုံး သင်္ကေတလို့ ဆိုထားကြတယ် မဟုတ်လား။ ကိုအောင် ကြိုက်သလောက် ပြန်ရိုက်ပါ။ ခမ်းမွှန်ရဲ့ပါးတွေ ကြေသွားအောင် ရိုက်လည်း ခွင့်လွှတ်မှာပါပဲရှင်...ခမ်းမွှန်တစ်ခုသာ ပြောချင်ပါတယ်"

"ဘာလဲ"

"ကိုအောင့်ကို ရိုက်မိခဲ့စဉ်တုန်းက မုန်းလို့ မဟုတ်ပါပဲ ချစ်လွန်းတဲ့စိတ်ကြောင့် ဖြစ်သွားရတာပါဆိုတာတော့ ကိုအောင်ရယ် နားလည်ပါ"





နန်းခမ်းမွှန် မျက်ရည်တွေ ဝဲလာသည်။

"လုပ်ရက်ရင် လုပ်ပါ"

ဟူသော စကားကို ရင်ထဲမှ ပြောနေမိသည်။

ခုချိန်မှာတော့ အပြစ်မဲ့ချစ်သူသို့ မိမိ၏ အမှားအတွက် ဘာတွေနဲ့ပဲ ပေးဆပ်ရ ပေးဆပ်ရမါလေ...

ကျိုင်းတုံမြို့ပြင်ဘက်သို့ ရောက်လာသည်ကိုပင် မသိလိုက်၊ လမ်းဘေးတွင် ကားထိုးဆိုက်လိုက်ပြီးမှ အာကာအောင်က နန်းခမ်းမွှန်၏ မျက်နှာလေးကို မေးစေ့မှ ဆွဲမော့ယူလိုက်သည်။ လက်တစ်ဖက်၏ လက်ညှိုးနှင့် နန်းခမ်းမွှန်၏ ပါးကို တို့ထောက်ပြီး...

"ဟောဒီဘက် ပါးလေးကို နှစ်ချက်ရိုက်မယ်"

"နှာခေါင်းနဲ့တစ်ချက်၊ နှုတ်ခမ်းနဲ့တစ်ချက်"

"ဟင်း..."

"ဒီဘက်ပါးလည်း ဒီလိုပဲ။ ဟောဒီနှုတ်ခမ်းလေးကိုတော့ ရန်မတွေ့နိုင်အောင် အကြာကြီး ပိတ်ထားမယ်...ဒါနဲ့"

သူ့နှုတ်ခမ်းထူကြီးကို ထောက်တို့ပြပြန်သည်။

"ကိုအောင်ရယ်"

နန်းခမ်းမွှန်မှာ အာကာအောင်၏ ရင်ခွင်ကျယ်ထဲသို့ သူ့မျက်နှာကို ပြားချပ်မတတ် ဖိကပ် ထားမိသည့်တိုင်...

သူမ၏ အပြုံးလေးများကိုဖြင့် အာကာအောင်၏ ရင်ထဲမှ လုံးသားက မြင်နေရသည်ပါ...

နွေးထွေးအိညက်နေသော အချစ်ဆုံးချစ်သူ၏ ကိုယ်ခန္ဓာလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံး သူ့ရင်ခွင်ထဲ ရောက်လာသည်။

ဖြူဝင်းနေသော လည်ကုပ်သားလေးနှင့် လည်တိုင်ကျော့လေးကို နမ်းစုပ်လိုက်သည်။

"ကိုအောင်နော်...စည်းကမ်းချက်ထဲမှာ ဒီနေရာတွေ မပါဘူး"

အာကာအောင်က နှစ်နှစ်သက်သက်ကြီး ရယ်မောလိုက်ရှာသည်။

ကားတစ်စင်း ဖြတ်လာ၍ နေရာချင်း ခွာလိုက်ရပါ၏။

"ကိုအောင် ပြောတာ တကယ်ယုံလား"

"ယုံတာပေါ့လို့"

"ဒီလောက် လှတဲ့ ပန်းနုရောင်ပါးလေးကို ကိုအောင်ရိုက်ရက်ပါ့မလားအချစ်ရယ်..."

"မသိဘူးလေ...သူ့မျက်နှာက အတည်ကြီးနဲ့ ပြောတာကိုလို့"

"ညာတယ်ဆိုတာ ယုံအောင် လုပ်ပြရမှာပေါ့"

"လူညာကြီး...စာလည်း ညာရေးတတ်တယ်။ အဖွဲ့တွေ အနွဲ့တွေနဲ့"

"အဲဒါ ခမ်းမွန် ကားလာမှ အခန်းထဲမှာ အမြန်ရေးလို့ ဒီလောက်..."

"အချိန်ယူရေးရင် ဒီထက် ညံ့မှာလား"

"ဟား...ဘယ်ညံ့လိမ့်မလဲ၊ ဒီလောက်ကလေး ရေးတာတောင် စမ်းချောင်းလေးနှစ်သွယ် စီးစေခဲ့တာ၊ ဒီထက်များ လက်တွေ့သွားရင်...မျက်ရည်ရေကာတာကြီးကျိုးသွားပြီး အိမ်ပါမြော..."





"ကိုအောင်နော်...ကဲ...ကဲ"

"ဟ...ဟ...ပြုံးစုလှချီလား"

ကျရောက်လာသော လက်သီးထုချက်များကို မတိမ်းရှောင်ပါဘဲ လက်ပိုက်၍ တောင့်ခံရင်းက ရယ်ရယ်မောမော ပြောနေပြန်တော့လည်း နန်းခမ်းမွန်၏ လက်သီးဆုပ်ကလေးများ ပြယ်ရပြန်ပါသည်။

မထုနက်ရက်တော့...

"ငိုချင်သွားအောင်၊ ရယ်ချင်လာအောင် အမျိုးမျိုး ပြုစားနိုင်စွမ်းတဲ့ ကိုအောင်ရယ်"

"အချစ်ရဲ့ ခံစားမှု ရသစုံ မျက်နှာလေးကို ကြည့်ချင်လို့ပေါ့"

"သူ့ အဲဒီလို မဟုတ်က၊ မဟုတ်ကတွေ လျှောက်လုပ်နေတာနဲ့ပဲ ဒီကပြောချင်တဲ့ စကားတွေ မေ့ကုန်ပြီ သိလား"

"ဘာတွေများပါလိမ့်ခင်ဗျာ"

"ကိုကိုစိုင်းကြည်မြ ခေါ်ဆွဲပြီးကတည်းက ကိုအောင့်ပေါ်မှာ သံသယစိတ်တွေ ပြေပြီးတော့..."

"အင်း..."

"သိပ်စိတ်မကောင်းခြင်း ဖြစ်ရပါတယ် အချစ်ရယ်၊ တကယ်ပါ။ ခမ်းမွန် သိပ်ရှိုင်းစိုင်း ရက်စက်မိပါတယ်"

"အဲဒါကြောင့် ဦးကြီးနဲ့ဆိုက်ရဲ့ မိုင်းလပ်ရွာက တဲကို ရောက်ရင် ပြစ်ဒဏ်တွေ ပေးတော့မယ်လေ"

"တော်စမ်းပါ ကိုအောင်ရယ်၊ အဲဒီအတွက် ခမ်းမွန် ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါ့တယ်"

လက်အုပ်ကလေး ချီပြီး မကန်တော့ဖြစ်မိမှာပင် အာကာအောင်က လက်စုံကို ဆွဲယူလိုက်ပြီး...

"လက်ချည်းပဲ မရဘူး၊ ကန်တော့ပွဲပါမှ"

"မကျိစယ်ပါနဲ့တော့ ကိုအောင်ရယ်၊ ခမ်းမွန်ရဲ့ အမှားကို ဒီနည်းနဲ့ လက်ခံကျေနပ်ပါ"

"မကန်တော့ခင် မတောင်းပန်ခင်ကတည်းက ကျေနပ်ပြီးသားမို့ ကိုအောင် ခမ်းမွန်ဆီ ချက်ချင်း ပြန်လာခဲ့တာပေါ့ကွယ်"

"ပြန်လာတဲ့နေ့က ခမ်းမွန်ကြားပါတယ်။ တံခါးဖွင့်မပေးမိတာလည်း ခမ်းမွန်ရဲ့ ဒုတိယ အမှားပါနော်..."

"ဒါလည်း ခမ်းမွန် အမှားမဟုတ်ပါဘူး။ ကိုအောင် တကယ်ရောက်လာသင့်တာက ခမ်းမွန်ဆီကို ဒုတိယပါ"

"ဟင်"

"ပထမ သွားသင့်တာက ကိုစိုင်းကြည်မြဆီကိုပဲ"

"သြော်..."

"ဒါမှ...ခုလို ခမ်းမွန်ဓာတ်ရည်လည်ပြီး စိတ်ပြေသွားမှာပါ။ ဒါပေမယ့် အချစ်ရဲ့ မျက်နှာလေးကို မြင်ချင်ဇောနဲ့ ကိုယ်တိုင်ပဲ ဖြေရှင်းယူမယ်ဆိုပြီး လေယာဉ်ကွင်းကနေ တန်းလာခဲ့တာ"

"ခမ်းမွန်ထပ်တောင်းပန်ပါတယ်ကိုအောင်"

"ဒါဆို ဒုတိယပြစ်ချက်တစ်ခုအနေနဲ့ ပြစ်ဒဏ်ပေးရဦးမှာပေါ့"

"ဖောက်လာပြီ"

"လာ... လမ်းဘေးကြီးမှာ မကောင်းပါဘူး၊ 'မိုင်းလပ်ရွာ'က ဦးကြီးနဲ့ ဆိုက်ခြံပဲ သွားကြပါစို့"

"ဖြစ်ပြန်ပြီတစ်မျိုး"

"သုံးလေးမျိုး ဖြစ်ချင်တာ"

"ကိုအောင်နော်"

"သြော်...ဘာလဲ...ကိုအောင်က ကိုစိုင်းကြည်မြလည်း အမူပေါ်စေချင်တယ်။ မနှင်းပွင့်လည်း စိတ်လက်ချမ်းသာစွာနဲ့ သူတို့ရဲ့ ရင်သွေးဦးကို ချောချောမောမော မွေးဖွားစေချင်တယ်။ ပြီးတော့...။

"လှည့်ကွက်တွေနော်"

"ဟဲ...ဟဲ... တကယ်ပါ။ ပြီးတော့ သိပ်လှတဲ့ ဂုံရှမ်းမလေး နန်းခမ်းမွန်ကိုလည်း မြန်မြန်မင်္ဂလာဆောင်ပေးချင်တယ်"

"တော်ပြီ...သူ့ကို ဘာပြောလို့မှ နိုင်တော့မှာ မဟုတ်ဘူး"

နန်းခမ်းမွန် တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။ လယ်ကွင်း ယာခင်းများနှင့် တောင်တန်းညို့ညို့၊ ကောင်းကင်ပြာပြာကြီးများက ယခင်မြင်ရသော ရှုခင်းများထက် ပိုမိုသစ်လွင်လှပနေသည်ဟု ထင်နေမိပါသည်။

မေတ္တာဝင်နေသော မျက်ဝန်းမှ မြင်ရသော အရာအားလုံးသည် လှပ၍များ နေတတ်လေသလား။

"အိမ်မှာတော့ အားလုံးအေးအေးဆေးဆေးပဲနော် ခမ်းမွန်"

အာကာအောင်က ကားမောင်းရင်း သည်တစ်ခါကတော့ စကားကောင်း စလာသည်။





www.burmeseclassic.com

www.burmeseclassic.com

"အားလုံးတော့ အရင်အတိုင်းပါပဲ။ မနှင်းပွင့်ကိုတော့ ပိုပြီး သနားလာကြတာပေါ့"

"မနန်းချယ်ရီရော"

"သူကတော့လေ…ခုထိပဲ ကိုစိုးထွန်းကို ယုံနေသေးသလိုပဲ"

"သူက တစ်ဖက်စွန်းရောက်အောင် အတွေးလွန်နေတတ်တဲ့ သူမို့ပါ"

"ဟုတ်တယ်ကိုအောင်ရယ်၊ မမချယ်ရီကို ခမ်းမွန်တို့အားလုံးက အရေးပေးကြ၊ ချစ်ကြပါတယ်"

"အပြစ်ပယ်ခံရဖူးတဲ့ လူသားတွေဟာ မေတ္တာငတ်ရာက အေး လူတွေကို ရန်လိုလာတတ်ကြတဲ့ စိတ်ခံစားမှုတွေ ဝင်လာတတ်လာ တယ် ခမ်းမွန်"

"ဦးလေးကဆိုရင် သူ့ကို သိပ်အရေးပေးတာပါ"

"ကိုစိုးထွန်းရဲ့ ဖြောင့်ချက်တွေ အစစ်ခံချက်တွေကို သူကြား မြင်ရရင် ပြောင်းလဲသွားကောင်း ပြောင်းလဲသွားပါလိမ့်မယ်"

"ဒီလိုပဲ ဖြစ်ပါစေတော့လေ"

"ခမ်းမွန်…"

"ကိုအောင်…"

"ကိုအောင်…တောင်ကြီး မပြန်ချင်သေးဘူး"

"ဟွန်း…ဒီက သာပြီး မပြန်စေချင်တာပေါ့"

"ဒါဖြင့်…ခုန ပြောသလို မြန်မြန် မင်္ဂလာဆောင်ရအောင် လုပ် လေ"





"ဟယ်…ဒါတော့ ခမ်းမွန်မပြောရဲဘူး။ စောလည်း စောလွန်း သေးတယ်…ကိုကိုတို့အမှုကလည်း စစ်ဆေးတုန်း"

"ဒါတွေနဲ့ မဆိုင်ပါဘူး"

"မဆိုင်ဘဲ နေပါ့မလား ကိုအောင်ရဲ့"

"ဘာပဲဖြစ်ဖြစ် ခမ်းမွန်ပါးစပ်က ဘယ်သူ့ကိုမှ ဖွင့်မပြောရဲဘူး"

"အားလုံးက သိနေကြပါပြီ"

"သူတို့ဟာ သူတို့သိသိ ခမ်းမွန် မပြောရဲဘူး"

"ဒါနဲ့ကိုစိုင်းချမ်းမြ ဒီရောက်နေတယ်နော်"

"ဟုတ်တယ်… ကိုအောင့်ထက်၊ သူ တစ်ရက်စောရောက်ပါ တယ်နော်"

"ကိုအောင့်မှာလည်း အလုပ်တွေ ပစ်ထားခဲ့ရတော့ သိပ်အကြာ ကြီးနေလို့ မရဘူး"

"လူညာကြီး ဒါနဲ့သူပဲ မပြန်ချင်သေးဘူးဆို"

"တစ်ယောက်တည်း မပြန်ချင်သေးဘူး ပြောတာ"

"ဟင်…"

"ခမ်းမွန်ကို အမြန်ဆုံး လက်ထပ်ပြီးမှ တောင်ကြီးကို ပြန် ချင်ပြီလို့ ပြောတာ"

"ဟင်…ခမ်းမွန်က တောင်ကြီးကို လိုက်ခဲ့ရမယ်"

"ဒါပေါ့…ကိုယ့်ယောကျ်ားနောက် လိုက်ရတာ ထုံးစံပေါ့"

နှင်းပွင့်မြိုင်ကို ခွဲခွာချန်လှပ်၍ တောင်ကြီးမြို့သို့ လိုက်ပါ သွားရမည်ဆိုပြန်တော့လည်း ရင်ထဲမှာ ဝမ်းနည်းလာသလိုလို။



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရလွန်းသော အချစ်ဦးလည်း မခွဲခွာလိုတော့ပါ။

အို…နန်းခမ်းမွန် ဘာလုပ်ရမလဲ။

"ချစ်…"

"ဟင်…"

"ဘာတွေ စဉ်းစားနေတာလဲ"

"သူပြောတဲ့ အကြောင်းတွေပေါ့"

"ကိုအောင်…စဉ်းစားမိပြီ"

"ဘာကိုလဲ"

"ဟုတ်ပေါ့…ချစ်အနေနဲ့ ဒီအချိန်မျိုးမှာ ဦးလေး အဒေါ်နဲ့ အစ်ကိုတွေကို ဖွင့်ပြောဖို့ မဝံ့ရဲဘူးဆိုတာ ကိုအောင် နားလည်ပြီ"

"ဟုတ်ပါတယ် ကိုအောင်"

"ဒီတော့ ကိုအောင့်ဘက်ပဲ လာရောက်တောင်းရမ်းတယ်ဆိုတဲ့ အနေနဲ့ နားပေါက်အောင် ကိုအောင် လာပြောပါ့မယ်"

"ကိုအောင်ရယ်"

သူ့ပခုံးပေါ်သို့ မှီလှဲချလိုက်မိသည်။

"ကိုအောင်တော့ ခမ်းမွန်ကို မခွဲနိုင်တော့ဘူးကွယ်"

"ခမ်းမွန်ကလည်း ဒီလိုပါပဲတဲ့ အချစ်ဦးရယ်"

နန်းခမ်းမွန်တို့၏ ရှေ့မှာ တစ်နေ့တာ ကြည်သာစွာ ချစ်ခွန်းတုံ့လှယ်ရန် ချစ်နန်းရိပ်သာလေးကို မြင်ပါပြီ။

ဦးကြီးနွဲ့ ဆိုက်၏ လှပသပ်ရပ်သော ခြံကလေး…။

❋



## အခန်း ။ သုံးဆယ့်ငါး ။

"မင်းအနေနဲ့က ဘယ်လိုသဘောရသလဲ စိုင်းချမ်းမြ"

"လူကတော့ တကယ့်လူလည်ပဲ"

"လူလည်ဆိုရင် ငါတော့ ကြောက်တယ်ကွယ်"

ဦးစိုင်းစံတစ်(ပ)နှင့် သူ့တူ စိုင်းချမ်းမြတို့၏ အမေးအဖြေ ကြားသို့ ဒေါ်နန်းဝိုးတစ်(ပ)က ဝင်ပြောလိုက်သည်။

စိုင်းချမ်းမြက ဆိုဖာပေါ်သို့ ခပ်လျှော့လျှော့မှီ၍ လက်ကို ပိုက်လိုက်သည်။ သူ့စကားများကို အလေးအနက် ထား၍ ပြောကြားနေပါကြောင်း။ ငြိမ်တည်နေသော သူ့မျက်ဝန်းများက ထောက်ပြနေပါ၏။

"လူလည်ဆိုတာ မကောင်းတဲ့ဘက်မှာဟာ လည်တာကို မဆိုလိုဘူးနော်… ရဲဝန်ထမ်းဘဝက နံမယ်ပျက် မရှိဘဲနဲ့ သူထွက်ခဲ့တယ်။ ပြီးတော့ နှစ်နှစ် သုံးနှစ်အတွင်းမှာပဲ ကြီးပွားတိုးတက်တော့မယ့် လုပ်ငန်းကြီးတစ်ခုကို သူတည်ထောင်နိုင်နေပြီ"


www.burmeseclassic.com

www.burmeseclassic.com

“အင်း...ဒီအရည်အချင်းတွေကိုတော့ ဦးလေးလည်း သိပြီးပါပြီ”

“အေးလေ...ခုကိစ္စ သူတို့ကမ်းလှမ်းတောင်းရမ်းတဲ့အတိုင်း မင်းနှမ နန်းခမ်းမွှန်နဲ့ အာကာအောင်ကို သဘောတူ၊ မတူ ဒါပေမဲ့ ဒေါ်လေးက သိချင်တာ”

“ဒီအတိုင်းဆို ကျွန်တော်တစ်ယောက်ပဲ ရှမ်းစစ်စစ်ကို ယူတယ်ပေါ့”

“ဦးလေးကတော့ ဒါတွေ ထည့်မတွက်ဘူး။ မွန်ရယ်၊ ရှမ်းရယ်လို့ မခွဲခြားပါဘူး။ အားလုံး သွေးသားတွေပဲ။ မနှင်းပွင့်ဆိုလည်း သဘောကောင်းရှာတာပဲ”

“ကဲ...တိုတိုပြောကွာ၊ မင်းသဘောကို”

“သဘောတော့ မတူစရာ မရှိပါဘူး”

“မင်းစကားက တစ်ခု ကျန်နေသေးသလိုပဲ”

“ဟုတ်တယ်၊ ကျွန်တော့်ဆန္ဒကတော့ ခမ်းမွှန်ကို ထည့်လိုက်ရမှာ ရင်လေးနေမိသလိုပဲ”

“ဟင်”

“ပြီးတော့ နှင်းပွင့်မြိုင်မှာလည်း လူအင်အားနည်းနေတဲ့အချိန်လေ”

“ဒါလည်း ဟုတ်တာပဲ”

“ကျွန်တော့်မှာလည်း တောင်ကြီးမှာက မိန်းမနဲ့ ကလေးနဲ့ အလုပ်အကိုင်နဲ့ဆိုတော့ ဒီပြန်လာနိုင်ဖို့ မလွယ်ဘူးလေ”





“ဒီမှာ စိုင်းချမ်းမြ၊ ငါတို့ရဲ့ဆန္ဒကို ဦးလေးသိပြီ”

“ဘာလဲ အစ်ကိုရဲ့”

“ဒီလို နန်းဝိုး...ခမ်းမွှန်ကိစ္စကို သူသဘောမတူတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် နှင်းပွင့်မြိုင်ကနေပြီး ခမ်းမွှန်ကို ခေါ်ထုတ်မသွားစေချင်ဘူး။ ဒီလိုမဟုတ်လား”

“ဟုတ်တယ်ဦးလေး၊ ဒီအတိုင်းပါပဲ”

“ဒီလိုဆို အာကာအောင်ကို ဒီအိမ်မှာပဲ လာနေဖို့ ခွင့်ပြုလိုက်ပါလား”

“ဟာ...ဒေါ်လေးပြောလိုက်တာက အလွယ်လေး၊ ဒီလူက နေပါ့မလား”

“ဘာဖြစ်လို့လဲ”

“သူ့မှာလည်း အလုပ်အကိုင်နဲ့ပဲ။ ပြီးတော့ သူများကို မှီခိုစားချင်မယ့်ပုံမျိုးမပေါက်ဘူး’

“ဟ...ဘာမှီခိုစားစရာလိုလဲ တို့နဲ့အတူ တွဲလုပ်ပေါ့”

“အဲဒီလို ... လက်အောက်ခံ အလုပ်မျိုး လုပ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူးဦးလေး”

“ဒါတော့ကွယ်၊ ခမ်းမွှန်ကို ချစ်ရင် ခမ်းမွှန်နေချင်တဲ့ဆီမှာ သူလိုက်နေရမှာပေါ့။ ဒေါ်လေး ခမ်းမွှန်ကို ပြောနိုင်းမယ်”

သူတို့စကားဝိုင်းနားမှ တိတ်တခိုးပင် ပြန်လည်လှည့်ထွက်ရလာသည်။

ကြည့်ပါဦး...သည်အဖြစ်ကို နန်းခမ်းမွှန် လုံးဝထည့်၍ မစဉ်းစားမိပါ။


www.burmeseclassic.com

www.burmeseclassic.com



ခမ်းမွန်နဲ့ ကိုအောင်နဲ့ကို သဘောတူကြသည် မတူကြသည် လောက်သာ တွေးခေါ်မိသည်။ အကယ်၍ သဘောတူကြသည်ဆိုပါလျှင်...

လက်ထပ်ကြမည်။ ပျော်ကြမည်၊ သည်လောက်သာ နန်းခမ်းမွန် တွေးခဲ့သည်။

အိမ်ထောင်ရေးဆိုသည်မှာ နေရေးထိုင်ရေးဆိုသည်က ပထမဆုံး အခက်အခဲပါလား...

"ခမ်းမွန်ရေ လာ...ဒီမှာ လာကြည့်စမ်း"

နှင်းပွင့်ဦးက ငိုင်ငေးနေသော နန်းခမ်းမွန်သို့ ကားဂိုဒေါင်ဘေးမှ လက်ယပ်ခေါ်လိုက်သည်။

လူကြီးများ ဆွေးနွေးနေကြသော အိမ်ရှေ့ခန်းဘက်မှ မဆင်းချင်၍ ကားဂိုဒေါင်များ ထားရှိရာ အိမ်၏ဘေးပေါက်မှတစ်ဆင့် ခြံတွင်းသို့ ဆင်းခဲ့သည်။

"ဟိုမှာ ဘယ်သူလဲ"

"ဟယ်..."

မော်တော်ဆိုင်ကယ်နှင့် အာကာအောင်ပါ...

သူ့ဘေးက...ကိုနေသစ်။ နှင်းပွင့်ဦး၏ အစ်ကို...

"ဧည့်ခန်းမှာ ဦးလေးတို့ ခမ်းမွန်ကိစ္စ ဆွေးနွေးနေကြလို့ သူတို့ကို အပေါ်တက်မခိုင်းသေးတာ"

"ဟာ...ရပါတယ်။ မနှင်းပွင့် အစ်ကိုလည်း ပါနေတာ။ အားနာစရာ၊ အိမ်ပေါ် တက်ပါစေ"





နန်းခမ်းမွန်၏ ရင်တွင်းမှ ကြည်နူးဝမ်းသာရမှုအရှိန်က သူ့ခြေလှမ်းများက သွက်လွန်းလှစေသည်။

"ရောက်နေတာ ကြာပြီလား ဟင်။ ခြံထဲမှာ ရပ်နေရတာ အားနာလိုက်တာ၊ ခမ်းမွန်မသိလို့ပါ"

"နေပါစေ၊ လူကြီးတွေ စကားပြောနေကြတယ်လို့ ညီမလေးက ပြောလို့ပါ"

ကိုနေသစ်က ဝင်ဖြေသည်။ အာကာအောင်က ဘာမှ မပြော၊ ဂျာကင်အင်္ကျီပွပွကြီးပေါ်မှ လက်ပိုက်ပြီး နန်းခမ်းမွန်သို့သာ ပြုံး၍ ကြည့်နေသည်။

"လာပါ...ရပါတယ်...မနှင်းပွင့်ကလည်းကွယ်၊ အစ်ကိုနေသစ်ကို အားနာစရာ"

"အစ်ကိုက ကိစ္စမရှိပါဘူး။ ခမ်းမွန်ရဲ့ အစ်ကိုအောင်ကသာ ကိစ္စရှိတာ"

မနှင်းပွင့်က ရယ်ပွဲဖွဲ့နိုင်လာပြီ...

"ဟွန်း...သူတော့ အားမနာပါဘူး"

နန်းခမ်းမွန်က ချစ်စရာ မျက်စောင်းလေးနှင့် ပြန်ပြောရာသည်။ အာကာအောင်က...

"ဒါပေါ့... ဒါပေါ့... ဘယ်အားနာစရာလိုမလဲ၊ ချစ်သူအရင်းခေါက်ခေါက်ချင်းပဲ"

"သူနော်...လူကြီးတွေရှေ့မှာ"

လူကြီးတွေရှေ့မှာဟုသာ ဆိုသည်။ အာကာအောင်က အပြုံးစ



www.burmeseclassic.com

www.burmeseclassic.com

လေးဖြင့် ငြိမ်သက်နေနိုင်သော်လည်း နန်းခမ်းမွန်က သူ့လက်သီးနလေးဖြင့် ကန့်ကလျထုပြီး အိမ်တွင်းသို့ ပြေးဝင်သွားသည်။

ချက်ချင်းလိုပင် ဦးစိုင်းစံတစ်(ပ)ကိုယ်တိုင် ကိုနေသစ်နှင့် အာကာအောင်ကို ထွက်၍ ကြိုဆိုကြသည်။ ပျူငှာလိုက်လှဲစွာ ဖိတ်ခေါ်ကြပါ၏။

ခပ်တည်တည်နေတတ်သော စိုင်းချမ်းမြပင်လျှင် စကားဝိုင်းမှာ ရွှင်ပြုံးစွာ ဝင်၍ပါလာရသည်။

"ကိုနေသစ်ကိုတောင် ကျွန်တော်တို့အနေနဲ့ မျက်နှာပူစရာလို ဖြစ်နေရပါပြီ"

"ဘယ်လိုကြောင့်ပါလဲ၊ ကိုစိုင်းချမ်းမြခင်ဗျာ"

"သြော်...နှင်းပွင့်ပေါ်မှာ ကျွန်တော်တို့ မညှာတာမိသလို ဖြစ်နေခဲ့တယ်။ သူတစ်ယောက်တည်း ဟိုအခန်းထဲမှာ..."

"ဟာ...ဒါတော့ဗျာ...ကျွန်တော်လို အစ်ကိုအရင်းတစ်ယောက် အနေနဲ့တောင် ရှက်လွန်းလို့ သူ့ကို ပြန်လှည့်မကြည့်ဘဲ ထားခဲ့တာပါ။ ဒီအိမ်အနေနဲ့ ဘာအပြစ်မှ မရှိပါဘူး။ သူ့ကို နှင်မပစ်တာပဲ ကျွန်တော်က ပြန်ပြီး ကျေးဇူးတင်ရဦးမှာပါခင်ဗျာ"

အားလုံး ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်နှင့်ပါ။ နန်းခမ်းမွန်မှာ စေတနာရှိရလွန်းပါသော ချစ်သူစားဖို့အတွက် နောက်ဖေးဘက် ပြေးစီစဉ်လိုက်၊ အိမ်ရှေ့ဘက် ထွက်လာလိုက်နှင့် အလုပ်ရှုပ်နေရှာသည်။

နန်းခမ်းမွန်၏ မျက်စိထဲတွင်ဖြင့် သူ့ဦးလေး၊ အဒေါ်၊ အစ်ကိုနှင့်





နှင်းပွင့်ဦး ကိုနေသစ်တို့မှာ သေးငယ်နေသည်။

ချစ်ရလွန်းသော အချစ်ဦးကိုအောင်၏ လှုပ်ရှားပြောဆိုနေမှုများသည်သာ အပေါ်လွင်ဆုံး၊ အပြတ်သားဆုံး၊ အကြီးမားဆုံး ဖြစ်နေရပါပြီ။

"ကျွန်တော်ကတော့ မနှင်းပွင့် သူ့ကိုယ်သူ တင်စားတာလေးပဲ သဘောကျနေမိတာ"

"ဘာကိုလဲ မောင်အာကာအောင်"

ဦးစိုင်းစံတစ်(ပ)က မေးလိုက်သည်။

"ခေမရဋ္ဌ အကျဉ်းစံ...ဆိုတာကိုပါ"

"ခေမရဋ္ဌအကျဉ်းစံ"

ဒေါ်နန်းဝိုးတစ်(ဖ)က ရွတ်ဖတ်လိုက်သည်။ ပြီးတော့ ချီးမွမ်းစကားများဖြင့် နှင်းပွင့်ဦးကို ဝိုင်းဝန်းကြည့်ကာ သနားနေမိကြပါတော့သည်။

"နှင်းပွင့်မြို့မှာ ခုလို ရယ်သံတွေ လွှမ်းနေခွင့်ရတာ မောင်အာကာအောင်ရဲ့ ကျေးဇူးပါပဲ"

ဦးစိုင်းစံတစ်(ပ)၏ စကားအပြီးတွင် စိုင်းချမ်းမြက...

"ပြီးတော့ ကျွန်တော့်အစ်ကိုအတွက် အများကြီး မျှော်လင့်ချက်ရှိသွားနိုင်တာလည်း သူ့ကြောင့်ပါပဲ"

အာကာအောင်က နှုတ်ခမ်းစေ့ပြီး တည်ငြိမ်စွာ ပြုံးလိုက်ပြီးမှ...

"ကျွန်တော့်ကို ချီးမွမ်းခံနေရတုန်း၊ ကျွန်တော့်ဆန္ဒတွေ တင်ပြရမှာတော့ နည်းနည်း...မျက်နှာပူသလိုပါပဲ အဟဲ...ဟဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပြောပါကွယ်...ပြောပါ"

ဒေါ်နန်းပိုးတစ်(ပ)က ဖေးမပေးသည်။

"ကျွန်တော့်ဘဝကို ကိုနေသစ် သိပါတယ်။ လူကြီးမိဘမရှိတော့ ကျွန်တော်ကိုယ်တိုင်ကပဲ ကျွန်တော့်ကိစ္စကို တင်ပြပါရစေခင်ဗျာ"

"မောင်အာကာအောင် စိတ်ဆန္ဒရှိသလိုသာ ပြောပါ"

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော်နဲ့ နန်းခမ်းမွန်နဲ့ ကိစ္စကို..."

အာကာအောင် စကားမဆက်ဖြစ်နိုင်မီ စိုင်းချမ်းမြက မီးခြစ်ခြစ်၍ စီးကရက် သောက်နေလိုက်သည်။ အားလုံး၏ အာရုံက အာကာအောင်ထံမှာပါ။

"မနှင်းပွင့်ကတစ်ဆင့် ကိုနေသစ်၊ ကိုနေသစ်ကတစ်ဆင့် ကျွန်တော် ကြားသိရသလောက်ဆိုရင်တော့ နန်းခမ်းမွန်နဲ့ ကျွန်တော့်ကို သဘောတူပါတယ်၊ ဒါပေမယ့် နန်းခမ်းမွန်ကို နှင်းပွင့်မြိုင်ကနေပြီး ထွက်ခွာမသွားစေချင်ကြဘူးလို့ သိရပါတယ်ခင်ဗျာ"

"ဒါတော့ မောင်အာကာအောင်လည်း သိတဲ့အတိုင်း နှင်းပွင့်မြိုင်ရဲ့ အသည်းနှလုံးဖြစ်တဲ့ တူလေးစိုင်းကြည်ပြ ထောင်ထဲ ရောက်နေချိန်မှာ နောက်တစ်ယောက်ဖြစ်တဲ့ နန်းခမ်းမွန်ကပါ ဒီနှင်းပွင့်မြိုင်ကို စွန့်ခွာသွားမယ်ဆိုရင် ဦးလေးတို့အနေနဲ့လည်း တွေးကြည့်ပါကွယ်..."

ဦးစိုင်းစံတစ်(ပ)စကားအဆုံးတွင် နန်းခမ်းမွန် အသက်ရှူရပ်သွားမိပြီ ထင်ပါသည်။

တည်ကြည်သော ချစ်သူ့မျက်နှာတွင် ဆုံးဖြတ်ပြီးသား တစ်စုံ





တစ်ရာရှိကြောင်း ပေါ်လွင်နေပေသည်။

"ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ ဦးလေး"

"ဟင်..."

အာကာအောင်က မတ်တတ်ရပ်နေသော နန်းခမ်းမွန်သို့ ပြုံး၍ ကြည့်လိုက်ပြီး...

"ကျွန်တော် တောင်ကြီးမှာ အခြေချပြီးသား အလုပ်တွေကို အားလုံး စွန့်လွှတ်လိုက်ပါတော့မယ်"

"ဟေ..."

"ပြီးတော့ ကျွန်တော် ဒီနှင်းပွင့်မြိုင်မှာ လာနေပါ့မယ်ခင်ဗျာ"

"ဟာ..."

"ဒါဟာ နန်းခမ်းမွန်ကို ချစ်မြတ်နိုးလွန်းတဲ့အတွက် ကျွန်တော်ရဲ့ လိုက်လျောမှု ဆုံးဖြတ်ချက်ပါ။"

အားလုံးက ကျေနပ်လိုက်လှဲစွာ ကြိုဆိုသော အပြုံးများနှင့် အာကာအောင်ကို ကြည့်နေကြသည်။ စိုင်းချမ်းမြက ထ၍ အာကာအောင်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ကိုယ် အများကြီး ဝမ်းသာပါတယ်"

ဆိုပြီး သူ့ ခြံထဲသို့ ဆင်းသွားသည်။

"ကျွန်တော့်မှာ ပြောစရာ မကုန်သေးပါဘူး ဦးလေး"

ဝမ်းသာရလွန်းစိတ်ဖြင့် ရင်မှာ တင်းပြည့်နေဆဲ။ ချစ်သူ၏ ဆက်လာသော စကားကြောင့် နန်းခမ်းမွန် စိုးရိမ်သွားသလို ဖြစ်နေရဲ အာကာအောင်က စကားဆက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်မှာနေပေမယ့်လည်း ကျွန်တော့်ဟာကျွန်တော် သီးခြား လုပ်ကိုင်ခွင့်ပေးပါ။ ကျွန်တော်ရတဲ့ ဝင်ငွေနဲ့ နန်းခမ်းမွန်ကို ကျွန်တော် တာဝန်ယူချင်ပါတယ်"

"သဘောပါကွယ်...သဘောပါ။ ဒေါ်လေးတို့ကတော့ ဒီအိမ်မှာလာနေမယ်ဆိုတာကိုပဲ ကျေနပ်ဝမ်းသာလှပါပြီ"

"ကျွန်တော့်ဘက်က တစ်ချက်တော့ တောင်းဆိုစရာ ကျန်ပါသေးတယ်"

"ဘာများပါလိမ့်"

"ကိုစိုင်းကြည်မြ ရသမျှ ပြစ်ဒဏ်ခံရပြီး လွတ်မြောက်လာတဲ့အချိန်မှာတော့ ကျွန်တော်ဟာ နန်းခမ်းမွန်ကို ဒီအိမ်က ခွဲခေါ်သွားပါရစေ။ ကျွန်တော်တို့ဘဝကို ကျွန်တော်တို့ သီးခြား တည်ထောင်ပါရစေလို့ ကြိုပြီး ပြောကြားထားလိုပါတယ်"

"ကဲ...ကြားလား ခမ်းမွန်၊ ငါ့တူမသဘောကရော"

"အို...ကိုကို စိုင်းကြည်မြ ပြန်လွတ်လာရင်တော့ ကိုအောင်ခေါ်တဲ့နောက်ကို ခမ်းမွန် လိုက်သွားမှာပေါ့"

"အမယ်လေးဟဲ့...မိခမ်းမွန်။ ဒီလောက်တောင်ပဲပြင်းရသလားဟယ်"

ဒေါ်နန်းပိုးတစ်(ပ)စကားကြောင့် အားလုံး တဟားဟား ရယ်ကြပါတော့သည်။

အာကာအောင်သည် သစ်လွင်လွန်းသော အပြုံး၊ တောက်ပလွန်းသော အကြည့်များဖြင့် သူ့ချစ်သူလေးကို မချင့်မရဲကြီး စိုက်ကြည့်နေလိုက်သည်။ လူကြီးတွေများ လစ်လျှင်ဖြင့် သူ့ကို ကြည်ဖြူနိုင်ရှာလွန်းသော ချစ်သူလေးကို ပြေး၍ ပွေ့နမ်းပစ်လိုက်ချင်မိသည်။

နောက်ဖေးမှ ကိတ်မုန့်များ၊ ပေါင်မုန့်ကင်များ၊ အသားကြော်များ၊ ကိုကာကိုလာဘူးများ၊ ချောကလက်များ ရောက်လာသည်။ စားကြသောက်ကြရင်း ကိုနေသစ်က...

"အာကာအောင် ဒီလိုဆုံးဖြတ်လိုက်တဲ့အတွက် ကျွန်တော့် ညီမလေး မနှင်းပွင့်အတွက်လည်း သိပ်ပြီး ဟန်ကျသွားပါတယ်ခင်ဗျာ"

"ဟုတ်တာပေါ့"

"ကိုစိုင်းကြည်မြမရှိချိန်မှာ မနှင်းပွင့်ကို ကျွန်တော့်ကိုယ်စား ညီမလေးအရင်းလို စောင့်ရှောက်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပြီးသားပါ"

"ဟုတ်ပါတယ်။ ဟုတ်ပါတယ် ကိုနေသစ်"

"ဒီတော့ ဦးလေးနဲ့ ဒေါ်လေးနန်းပိုးတို့ကို ကျွန်တော် တစ်ဆက်တည်း ပန်ကြားချင်တာက အာကာအောင်နဲ့ နန်းခမ်းမွန်ကို အချိန်သိပ်မဆွဲဘဲ လက်ထပ်ပေးနိုင်ဖို့ စီစဉ်ကြပါလို့..."

"ကောင်းပါပြီ ကိုနေသစ်၊ ကိုနေသစ် မနက်ဖြန် ပြန်မယ်ဆိုတာသာ စိတ်ချလက်ချ ပြန်သွားပါ။ ကျွန်တော် ကိုယ်တိုင် မောင်အာကာအောင်နဲ့ အမြန်ဆုံး ညှိနှိုင်းပြီး လက်ထပ်ပေးလိုက်ပါမယ်လို့ ကတိပြုပါတယ်"

"ကျေးဇူးတင်ဝမ်းမြောက်လှပါတယ် ဦးလေး ဦးစိုင်းတစ်(ပ)ခင်ဗျား"







www.burmeseclassic.com

www.burmeseclassic.com

အစစအရာရာ အားလုံးပြည့်စုံပြီးပြေနေပြီဟု ထင်မှတ်ရသော နှင်းပွင့်မြိုင်ဂေဟာအတွက်...

မမျှော်လင့်သော ဒုက္ခအန္တရာယ် အရိပ်မည်းတစ်ခုသည် ဒုတိယအကြိမ် ထပ်မံဒုက္ခပေးရန် အခွင့်အခါကို စောင့်ဆိုင်းလျက် ရှိနေပါကြောင်း နှင်းပွင့်မြိုင် မိသားစုမှာ မသိရှာပါချေတကား။

❋



အခန်း ॥ သုံးဆယ့်ခြောက် ॥

"စမ်းကြည့်စမ်းပါဦးကိုကိုရယ်...တိုးလိုက်တာ"

"ဟာ...ဟုတ်ပါရဲ့...ဟုတ်ပါရဲ့နော်...လုံးလုံးသေးသေးလေး... လက်ကလေးလား၊ ဒူးလေးလား မသိဘူးကွယ်"

စိုင်းကြည်မြမှာ အားတက်ကြည်လွင်လွန်းသော အပြုံးများဖြင့် နှင်းပွင့်ဦး၏ ဝမ်းပြင်ပေါ်သို့ စမ်းလိုက်ပြီး အားပါးတရ ရွှေအာ်ပြော လိုက်သည်။

"ဒီလိုပဲ ကိုကိုရဲ့...ည...ညကျရင် တိုးလိုက်တာများ လန့်တောင်နိုးတယ်၊ ကိုကို့သားက ဘောလုံးသမား ဝင်စားသလား မသိဘူး"

ပြုံးနေသော စိုင်းကြည်မြ၏ မျက်နှာကို ကြည့်ပြီး နှင်းပွင့်ဦးက ပျော်ပါစေ ရွှင်ပါစေဟူသော စိတ်ဖြင့် အားရဝမ်းသာ ပြောလိုက်ရှာသည်။

ချစ်ဇနီး၏ လွယ်ပိုးထားရသော ကိုယ်ဝန်ပေါ်သို့ သံတိုင်ကြားမှ လက်ထုတ်၍ တင်ထားရှာသော စိုင်းကြည်မြ...


www.burmeseclassic.com

www.burmeseclassic.com

ပထမ လွှင်လွှင်ရွှင်ရွှင်ကြီး ပြုံးနေရာမှ ချက်ချင်းလို ညှိုးကျသွား ရှာသည်။ လက်ကို ပြန်ရုပ်ပြီး ချစ်နေ၏ လက်မောင်းကို ဆုပ်ညှစ်ကိုင်ရင်း မျက်ရည်များ ဝဲလာသည်ကို အံခဲ၍ ထားရှာပါသော်လည်း မရတော့...။

မျက်ရည်များ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာသည်။ ယောကျ်ားတို့၏ မျက်ရည်က ကျခဲဘိခြင်းမို့ နှင်းပွင့်ဦး၏ ရင်မှာ ကြေကွဲမှုများနှင့် ခိုက်ခိုက်တုန်သွားရသည်။

"အို...ကိုကိုရယ်...ဘာလို့ ငိုရတာလဲကွယ်"

စိုင်းကြည်မြက သတိရသွားသလို...သူ့မျက်ရည်များကို သုတ်၍ စိတ်ကို ထိန်းချုပ်လိုက်ရှာသည်။ တွေ့ခွင့်ရချိန်လေးမှာ 'မနှင်းပွင့်လေး စိတ်မချမ်းသာ မဖြစ်ပါစေနဲ့လေ'ဟူသော အသိများ ရင်မှာ ထားရှိပါသော်လည်း...

"သြော်...ခုလို...ကိုယ်ဝန် အရင့်အမာကြီးနဲ့ အချိန်မှာ...ကိုကို အနားမှာ ရှိချင်စမ်းပါဘိတော့ အချစ်ရယ်..."

"ကိုကို့အမှုလည်း စီရင်ချက် ချတော့မှာပါ၊ ကိုကိုလွတ်ချင်တောင် လွတ်မှာပါ"

"ဘယ်လွတ်နိုင်ပါ့မလဲကွယ်၊ ကိုကိုသိပါတယ်"

"အို...မလွတ်ရင်တောင်မှ...ထောင်ခဏလေး ကျမှာပါ...ဒီမှာ ကိုကို"

"ဟင်"

"ကိုကို လွတ်မယ့်ရက်ကျရင်လေ...နှင်းပွင့်နဲ့အတူ ကိုကို့သား လေးပါ လာကြိုနိုင်ပြီပေါ့ ကိုကိုရဲ့...မဟုတ်ဘူးလား"

"မနှင်းပွင့်လေး"

နှစ်သိမ့်စကားများ ဖြစ်မှန်းသိ၍သာ မသိပါ။ စိုင်းကြည်မြ မရယ်ပါ။ အားမတက်နိုင်ရှာ၊ တီးတိုးလေးသာ ခေါ်လိုက်ပါ၍...

"ရှင်...ကိုကို...ကိုကို ဘာပြောချင်လို့လဲဟင်"

"ညကျ ဘယ်သူနဲ့အိပ်လဲ"

"တစ်ယောက်တည်းပေါ့"

"ဟင်...တစ်ယောက်တည်း"

"ဒါပေမယ့် နှင်းပွင့်တို့ရဲ့ အခန်းလေးမှာ မဟုတ်ဘူးလေကိုကိုရဲ့၊ ဒီဘက်အိမ်ကြီးမှာပါ"

"ဘာပဲဖြစ်ဖြစ် ခုလိုအချိန်မျိုးမှာ အနီးမှာ တစ်ယောက်တော့ ရှိရမှာပေါ့၊ ဒေါ်လေးကို အတူအိပ်ခိုင်းမယ်"

"သြော်...ကိုကိုရယ်"

အကျဉ်းစံ အခန်းတွင်းမှနေ၍ စီစဉ်ပေးနေရှာသော၊ ချစ်ခင်ပွန်း၏ မျက်နှာကို ကြည့်ရင်း နှင်းပွင့်ဦးမှာ မျက်ရည်မဝဲဘဲ မနေနိုင်တော့ပါ။

"နှင်းပွင့်လေး နေလို့ရော ကောင်းရဲ့လား"

"ကောင်းပါတယ်ကိုကို၊ ဆရာဝန်နဲ့လည်း တစ်ပတ်တစ်ခါ ပြပါတယ်။ မွေးဖွားဖို့လည်း အားလုံး အပ်ပြီး စီစဉ်ပြီးပါပြီ"

"ဒါ ကိုကို့တာဝန်တွေပဲ၊ ကိုကို မရှိတော့ အားငယ်နေသလားကွယ်..."





www.burmeseclassic.com

www.burmeseclassic.com


"အားလုံးက ဝိုင်း ဖေးမနေကြပါတယ်။ အားငယ်တယ်လို့ မဟုတ်လှပေမယ့် ကိုကိုကိုတော့ လွမ်းတာပေါ့"

"အို...အချစ်ငိုပြီ။ ခုလို ဖြစ်ရတာတွေဟာ ကိုကို့ အပြစ်တွေချည်းပဲ။ ကိုကို မဆင်ခြင်မိလို့၊ ကိုကိုမိုက်လို့"

သူ့ကိုယ်သူ ယူကြုံးမရစိတ်နှင့် အံကို ကြိတ်ရင်း ပြောရှာသည်။

"နှင်းပွင့်ကတော့လေ...ကိုကို မိုက်တယ်လို့ မမြင်ရက်ပါဘူး"

"ဟင်..."

"ကိုကို နှင်းပွင့်ကို ချစ်လွန်းလို့ ဖြစ်ရတာပါလို့ပဲ အမြဲမှတ်ယူနေပါတယ် ကိုကို"

"မဟုတ်သေးပါဘူးကွယ်...၊ အချစ်ရဲ့ သစ္စာတွေကို ချက်ချင်းကြီး အထင်သေး၊ အမြင်သေးဖြစ်ပြီး ဒေါသတရားတွေကို မထိန်းနိုင်ခဲ့လို့သာ..."

"ကဲ...တော်ပါတော့ ကိုကိုရယ်"

စိုင်းကြည်မြ ခေါင်းညိတ်ပြရှာသည်။

"တွေ့ရတိုင်း ဒီအကြောင်းတွေပဲ ရောက်ရောက်သွားတယ်"

"ဟုတ်တယ်နော်"

"ဒီတစ်ခါ ကိုကိုနဲ့ အချစ်ဆုံး စကားလုံးလေးတွေ ရွေးပြောပြီးမှ ပြန်သွားချင်တယ်။ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဟင်...ဘာဖြစ်လို့လဲ"

"နောက်တစ်ခါ ထောင်ဝင်စာခံပြီး တွေ့ခွင့်ရမယ့်အချိန်မှာ နှင်းပွင့် မလာနိုင်တော့ဘူးလေ ကိုကို"



"အို...ဘာ...ဘာဖြစ်လို့လဲဟင်"

"ဟော...ကိုကိုကလည်း အလန့်တကြားနဲ့၊ နှင်းပွင့်လဲစေ့နေပြီလေ"

"ဩော်...ဟုတ်တယ်...ဟုတ်တယ်။ ကိုကိုတို့ လက်ထပ်တာ ဆယ့်တစ်လရှိပြီ။ နှစ်လပဲ နေရတယ်ဆိုတော့ ဟုတ်ပြီပေါ့"

"ကိုကို"

"ဗျာ..."

"တကယ်လို့ ကိုကိုလိုချင်တဲ့ သားလေး မဟုတ်ဘဲ သမီးလေး ဖြစ်နေရင်ရော"

"ဒီမှာ နှင်းပွင့်လေး"

"ရှင်"

"ဘာပဲဖြစ်ဖြစ်...ဘာပဲဖြစ်ဖြစ်ပါ။ သားသမီးဆိုတာ ချစ်ရမှာပဲ။ အရေးကြီးတာက နှင်းပွင့်လေးသာ ချောချောမောမော မွေးဖွားဖို့ပါ"

"မွေးမှာပါ ကိုကိုရဲ့"

"သားဦးဆိုတာ အနည်းနဲ့ အများတော့ ခက်တယ်တယ်တဲ့။ ဒီမှာ ကိုကို့အတွက်တော့ နှင်းပွင့်ဟာ ပထမပဲ၊ ဒုတိယကျမှ ကလေးနော်"

"အို...ကိုကိုကလည်း"

"ရင်သွေးဆိုပေမယ့် မြင်မှ မမြင်ရသေးဘဲ။ နှင်းပွင့်လေးကိုတော့ကွယ်...ကိုကိုလေ...အရင်ကထက်တောင် ပိုချစ်ပြီး သိပ်သနားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရယ်..."

"ကိုကို လွတ်လာမှ ကိုကို့ဘက်က လစ်ဟာပျက်ကွက်နေတဲ့ တာဝန်တွေ၊ အချစ်တွေ အကြွင်းနာတွေကို တစ်စုတစ်ရုံးတည်း အများကြီး ပြန်ဆပ်ပါ့မယ် အချစ်လေးရယ်နော်"

"နှင်းပွင့် တစ်ယောက်တည်းကို မချစ်ရဘူးနော် ကိုကို"

"ဟဲ...ဟဲ...ဟုတ်ပါတယ်ဗျာ၊ သား သို့မဟုတ် သမီးလေးကိုပါ ချစ်မှာပါ"

"ကိုကို"

"ဗျာ..."

"နှင်းပွင့် ပြန်မှ ထင်တယ်။ သူတို့ကလည်း တွေ့ချင်ကြဦးမှာပေါ့"

"ဘယ်သူတို့ကလဲ"

"အစ်ကိုအောင်တို့ လင်မယားလည်း ပါတယ်လေ"

"သြော်...ဟုတ်သားပဲ၊ ဒါပေမယ့် သူတို့ရခါစ၊ ချစ်သူချင်း နေကြစမ်းပါစေ။ ကိုကိုလည်း ကိုကို့ချစ်သူနဲ့ပဲ နေချင်တာပေါ့"

"သြော်...ကိုကိုရယ်...ခမ်းမွန်ကလည်း သူ့အစ်ကိုပဲ၊ တွေ့ချင်ဦးမှာပေါ့"

"အောင်မယ်လေး... သူ့ရင်ထဲမှာ အာကာအောင်မှ အာကာ အောင် ဖြစ်နေတဲ့အချိန်ပါအချစ်ရယ်။ အစ်ကိုဆိုတာကိုတောင် မေ့နေမှာပါ"

"ဟာ...ကိုကိုကလည်း မဟုတ်တာ"





"တကယ်...ကိုကိုလည်း တွေ့ခွင့်ရချိန်လေးမှာ ညီမကို ဘယ် တွေ့ချင်ပါ့မလဲ၊ ကိုကို့ချစ်ဇနီးလေးကိုပဲ တွေ့ချင်တယ်၊ သူလည်း ဒီလိုနေမှာပေါ့"

"ကိုကိုကလည်းလေ"

"အချစ် နေလို့တော့ ကောင်းတယ်နော်"

"ကောင်းပါတယ် ကိုကို...။ လရင့်လာတော့ နေရထိုင်ရတာ နည်းနည်း ခက်တာပေါ့လေ"

"ကိုကို သနားလိုက်တာကွယ်"

"ကိုကို..."

"ဗျာ..."

"ဒါ...ကိုယ်ဝန်သည်ဘဝနဲ့ နောက်ဆုံး လာတွေ့ခြင်းပဲ"

"ဘာ..."

"သြော်...ကိုကိုကလည်း နှင်းပွင့်မွေးဖွားပြီးမှပဲ လာတွေ့လို့ ရတော့မယ်လို့ ပြောတာပါ"

"ဘယ်တော့ မွေးမှာတဲ့လဲ"

"နှစ်ပတ်လောက်အတွင်းတဲ့"

"နီးနေပြီနော်"

"ဟုတ်တယ်ကိုကို...မွေးပြီးပြီးချင်းလည်း သွေးနုတယ်ဆိုလား ပဲ။ အပြင်ထွက်လို့ မရသေးဘူးတဲ့"

"ဘယ်လောက်ကြာမှ ထွက်ရမှာတဲ့လဲ ဟင်"

"လလဲ ပြီးမှတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"လလဲတယ်ဆိုတာ ဘာလဲ"

"သြော်...တစ်လပြည့်မှလို့ ပြောတာပါ"

"တစ်လ......မွေးဖို့က နှစ်ပတ်၊ ဟာ...နှင်းပွင့်ကို တစ်လခွဲတောင် ခွဲရမှာလားကွယ်"

"သြော်...ကိုကိုရယ်...နှင်းပွင့်လေ၊ လလဲအောင် မစောင့်ဘူး။ နေကောင်းတာနဲ့ လမ်းလျှောက်လို့ ရတာနဲ့ သားကို ပိုက်ချီပြီး ကိုကို့ဆီ လာခဲ့မယ် သိလား"

"ဟာ...သားနဲ့ လာမယ်"

"ဒါပေါ့...နောက်ဆို ကိုကို့အချစ်က နှစ်ယောက်ဖြစ်ပြီလေ"

"အမယ်လေး အချစ်ရယ်...အဲဒီအချိန်လေး ကိုကို မြင်ချင်လှပါပြီဗျာ"

သံတိုင်ကြီး ခြားထားပါလျက် မိသမျှ ဖက်တွယ်ထားလိုက်သည်။

အချိန်က ကြာလှပြီမို့ သက်ဆိုင်ရာတွေကို အားနာလာပါ၍ ခွဲခွာရန် နှုတ်ဆက်ကြရပါပြီ။

"ကိုကို...နှင်းပွင့်သွားတော့မယ်နော်"

"အချစ်ရယ်"

"နောက်တစ်ခေါက်လာရင်လေ... ကိုကိုတို့ရဲ့ မြင့်မြတ်လှတဲ့ ဂုဏ်ရှမ်းမျိုးနွယ်ဆက်ကလေးကို နှင်းပွင့်ရဲ့ ရင်မှာ ပိုက်ချီပြီး လာခဲ့နိုင်တော့မှာ ကိုကိုရဲ့ သိလား"

"ကိုကိုတို့မိသားစုလေး...စုစုဝေးဝေး နေချင်လှပါပြီကွယ်"





"နေရတော့မှာပါ"

"အချစ် ကျန်းကျန်းမာမာနဲ့ မွေးဖွားနိုင်ပါစေ၊ အချစ်သာ သိပ်ခံစားနေရဝယ်လို့ သတင်းကြားရရင် ကိုကိုတော့ ရူးမလားပဲ။ အနားမှာ နေခွင့်ရချင်လိုက်ပါဘိတော့ကွယ်"

"ကိုကိုရယ် နှင်းပွင့်အတွက် သိပ်ပြီး ပူပန်ကြောင့်ကြမနေပါနဲ့နော်။ ကဲ..."

"ပြန်တော့မယ်လားကွယ်"

"ပြန်ဖို့ သင့်နေလို့ပါ ကိုကိုရယ်၊ နှင်းပွင့်သွားမယ်နော်"

ဟန်ဆောင် အပြုံးများနှင့် တစ်ယောက်ကိုတစ်ယောက်၊ နှစ်သိမ့်ရင်း နှုတ်ဆက်လိုက်ကြပါသော်လည်း...

ကျောခိုင်းခွဲခွာလိုက်ရပြီးသည့်အခါတွင် ချစ်သူနှစ်ဦးလုံး၏ မျက်ဝန်းဆီမှ၊ မျက်ရည်များက အဆီးအတားမဲ့သွားသလို၊ သွန်ကျလာပါတော့သည်။

နှင်းပွင့်ဦး၏ အပြန်လမ်းတစ်လျှောက်လုံး ငိုရှိုက်သွားသည့်သို့ပင်...

သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ခေါင်းငုံ့ရင်း ကျန်ရစ်သော စိုင်းကြည်မြ၏ မျက်ဝန်းဆီမှလည်း မျက်ရည်များ။

တစ်ပေါက်ချင်း...တစ်ပေါက်ချင်း...စီးဆင်းလျက်ပါတကား။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ သုံးဆယ့်ခုနစ် ။

"ကိုအောင်...အိပ်ပုပ်ကြီး ထတော့ကွာ"

"အင်..."

"အချိန်မရှိတော့ဘူး"

"ဟ...ကမ္ဘာပျက်ပြီလား"

"ဘာတွေ ထပေါက်နေတာလဲ"

"အချိန်မရှိတော့ဘူးဆို"

"အင်းလေ"

"ကမ္ဘာပျက်မှ အချိန်ပျောက်မှာပေါ့"

"သူအမြဲတိုင်း စကားနိုင်လုပြောတယ်။ ကဲ...ပြောဦး...ပြောဦး"

ကျလာသော ခေါင်းအုံးရိုက်ချက်များကို အာကာအောင်က ရှောင်နိုင်ရန် မှောက်ပစ်လိုက်သည်။ အဝတ်မဲ့ ကျောပြင်မှ ကြွက်သား ဖုထစ်ကြီးများက ခေါင်းအုံးဒဏ်ကို မဖြုန်ပါ။

"ရိုက်ဦးလေ"





"သွား...လက်ညှောင်းတယ်"

"ဟား...ဟား...မိုးကို နိုင်အောင် မရိုက်နိုင်တဲ့ ကောင်မလေး ပေ့"

"ကိုအောင်နော်...ခမ်းမွန်ကို မစနဲ့"

"စောစောစီးစီး နှုတ်ခမ်းလေး ရှုပြီး နှုတ်ဆက်တာလည်း မင်္ဂလာနံနက်ခင်းဖါပဲတဲ့ဗျာ"

"နောက်မနေနဲ့ကွာ...ဟိုမှာ လူတွေသွားဖို့ ပြင်နေကြပြီ"

"ဘယ်လဲ"

"ဟောကြည့်၊ ဒီနေ့ ကိုကိုစိုင်းကြည်မြကို စီရင်ချက်ချမယ့် နေ့လေ"

"ဟုတ်သားပဲ"

"ကဲ...ထ"

"ညကအိပ်တာ ညဉ့်နက်သွားလို့ပါ၊ ဆောရီးနော်...ခမ်းမွန်"

"အောင်မယ်...ဟုတ်လည်း မှုတ်ဖဲနဲ့ သူများ မအိပ်ပျော်ခင်သူ အရင် အိပ်ပျော်သွားပြီးတော့များ"

"ဟဲ...ဟဲ...ဟဲ...ဟား...ဟား"

"အညာမိလို့ ရှက်သွားပြီ မှုတ်လား"

"အိပ်ပျော်ပေမယ့် အိပ်မက်တွေ မက်လိုက်တာ၊ နတ်ပြည် ခြောက်ထပ်လုံးကို တစ်ထပ်ပြီးတစ်ထပ် ရောက်သွားတယ်၊ အဲဒီမှာ ...ည်းခိုခန်းတွေ ငှားပြီး...နန်းခမ်းမွန်ဆိုတဲ့ နတ်သမီးလှလှလေးနဲ့ ...ာ်ပါးစံစားရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com

"ကိုလှျာရှည်...နေခဲ့တော့"

သိမ်းခေါက်နေသော မွေးပွ နိုင်လွန် ဇောင်နီနီရဲရဲကြီးကို အာကာအောင်ထံသို့ ပစ်ပေါက်လိုက်ပြီး နန်းခမ်းမွန် အိပ်ခန်းတွင်းမှ ထွက်ခွာသွားတော့သည်။

စိတ်ဆိုးသွားသော ချစ်ဇနီးလေးကို ပြေးလိုက်ခေါ်သော်လည်း မမီတော့...

သူလည်း အခန်းပြင်သို့ ထွက်၍မဖြစ်၊ ညဝတ်အကျႌနှင့်သာမို့ လိုက်ထွက်၍ မသင့်တော်ပါပေ...

အစလွန်သွား၍ ကိုယ့်စောင်ကိုယ်ခေါက်ရသည်။ အိပ်ရာခင်းများ ဆွဲဆန့်ရသည်။ နန်းခမ်းမွန်၏ ပန်းနုရောင်ပိုးသား "ဗဂျားမား" ညဝတ်အကျႌကိုပင် ခုတင်ပေါ်မှယူ၍ ပလပ်စတစ် ဗီရိုလေးတွင်းမှာ ချိတ်ဆွဲလိုက်ရသည်။

အခန်းသန့်ရှင်းရေး လုပ်ပြီး ရေချိုးခန်းသို့ ဝင်သည်အထိ ချစ်ဇနီးလေးကို မတွေ့ရတော့၊ သူအစလွန်သွားမိပြီကိုး...

အာကာအောင်နှင့် နန်းခမ်းမွန်ကို အားလုံး၏ ဆန္ဒအရ အကျဉ်းရုံး၍ လက်ထပ်ပေးခဲ့ကြသည်။

အစ်ကိုတစ်ယောက်လုံး အကျဉ်းစံဘဝနှင့် နေရချိန်မှာ...

မင်္ဂလာဧည့်ခံပွဲကြီး ချိမ့်ချိမ့်သဲ ကျင်းပနေရန်လည်း မသင့်တော်ပါ။

အာကာအောင်နှင့် နန်းခမ်းမွန်ကိုယ်တိုင်ကလည်း အကျယ်မချဲ့လိုကြပါ၍ တရားရုံးတွင် လက်မှတ်ရေးထိုးလိုက်ကြသည်။





ထိုနေ့မှာပင် ခင်မင်သော မိတ်ဆွေအနည်းငယ်...ဆွေမျိုးများနှင့် မြို့၏ လူကြီးမိဘများကို ညနေစာ ခြံတွင်းမှာပင် ဧည့်ခံကျွေးမွေးခဲ့သည်။

ထိုနေ့က နှင်းပွင့်ဦး ငိုရှာသေးသည်။

သူနှင့် စိုင်းကြည်မြတို့၏ မင်္ဂလာပွဲကိုလည်း ဤနှင်းပွင့်မြိုင်ဂေဟာမှာပင် စည်ကား သိုက်မြိုက်လွန်းစွာ ကျင်းပခဲ့ဖူးသည်ကို သတိရ တမ်းတမိ၍ ဖြစ်ပါ၏။

ယခုဆိုလျှင် နှင်းပွင့်မြိုင်မှာ အာကာအောင်ပင်လျှင် အိမ်သားတစ်ယောက်ပမာ နေသားကျနေခဲ့ပါပြီ။

သူ့ကို ချစ်၍ အားလုံးကို ပစ်ခွာပြီး လာနေရှာသော သူ့ချစ်ခင်ပွန်းကို နန်းခမ်းမွန်မှာ...သနားစရာ အားနာစရာ ကောင်းလောက်အောင်ပင် ပြုစုယုယရှာပါသည်။

ယင်းသည်များကို စဉ်းစားရင်း အာကာအောင် ရေချိုးခန်းမှ ထွက်လာချိန်တွင် မျက်နှာသုတ်ပဝါကိုင်၍ စောင့်နေရှာသော ချစ်ဇနီးလေး နန်းခမ်းမွန်...

"ကြည့်ပါလား...တစ်ခုခု ဒုက္ခပေးရမှ"

လက်တွင် စိုစွတ်နေဆဲ ရေများဖြင့် နန်းခမ်းမွန်၏ မျက်နှာကို [illegible]က်တောက်လိုက်၍ပါ...

"သိပ်ချစ်တာပဲကွာ"

အခန်းထဲသို့ ဖက်တွဲဝင်လာရင်း...အာကာအောင်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

နန်းခမ်းမွန်က ကျေနပ်သော အပြုံးလေးများဖြင့် ချစ်ခင်ပွန်း၏ ကိုယ်ပေါ်မှ ရေစက်ရေပေါက်လေးများကို မျက်နှာသုတ်ပဝါကြီးနှင့် ပွတ်တိုက်တို့သုတ်ပေးနေသည်။

ဒီနေ့ ဝတ်ရန် အင်္ကျီ ဘောင်းဘီနှင့် ဟဲယားစပရေး၊ ရေမွှေးပါ မကျန် အဆင်သင့် ရှိနေပါပြီ။ အဝတ်အစားဝတ်ပြီး ခေါင်းဖြီးပြီးသည်အထိ အနားမှ ရပ်ကြည့်ရင်း လိုသမျှ ပြုစုပေးနေရှာသော ချစ်ဇနီးလေးသို့ ကြည့်ပြီး သူ့ကိုယ်သူ ညွှန်ပြရင်း...

"မိတယ်နော်၊ လူအိုဆိုပေမယ့် ကောင်မလေးတွေ ခိုက်နိုင်ပါသေးတယ်"

"အဲဒီခိုက်မယ့် ကောင်မလေးတွေကို ဒါ... ငါ့ယောကျ်ားဟဲ့... ဆိုပြီး ပါးလိုက်ရိုက်ပစ်မှာ"

"ဟာ...ကြမ်းလှချည်လား...အစ်မရယ်"

"ကြမ်းမှာပဲ၊ ကြမ်းမှာပဲ၊ ခမ်းမွန်တစ်ယောက်တည်းကို ချစ်နေသမျှ၊ ဘာတွေ လုပ်ပေးရ ပေးရ၊ ဘယ်လောက် ဆင်းရဲတဲ့ ဘဝမျိုးမှာ နေရနေရ ကျေနပ်မယ်။ ဒါပေမယ့် ခမ်းမွန်ရင်ထဲက ကိုအောင့်ကို ခွဲထုတ်ယူသွားမယ့် ကောင်မတွေကိုရော၊ ကိုအောင့်ကိုပါ ချမ်းသာပေးလိမ့်မယ် မထင်နဲ့ သိလား"

"အမယ်လေး ကြောက်ပါပြီဗျ"

"ဘာ...ခုမှ ကြောက်ပါပြီလဲ"

ရယ်ပွဲလေးတစ်ခု အခန်းထဲမှာပင် ဖြစ်ထွန်းသွားခဲ့ရပါပြီ...

"ကဲ...ပြီးရင် လက်ဖက်ရည်ပွဲ အဆင်သင့်ပဲ ကိုအောင်"





"ခမ်းမွန်လေးရယ်...ကိုအောင့်ကိုပဲ ကြည့်ပြီး လိုလေသေးမရှိ ပြုစုနေတာပဲနော်"

"ပထမက သိပ်ချစ်လို့၊ ဒုတိယက ခမ်းမွန်အိမ်မှာ လိုက်နေရလို့၊ သနားလို့၊ တတိယက သိပ်ချစ်လို့၊ စတုတ္ထက ခမ်းမွန်အိမ်မှာ လိုက်နေရလို့၊ သနားလို့၊ ပဉ္စမက..."

"အား...ဟား...ဟား..."

နန်းခမ်းမွန် စကားဆက်ပြောခွင့်မရတော့...အာကာအောင်၏ ရင်ခွင်ထဲမှာ နှုတ်ဆိတ်သွားခဲ့ပါပြီ။

"ကျေနပ်တော့ကွယ်...လာပါ၊ အောက်ဆင်းကြရအောင်၊ အားလုံးက စောင့်နေကြပြီ"

"ဟင်...ခုမှ ရှစ်နာရီပဲ ရှိသေးတာ"

"ဒါပေမယ့် ဒီနေ့ သိပ်ဆန္ဒစောနေကြတယ်လေ"

"မနှင်းပွင့်ရော"

"သနားပါတယ်...မနက်ကတည်းက ဘုရားရှေ့မှာ ထိုင်နေတယ်"

"အေးကွယ်...နေမကောင်းရဲ့လား မသိဘူး"

လက်ချင်းချိတ်ဆက်ရင်း စကားများပြောကြားရင်း အာကာအောင်တို့ဇနီးမောင်နှံ လှေကားပေါ်မှ ဆင်းသက်ခဲ့ကြသည်။

ထမင်းစားခန်းတွင် နန်းခမ်းမွန်နှင့် နံနက်စာကို စားနေစဉ်...

"လာလေ...မမချယ်ရီ...လက်ဖက်ရည် သောက်ရအောင်"

အာကာအောင်က ပျူငှာစွာ လှမ်းခေါ်လိုက်သည်။ နန်းခမ်းမွန်

www.burmeseclassic.com

www.burmeseclassic.com

ကဖြင့် ကျောပေးထား၍ နန်းချယ်ရီကို မမြင်လိုက်မိ။

"သောက်ကြ...သောက်ကြ...မမချယ်ရီ သောက်ပြီးပါပြီ။ ခမ်းမွန်ရေ...ပေါင်မုန့်ကင်တွေ အေးနေရင် တို့စတာထဲ ခဏပြန်ထည့်ကင်ပြီးမှ ထောပတ်သုတ်နော်"

"ဟုတ်ကဲ့...ဟုတ်ကဲ့...မမချယ်ရီ"

အာကာအောင် ရေချိုးခန်းထဲမှာ ရှိနေစဉ်က လျှပ်စစ်နှင့် ကင်ထားသော ပေါင်မုန့်က မအေးသေးပါ။ နန်းခမ်းမွန်က ပြုံးလျက်...

"ကိုအောင် ရောက်လာမှ မမချယ်ရီပါ ပြောင်းလဲလာတယ်။ အိမ်သားတွေပေါ်မှာ၊ ခုလိုပဲ ပြေပြေလည်လည်ဆက်ဆံလာတယ်။ ကိုစည်းရုံးကောင်းကြီး ဘယ်လိုများ စည်းရုံးထားလို့လဲ"

"ဟာ...ဒါတော့ ကိုအောင်နဲ့ ဘာမှမဆိုင်ပါဘူး၊ သူ့ဟာသူပါ ခမ်းမွန်ရဲ့"

"သူ့ဟာသူ"

"ဟုတ်တယ်...အရင်တစ်ပတ် ရုံးထုတ်တဲ့နေ့က သူကိုစိုးထွန်းကို သီးသန့် တွေ့ခွင့်တောင်းပြီး တွေ့ကြတယ်လို့ ပြောတယ်"

"ဟုတ်လား...ခမ်းမွန်တို့ မသိပါလား"

"ကိုအောင့်ကို ကိုနန်းအောင် ပြောပြတာပါ"

"အင်း...ပြောပါဦး"

"ဒီတော့ ကိုစိုးထွန်းက သူထင်သလို ဖြစ်မလာဘူးလေ။ ဟို လည်း အမှုက မသေးတော့ ထောင်နှစ်ရှည်ကျမယ်ဆိုတာ သိနေ ပေါ့။ ဒီတော့ စိတ်ညစ်ညစ်နဲ့ သူ့ကိုလည်း ပြေပြေလည်လည် မဆ





ဆံလိုက်ဘူးတဲ့။ ဆက်ဆံနေလည်း အကြောင်းထူးမှာ မဟုတ်ဘူးဆိုတာ ဟိုကောင်က သိနေမှာပေါ့"

"အင်းပေါ့"

"ဒီတော့မှ ကိုစိုးထွန်းဟာ သူ့ပေါ်မှာ၊ သူထင်သလို တကယ်ချစ်တာ မဟုတ်ဘဲ သူ့လုပ်ငန်းအတွက် ခုတုံးလုပ်တယ်ဆိုတာကို၊ သူ သဘောပေါက်သွားတာပေါ့ ခမ်းမွန်ရယ်"

"မမချယ်ရီ ဒီလိုပြောင်းလဲလာတာကို ခမ်းမွန်တို့ သိပ်ဝမ်းသာတာပဲ။ ခမ်းမွန်တို့ အားလုံးက သူ့ကို သိပ်ချစ်ကြတာပါ"

"မေတ္တာတော်တဲ့ လူတွေဟာ ရန်လိုတတ်တဲ့ သဘောရှိလို့ပါ။ ခုတော့ သူလည်း ဒီမိသားစုရဲ့ မေတ္တာကို သူသိသွားပါပြီကွယ်"

ပြဿနာများအားလုံး တစ်စမကျန် ရှင်းပြေသွားလေပြီမို့။

ယနေ့သော ကိုကိုစိုင်းကြည်မြ အနည်းဆုံးသော ပြစ်ဒဏ်ရရှိပါစေကြောင်း၊ ဆုမွန်တောင်းရန်သာ ရှိပါတော့သည်။

ထိုစဉ်...

"ခမ်းမွန်ရေ...စားပြီးရင် မြန်မြန်လာစမ်း"

"ဟင်...ဘာ...ဘာဖြစ်လို့လဲ ဒေါ်လေးနန်းဝိုး"

"မနှင်းပွင့်...ဗိုက်နာလာလို့၊ ပြီးတော့ 'သွေးပေါင်'တယ် ထင်တယ်။ မြင်မကောင်းဘူး၊ သူ့ကို ဆေးရုံအမြန်ပို့ကြမှ"

"အို...ဖြစ်မှ ဖြစ်ရလေ၊ ဒီနေ့ ရုံးကို သူလိုက်ဖို့ အားခဲထားရှာတာ"

နန်းခမ်းမွန်မှာ နှင်းပွင့်ဦး ရှိရာသို့ ပြေးသွားသည့်အခါ...

www.burmeseclassic.com

www.burmeseclassic.com

ချွေးသီးချွေးပေါက်များ ကျလျက် မျက်နှာနီမြန်းကာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရရှာသော နှင်းပွင့်ဦးကို မြင်တွေ့လိုက်ရတော့သည်။

"ခမ်းမွန်ရယ်...နာလိုက်တာ"

အားကိုးတကြီး ဆီးကြိုဖက်တွယ်ရင်း ပြောရှာသည်။ နန်းခမ်းမွန်မှာ သနားရလွန်းသော စိတ်ဖြင့် ဘယ်လိုနှစ်သိမ့်ရမှန်းပင် မသိတော့ပါ။ တွေ့ရသည်ကလည်း မြင်မကောင်းတော့။

"ဒေါ်လေး မမွေးဖူးပေမယ့် ကြားဖူးတယ်၊ ရေမပေါင်ဘဲ သွေးပေါင်တာ သိပ်နာတယ်တဲ့"

နန်းချယ်ရီပါ ပြေးဝင်လာသည်။ အမျိုးသမီးများ၊ အခန်းထဲတွင် လုံးချည်လုံးကြ၊ ချွေးသုတ်ကြနှင့် အလုပ်ရှုပ်နေချိန်တွင် အပြင်မှ ဝင်လာသော ဦးစိုင်းစံတစ်(ပ)က...

"ကဲ...ကား အဆင်သင့် ဖြစ်ပြီဟေ့...ရုံးသွားကြစို့၊ မနှင်းပွင့်ပါ လိုက်နိုင်မယ် မဟုတ်လား"

နန်းချယ်ရီက အခြေအနေကို ပြေးထွက်ပြောသည်။

"ဟာ...ဒါဖြင့် ဆရာဝန်ခေါ်မလား၊ ဆေးရုံတင်မလား"

ဦးစိုင်းစံတစ်(ပ)၏ စကားအဆုံးတွင် ဝေဒနာခံစားနေရင်းမှ နှင်းပွင့်ဦးသည်...

"ဆရာဝန်ကို ဝင်ပြောခဲ့ပါ...မမ...မမချယ်ရီ ရှိနေမှာပဲ၊ နှင်းပွင့်ကို ထားခဲ့ကြပါ။ ကိုကိုက အရေးကြီးပါတယ်။ ကိုကို့ဆီ သွားကြပါ"

"အြော်...သူငယ်ချင်း...မနှင်းပွင့်ရယ်"





သူ့ချစ်ခင်ပွန်းသို့၊ ချစ်တတ်ရှာလွန်း၊ ချစ်နိုင်ရှာလွန်းသော မနှင်းပွင့်၏ ငှဲ့ညှာနိုင်လွန်းမှုကို နန်းခမ်းမွန်ပင် အံ့သြရပါပြီ။

နန်းခမ်းမွန် အခန်းပြင်သို့ ထွက်လာပြီး အခြေအနေကို တင်ပြသည့်အခါ၊ အာကာအောင်က...

"ဘာပဲဖြစ်ဖြစ် ဆေးရုံတင်ကြတာ ကောင်းပါတယ်။ ဆေးရုံရောက်မှ ရုံးကို လူခွဲပြီး သွားသင့်တဲ့လူ သွားကြတာပေါ့"

ကိုနေသစ် အပ်နှံထားခဲ့သည့်အတိုင်း အားကိုးထိုက်လွန်းသော အာကာအောင်ပါတည်း။

နှင်းပွင့်ဦးကို ကိုယ်တိုင် ပွေ့ချီမလျက် ကားပေါ်သို့ တင်သည်။ ဆေးရုံဆီသို့ အမြန်ဦးတည်၍ မောင်းလာခဲ့ကြချိန်ဝယ်။

"နှင်းပွင့်ကို ဆေးရုံမှာထားခဲ့ပြီး ကိုကို့ဆီ သွားကြပါနော်"

"နှင်းပွင့် မလိုက်လာနိုင်တာ ကိုကို့အတွက် သားဦးလေး မွေးပေးနေရလို့လို့ ကိုကို ဝမ်းသာအောင် ပြောပေးပါနော်"

အားတက်ဖွယ် စကားများကို အားတင်း၍ ပြောပါသော်လည်း နှင်းပွင့်ဦး၏ လေသံက အင်အားမဲ့လွန်းလှသည်။ အားပျော့လွန်းလှပါချေသည်။

မကြာမီ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ကြပါပြီတည်း။...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံးဆယ့်ရှစ်

ရှေ့ပိုင်းက ဖတ်ကြားသွားသော တရားသူကြီး၏ စီရင်ချက် အရှည်ကြီးကို စိုင်းကြည်မြ ဘာမျှ မကြားလိုက်မိတော့…

အမြင်များလည်း ဝိုးဝါးဝေသီနေပေသည်။

တရားသူကြီး၏ စီရင်ချက်နောက်ဆုံးအပိုဒ်ကိုသာ စိတ်အား တင်း၍ ဝက်ခြံလေးတွင်မှ မတ်တတ်ရပ်ရင်း နားထောင်လိုက်မိ သည့်အခါ…

မည်သို့ပင် လျှော့ပေါ့ စဉ်းစားသည်ဟု ဆိုစေကာမူ တရားခံ စိုင်းကြည်မြ အဘဦးစိုင်းစန်ပွင့်သည် လူသတ်မှုအဖြစ်နှင့် အကျုံးဝင် နေသည်ဖြစ်၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ် ဤရုံးတော်မှ အပြစ်ဒဏ်ချမှတ် စီရင်လိုက်သည်။

"ငါးနှစ်"

"ငါးနှစ်တောင်"

"ငါ့ချစ်ဇနီးလေး မနှင်းပွင့်နဲ့ ငါးနှစ်ကြီးတောင် ခွဲခွာနေရဦးမှာ ပါလားကွယ်"





"ဒါ…ဒါ…ဆို ငါ့သား…သို့မဟုတ် သမီးလေးတောင် အတော် ကြီးနေပြီပေါ့"

"ငါးနှစ်…ငါးနှစ်"

"မနေချင်ဘူး မနှင်းပွင့်နဲ့ ငါးနှစ်တောင် မခွဲနိုင်ဘူး"

အံကို ကြိတ်၍ အသည်းနှလုံးထဲမှာပင် ပြောကြားလိုက်ပြီး သည့်အခါတွင်ဖြင့်…

ချစ်ဇနီးလေးပေါ်တွင် ချစ်တတ်ရာလွန်းသော စိုင်းကြည်မြမှာ မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း ရှိုက်ငင်စွာ ငိုကြွေးနေရှာသည်ကို တရားရုံးတစ်ခုလုံး မျက်ရည်ဝိုင်းမတတ်၊ ရင်နင့်စွာ ငေးကြည့်နေကြ ပါတော့သည်။

✻

ဦးစစ်ရီနှင့် ကိုစိုးထွန်းတို့အပေါ်တွင်မူ ဝိသမလောဘနှင့် စီးပွား ရှာမှု စိုင်းကြည်မြ လူသတ်မှုဖြစ်အောင် အကွက်ဆင်မှုနှင့် အဆိုးရွား ဆုံးက တစ်မျိုးသားလုံး လူညွန့်တုံးအောင် ဖြစ်စေမည့် ဘိန်းဖြူ ရောင်းဝယ်မှုများဖြင့်…

ထောင်ဒဏ်တစ်သက်တစ်ကျွန်းစီ…

ကိုကျင်စိမ်းက ထောင်ဒဏ် ၁၀နှစ် အပြစ်ရပါ၏။

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ သုံးဆယ့်ကိုး ။

"မနှင်းပွင့်… မနှင်းပွင့်… သတိထားပါကွယ်။ မွေးတော့မယ် မွေးတော့မယ်တဲ့"

အောက်စီဂျင်ပိုက် တပ်ထားပါလျက် မချိမဆန့် အသက်ရှူရင်း ပြင်းထန်စွာ ဝေဒနာခံစားနေရရှာပါသော နှင်းပွင့်ဦးကို ဖက်ပြီး နန်းခမ်းမွှန်က အားပေးနေရသည်။

အားပေးနေရသော နန်းခမ်းမွှန်ပင်လျှင် မြင်နေရသော မနှင်းပွင့်၏ ခံစားမှု ဝေဒနာအတွက် ငိုချင်စိတ် ပေါက်လာမိသည်။

အနီးတွင် နန်းချယ်ရီနှင့် ဒေါ်နန်းပိုးတစ်(ပ)တို့ပါ စောင့်ဆိုင်းနေကြပါ၏။

"ဦးလေး…အစ်ကိုအောင်တို့ ပြန်မလာကြသေးဘူးလား"

"မနှင်းပွင့် ဘာပြောချင်လို့လဲဟင်၊ ခေါ်ပေးရမလား"

နှင်းပွင့်ဦးက ခေါင်းရမ်းပြလိုက်သည်။ ဝေဒနာအတွက် အံကြိတ်၍ ညည်းညူနေပြီးမှ…





"ကိုကို…ကိုကို…ဒီနေ့လွတ်လာရင် ဘယ်လောက်ကောင်းမလဲ နော်"

နန်းခမ်းမွှန်နှင့် ဒေါ်နန်းပိုးတစ်(ပ)တို့ အကြည့်ချင်းဆုံမိကြသည်။

"ငါးနှစ်"

အပြစ်ရှိပြီးပါကြောင်း…ပြောမထွက်ကြ၊ မပြောရက်ကြ…။

နန်းချယ်ရီက နှင်းပွင့်ဦး၏ မျက်နှာမှ ချွေးသီးချွေးပေါက်များကို မျက်နှာသုတ်ပဝါအသေးလေးနှင့် လိုက်လံသုတ်ပေးနေရှာပါသည်။

"ကိုကို့ကို တွေ့ချင်လိုက်တာ ခမ်းမွှန်ရယ်…ကိုကို အနားမှာရှိရင် နှင်းပွင့်သိပ်အားရှိမှာပဲ"

သနားကြင်နာခြင်းကြီးစွာဖြင့်သာ ဝိုင်း၍ ကြည့်နေမိကြသည်။

မည်သို့သော စကားများဖြင့် နှစ်သိမ့်ပေးရမည်မှန်းပင် မသိတတ်နိုင်ကြတော့ပါ။

ချစ်သူငယ်ချင်းအတွက် စိတ်များဖြင့် နန်းခမ်းမွှန်၏ ရင်မှာ ပေါက်ကွဲမတတ်ရှိနေရဆဲ…

"ကဲ…အားလုံး အပြင်ထွက်ကြပါ"

သူနာပြုဆရာမက ဆော်သြလိုက်သည်။ သားဖွားပါရဂူ ဆရာဝန်မကြီးကိုယ်တိုင်နှင့် အခန်းဝတွင် ဆုံကြသည်။

အပြင်တွင်လည်း ဦးစိုင်းစံတစ်(ပ်)နှင့် အာကာအောင်တို့ စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးရှေ့သို့ ဆရာဝန်ကိုယ်တိုင် ရောက်ရှိလာပြီး…

"အခြေအနေကတော့ နည်းနည်းစိုးရိမ်ရပါတယ်၊ ဒါပေမယ့် အတတ်နိုင်ဆုံး ကျွန်မတို့ ကြိုးစားပါ့မယ်"

"ကျေးဇူးပါပဲ ဒေါက်တာရယ်…ကျွန်မတို့ အကြောင်းလည်း ဒေါက်တာ အသိပါပဲ။ ကိုကိုဟာ သူ့ဇနီးအတွက် သိပ်စိတ်ပူနေရာပါတယ်။ မနှင်းပွင့်…မနှင်းပွင့်ရဲ့ အသက်ကိုသာ အရယူပေးပါရှင်"

"မိခင်ရော ကလေးပါ ကျန်းမာဖို့ ကျွန်မအထူး ကြိုးစ ပါ့မယ်ရှင်၊ သူကံကောင်းပါစေလို့သာ ဝိုင်းဆုတောင်းနေကြပါ"

ဆရာဝန် အခန်းတွင်းသို့ ဝင်သွားပါလေပြီ…

"ကိုအောင်ရယ် မနှင်းပွင့်သာ တစ်ခုခုဖြစ်သွားရင်တော့ ကိုကို စိုင်းကြည်မြအတွက်၊ မတွေးရဲတော့ဘူး"

"အို…ခမ်းမွန်ကလည်းကွယ် မငိုပါနဲ့…မဟုတ်တာပဲ…ဘာမှ မဖြစ်နိုင်ပါဘူး"

အာကာအောင်က နှစ်သိမ့်ရှာသည်။ ဦးစိုင်းစံတစ်(ပ)က…

"ခမ်းမွန်…ငါ့တူမ စကားက မပြောကောင်း မဆိုကောင်း ကွယ်…၊ ဘာမှ မဖြစ်နိုင်ပါဘူး။ ချောချောမောမော မွေးမှာပါ။ မွေးပါစေဗျာ"

ဦးစိုင်းစံတစ်(ပ)ပင်လျှင် အသံများ တုန်နေသည်။

စိုးရိမ်စိတ် ကြီးမားနေသည့်အထဲက နှင်းပွင့်မြိုင်မိသားစုတွင်းသို့ နောက်ထပ် ရောက်ရှိလာမည့် သူတို့၏ ရင်သွေးသေးသေးလေးကို သူကြိုဆိုချင်နေသည်။ ကလေးချစ်တတ်လွန်းသော ဦးစိုင်းစံတစ်(ပ)အတွက် မြတ်နိုးတွယ်တာစရာ 'မြေးချစ်ကလေး'ကို သူ တပ်မက်စွာ မျှော်လင့်နေရှာသည်။

"နန်းချယ်ရီ ဘုရားစာတွေ ရွတ်စမ်းပါကွယ်။ ငါဆိုတာလည်း တောင်ရောက်မြောက်ရောက်နဲ့"

"အင်းပါ ဒေါ်လေးရဲ့"

ဦးစိုင်းစံတစ်(ပ)က စိတ်လည်း ပူသည်။ ကလေးအတွက်လည်း သူ့စိတ်ကူးနှင့်သူ မြူးနေသည်။

ဒေါ်နန်းဝိုးတစ်(ပ)နှင့် နန်းချယ်ရီတို့က မွေးခန်းရှေ့မှာ ယောက်ယက်ခတ်နေကြသည်။

အားလုံးထဲတွင် အကြီးမားဆုံး သောကရှင် နန်းခမ်းမွန်ကဖြင့် လှုပ်ရှားဖို့ပင် သတိမေ့သွားလောက်အောင် ပူပန်စိတ်ဖြင့် တောင့်တောင့်ကြီး ရပ်နေမိသည်။

မျက်ရည်များ ဝဲနေသည်။ အံခဲ၍ ထိန်းထားရှာသည်။ အာကာအောင်က နှစ်သိမ့်နေရပါ၏။

ကိုယ့်နှမအရင်းလေးပမာ ချစ်ခင် စောင့်ရှောက်နေရပါသော မနှင်းပွင့်အတွက် သူလည်း ပူပန်ပါသည်။ သို့ပါသော်လည်း ဤအခက်အခဲကို တိုးတက်နေသော ဆေးပညာများဖြင့် ကျော်လွှား သွားနိုင်ပေလိမ့်မည်ဟု သူတစ်ထစ်ချ ယုံကြည်နေပေသည်။

စိုင်းချမ်းမြသည်သာ အိမ်စောင့်ရန် အိမ်သို့ ပြန်သွားနေပါ၏။ ထိုစဉ် သူနာပြုဆရာမလေး ပြေးထွက်လာသည်။

"ဘယ့်နှယ့်…ဘယ့်နှယ့်လဲဟင်"





www.burmeseclassic.com

www.burmeseclassic.com


ဒေါ်နန်းဝိုးက ဆီး၍ မေးလိုက်သည်။

"ကိုအာကာအောင်နဲ့ နန်းခမ်းမွန်ဆိုတာ ဘယ်သူတွေလဲ"

"ဒီ...ဒီမှာပါ"

"လာပါ၊ ဝင်တွေ့ပါ"

ပြေးဝင်သွားသော သူနာပြုဆရာမလေး နောက်သို့ နန်းခမ်းမွန်တို့နှစ်ယောက် ပြေးလိုက်သွားကြသည်။

"အူဝဲ...အူငဲ့...ဝဲ..."

"ဟာ...မွေးပြီ...မွေးပြီးပြီ ကိုအောင်ရေ"

နန်းခမ်းမွန်က ဝမ်းပမ်းတသာ အော်လိုက်ပါ၏။

"ရှူး...တိုးတိုး၊ ခမ်းမွန် ဟိုမှာ ကြည့်ပမ်း"

"ဟင်..."

"ကံတရားကိုတော့ ကျွန်မတို့ ယှဉ်ပြိုင်လို့ မရပါလားရှင်...၊ သိပ်ဝမ်းနည်းပါတယ်။ သူနဲ့ သွားတွေ့ပါ"

"ဟင်...ရှင်...ရှင်..."

ချွေးပြန်နေရှာသော ဆရာဝန်မက မျက်နှာပျက်လွန်းစွာဖြင့် အခန်းတွင်းမှ ထွက်သွားတော့သည်။

"မနှင်းပွင့်...အို...မနှင်းပွင့်ရယ်"

မောဟိုက်နေပြီဖြစ်သော မနှင်းပွင့်က လက်ကလေး မြှောက်ကြလာပြီး...

"ကိုကို...ကိုကို့ကို တွေ့ပါရစေ"

"တွေ့ရမယ်ညီမလေး၊ တွေ့ရမယ်၊ အစ်ကိုအောင် သွားခေါ်ပေးမယ်နော်"

"သူ...သူ...အမှန်အတိုင်း ပြောကြပါ"

အာကာအောင်က အံကို ကြိတ်လိုက်သည်။ မနှင်းပွင့်ပေါ်တွင် သူ မလိမ်ညာလိုက်ချင်တော့...

"ငါးနှစ်...တဲ့ကွယ်"

"အို...ငါးနှစ်တောင်"

"ငါးနှစ်ဆိုတာ ခဏလေးပါ။ ခုတောင် တစ်နှစ်ပြည့်တော့မယ်။ လျှော့ရက်နဲ့ဆို မကြာခင် လွတ်မှာပါ မနှင်းပွင့်လေးရယ်"

နှင်းပွင့်ဦးက ခေါင်းကို ခါရမ်းလိုက်သည်။

"သမီး...သမီးလေး မွေးတယ်"

"ဟင်...ဟုတ်လား"

"နှင်းပွင့်ရဲ့ကိုယ်စား..."

"ဖြည်းဖြည်းပြောပါ သူငယ်ချင်းရယ်"

"နှင်းပွင့်ရဲ့ကိုယ်စား သမီး...သမီးလေးကို ထားရစ်ခဲ့ပါတယ်လို့"

"အင်း...အင်းပါကွယ်"

"ကိုကို့ကို ပြောပေးပါ"

"ပြောပါ့မယ် ညီမလေးရယ်"

"ခမ်းမွန်..."

"ဟင်...မနှင်းပွင့်"

"အစ်ကိုအောင်"

"ညီမလေးရယ်"

"နှင်းပွင့် ဘာမှ မမြင်ရတော့ဘူး"

"အို..."



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့...ပြော...ပြောချင်စရာ..."

"ပြော...ပြော၊ အားတင်းပြီး ပြောပါကွယ်"

"သမီးလေးကို...သမီးလေးကို"

"အင်း...အင်း"

"ကို...အစ်ကိုနဲ့ ခမ်းမွန်က..."

မနှင်းပွင့်၏ အသံက တိုးတိမ်သွားသည်။

"မွေး...မွေးပေးကြပါနော်"

နောက်ဆုံးအချိန်အထိ သူ အားတင်းထားရှာဆဲပါ။

"သမီးနံမည်ကို...ကြည်..."

"ဟင်...ဘယ်...ဘယ်သူ..."

"ကြည်...မြ...နှင်း..."

"ကြည်မြနှင်းနော်"

"ပေးခဲ့တယ်လို့ ကိုကို့ကို ပြောလိုက်ပါ"

"ကောင်းပါပြီ ညီမလေး"

"ကိုကို့ကို သိပ်တွေ့ချင်တယ်။ သမီးလေးနဲ့ မိသားစုနေချင်လိုက်တာ။ ဒါ...ဒါ...ပေမယ့်..."

ယင်းစကားစုလေးသည် နှင်းပွင့်ဦးမည်သော စိုင်းကြည်မြ၏ ချစ်လွန်းလှသော ဇနီးသည်လေးထံမှ နောက်ဆုံး ကြားလိုက်ကြရခြင်းပါတည်း။

ရွှေးဥများ၊ မျက်ရည်စက်များနှင့် မောဟိုက်ခြင်းဝေဒနာတို့ ပြင်းထန်စွာ ခံစားနေရရာမှ တဖြည်းဖြည်းချင်း လျော့နည်းတည်ငြိမ် သွားလေပြီတကား...။





ချောမောလှပလွန်းသော...။

စိတ်ထား ဖြူစင်လွန်းလှသော...။

ခင်ပွန်းသည်ကို ချစ်တတ်ရှာလွန်းသော...။

ခင်ပွန်းသည်၏ အချစ်ကို ပြည့်ဝစွာ ရရှိခဲ့ပါသော...

နှင်းပွင့်ဦးဆိုသည့် အပြစ်မဲ့ပန်းလေးသည် ခေမရဌမြေပေါ်မှာပင် နွမ်းကြေ...မြေသက်... ဘဝပျက်ခဲ့လေပြီတကား။

"အမယ်လေး...သူငယ်ချင်းရယ်"

"မနှင်းပွင့်မသေရဘူး"

"မနှင်းပွင့်ဦး မသေရဘူး"

နန်းခမ်းမွန်မှာ ထိန်းချုပ်နိုင်ခြင်း ကင်းမဲ့စွာဖြင့် နှင်းပွင့်ဦးသို့ အလန့်တကြား ဖက်တွယ်ရင်း အော်ငိုလိုက်ရှာသည်။

အရာရာတွင် စိတ်ခိုင်မာစွာဖြင့် ရှေ့မှ ရပ်တည် ဖြေရှင်းပေးလေ့ရှိပါသော အာကာအောင်သည်ပင်လျှင်...

"ညီမလေး"

"အရာရာမှာ ကံဆိုးရှာလွန်းတဲ့ မနှင်းပွင့်လေးရယ်"

"ဒီတစ်ခါ အစ်ကိုအောင် ကိုယ်တိုင်တောင် အစ်ကို့ညီမလေးကို မကယ်နိုင်တော့တဲ့ အဖြစ်ပါလားကွယ်"

နှင်းပွင့်ဦး၏ သက်မဲ့ခန္ဓာမှ နဖူးပြင်လေးပေါ်တွင် လက်တင်ရင်း...

အာကာအောင်ပါ လိုက်လှဲစွာ ငိုရှိုက်ရှာပါတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ လေးဆယ် ၊

နှင်းပွင့်ဦး ခေမရဋ္ဌမြေသို့ ရောက်ရှိစ ကာလလို... ဆောင်းဦး ရာသီ နှစ်တစ်ပတ်လည်လေပြီ။

လွှင့်ပျံ့နေသော တောင်ခိုး...မှိုင်းပျပျများသည် ကျိုင်းတုံမြို့ကို အုပ်ဆိုင်း လွှမ်းခြုံထားသည်သို့ ရှိပါ၏။

ရောက်ရှိခါစ နှင်းပွင့်အသစ်အဖူးလေးများသည်လည်း ခေမရဋ္ဌမြေအနှံ့ ကြဲဖြန့်နေလေသည်။

ဆိုင်းနေသော မြူမှုန်များကြားမှ ငွေမှိုင်းရောင် နှင်းပွင့်ငယ်များကိုလည်း ဝန်းကျင်တစ်ခုလုံးမှာ...

မြင်နေရပါသည်။

"ဟဲ့...ကလေးကို စောင်ထူထူလေး ပတ်သွားနော်"

"ဟုတ်ကဲ့ပါ...ဦးလေးရယ်"

ကလေးပွေ့လျက် ကားပေါ်တက်ခါနီး နန်းခမ်းမွန်ကို အာကာအောင်က ဖေးကူ မနေဆဲ ဦးစိုင်းစံတစ်(ပ)က အော်ပြောလိုက်သည်။





အာကာအောင်မှာ နန်းခမ်းမွန်၏ ရင်ထဲမှ နီနီထွေးထွေး တစ်လသမီးလေး 'ကြည်မြနှင်း'ကို တစ်ချက် ငုံ့ကြည့်ပြီးမှ ကားမောင်းလျက် ထွက်လာခဲ့သည်။

သူ့ ဦးတည်ရာက ကျိုင်းတုံမြို့၏ အကျဉ်းထောင်ဆီသို့...

"သတိထားနော် ခမ်းမွန်...ဣန္ဒြေ မပျက်စေနဲ့ကွယ်"

"ဟုတ်ကဲ့ပါ ကိုအောင်ရယ်၊ ဒါပေမယ့် မနှင်းပွင့်ရဲ့ အဖြစ်ကို ခမ်းမွန် ရင်နာလွန်းလို့ သနားလွန်းလို့ပါရှင်"

"ဒါပေမယ့် ထိန်းထားစမ်းပါအချစ်ရယ်၊ အပြင်မှာသာငိုပါ။ ဟိုရောက်ရင် ထိန်းပါနော်၊ သူ့ကိုပါ ကြိုပြီး စိတ်မဆင်းရဲစေချင်လို့ပါ ခမ်းမွန်"

"ခမ်းမွန် နားလည်ပါတယ်ရှင်"

ကြိုတင်စီစဉ်ထားသည့်အတိုင်း ထောင်ကျ စိုင်းကြည်မြကို အလွယ်တကူပင် တွေ့ခွင့်ရခဲ့ပါသည်။

"သမီးလေး တစ်လပြည့်လို့ လာပြတာပါ အစ်ကိုစိုင်းကြည်မြ"

"ဟာ...ဟာ...အမယ်လေး...ချစ်စရာကောင်းလိုက်တဲ့ သမီးရယ်"

နှင်းပွင့်ဦးကဲ့သို့ တူညီစွာပင် ချောမွေ့လှပ၊ ချစ်စရာကောင်းလွန်းလှပါသော နီနီထွေးထွေး သမီးလေးကို ယူချီရန် လက်လှမ်းလိုက်ပြီးမှ နောက်ဘက်သို့ လှမ်းမျှော်ရင်း...

"မနှင်းပွင့်...မနှင်းပွင့်လေး နောက်မှာလားဟင်"

အာကာအောင်ရော နန်းခမ်းမွန်ပါ ရင်ထဲတွင် နင့်ခနဲ [illegible]အောင်



www.burmeseclassic.com

www.burmeseclassic.com

ခံစားလိုက်ကြရသည်။

"သူနည်းနည်းနေမကောင်းလို့ လိုက်မလာနိုင်တာပါ"

"ဟင်…ဟင် အတော်နေမကောင်းသလားကွယ်"

"နည်းနည်းပါ…"

"မညာကြပါနဲ့ကွယ်…နည်းနည်းနေမကောင်းရင် သူလာမှာ။ သူ ကိုကို့ကို သိပ်တွေ့ချင်ရှာတာ။ သိပ်နေမကောင်းလို့ဖြစ်မှာပါ။ ကိုကိုစိုးရိမ်လိုက်တာ ခမ်းမွန်ရယ်…မနှင်းပွင့်လေးကို ဂရုစိုက်ကြပါနော်…"

နန်းခမ်းမွန်၏ မျက်ဝန်းမှာ မျက်ရည်များ သီဥလာသည်။

အာကာအောင်က အခြေအနေကို ထိန်းနိုင်ရန် နန်းခမ်းမွန်၏ လက်မှ ကလေးကို မယူ၍ စိုင်းကြည်မြလက်သို့ ပို့အပ်လိုက်သည်။

"ဖခင်နှင့်ရင်သွေး"

"ဖေဖေနှင့် သမီးလေး"

ဟူသော အသိတရားက စိုင်းကြည်မြ၏ ရင်မှာ ခိုဝင်လာသည်။

"ဖခင်၏မေတ္တာ"

ဆိုသော စိတ်ဓာတ်က စိုင်းကြည်မြ၏ ရင်မှာ ရိုက်ခတ်လာသည်။ သမီးလေးကို ဖက်ပွေ့ထားရာမှ ငုံ့ကြည့်နေရှာသည်။

ပြီးတော့ ပါးချင်းအပ်လိုက်သည်။ ပြီးတော့…ရှိုက်မက်စွာ သမီးလေး၏ ပါးပြင်ကို နမ်းလိုက်ပါတော့သည်။

"မနှင်းပွင့်လေးနဲ့ သိပ်တူပါလားကွာ။ ဟင်း…မအေတူ သမီးလေး၊ အချောအလှလေးပါလား"





"ဟုတ်ပါတယ် မနှင်းပွင့်ကလည်း မှာလိုက်ပါတယ်"

"ဟင်…ဘာမှာလိုက်လဲဟင်"

"သမီးလေးနံမယ်က ကြည်မြနှင်းပါတဲ့"

"ကြည်မြနှင်း"

"ဟုတ်ပါတယ်"

"အို…သိပ်ကောင်းတဲ့ နံမယ်လေးပဲ။ မနှင်းပွင့်နဲ့ ကိုကိုနဲ့ တွဲထားတော့ နောက်ဆို ဘယ်တော့မှ မခွဲရဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွာ…ဟား…ဟား"

မျက်ရည်ပေါက်များ ကျလာသော နန်းခမ်းမွန်မှာ ခေါင်းငုံ့၍ နေလိုက်ရသည်။

"သူ ပြောတယ်။ မြင့်မြတ်တဲ့ ကိုကိုတို့ရဲ့ ဂုဏ်ရှမ်းမျိုးနွယ်ဆက် ကလေးကို သူ မွေးပေးမယ်တဲ့။ ဒီလိုဆို 'နန်းကြည်မြနှင်း' ပေါ့"

"ဟုတ်ကဲ့…"

"ကြည့်ပါဦး၊ နံမယ်ကောင်း ချစ်စရာကောင်းအောင် မှည့်တတ်တဲ့ မနှင်းပွင့်လေး"

အာကာအောင်ပါ ရင်နှင့်မဆန့်အောင် ခံစားလာရပါ၍ သက်ပြင်းကို ရှိုက်ထုတ်လိုက်ရပါသည်။

"သူ့ခမြာ သိပ်အားငယ်နေရှာမှာ။ အာကာအောင်တို့ကပါ စိုင်း ဂရုစိုက်လိုက်ကြပါနော်"

နန်းခမ်းမွန် နေ၍မဖြစ်တော့။ သူ့မျက်ရည်များကို မမြင်ပါစေ ရန် ကျောခိုင်း၍ လှည့်ထွက်လာခဲ့ရပါပြီ။


www.burmeseclassic.com

www.burmeseclassic.com

"ပြောလိုက်ပါကွာ၊ ကိုကိုက သိပ်အောင်းမေ့တယ်။ သိပ်တွေ့ချင်တယ်လို့။ နေကောင်းကောင်းချင်း လာခဲ့ပါလို့"

"ဟုတ်...ဟုတ်ကဲ့။ ကျွန်တော်တို့ ပြန်မယ်ဗျာ"

အာကာအောင်ပါ စိတ်ထိန်းနိုင်ရန် ခက်ခဲလာပါပြီ။

သူ သမီးလေးကို ငုံ့ကြည့်နေသည်။ ပြန်မပေးရက်သေးသလို ကိုယ်ကို ကြုံ့ပြီး ယုယုယယ မက်မက်မောမော ထွေးပွေ့ထားရှာသည်။

"သမီးလေး... သမီးလေး နန်းကြည်မြနှင်းဟာ မနှင်းပွင့် အသေးစားလေးပဲနော် အာကာအောင်၊ ကြည့်စမ်းပါဦးကွာ၊ သူ့အမေနဲ့တူ လိုက်တာ"

ကလေးကို ငုံ့ကြည့်နေရင်းက ပြုံးပြုံးကြီး ပြောနေရှာသော စိုင်းကြည်မြ၏ အဖြစ်က မမြင်ရက်လောက်အောင်ပင် ကြေကွဲစရာကောင်းလွန်းလှပါသည်။

"ဟုတ်ပါတယ်။ မနှင်းပွင့်နဲ့ သိပ်တူတော့ 'နန်းကြည်မြနှင်း'ဟာ မနှင်းပွင့်ရဲ့ကိုယ်စား၊ မနှင်းပွင့်လေးရဲ့ ကိုယ်ပွားလေးလို့ပဲ မှတ်ယူလိုက်ပါတော့ခင်ဗျာ"

"အေးပေါ့ကွာ"

အာကာအောင်က အဓိပ္ပာယ်နှင့် ပြောလိုက်သော စကားကို နောက်ပိုင်းအချိန်များတွင်မှ စိုင်းကြည်မြ သဘောပေါက်နိုင်လိမ့်မည် ထင်ပါသည်။

"မနှင်းပွင့်၏ကိုယ်စားမနှင်းပွင့်၏ကိုယ်ပွားလေး ထားခဲ့သည်"





ဆိုသော စကားကိုသာ နောက်ဆုံးပြောကြားခဲ့ပြီး ကလေးက နုနယ်ပါသေးသည်ဟုအကြောင်းပြကာ...

အာကာအောင်တို့ နှုတ်ဆက်လျက် ပြန်ထွက်ခဲ့ရသည်။

ကြာလျှင် ဤသားအဖကို ကြည့်ပြီး အာကာအောင်ပါ စိတ်ကို ထိန်းချုပ်နိုင်တော့မည် မထင်၍ပါ။

အပြန်တွင် တစ်လမ်းလုံး နန်းခမ်းမွှန် ငိုရှိုက်လာခဲ့သည်။

"ပေး...ပေး...ငါ့ကို ကလေးပေး"

ဦးစိုင်းစံတစ်(ပ)က သူ့မြေးမလေးကို ဆီးကြိုပွေ့ယူလိုက်သည်။

သူ့လက်မှ ပန်းရုံပစ္စည်းများကို ပစ်ချလိုက်တော့သည်။

"ခမ်းမွှန် ဟိုမှာကြည့်စမ်း။ တစ်ဖက်အုတ်နံရံတော့ ပြီးသွားပြီ။ ဒီဘက်က တစ်ဖက်ကို ဦးလေးကိုယ်တိုင်လုပ်နေတာကို..."

နှင်းပွင့်မြိုင်၏ ဂိတ်တံခါးဝမှ အုတ်နံရံနှစ်ခုအနက် တစ်ဖက်ကို ဖျက်ဆဲ၊ တစ်ဖက်ကို ကမ္ဗည်းတင်ပြီးပါလေပြီ။

"ကြည်မြနှင်းဝေဟာ"

"ဟင်..."

"နှင်းပွင့်မြိုင်ဆိုတော့ မနှင်းပွင့်ကို ပိုပိုပြီး သတိရနေကြရတယ်။ ပြီးတော့ သူ့ကို တို့များချစ်ကြကြောင်း သူ့သမီးလေးကို ဂုဏ်ပြုပြီး သက်သေပြကြတဲ့ သဘောပါ။ မင်းတို့ ကျေနပ်ကြရဲ့လား"

"အို...ဒါ ခမ်းမွှန်တို့သမီးပဲ၊ ဘာမကျေနပ်စရာရှိလဲ"

"အေး...ဒါဆို ဒီနေ့ကစပြီး ဒီအိမ်ဟာ 'ကြည်မြနှင်းဝေဟာ' ဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းစံတစ်(ပ)ကဖြင့် ရယ်ရင်းမောရင်းက ကလေးကို ပွေ့ချီပြီး အိမ်ထဲသို့ ဝင်သွားပါတော့သည်။

"ကိုအောင်"

"ခမ်းမွှန်"

"အိမ်ထဲ မဝင်နဲ့ဦးကွယ်၊ ခမ်းမွှန် ဟိုသွားချင်တယ်"

"ဘယ်လဲ"

"မနှင်းပွင့်ဆီကို"

"သြော်...လိုက်ပို့မယ်လေ"

"သူ ဒီနေ့ ခမ်းမွှန်တို့ကို ခွဲသွားတာ တစ်လပြည့်ပြီလေ၊ သူ့အုတ်ဂူဖြူဖြူလေးပေါ်မှာ ခမ်းမွှန် သဇင်ပန်းလေးတွေ သွားတင်ပေးထားချင်တယ် ကိုအောင်ရယ်"

*





ကျိုင်းတုံမြို့၏ အနောက်ဘက်၊ ကျိုင်းတုံ–တောင်ကြီးသွားကားလမ်းဘေးမှ ခရစ်ယာန်သုသာန်ကို ကျော်ပြီး မြန်မာသုသာန်တွင်းသို့ နန်းခမ်းမွှန်နှင့် အာကာအောင်တို့ ဝင်လာခဲ့ကြသည်။

"ခေမရဋ္ဌ အကျဉ်းစံမလေး"

မနှင်းပွင့်ဦး

အသက် ၂၁ နှစ်

၁၁-၁၁-၁၉၇၉ နေ့တွင် ကွယ်လွန်သည်။

နန်းခမ်းမွှန်မှာ ဤကမ္ပည်းပါစာတမ်းနှင့် အုတ်ဂူဖြူဖြူအသစ်ပေါ်သို့ သဇင်ပန်းဖြူဖြူတစ်ပွေ့ကြီးကို တင်လိုက်သည်။

"သူငယ်ချင်း မနှင်းပွင့်ရယ်"

"မင်း အမြဲပြောတတ်တဲ့ ခေမရဋ္ဌအကျဉ်းစံမလေး ဆိုတာ ခုတော့ တကယ်ဖြစ်နေပါပေါ့လားကွယ်"

"ဘယ်သောအခါမှ ဒီဂူဖြူဖြူလေးထဲက ထွက်နိုင်တော့မှာ မဟုတ်တဲ့...

"အကျဉ်းစံမလေး မနှင်းပွင့်ရယ်"

နန်းခမ်းမွှန်မှာ နှင်းပွင့်ဦး၏ သက်မဲ့ခန္ဓာရှိနေရာ အုတ်ဂူလေးကို မှီကပ်ပြီး ပြောရင်း လှိုက်လှဲစွာ ငိုရှိုက်နေရှာပါသည်။

"အရာရာမှာ ကံဆိုးလွန်းရှာတဲ့ ညီမလေး မနှင်းပွင့်ရယ်"

"ကောင်းရာသုဂတိ လားပါစေကွယ်"


www.burmeseclassic.com

www.burmeseclassic.com

အာကာအောင်ကလည်း ကြေကွဲစွာ တောင်းဆုပြုရှာသည်။

"ခမ်းမွန်တို့ ကိုကို့ကို ဘယ်လိုပြောရပ့ါမလဲ မနှင်းပွင့်ရယ်"

"ကိုကို့ကို ဘယ်လိုပြောရမလဲ"

"ကိုကို သိရင် ဘယ်လိုနေရှာမလဲ သူငယ်ချင်းရယ်"

ဂူကို ဖက်တွယ်ရင်း နဖူးနှင့် ဗိတိုက်လျက် ငိုရှိုက်နေရှာသော နန်းခမ်းမွန်၏ ပခုံးလေးကို အာကာအောင်က ဆွဲမယူလိုက်သည်။

ထာဝရအိပ်စက်ခြင်းဖြင့် သူ့ချစ်ခင်ပွန်း လွတ်လာရက်ကို စောင့်ကြိုနေရှာမည့် ခေမရဋ္ဌအကျဉ်းစံမလေး၏ ပန်းများဝေနေသည့် အုတ်ဂူဖြူဖြူလေးကို ကျောခိုင်းကာ...

အာကာအောင်နှင့် နန်းခမ်းမွန်တို့ ကြင်စဦးဇနီးမောင်နှံမှာ သုသာန်မြေမှ နှေးကွေးလေးလံသော ပရိဒေဝ ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့ကြပါတော့သတည်း။

*

ပြီးပါပြီ။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

ဇန်နဝါရီလ ၄ရက်၊ ၁၉၈၀ ပြည့်၊


www.burmeseclassic.com